


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုဂံမှာ ကျန်စစ်သား

## တက္ကသိုလ်စိန်တင်

ရေးသားပြုစုသည်

[illegible] ဖြန့်ချိရေး

ဂုဏ်ထူးစာပေတိုက်

အမှတ် ၁၉၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၈၂၇၈၄/၂၈၇၁၈၆

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်၊ သီလဝစာပေ၊
ဒုတိယအကြိမ်၊ ၁၉၉၁ ခုနှစ်၊ ဂုဏ်ထူးစာပေ၊
တတိယအကြိမ်၊ ၁၉၉၇ ခုနှစ်၊ ဂုဏ်ထူးစာပေ၊
စတုတ္ထအကြိမ်၊ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ၊ ဂုဏ်ထူးစာပေ၊

အုပ်ရေ
၂၀၀၀

စာမူခွင့်ပြုချက်
၆၅/၉၉/(၁)

မျက်နှာဖုံးခွင့်ပြုချက်
၇၈၂/၂၀၀၀ (၁၁)

မျက်နှာဖုံးပန်းချီ
ပန်းချီမောင်ကျော်ညွန့်နှင့် အဖွဲ့

မျက်နှာဖုံးပုံနှိပ်
ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ်- ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

စာအုပ်ရောင်းဈေး ၁၃၅၀ ကျပ်၊ Price- Ks. 1350

ထုတ်ဝေသူ
တက္ကသိုလ်စိန်တင် (ယာယီ-၄၈၂)၊ ညောင်ရမ်းစာအုပ်တိုက်၊
တိုက် (၃၁)၊ အခန်း (၁၂) ကြို့ကုန်းရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဒေါ်ပိုရီဖြူ (မြ-၀၁၈၂၈) တောက်တောက်ဝင်းပုံနှိပ်တိုက်၊
အမှတ်- ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အမိဧ၏ရင်ခွင်ရှိ၊ သားငယ်ကဲ့သို့ ငြိမ်းချမ်းစေအံ့

BURMESE CLASSIC

သားတစ်ကွဲ၊ မယားတစ်ကွဲ၊ ချစ်သူနှင့် ကွေကွင်းရသော၊ အရိမဒ္ဒနာပြည်သူတို့၏ မျက်ရည်ကို၊ ကျန်စစ်သားမင်းကြီးသည်၊ လက်နှင့် တူသော၊ မေတ္တာဖြင့် သုတ်ပေးပါအံ့" စိတ်နှလုံး ပူဆွေးသူတို့၏ နှပ်ရည် ကို၊ ရေနှင့်တူသော ကရုဏာဖြင့်၊ ဆေးကြောပေးပါအံ့။ စစ်၏ ဘေးဒဏ် ကို၊ ခံကြရသော၊ ပြည်သူတို့အား၊ မင်းကြီးသည်၊ လက်ယာ လက်ဖြင့် ဆန်စပါး စားသောက်ဖွယ် တို့ကို ပေး၍၊ လက်ဝဲ လက်ဖြင့်၊ အဝတ်ပုဆိုး အဆင်တန်ဆာ တို့ကို ပေးပါအံ့။ ပြည်သူအပေါင်းတို့သည်၊ အမိဧ၏ ရင်ခွင် ၌ ရှိသော၊ သားငယ်ကဲ့သို့၊ ငြိမ်းချမ်းပါစေအံ့။

(ပုဂံမှာ ကျန်စစ်သား၊ စာမျက်နှာ- ၁၄၅)

**ကျန်စစ်သားမင်းကြီး**

(ရွှေစည်းခုံ မွန်ကျောက်စာ)

www.burmeseclassic.com

www.burmeseclassic.com

## ဦးထိပ်ပန်လွှာ

သား 'မောင်စိန်တင်' ကို၊ 'တက္ကသိုလ်စိန်တင်' ဖြစ်လာအောင်၊ မွေးကျွေးသွန်သင်၊ ပြုပြင်ဆုံးမခဲ့သော၊ ကျေးဇူးရှင်မိဘနှစ်ပါး၊ ဆရာညွှန့်၊ ဆရာမ ဒေါ်စုစုတို့အား၊ ဤစာအုပ်ဖြင့် ရိုသေစွာ ကန်တော့ပါ၏။

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

www.burmeseclassic.com

## အာနန္ဒာဂူဘုရားအဲ့ တေးထပ်

နန္ဒမူဖန်ဂူတု၊ စံယူပြုလေတယ်
မြန်ဇမ္ဗူ့ပြေ (ပြည်)နယ်မှာ၊ မည်တကယ်ထင်ရှား
မင်းကျန်စစ် သမ္ဘာဟုန်တယ်
အာဏာကုန်စက်တည်သည့်ဘုရား။
နတ်သိကြားရဟန္တာ၊ ထူးဆန်းစွာကူညား
အဆန်းမှာမူထား၍၊ လူသားတို့ပြေ (ပြည်)မှာ
နန်းခန်းဆောင်မုခ်တွေ အများရယ်နှင့်
အရုပ်တွေကား၊ ဗုဒ္ဓဝင်စဉ်လာ
ရုပ်တော်မူ လေးဆူဘဂဝါမှာ
ရှေးနမူနာ ပုံအရိုးရယ်နှင့်
ဂုဏ်မညှိုးမြင့်လှအသရေ၊ တင့်စွပရမေ
နန္ဒထွတ်လိုဏ်မဟောကို၊ အပြိုင်လေရှိဘူးကွဲ့လေး

(ရေးသူ၊ အမည်မသိ)

ဦးဖုန်းကြိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊
လှုဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကျေးဇူးပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန်း
၃။ ဟစ်တလာ၏ သစ္စာဇာကေရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေဓားဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းဇာကေရီ
၉။ ကုံကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်- အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ဇာကေရီစုဖုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သိဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ စတီရီယိုမင်းသမီး
၂၄။ ကျွန်တော်တို့အိမ်မေ
၂၅။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၆။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ)
၂၇။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၈။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၂၉။ ပုဂံရှာပုံတော် (၁)
၃၀။ မြင်ကွန်းနှင့် ကနောင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| သမိုင်းဝင်ဓာတ်ပုံများ | - |
| စတုတ္ထအကြိမ်ပုံနှိပ်ခြင်းအမှာစာ | - |
| (ပုဂံမှာကျန်စစ်သားကို တောနင်းရှာခဲ့ခြင်း) | - |
| စာအုပ်ပြုစုသူ၏အမှာစာ | ၁၁ |
| မုန်တိုင်းထန်သောဘုရင့်ညီလာခံ | ၂၁ |
| ပရိမ္ပသူရဲကောင်း | ၃၇ |
| ချစ်သောသမ္မုလဒေဝီ | ၅၉ |
| ကြွေအန်တစ်ပွဲ စစ်ပွဲတစ်ရာ | ၇၇ |
| သေမင်းတမန် မြလက်စွပ် | ၉၇ |
| ဝရမန်၏ သေနေ့ | ၁၂၁ |
| ရင်မှဖြစ်သောမေတ္တာဖြင့် | ၁၃၉ |
| သမ္မုလနှင့် ရာဇကုမာရ် | ၁၅၃ |
| နန္ဒမူလိုဏ်ဂူနှင့် အာနန္ဒာစေတီ | ၁၇၃ |
| ပုဂံမှာကျန်စစ်သား | ၁၈၇ |
| မှီငြမ်းပြုစာအုပ်စာရင်း | |


www.burmeseclassic.com

www.burmeseclassic.com

စာတည်းအဖွဲ့ မှတ်တမ်းတင်ခြင်း အမှာစာ

# ပုဂံမှာ ကျန်စစ်သားကို တောနင်းရှာခဲ့ခြင်း

**တက္ကသိုလ်စိန်တင်**

[ ၁ ]

'ခြေဘော် . . မြေ(ပြည်)မြန်မာခေတ်ထူး
ရာဇဝင်မှာ စာတင်လို့ ကျူးခဲ့ကြ
ခေတ်ရွှေ လုံးလက်ဖယ်
ညောင်ဦးနယ် ကိုရွှေဖီး
ရွှေထီးဆောင်း မင်းကျန်စစ်
ထီမထင်အောင် ပြည်ခွင်ကို ချစ်ခဲ့ကြ'

ကဗျာဆရာကြီး ဇော်ဂျီ၏ 'ရှေးခေတ်ပုဂံပြည်' ကဗျာကို တက္ကသိုလ်စိန်တင်က တိုးတိုးငြင်သာ ရွတ်ဆိုနေစဉ်မှာပင် ရန်ကုန်-ပုဂံညောင်ဦး ရထားသည် ညောင်ဦးမြို့ ဘူတာရုံသို့ ဆိုက်ရောက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ဦးတို့ ကျွန်တော့် ကားနဲ့ လိုက်ကြမှာလား ခင်ဗျာ. . .၊ ညောင်ဦး ကို တစ်ယောက် ကျပ် ၅၀ ပါ ခင်ဗျ"

စောစောက မီးရထား မရပ်မီ တွဲပေါ်သို့ ခုန်တက်လာသော လူငယ်ကလေးသည် ညောင်ဦးမြို့ထဲသို့ သွားရန် ကိုစိန်တင်ကို စျေးခေါ် နေ၏။

တက္ကသိုလ်စိန်တင် ॥ ॥ "အေးကွာ. . . ညီးလေး ကားနဲ့ပဲ တို့ လိုက် မယ်"

လူငယ် ॥ ॥ "ဒါဆို ဦးတို့ကို ဘယ်ပို့ပေးရမှာလဲ၊ ကျွန်တော် တို့ ဧည့်ရိပ်သာမှာ တည်းပါလား၊ စျေးမကြီးပါဘူး"

တက္ကသိုလ်စိန်တင် ॥ ॥ "စျေးကြီးတာ မကြီးတာ အရေးမကြီးပါဘူး ကွာ၊ ဦးတို့က ရွှေလီဧည့်ရိပ်သာမှာ တည်းဖို့ Fax ကြေးနန်း ပို့ပြီးသားမို့ပါ"

မှန်ပါ၏။ 'ပုဂံဗိုလ်ချို' စာအုပ် ရေးရန် ညောင်ဦးသို့ ၁၉၉၄ ခုနှစ် သွားခဲ့စဉ်က စပြီး ကိုစိန်တင်တို့၊ ညောင်ဦးမြို့ ရွှေလီဧည့်ရိပ်သာတွင် တည်းခိုခဲ့သည်မှာ အကြိမ်ပေါင်း များခဲ့ပြီ။ စျေးနှင့်နီးသည်။ ရွှေစည်းခုံ စေတီကြီးနှင့်လည်း မဝေးလှသော ဧည့်ရိပ်သာ။ ရေပေါသည်။ သန့်ရှင်း သည်။ ဧည့်ဝတ်ကျေပွန်သည်။ ပြီးတော့ ရွှေလီ တည်းခိုရိပ်သာပိုင်ရှင်၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးညွန့်မှာ တခြားသူမှ မဟုတ်ဘဲ တလား၊ တက္ကသိုလ်စိန်တင်၏ ဖခင်ကြီး ဆရာညွန့်၏ တပည့်ရင်း ဖြစ်ခဲ့ဖူးသည်လေ။

သို့ဖြင့်၊ ထိုနေ့ နေ့လယ် ၁၂ နာရီတွင်၊ ညောင်ဦးမြို့ ရွှေလီဧည့် ရိပ်သာသို့ ရောက်ခဲ့ကြသည်။ ဩော်. . . ပြောဖို့ မေ့သွား၏။ ကိုစိန်တင် တို့ စီးသော ကားနှင့်ပင် ခရီးသွားဖော် ဟင်္သာတမြို့ 'ရွှေမောင်းစာပေ' ဒေါ်မာမာကြည်နှင့် မောင်တော်သူ ကိုအောင်လှမျိုးတို့လည်း လိုက်လာ ကြသည်။ သူတို့ မိသားစုနှင့် တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး) တို့မှာ မီးရထားစီးရင်း ဆွေမျိုးရင်းခြာတွေလို ခင်မင်ခဲ့ကြသည်။ သူတို့ မိသားစု

www.burmeseclassic.com

www.burmeseclassic.com

...င် သမီးချောကလေး နုဇင်ဝေနှင့် သားလိမ္မာကလေး နေမျိုးထွန်း တို့လည်း ပါလာပြီး၊ ရွှေလီဒြည့်ရိပ်သာနှင့် ကပ်လျက် 'အင်းဝဟိုတယ်' ...င် စုစုဝေးဝေး တည်းခိုကြလေသည်။

[ ၂ ]

"ကိုအောင်ကျော်မြင့်ရေ၊ ကျွန်တော် တို့ကို မြင်းလှည်းတစ်စီး ခေါ်...ဗျာ၊ ရွှေစည်းခုံ စေတီ သွားဖူးချင်လို့"

တက္ကသိုလ်စိန်တင်က ပြော၍ ဆရာကြီးဦးညွန့်၏သား ကိုအောင် ...ကျော်မြင့်က မြင်းလှည်းတစ်စီး ခေါ်ပေးသည်။ ရွှေလီဧည့်ရိပ်သာတွင် ...ဆရာကြီး၏သား ကိုကျော်ဆွေလင်းလည်း ရှိနေ၏။ ရွှေလီဧည့်ရိပ်သာမှာ ...ခန်းလွတ် မရှိသလောက် နီးပါး ဧည့်သည်များ နေ့စဉ် လာရောက် ...ကြသည် ဖြစ်၍ ဧည့်ကြိုလုလင် မောင်မျိုးဇော်နှင့် သူတို့ သုံးဦးမှာ ...ကြရအောင် အလုပ်တာဝန် များနေကြလေသည်။

မကြာမီ မြင်းလှည်းကလေး ရောက်လာသဖြင့် ရွှေစည်းခုံစေတီ ...တော်ကြီးကို ဦးခိုက်ဖူးမြော်ရန် ထွက်ခဲ့ကြသည်။

ရွှေစည်းခုံစေတီ အာရုံခံ တန်ဆောင်း ဝန်းကျင်တွင် မကြာမီ ...င်းပတော့မည့် ဗုဒ္ဓပူဇနိယပွဲတော်အတွက် ဈေးတဲတန်းလျားများ ...ဆောက်နေသည်ကို တွေ့ရ၏။

"တို့ ငယ်ငယ်တုန်းက၊ ရွှေစည်းခုံဘုရား ပွဲတော်ဆိုရင် အလွန် ...ပျော်တာကွ၊ အမေက မြင်းရုပ်ကလေး တစ်ရုပ်၊ တစ်ခါတလေ ဗန္ဒုလ ...ရုပ် ဝယ်ပေးတာကိုး"

တက္ကသိုလ်စိန်တင်က ညောင်ဦးမြို့တွင် နေထိုင် ပညာသင်ကြား ...ခဲ့သော ငယ်စဉ်ဘဝကို လွမ်းနေမိသည်။ ၁၉၄၂ ခုနှစ်တွင် ဖြူးမြို့မှ ညောင်ဦးမြို့သို့ အဖေ ဆရာညွန့် အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့လာစဉ် ...မောင်စိန်တင်က ညောင်ဦးမြို့ အစိုးရ အလယ်တန်းကျောင်းတွင် ဒုတိယ ...တန်း၌ ပညာသင်ခဲ့၏။ သြော်. . . ငယ်ဘဝကား လွမ်းမောစရာပင်။

www.burmeseclassic.com

www.burmeseclassic.com

"ဘကြီးတို့ ရွှေစည်းခုံဘုရား အကြောင်း သိကြရဲ့လား၊ သမီး ပြောပြမယ်၊ ဒီ ရွှေစည်းခုံစေတီတော်ကြီးကို အနော်ရထာမင်းကြီး တည်ထားခဲ့တာ မပြီးသေးလို့ ကျန်စစ်သားမင်းကြီးက ဆက်တည်ရ တယ်. . . ပြီးတော့"

"ဟဲ့. . . ဟဲ့. . . နေပါအုံး၊ သမီးလေးက ဘယ်ကတုံး၊ ဘာတွေ လာပြောနေတာလဲကွယ့်"

"သမီးက တိုးရစ်ဂိုက်လေ၊ အင်္ဂလိပ်ဘာသာနဲ့လည်း ပြောနိုင်တယ် ဦးရဲ့၊ **This Pagoda is Shwe Ze Gon. It was built by King Anawrahta and Kyansittha"**

(၈) နှစ်အရွယ် သမီးငယ်ကလေး တစ်ဦး(မျက်နှာတွင် သနပ်ခါး ပါးကွက်ကလေးနှင့်)က ကိုစိန်တင်နှင့် စိမ့်တို့ဘေးမှာ ပြေးလိုက်လာပြီး တတွတ်တွတ် ပြောနေသည်။ စိမ့်မှာ အနားတွင် လိုက်ပါလာသော ထိုသမီးငယ်၏ စကားပြော သွက်လက် ဖျတ်လတ်ပုံကို အံ့ဩနေလေ သည်။ သူကလေးကို ထိုသို့ ပြောနိုင်ရန် လေ့ကျင့်သင်ကြားပေးထားဟန် ရှိသည်။

တက္ကသိုလ်စိန်တင်။ ။"ဒါက ဘာလဲကွယ့် သမီးရဲ့"

လူငယ် ။ ။"အဲဒါ ကျန်စစ်သား ကျောက်စာလေ၊ အထဲ မှာ ကျောက်စာရှိတယ်၊ သော့ပိတ်ထားတယ်၊ ကျန်စစ်သား မင်းကြီးက ပြည်သူတွေကို အစားအစာ ကျွေးမယ်လို့ ကျောက်စာမှာ ရေးထားတယ်"

သမီးကလေး၏ သွက်လက်ချက်ချာပုံကို ကြည့်၍ စိမ့်က မုန့်ဖိုး ပေးရင်း ပြုံးနေ၏။ တက္ကသိုလ်စိန်တင်က "ညည်းပြောမှပဲ ရှင်းတော့ တာကိုး" ဟု ပြောရင်း တဟားဟား ရယ်မောနေမိသည်။

ပုဂံနိုင်ငံတော်၌ စောလူးမင်းနှင့် ပဲခူးစား ငရမန်တို့ တိုက်ခိုက်ကြသော ပြည်တွင်းစစ်ဝယ် ပုဂံပြည်သူတို့မှာ ကျွဲနှစ်ကောင် ခတ်သည့်ကြား

www.burmeseclassic.com

www.burmeseclassic.com

မြေစာပင်နှယ် ဒုက္ခပင်လယ် ဝေခဲ့ကြရှာ၏။ ပြည်တွင်းစစ်ပွဲ အပြီးတွင် နန်းပလ္လင်ပေါ် ရောက်ခဲ့သော ကျန်စစ်သားမင်းကြီးသည် ပြည်သူတို့အား စည်းရုံးနှစ်သိမ့် ကူညီရန် နိုင်ငံအနှံ့ ကြေညာစာတမ်းကြီး ဖြန့်ဝေခဲ့သည်။ ထိုစာတမ်းကို နှစ်များစွာ တည်တံ့စေရန် ကျောက်စာတိုင် ထွင်းထု၍ မော်ကွန်း တင်ခဲ့၏။ ထို ကျောက်စာတိုင်၌ ကျန်စစ်သား မင်းကြီးက "အို. . ပြည်သူတို့ မစိုးရိမ် မကြောင့်ကြ ကြလေနှင့်၊ ပြည်သူတို့ မျက်ရည်တို မင်းကြီး၏ လက်ဖြင့်သုတ်ပေးပါအံ့၊ ပြည်သူတို့ စားစရာ ဆန် ဆီတို့ကို မင်းကြီးက လက်ယာလက်ဖြင့် ပေး၍၊ ဝတ်စရာ အဝတ်ပုဆိုးတို့ကို လက်ဝဲလက်ဖြင့် ပေးပါအံ့" ဟု ဆိုခဲ့သည်။ ယင်းကို ကဗျာဆရာကြီး ဇော်ဂျီက ဤသို့ ကဗျာ ဖွဲ့ဆို၍ မှတ်တမ်းပြုခဲ့ပေသည်။

စီးကျမျက်ရည်၊ သုတ်ပေးမည်ဟု
ဆန်ဆီစားစရာ၊ တော်လက်ယာဖြင့်
ဝတ်စရာချည်ရက်၊ တော်ဝဲလက်ဖြင့်
ရက်ရောသာကြည်၊ ပေးတမ်းမည်ဟု
မြေနီမြေကောင်း၊ အိုးစလောင်းတို့
လည်ရောင်းရွက်သယ်၊ ပင်ပန်းဖွယ်တည့်
အရွယ်ယွင်းယို၊ အမယ်အိုသည်
အလိုပြည့်ကြောင်း၊ ရောင်းကောင်းပါစေ
မိန့်ချွေသည်ပါ့ နှလုံးလှ။
(ဇော်ဂျီ၊ ရွှေခေတ်ပုဂံပြည် ကဗျာများ)

ထိုနေ့က တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး) တို့သည် ရွှေစည်းခုံစေတီ ဂေါပက အဖွဲ့ရုံးသို့ သွား၍ ရွှေသင်္ကန်း အလှူငွေများ လှူဒါန်းကြ၏။ အလှူခံငွေ ဖြတ်ပိုင်းတွင် 'အနော်ရထာ မင်းကြီးနှင့် ကျန်စစ်သားမင်းကြီးအား ရည်စူး၍' ဟု ရေးသား ဖော်ပြခဲ့သည်။ ထို့နောက် ပြရသမျှ

www.burmeseclassic.com

သော ထိုဒါနအတွက် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးအား တက္ကသိုလ်စိန်တင်က နှုတ်မှ ရွတ်ဆို အမျှအတန်း ပေးဝေခဲ့လေသည်။

တက္ကသိုလ်စိန်တင်နှင့်၊ စိမ့်(ပညာရေး) တို့သည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီကို ဖူးမြော်ပြီးနောက် ပုဂံမြို့ အာနန္ဒာ စေတီတော်ကြီး ဆီသို့ မြင်းလှည်းကလေးဖြင့် ခရီးဆက်ခဲ့ကြသည်။

ပြောရဦးမည်။ အာနန္ဒာ စေတီတော်ကြီး၏ တောင်ဘက်မုခ်မှ မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်ကြီးကို တက္ကသိုလ်စိန်တင်က ကြည်ညိုဦးခိုက် ဝတ်ပြုနေစဉ် လျှပ်စစ်မီးများ ခေတ္တခဏ ပြတ်သွား၏။ အို. . . ကြည်ညို သဒ္ဓါပွားဖွယ် သပ္ပာယ်လှပါတဲ့ ရုပ်ပွားတော်ကြီးပါပေ။ လျှပ်စစ်မီး ပြတ်ချိန်တွင် မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်ကြီး၏ မျက်နှာတော် တည့်တည့်မှ ဝင်လာသော သဘာဝအလင်းရောင်က ရုပ်ပွားတော်ကြီး၏ မျက်နှာတော် တို ဝင်းဝင်းပြက်ပြက်၊ လင်းလင်းလက်အောင် အရောင်တွေ ဖြာဆင်း နေစေပါကလား။ ရှေးနှစ်ပေါင်း (၉၀၀) ကျော်က တည်ထားခဲ့သော အာနန္ဒာစေတီ ကုသိုလ်ရှင် ကျန်စစ်သား မင်းကြီးနှင့် ဗိသုကာ ပညာရှင် တို့၏ ထူးကဲလှသော ဉာဏ်ရည် ထက်မြက်မှုကို ချက်ချင်းလက်ငင်း ကြုံတွေ့ ခံစားရလေသည်။ အံ့ဩဘနန်း ဖြစ်ရပါ၏။

အာနန္ဒာ စေတီတော်ကြီးတွင်လည်း တက္ကသိုလ်စိန်တင်နှင့် စိမ့် (ပညာရေး)တို့သည် ရွှေသင်္ကန်း အလှူငွေ ထည့်ဝင် လှူဒါန်းရာ၌ အာနန္ဒာ စေတီ ကုသိုလ်ရှင် ကျန်စစ်သားမင်းကြီးအား ရည်စူးကြောင်း အလှူခံဖြတ်ပိုင်း၌ ဖော်ပြရပါသေး၏။ ထို့ပြင် ပြုပြုရသမျှသော ထိုကောင်းမှု အစုစုအတွက် ကျန်စစ်သားမင်းကြီးအား နှုတ်မှ ရွတ်ဆို၍ အမျှအတန်း ဝေခဲ့ပါသေးသည်။

အာနန္ဒာ စေတီတော်ကြီးကို ကြည်ညိုသဒ္ဓါ ပွား၍ ဝပ်တွားပူဇော် ကန်တော့ပြီးနောက် ကိုစိန်တင်တို့ မြင်းလှည်းကလေးကို ကျန်စစ်သား မင်းကြီး၏ ကုသိုလ်တော် 'မင်းအိုချမ်းသာ' စေတီသို့ ဦးတည်စေခဲ့သည်။ ကျန်စစ်သားမင်းကြီး သက်တော် ၇၂ နှစ်တွင် နာဖျားမကျန်း ဖြစ်ခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com

ရာ ထောင်းပြီလေ။ ထိုအချိန်တွင် ကျန်စစ်သားမင်းကြီးသည် သီဟိုဠ်နိုင်ငံ (ယခု သီရိလင်္ကာ) မှ ပေးပို့ လှူဒါန်းသော ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ သရီရဓာတ်တော် (၉) ဆူကို ဌာပနာ၍ ဤစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့သည်။ ကျန်စစ်သား ဘုရင်မင်းမြတ် ကျန်းမာချမ်းသာ၍ သက်တော်ရှည်စေရန် ထိုစေတီတော်ကို 'မင်းအိုချမ်းသာ' ဘွဲ့မည်သခဲ့လေသည်။

ထိုနေ့ကား ပုဂံ ညောင်ဦးသို့ ခရီးရောက်မဆိုက် ဖြစ်ရာ သမိုင်းဝင် စေတီကြီး သုံးဆူကိုသာ ဖူးမြော်၍ လိုအပ်သော ဓာတ်ပုံများ ရိုက်ယူပြီးနောက် မြင်းလှည်းကလေးကို ရွှေလီ ညှော့ရိပ်သာသို့ ပြန်မောင်း စေခဲ့ရတော့သည်။

| ၃ |

"ရာဇကုမာရ် လို၊ သားလိမ္မာကတော့၊ ရှာမှရှားပဲနော်"

စိမ့်(ပညာရေး)က ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရ် မင်းသား တည်ထားစိုက်ထူခဲ့သော ကျောက်စာတိုင်ကို ဓာတ်ပုံရိုက်ရင်း ပြောနေသည်။

နောက်တစ်နေ့တွင် ရွှေလီညှော့ရိပ်သာ ပိုင်ရှင် ဆရာကြီးဦးညွှန့်၏ သား ကိုအောင်ကျော်မြင့် မောင်းသော ဆန်နီပစ်ကပ် ကားကလေးဖြင့် 'ဝံ့ကမ်း ကျန်စစ်သား' ကို တောနင်း ရှာကြသည်။ ပုဂံမြို့တွင် ကျန်စစ်သား မင်းကြီး တည်ထားခဲ့သော ဘုရားစေတီတွေကား များစွာမှ များစွာ။ ထိုစေတီတော်များသို့ အနှံ့အပြား သွားရောက်ဖူးမြော်၍ စိမ့်က ဓာတ်ပုံ များ ရိုက်ပေးသည်။

ကျန်စစ်သားမင်းကြီး နတ်ရွာစံလုဆဲဆဲတွင် သားလိမ္မာ ရာဇကုမာရ် မင်းသားသည် ရွှေဆင်းတု ဘုရားတစ်ဆူ ထုလုပ် လှူဒါန်း၍ ခမည်းတော် မင်းကြီး၏ လက်ဖြင့် ရေစက်ခွက်ကို ထိလျက် အမျှအတန်း ပေးဝေခဲ့သည်။ ရာဇကုမာရ် မင်းသား၏ လုပ်ရပ်ကား အံ့ဖွယ်သူ၏ ထူးကဲလှပေစွ။

www.burmeseclassic.com

www.burmeseclassic.com

ရာဇကုမာရ် မင်းသားမှာ ဘုရင့်သား စင်စစ် မှန်သော်လည်း ပုဂံနန်းကို စံမြန်းခွင့် မရ။ ကျန်စစ်သားမင်းကြီးက မြေးတော် အလောင်းစည်သူ မင်းသားအား ထီးမွေနန်းမွေ ပေးပြီးဖြစ်နေသည်။ သို့စင်လျက် ရာဇကုမာရ် မင်းသားသည် အလိုရမ္မက် နည်းလှပေ၏။ ထီးနန်း မရသော်လည်း စိတ်မတွက်၊ စိတ်မပျက်။ ကွယ်လွန်ရှာသူ မိခင် သမ္ဗျုလမိဖုရားက ပေးခဲ့သော ကျွန်သုံးရွာနှင့်အတူ ရွှေဘုရား တစ်ဆူ ထုလုပ်၍ ယခုလို လှူဒါန်းခဲ့ခြင်း ဖြစ်ပေ၏။ ရာဇကုမာရ် မင်းသားသည် မိမိ၏ အလှူကို နှောင်းလူတို့ သာဓု အနုမောဒနာ ပြုနိုင်စေရန် ကျောက်စာထွင်းထု၍ ပူဇော်ခဲ့သည်။ ထိုကျောက်စာတိုင်ကို ကျန်စစ်သားမင်းကြီး၏ ကုသိုလ်တော် မြစေတီ ဘုရား ရင်ပြင်၌ အထင်ကရ စိုက်ထူထားခဲ့ လေသည်။

တက္ကသိုလ်စိန်တင်သည် ရာဇကုမာရ် ထိုးခဲ့သော ကျောက်စာတိုင် ကို ကြည့်၍ သာဓု သုံးကြိမ် ခေါ်ရင်း သားလိမ္မာ ထိုမင်းသားကို လွမ်းနေ မိလေသည်။

[ ၄ ]

"တူပြိုင်. . . ဂူလိုဏ်. . စကား သစ္စာတိုင်. . .၊ ချစ်လို့ရယ် မကုန်၊ ဝသုန်ဌာမြေ . . . သိကြားစေ. . . သက်သေညွှန်း. . ."

တက္ကသိုလ်စိန်တင်သည် ကျန်စစ်သားမင်းကြီး ကုသိုလ်တော် အပယ်ရတနာ စေတီမြတ်ကို ကြည်ညို ဦးခိုက် ကန်တော့ပြီးနောက်၊ အထက်ပါ 'ချစ်သမ္ဗျကို' သစ္စာတိုင် ပတ်ပျိုး သီချင်းကလေးကို ဆိုညည်း နေမိသည်။ အပယ်ရတနာစေတီကို ဓာတ်ပုံရိုက်နေသော စိမ့်(ပညာရေး) က- "ဘာစိတ်ကူးနဲ့ သီချင်းတွေ ဘာတွေ ဆိုနေတာလဲ စာရေးဆရာ"

တက္ကသိုလ်စိန်တင် ။ ။ "ဒီလိုပါကွယ် ဒီ အပယ်ရတနာ စေတီ တည် ထားတဲ့ နေရာမှာ တစ်ချိန်က စောလူးမင်း အမျက် တော်ရှလို့ ထွက်ပြေးနေရတဲ့ ကျန်စစ်သားနဲ့ သူ့မိဖုရား အပယ်ရတနာတို့ တိတ်တဆိတ် တွေ့ကြပြီး ချစ်မေတ္တာ၊ သစ္စာတိုင်ခဲ့ကြတာ သတိရလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကိုအောင်ကျော်မြင့် မောင်းသော ကားကလေးဖြင့် ပုဂံ သောင်ဦး တစ်ခွင်၊ ကျန်စစ်သား ဘုရင်မင်းမြတ် တည်ထားခဲ့သော ဘုရားစေတီများကို ခြေဆန့်ရှာဖွေ ဓာတ်ပုံတွေ ရိုက်ခဲ့သည်ကား များစွာမှ များစွာ။ ထားတော့။

[ ၅ ]

'ပုဂံမှာ ကျန်စစ်သား' စာအုပ်ကို ၁၉၈၀ ပြည့်နှစ်တွင် သီလဝ စာပေမှ ဦးကျော်သန်းက ပထမအကြိမ် ထုတ်ဝေပေးခဲ့သည်။ ထိုစဉ်က ခင်၊ ပန်းချီဦးကျော်ညွန့် ရေးဆွဲပေးသော ကျန်စစ်သားမြင်းစီးပုံဖြင့် ထုတ်ဝေခဲ့ရသည်။ ထို့နောက်တွင်တော့ ဂုဏ်ထူးစာပေမှ မစ္စတာကန္တိကူးမား၊ မစ္စတာ မူလ်ရပ်ဂျ် တို့က ဒုတိယအကြိမ်၊ နောက် ဂုဏ်ထူး စာပေမှ ဒေါ်ဘာရတီကပင် တတိယအကြိမ်၊ ယခု စတုတ္ထအကြိမ်၊ ပုံနှိပ် ထုတ်ဝေနိုင်ခဲ့ပါပြီ။ ယခု စတုတ္ထအကြိမ်တွင် ကျန်စစ်သား မင်းကြီး၏ကုသိုလ်တော် သမိုင်းဝင် စေတီဘုရားများ၏ ဓာတ်ပုံများကို ဂုဏ်ထူး စာပေက ဆေးရောင်စုံဖြင့် ပုံနှိပ် ထုတ်ဝေပေးခဲ့၏။ ပထမအကြိမ် ထုတ်ဝေပေးခဲ့သော သီလဝစာပေ ဦးကျော်သန်းမှ စ၍ ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ် ခရီးသို့တိုင် စဉ်ဆက်မပြတ် ထုတ်ဝေပေးခဲ့သော ဂုဏ်ထူးစာပေမှ ဒေါ်ဘာရတီ မိသားစုကို လည်းကောင်း၊ စာအုပ် ထုတ်ဝေသော အခါတိုင်း တစ်ခဲနက် အားပေးခဲ့ကြသော စာဖတ်ပရိသတ်ကြီးကို လည်းကောင်း အထူး ကျေးဇူးတင်လျက် ရှိပါကြောင်း ဤစာစုဖြင့် လေးစားစွာ ဂုဏ်ပြု ဖော်ပြရပေသည်။


တက္ကသိုလ်စိန်တင်
၉-၁၁-၂၀၀၀

ကြို့ကုန်းရိပ်သာ
အင်းစိန်။

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင်ဓာတ်ပုံများ




www.burmeseclassic.com

(၁) ရွှေစည်းခုံမြတ်စေတီ၊ ပြုတည်သူဘုရင်နှစ်ပါး

ညောင်ဦးမြို့၊ ရွှေစည်းခုံ၊ ဓာတ်တော်ရှင် စေတီတော်ကြီးကို ကောင်းကင်မှဖူးမြော်ရသည့် မြင်ကွင်း။ ဤစေတီတော်ကြီးကို ပုဂံပြည့်ရှင်၊ အနော်ရထာမင်းကြီး စတင်

www.burmeseclassic.com




(၂) နန္ဒမူလိုဏ်ဂူနှင့်၊ ပဏ္ဏာတင့်သည့် မြတ်စေတီ

ပုဂံမြို့၊ ကျန်စစ်သားမင်းကြီး၏ ကုသိုလ်တော်"အာနန္ဒာလိုဏ်ဂူ စေတီတော်ကြီး" ဟိမဝန္တာတော၊ ဂန္ဓမာဒနတောင်၊ သူတော်စင်များ၊ သီတင်းသုံးသော နန္ဒမူလိုဏ်ဂူ ပုံသွင်ကို၊ ရဟန္တာအရှင်မြတ်များက ဖန်ဆင်းပြသည့်အတိုင်း ပုံတူတည်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) အနန္တတန်ခိုးရှင်၊ ဘုန်းသွင်က၊ အလွန်ထူး

ဤ ဘဒ္ဒကမ္ဘာ၌၊ ပွင့်တော်မူပြီးသော၊ အနန္တတန်ခိုးရှင်၊ ပါရမီရှင်၊ ပညာရှင်၊ မြတ်စွာဘုရား (၄) ဆူအား ရည်မှန်း၍၊ "အနန္တစေတီ" ဟု ခေါ်မည် သ.ရော့မှ "အာနန္ဒာစေတီ" ဟု၊ ကြည်ညို ပူဇော်ခဲ့ကြောင်း၊ မှတ်ရှိခဲ့သည်။ ပုံမှာ ပုဂံမြို့ ကျန်စစ်သားမင်းကြီး ကုသိုလ်တော် "အာနန္ဒာစေတီတော်ကြီး" မြင်ကွင်းကျယ်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



(၄) သန်းခေါင်လယ်၊ သန်းခေါင်လယ်၊ ထွက်တော်မူနန်းက ခွာတယ်၊
(ယသော်ဓယာ – မြန်မာသီချင်းကြီး)

ပုဂံမြို့၊ အာနန္ဒာလိုဏ်ဂူစေတီ အတွင်း၊ အပြင်စင်္ကြံလမ်း၊ အနောက်ဘက် နံရံရှိ သိဒ္ဓတ္ထမင်းသား တောထွက်ဟန်ရုပ်တု။ မြင်းခွာသံကိုမကြားရအောင် နတ်တို့က၊ မြင်းခွာများ အောက်မှ၊ လက်ဖြင့် ခံထားကြပုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




(၅) မယ်တော်မာယာ သားဖွားခန်း၊ တင့်ဆန့်သည့်လက်ရာ

ပုဂံမြို့၊ အာနန္ဒာလိုဏ်ဂူစေတီတော်ကြီးအတွင်း မြောက်ဘက်မုခ်ကြိုလမ်း၌ထားရှိသော သဲကျောက် တစ်တုံးတည်းဖြင့် ထွင်းထုထားသည့် ရုပ်ကြွပုံ။ ပုဂံမြို့တွင် ရှိသော မယ်တော်မာယာ သားဖွားခန်းပုံများတွင်၊ အကောင်းဆုံးလက်ရာဟု ပညာရှင်တို့

www.burmeseclassic.com

www.burmeseclassic.com




(၆) မြစေတီ ပဏ္ဏာတင်၊ ကြည်ညိုခွင့် ညဥ့်လယ်ယံ

ပုဂံမြို့၊ ကျန်စစ်သား မင်းကြီး၏ ကုသိုလ်တော်၊ မြစေတီဘုရားကို၊ သီတင်းကျွတ် လပြည့်နေ့၊ ညဥ့်လယ်ယံတွင်၊ ဤသို့ ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ကျန်စစ်သား မင်းကြီး၏ သားတော်၊ ရာဇကုမာရ်မင်းသား စိုက်ထူခဲ့သော သမိုင်းဝင် ရာဇကုမာရ် ကျောက်စာကို၊ ထိုစေတီ၏ ရင်ပြင်တော်၌ ထားရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




(၇) ရာဇကုမာရ်၏ မေတ္တာ၊ ကမ္ဘာဆုံးတိုင်တည်စေကြောင်း

ပုဂံမြို့၊ ရာဇကုမာရ် မင်းသား၏ ကုသိုလ်တော် မြင်းကပါဂူပြောက်ကြီးစေ
ကျန်စစ်သားမင်းကြီးနာမကျန်း၍၊ နတ်ရွာစံလုံ့ဆဲဆဲတွင်၊ သားတော်ရာဇကုမာ
မင်းသားက၊ ကျေးဇူးရှင် ဖခမည်းတော်အတွက် ရွှေဆင်းတု၊ ဗုဒ္ဓရုပ်ပွားတော
တစ်ဆူ ထုလုပ် လှူဒါန်းပြီး၊ ဤစေတီတွင် ဌာပနာပြုကာ တည်ထားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



(၈) မုဒ္ဒ၏ မြတ်သာသနာ၊ သယ်ဆောင်လာ ပုဂ္ဂိုလ်ထူး
...နိုင်ငံတော်သို့၊ သန့်စင်သော၊ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုအား၊ စတင်
သယ်ဆောင်ဖြန့်ဝေပေးသော ကျေးဇူးတော်ရှင်၊ ရှင်အရဟံ မထေရ်မြတ်၏ ရုပ်တု
(ပုဂံမြို့ အာနန္ဒာစေတီ၊ အနောက်ဘက် ဂန္ဓကုဋီတိုက်တွင် ဤသို့ဖူးတွေ့ရသည်။)

www.burmeseclassic.com

www.burmeseclassic.com




(၉) ထီးလှိုင်ရှင် ကျန်စစ်သား ခံညားသည့် ရုပ်တုမဟာ

ပုဂံမြို့၊ အာနန္ဒာစေတီတော်ကြီး၏ ကုသိုလ်ရှင်၊ ကျန်စစ်သားမင်းကြီး၏ ရုပ်တုကို အာနန္ဒာစေတီတော် လိုဏ်ဂူအတွင်း၊ ရှင်အရဟံမထေရ်မြတ် ရုပ်တုတော်နှင့် မျက်နှာချင်းဆိုင်၌၊ ဤသို့ ထားရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




(၁၀) ဟူပြိုင်ဂူလိုဏ်၊ စကားသစ္စာဘိုင်...၊ ချစ်လို့ရယ်.မကုန် ဝသုန်ဤမြေ... သိကြားစေ သက်သေညွန်း (ချစ်သမျှကို ပတ်ပျိုးသီချင်း)

ပုဂံနေပြည်တော်၌၊ စောလူးမင်းက၊ အမျက်တော်ရှသဖြင့် ကျန်စစ်သား ထွက်ပြေးပုန်းအောင်းရပြန်သောအခါ၊ ချစ်သူဇနီး အပယ်ရတနာနှင့် တိတ်တဆိတ် ချိန်းဆိုတွေ့ဆုံသောနေရာ၌ ကျန်စစ်သားမင်းကြီး တည်ထားခဲ့သည့်"အပယ်ရတနာဘုရား"။

www.burmeseclassic.com

www.burmeseclassic.com




(၁၁) နဂါးရုံဘုရား၊ ထူးခြားသည့် သမိုင်းစာ

စောလူးမင်း မျက်၍၊ ထွက်ပြေးနေရသော၊ ကျန်စစ်သား ပုန်းအောင်းသည့် တောရိပ်မြိုင်၌၊ကျန်စစ်သားအိပ်ပျော်နေစဉ်၊ကိုယ်ပေါ်တွင် နဂါးကြီးတစ်ကောင် အုပ်မိုးထားပုံ၊ ချစ်ဇနီးအပယ်ရတနာက မြင်ခဲ့သည်ဟု သမိုင်းက ဆိုသည်။ ကျန်စစ်သားမင်းကြီးက ထိုနေရာ၌ "နဂါးရုံဘုရား" တည်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




(၁၂) ကမ္ဘာလှည့်ခရီးသည်၊ မေတ္တာရည်ဆုညွှန်း

ပြင်သစ်၊ ကမ္ဘာလှည့်ခရီးသည်မောင်နှံနှင့်၊ တက္ကသိုလ်စိန်တင်တို့၊ ပုဂံမြို့၊ ကျွန်စစ်သားမင်းကြီး ကုသိုလ်တော်၊ နဂါးရုံဘုရားဝင်း၌၊ ဓာတ်ပုံရိုက်ခဲ့သည်။ ထိုနေ့က၊ ပြင်သစ် အမျိုးသမီးခရီးသည်ကို၊ ဓာတ်ပုံရိုက်ပါရစေဟု စာရေးဆရာက ခွင့်တောင်းရာ အမျိုးသမီးက၊ သူ့ခင်ပွန်းအား၊ ပြင်သစ်ဘာသာဖြင့် လှမ်း[illegible]ခွင့်ပန်သည်။ ပြင်သစ်အမျိုးသားကြီးက (Why not) "ဘာဖြစ်လို့ ဓာတ်ပုံ မရိုက်ရမှာလဲကွယ့်" ဟု အင်္ဂလိပ်ဘာသာဖြင့်၊ ရယ်မောပြောဆိုပြီးလာပြီး၊ အထက်ပါအတိုင်း ဓာတ်ပုံ အရိုက်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃) ပုပ္ပားတောင်မြတ် တောင်ကလပ်ဝယ်၊ ဝိဇ္ဇာဇော်ဂျီ တပသီဒေ
ဆေးကြိုတ်ပါတယ်။ (ရွှေညာမောင် ဆိုသီချင်း)

အထက်ပါ ပုပ္ပါးတောင်ဝန်းကျင်တွင် နိုဝင် ပုန်းအောင်းနေသော၊ မွန်အမေ
အသဝတ်မွှာအား၊ကျန်စစ်သားမင်းကြီးက၊ရှာဖွေ ခေါ်ယူ၍၊ အသဝတ်မွှာ
သား၊ နာဂသမန်းကို၊ ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည်
လက်ဆက်ကာ မွန်မြန်မာ ချစ်ကြည်ရေး၊ နှောင်ဖွဲ့စေခဲ့သည်။

www.burmeseclassic.com


www.burmeseclassic.com



(၁၄) မင်းအိုချမ်းသာ စေတီဘုရား၊ တည်ထားသည့် မင်းမြတ်ရာဇာ ကျန်စစ်သားမင်းကြီး၊ သက်တော်(၇၂)နှစ်တွင် နာဖျားမကျန်းဖြစ်စဉ်၊ အိုနာ သေဘေးမှ ကင်းဝေးစေကြောင်း ဆုတောင်း၍ ကျန်စစ်သားမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော "မင်းအိုချမ်းသာစေတီတော်"။


www.burmeseclassic.com

www.burmeseclassic.com



(၁၅) မျက်တော်ပြေဘုရားမှာ၊ အမုန်းတရားတို့ လွှင့်ပြယ် ပုန်ကန်ထကြွသူ၊ သက်မင်းကတုံအပေါ်၊ ဖြစ်ပွားခဲ့သော အမုန်းကို ခွင့်လွှတ် လွှင့်ပြယ်စေခဲ့သည့် အထိမ်းအမှတ်ဖြင့် ကျန်စစ်သားမင်းကြီး တည်ထားခဲ့သော၊ ပုဂံမြို့ "မျက်တော်ပြေဘုရား"။

www.burmeseclassic.com



(၁၆) မြကန်သာ၊ တောင်ကျချောင်းတေး၊ ရေဝင်ပြေးလျှည့်
ရေဖေးကြည်ဖွာ၊ ကန်ပိုင်မာလျက် (ရှေးရေး၊ မြကန်ကမျာ)
ဂံမြို့၊ တုရင်တောင်နှင့်ပိုက်လှမ်းကောင်တို့မှ စီးကျသောရေကို၊ တစ်ဖက်ဆည်
ကန် အဖြစ်၊ ကျန်စစ်သားမင်းကြီး ပြုပြင်ခဲ့သော "မဟာနိဗ္ဗာန်လက်ဆွဲချီရေ"
အမည်ရှိ၊ "မြကန်"။

www.burmeseclassic.com

www.burmeseclassic.com




(၁၇) အလိုတော်ပြည့်စေဖို့ ဂန္ဓြေလို့ဆု  ည်

ကျန်စစ်သားမင်းကြီး၏ ကုသိုလ်တော်၊ ပုဂံမြို့ "အလိုတော်ပြည့်စေတီ" ။စစ်မက်
မတိုက်လိုကြောင်း ကျန်စစ်သားမင်းကြီး ဆုပန်ခြွေခဲ့စဉ်၊ ရန်သူတို့ ဆုတ်ခွာသွား၍
အလိုဆန္ဒပြည့်ဝ ငြိမ်းချမ်းသဖြင့် တည်ထားခဲ့သည်ဟု "အလိုတော်ပြည့်ဘုရား
သမိုင်း" က ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၈) မင်းမျှော်ရာဇာစေတီ၊ ဘွဲ့မည်နှင့် စာသမိုင်း

ကျန်စစ်သားမင်းကြီး၏ ဘိုးတော်၊ ကွမ်းဆောင်ကြောင်ဖြူမင်းအား၊ နန်းတင်ရန်၊ ပုဂံပြည်သူတို့၊ မျှော်လင့် စောင့်စားနေသော နေရာ၌၊ ကျန်စစ်သားမင်းကြီးတည် ထားခဲ့သည့် "မင်းမျှော်ရာဇာစေတီ"။

www.burmeseclassic.com


www.burmeseclassic.com



(၁၉) ရွှေစည်းခုံစေတီအပါးက၊ ကျွန်စစ်သားဥမင်လိုဏ်ဂူ ပုဂံမြို့တွင် ရှိသည့်၊ ကျွန်စစ်သားဥမင် (၄) မျိုးတွင်၊ ရွှေစည်းခုံစေတီ အနီးမှ ထင်ရှားသော ကျွန်စစ်သားဥမင်လိုဏ်။ ရှင်အရဟံမထေရ်မြတ်၊ ဝိပဿနာတရား ပွားများအားထုတ်ရန်၊ ကျွန်စစ်သားမင်းကြီး ဆောက်လုပ် လှူဒါန်းခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြသည်။ ဥမင်အတွင်း၌၊ ပုဂံခေတ် ပန်းချီဆွဲ ဆင်ယင်မှုကို ထင်ဟပ်သော၊ တန်ဖိုးမဖြတ်နိုင်သည့်၊ ဆေးရေးပန်းချီများအား လေ့လာနိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com




၂၃။ သီရိပစ္စယာပြောက်ဘုရား၊ မှတ်သားဖွယ် သမိုင်းစာ

ပုဂံမြို့၊ လောကနန္ဒာ ဘွယ်တော်ရှင် ဘုရားအနီးတွင်၊ ကျန်စစ်သားမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော၊ "သီရိဂူပြောက်စေတီ"။ ခရစ်နှစ် ၁၈၈၅ ခုနှစ် တွင်၊ ရတနာပုံနန်းမှ၊ သီပေါဘုရင်ကို၊ ဗြိတိသျှနယ်ချဲ့တို့၊ ဖမ်းယူသွားစဉ်၊ ဗြိတိသျှအစိုးရအား တော်လှန် ပုန်ကန်ခဲ့သော၊ မြန်မာ့တော်လှန်ရေး အာဇာနည်၊ ပုဂံဗိုလ်ချုပ်နှင့် သားနှစ်ဦးကို၊ ဤဘုရားစေတီအတွင်း၌၊ နယ်ချဲ့ ပုလိပ်များက ဖမ်းဆီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၁) ဂူလိုဏ်အဆင့်ဆင့်၊ လှေကားနှင့် ကြောင်လိုဏ်

ကျန်စစ်သားမင်းကြီး၏ ကုသိုလ်တော်၊ သီရိဂူပြောက်စေတီအတွင်း၊ တစ်ချိန်က နယ်ချဲ့ တော်လှန်ရေးခေါင်းဆောင် ပုဂံဗိုလ်ချုပ် ခိုအောင်းခဲ့သော ကြောင်လိုဏ် လှေကားအဆင့်ဆင့်ကို၊ တက္ကသိုလ်စိန်တင် လေ့လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## Myazedi Stone Inscription (Rajakuma stone inscription)

Prince Rajakuma, son of King Kyansittha inscribed it about AD-1113. Prince Rajakuma was the son of King Kyansittha and his consort Thambula. Although he missed the chance of succeeding to the throne because King Kyansittha had chosen the grandson Alaungsithu as his immediate successor, Rajakuma harboured no ill will or grudge against his father. He even showed his filial love and gratitude. The inscription tells us about it. This stone inscription was discovered at the foot of Myazedi Pagoda near Myinkaba Village to the south of old Bagan. A similar stone inscription was found in an old building near Myazedi Pagoda. It is now set up at the south-east corner of the precinct of Myazedi Pagoda. Both stone pillars have each four faces on which are inscribed Pali, Pyu, Mon and Myanmar letters recording the same subject. The Myazedi stone inscription was one of the earliest writings discovered so far in the history of Myanmar literature. The stone pillar measures 55 inches high, 14 inches long and 14 inches broad.

ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရ်သည် ဤကျောက်စာကို (၁၁၁၃) ခုနှစ်ခန့်တွင် ရေးထိုးခဲ့ခြင်း ဖြစ်သည်။ ရာဇကုမာရ်သည် ကျန်စစ်သားမင်းကြီးနှင့် သမ္ဗူလတို့၏သား ဖြစ်သည်။ သားအရင်းဖြစ်သော်လည်း ထီးနန်းစည်းစိမ်မရဘဲ မြေးဖြစ်သူ အလောင်းစည်သူသာ ထီးနန်းဆက်ခံခွင့် ရသည်ကို ဖခမည်းတော်အပေါ် မည်သို့မျှ စိတ်ကွက်ခြင်းမရှိဘဲ မိဘဂုဏ်ကျေးဇူးကို မည်မျှ ရှိသေ ကိုင်းရှိုင်းကြောင်း ရေးထိုးခဲ့သော ကျောက်စာ ဖြစ်သည်။ ပုဂံမြို့တောင်ဘက် မြင်းကပါရွာအနီး မြစေတီ ခြေရင်း၌ ကပ်လျက် စတင်တွေ့ရှိခဲ့သည်။ ဤကျောက်စာနှင့် အလားတူကျောက်စာကိုလည်း မြစေတီနှင့် ကပ်လျက် အဆောက်အအုံဟောင်းတစ်ခုထဲတွင် တွေ့ရှိရရာ ယခုအခါ ၎င်းကျောက်စာကို မြစေတီရင်ပြင် အရှေ့တောင်ထောင့်၌ စိုက်ထူထားရှိသည်။ ဤကျောက်စာတိုင်နှစ်တိုင်သည် ပျူ – ပါဠိ – မွန် – မြန်မာ လေးဘာသာဖြင့် ရေးထိုးထားသော လေးမျက်နှာကျောက်စာတိုင်များဖြစ်ပြီး မြန်မာစာပေသမိုင်းတွင် အစောဆုံး တွေ့ရှိရသော ကျောက်စာ ဖြစ်သည်။ ဤကျောက်စာတိုင်၏ အတိုင်းအတာများ အလျား (၁၄) လက်မ၊ အနံ (၁၄) လက်မ၊ အမြင့် (၅၅ လက်မခွဲ) ရှိသည်။

(၂၂) မြစေတီကျောက်စာတဲ့၊ ရာဇကုမာရ်၏ သက်သေ

ပုဂံမြို့၊ ရှေးဟောင်း သုတေသနပြတိုက် အတွင်းတွင် ထားရှိသော မြစေတီ ကျောက်စာ၊ (ပုဂံမြို့၊ ရှေးဟောင်း သုတေသနပြတိုက် လမ်းညွှန်စာအုပ်မှ တစ်ဆင့် ကူးယူဖော်ပြသည်။)

www.burmeseclassic.com

www.burmeseclassic.com




(၂၃) မြစေတီရင်ပြင်မှာ၊ ကျောက်စာတိုင် နိုင်နိုင်စိုက်ပါလို့

ပုဂံမြို့၊ ကျန်စစ်သားမင်းကြီး၏ သားတော်၊ အဖေချစ်တဲ့သား၊ ရာဇကုမာရ်၊ ရေးထိုးခဲ့သော မြစေတီကျောက်စာကို မြစေတီဘုရားရင်ပြင်၌ အဖေချစ်တဲ့သား၊ တက္ကသိုလ်စိန်တင် လေ့လာ ကြည့်ညိုစဉ်။

www.burmeseclassic.com


www.burmeseclassic.com

(၂၄) "အို..ပြည်သူတို့ ငါ၏ လက်ယာလက်ဖြင့်၊ ဆန်စပါးရိက္ခာ ပေးအံ့၊ လက်ဝဲလက်ဖြင့်၊ အဝတ်တန်ဆာ ပေးအံ့" (ကျန်စစ်သားမင်းကြီး) ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်မြတ်၊ အရှေ့ဘက်စောင်းတန်းအဝင် လက်ယာဘက်၊ အုတ်တံတိုင်းအနီး၊ စိုက်ထူထားသော၊ ကျန်စစ်သားမင်းကြီးက ပုဂံပြည်သူတို့အား၊ စည်းရုံးနှစ်သိမ့်ခဲ့သည့် ရွှေစည်းခုံကျောက်စာတိုင် အဆောက်အအုံ။

www.burmeseclassic.com

www.burmeseclassic.com



(၂၅) ကမ္ဘာတည် ခိုင်မြဲဖို့ တိုကျန်စစ်သားမင်း မေတ္တာ

ကျန်စစ်သားမင်းကြီးက၊ စောလူးနှင့် ငရမန် ပြည်တွင်းစစ်ပွဲတွင်၊ ထိခိုက်
ဒုက္ခပင်လယ်ဝေခဲ့ကြသော၊ ပုဂံနိုင်ငံတော် ပြည်သူများအား "ပြည်သူတို့၏ မျ
ရည်ကို မင်းကြီး၏လက်ဖြင့်သုတ်ပေးပါအံ့" ဟု မေတ္တာစကားကမ်းခဲ့သော ရွှေစည်
[illegible] ကျောက်စာတိုင်။

www.burmeseclassic.com

www.burmeseclassic.com



(၂၆) "တိမ်နီတိမ်ဝါ၊ တိမ်မိလ္လာနှင့်၊ တိမ်ပြာရေယှက်၊ မရမ်းဖက်၍၊ တိမ်သက်တံ့ရောင်၊ အဝါတောင်ဝယ်၊ မှောင်ခဲ တစ်ခါ၊ ပြာခဲတစ်ချို့၊ ညိုခဲ တစ်လီ၊ ရီခဲတစ်ဖုံ၊ မှုန်ခဲတစ်ချက်" (စာဆိုရှင်ဥတ္တမကျော် တောလား) ပုဂံမြို့၏၊ အံ့မခန်း ဆန်းကြယ်လှပသော တိမ်တောက်ချိန်၊ ညနေဆည်းဆာကို 'Sunset Garden Restaurant မှဦးအောင်ညွန့်က၊ ဤသို့မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၇) ပုဂံမှာ ကျန်စစ်မင်း၊ တောနင်း၍ ရှာတော့မည်

ပုဂံမှာ ကျန်စစ်သားစာအုပ် စတုတ္ထအကြိမ် ပုံနှိပ်စဉ် ဖော်ပြရန် သမိုင်းဝင်ဓာတ်ပုံများ ရိုက်ကူးဖို့၊ ပုဂံညောင်ဦးသို့ ရောက်ခဲ့ရာ၊ ညောင်ဦးမြို့ ရွှေလီညှော်ရိုပ်း ရှေ့တွင် အငြိမ်းစား မြို့နယ်ပညာရေးမှူး ဆရာကြီးဦးညွန့်၊ တက္ကသိုလ်စိန်တင်စိမ့်(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com



(၂၈) တစ်ချိန်က၊ အရိမဒ္ဒနာ၊ ယခုအခါ ပုဂံမြို့

ညောင်ဦးမြို့မှ အထွက်၊ ပုဂံမြို့ အဝင်တွင် ထင်ရှားစွာ စိုက်ထူထားသော ခုံးသုံးသည့် မြို့ဝင်ဆိုင်းဘုတ်ရှေ့၌ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)။ နောက်ခံအဝေး မြင်ရှုခင်း၌၊ သဗ္ဗညုစေတီတော်ကြီးကို မှုန်တဝါး ဖူးတွေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ အမှာစာ

**သို့မဟုတ်**

ပုဂံချစ်သူတို့ရဲ့ ကျန်စစ်သား

၁

'အာနန္ဒာ စေတီကြီးက သိပ်လှတာပဲနော်.....'

မျက်လုံးပြာနှင့် ဥရောပသူက ပြုံး၍ ပြောနေသည်။ သူပြုံးလိုက်သည့် အခါတိုင်း ပါးချိုင့်လှလှကလေးများကို မြင်နေရသည်။ ရွှေဝါရောင် ဆံပင်နုနု ကလေးများက လေတွင် လှုပ်ရှားကစားနေကြ၏။ သူ့ကိုယ်မှာ ဝတ်ဆင်ထားသော အဝါနုရောင် စပို့ရှပ်အင်္ကျီ၊ အညိုနုရောင် တက်ထရက် ဘောင်းဘီရှည်၊ ပခုံးမှာ လွယ်ထားသော ကင်န္တန်ကင်မရာတို့သည် ခေတ်မီသော အနောက်တိုင်းသူ တစ်ဦး ၏ အလှကို ပန်းချီခြယ်သပေးထားပေသည်။

နေရာက ပုဂံမြို့၊ သီရိပစ္စယာ ဟိုတယ်၏ ဧရာဝတီမြစ်ကမ်းဘက် မျက် နှာစာ။ သည်နေရာ၌ မန်ကျည်းပင်အုပ်အုပ်ကလေး တစ်ပင် ရှိသည်။ မန်ကျည်းပင် ခြေကို ပတ်ဝိုင်းပြီး အုတ်ဘောင်ခတ်ထားသည်။ ဥရောပသူက အုတ်ဘောင်ပေါ်၌

www.burmeseclassic.com

www.burmeseclassic.com


တင်ပလ္လဲ ထိုင်ရင်း စာအုပ်တစ်အုပ်ကို ဖွင့်ကြည့်နေ၏။ စာအုပ်က 'ပုံပြ ပုဂံလမ်းညွှန်.....'[၁]

'ကျွန်မ အစ်ကိုက ပြောတယ်၊ ပုဂံမြို့ကို ရောက်ရင် အာနန္ဒာစေတီကြီးကို သေသေချာချာ လေ့လာခဲ့ရမယ်တဲ့၊ ပြီးတော့ အာနန္ဒာစေတီ တည်တဲ့ ဘုရင် ကျန်စစ်သား အကြောင်းလဲ သိအောင် ကြိုးစားခဲ့ပါတဲ့၊ အဲဒါ.....'

ဥရောပသူက ပြုံးလို့ပင် စကားဆက်နေသည်။ သူနှင့် ကျွန်တော်တို့ အသိအကျွမ်း ဖြစ်သည်မှာ နာရီပိုင်းမျှသာ ရှိသေးသည်။ ကျွန်တော့်လက်ထဲမှာ ကိုင်ထားသော 'ပုဂံလမ်းညွှန်' စာအုပ်ကို သူအပြန်ပြန် အလှန်လှန် ဖတ်ပြီးပြီ၊ သူက 'သီရိပစ္စယာ ဟိုတယ်' မှာ တည်းခိုနေသော ကမ္ဘာလှည့် ခရီးသည် အင်္ဂလိပ်အမျိုးသမီး တစ်ဦး၊ ကျွန်တော်က 'ပုဂံမှာ ကျန်စစ်သား' စာအုပ်ကို ရေးဖို့ ပုဂံမြို့ သမဝါယမ ဟိုတယ်တွင် တည်းခိုနေသည်။ သမဝါယမ ဟိုတယ်နှင့် သီရိပစ္စယာ ဟိုတယ်က သိပ်မဝေးလှ။ သည်တော့ ညနေတိုင်းပင် လက်ဖက်ရည် သောက်ရင်း၊ ဧရာဝတီမြစ်ပြင်ကို ငေးရင်း သီရိပစ္စယာ ဟိုတယ်သို့ ကျွန်တော် ရောက်ခဲ့သည်။

သည်ကနေ့ ညနေတော့ ဥရောပသူ မစ္စစင်သီယာနှင့် အသိအကျွမ်းဖြစ်ခဲ့ပြီ။ သီရိပစ္စယာ ဟိုတယ်၌ သည်ကနေ့ညနေမှာ နိုင်ငံတော် အစိုးရ ဧည့်သည်တော် တစ်ဦး ညစာလာစားမည်။ သည်တော့ လက်ဖက်ရည်ခန်းကို ခေတ္တပိတ်ထား၏။ လက်ဖက်ရည်ခန်းသို့ ရောက်လာသော ဧည့်သည်များကို မြစ်ကမ်းဘက် ဝရန်တာမှာ နေရာချထားပေး၏။ သည်မှာတင် ဥရောပသူနှင့် ကျွန်တော်တို့ တွေ့ဆုံ သိကျွမ်းခဲ့ရသည်။ သူက စကားပြောဖို့ အဖော်ရှာနေသူ၊ ကျွန်တော်က စကားပြောဖော် တစ်စုံတစ်ဦးနှင့် တွေ့ချင်နေသူ.....။

'ကျွန်မ အစ်ကိုက ဗိသုကာ ပညာရှင် တစ်ဦးပါ။ သူက ပြောတယ်၊ ရှေးနှစ်ပေါင်း တစ်ထောင်လောက်က တည်ထားခဲ့တဲ့ အာနန္ဒာစေတီကြီးမှာ ထူးခြားတဲ့ ဗိသုကာပညာတွေကို တွေ့ရမယ်တဲ့။ ဒီစေတီကြီးကို တည်ထားတဲ့ ကျန်စစ်သား ဘုရင်ကြီးရဲ့ အကြောင်းကလဲ သိပ်ပြီး စိတ်ဝင်စားဖို့ ကောင်းတယ်လို့ ပြောတယ် ရှင့်'

---

၁။ Pictorial Guide of Pagan

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြာမကလေးက ပြုံး၍ ပြုံး၍ ပြောနေပြန်သည်။ သူကိုယ်တိုင်ပင် သမိုင်းပညာဘွဲ့အတွက် ကျောင်းတက်နေသော ကျောင်းသူ တစ်ဦးဟု ဆိုသည်။ ကြည်မြ ပီသသော်လည်း ဥရောပသံ ဝဲနေသည့် သူ့အင်္ဂလိပ်စကားကို ကျွန်တော် ကြိုးပမ်း၍ နားထောင်ရ၏။ သည့်အတူ များစွာ ကျွမ်းကျင်မှု မရှိဘဲ ပြောနေသည့် ကျွန်တော့် အင်္ဂလိပ်စာလုံးများကို သူပင်ပန်းကြီးစွာ နားဆင်ရမည် ထင်၏။

သူကား စကားစလာသည်မို့ ကျန်စစ်သားမင်းကြီး အကြောင်းကို ကျွန်တော် က ပြောပြမိသည်။ ကျန်စစ်သားမင်းကြီး၏ စွမ်းရည်သတ္တိ၊ အမျိုးချစ်စိတ်၊ တိုင်းချစ်စိတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်၊ နိုင်ငံပြု မင်းတစ်ပါးအဖြစ် သူ ထွန်းကားလာသည့် ခရီးစဉ်များ.....။

ပြီးတော့.....အာနန္ဒာစေတီ.....ရယ်.....။

ထိုနေ့ညနေက ကျွန်တော်တို့ စကားဝိုင်းမှာ ကျန်စစ်သားမင်းကြီးနှင့် ပြီး အာနန္ဒာစေတီနှင့် ဆုံးသွားသည်။

စကားလက်ဆုံ ကျရင်းမှာ အနောက်ဘက် မြစ်ကမ်းသို့ အမှတ်မထင် ငေးကြည့်နေမိသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တန့်ကြည်တောင်တန်းကို လှမ်းမော ၍ မြင်နေရသည်။ အပြာရောင် နောက်ခံမိုးကောင်းကင်၌ ညို့ညို့မှိုင်းမှိုင်း ရပ်တည်နေသော သည်တောင်တန်းအိုး။ ပြီးတော့ မြစ်ဆိပ်ကမ်းကို မေးတင်ထား သော ကျွန်းချောင်းတက်မြေသြဇာ စက်ရုံ။ စက်ရုံ အဆောက်အအုံများမှာ ဝင်းဝင်း ပြက်ပြက် လင်းလင်းလက်နေသော လျှပ်စစ်မီးရောင် လွင်လွင်များ။

J

ဆရာ ဦးသိန်းဖေမြင့်လဲ ကျန်စစ်သားအကြောင်း ရေးဖို့ ကျွန်တော်တို့ ဟိုတယ် မှာ လာနေသွားသေးတယ်။

သမဝါယမဟိုတယ်မှ လက်ထောက်မန်နေဂျာ ဦးမြင့်မောင်က ပြောနေ သည်။ ဦးမြင့်မောင်မှာ အသက် သိပ်မကြီးသေး။ ခန့်မှန်းခြေ သုံးဆယ်ဝန်းကျင် ရှိမည်။ သို့သော် သူက စာသမား ပေသမား တစ်ဦး ဖြစ်သည်။ စာဖတ်များ သည်။ စာရေးဆရာများစွာနှင့် အကျွမ်းတဝင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ....ဝေါ....ဝေါ'

အလို...မြတ်စွာဘုရား....လင်းနို့ကောင် တစ်အုပ်က လူကိုပင် မလန့်ကြတော့။ ကျွန်တော့် မျက်နှာအနီးမှ ဖြတ်သန်း၍ ပျံသွားကြသည်။ ကျွန်တော်ကသာ သူတို့ကို လန့်သွားသည်။ ထို့ကြောင့် ဘုရားကို မြန်မြန် ကန်တော့၊ ဘုရားအာရုံခံ တန်ဆောင်းအတွင်းမှ ကသုတ်ကရက် ပြေးထွက်လာခဲ့၏။

'နောင်ကြီး....ရေနွေးကြမ်း သောက်ပါဦးဗျ'

အာနန္ဒာ စေတီကြီး၏ အနောက်ဘက် တန်ဆောင်းသို့ ကျွန်တော် ရောက်လာသည်။ လူနှစ်ယောက် ရေနွေးကြမ်းကရား တစ်အိုးနှင့် အေးအေးလူလူပင် စကားထိုင်ပြောနေ၏။ ဆောင်းရာသီမို့ လေက အေးသည်။ ဟင်းလင်းပြင်ဒေသမို့ နွေးနွေးထွေးထွေး မရှိ။ အညာဒေသ၏ ဆောင်းဆိုတော့ ပိုလို့ပင် အအေးကဲလာသည်။ ထို့ကြောင့် သူတို့ လက်ဖက်ရည်ကြမ်းဝိုင်းကို ကျွန်တော် ဝင်ထိုင်၏။

'ဘုရားဖူး လာတာလား နောင်ကြီးရဲ့'

အမျိုးသားနှစ်ဦးအနက်မှ တစ်ဦးက မေးနေသည်။

ကျွန်တော်က....'ဟုတ်ကဲ့ဗျာ၊ နေ့လယ်ကတော့ ဖူးပြီးပါပြီ၊ ညရှုခင်းကလေး ကြည့်ရင်း တစ်ခါထပ်ဖူးဖို့ လာခဲ့တာ....'

ကျွန်တော်နှင့် စကားလက်ဆုံ ကျခဲ့သူမှာ ချောက်မြို့မှ တပ်ကြပ်ကြီး မြသွေး ဖြစ်သည်။ မကြာမီ သူ့ရဲဘော် တပ်ကြပ်ကြီး မြတ်သိန်းလည်း ရောက်လာ၏။

တပ်ကြပ်ကြီး မြသွေးက 'ပုဂံရောက်ရင် ကျွန်တော်ကတော့ အာနန္ဒာစေတီတော်ကြီးကို အပြေးဝင်ဖူးခဲ့တာပဲ၊ ဘုရားပရိဝုဏ်ထဲ ရောက်လာရင် ရင်ထဲမှာ အေးမြသွားတယ် ဆရာ'

တပ်ကြပ်ကြီး မြတ်သိန်းက 'နိုင်ငံခြား စာရေးဆရာ တစ်ယောက်က ရေးခဲ့တယ် မဟုတ်လား၊ မြန်မာပြည်ရောက်ပြီး ပုဂံကို မရောက်သေးရင် မြန်မာပြည်ကို ရောက်တယ်လို့ မဆိုနိုင်ဘူးတဲ့။ ကျွန်တော့်အမြင်မှာတော့ ပုဂံမြို့ကို ရောက်ပြီး အာနန္ဒာစေတီတော်ကြီးကို မရောက်သေးရင် ပုဂံမြို့ကို ရောက်တယ်လို့ မဆိုနိုင်ဘူး ဆရာ'

ထိုနေ့ညက ညဥ့်မှောင်မှောင် လျှပ်စစ်မီးရောင် ခပ်မှိန်မှိန်မှာ ပုဂံချစ်သူ ရဲဘော်နှစ်ဦးနှင့် အတော်ကြာ စကားလက်ဆုံကျခဲ့သည်။ ကျွန်တော်နှင့် ရဲဘော်နှစ်ဦး အာနန္ဒာ ဘုရား ပရိဝုဏ်မှ ထွက်လာတော့ ညဥ့် ၁၀ နာရီခွဲပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။ ညဥ့်ငှက်တစ်ကောင်နှစ်ကောင် ဟိုသည် ပျံကူးရင်း မြူးထူးစွာ အော်မြည်ကြသည်မှအပ တခြားအသံမျှ မကြားရ။ ညောင်ဦးမြို့ဘက်ဆီမှ တစ်ခါတစ်ရံ ခွေးဟောင်သံများကြားရသည်။

ကျွန်တော်တို့သည် အာနန္ဒာစေတီကြီးအပေါ် အုပ်မိုးထားသော ဖိုးရွှေလကိုမော့ကြည့်မိကြသည်။

ဖိုးလမင်းက ဘုရားပရိဝုဏ်ရှိ တမာပင်တန်းကို ကျော်၍ တဖြည်းဖြည်းမြင့်တက်လာ၏။ မိုးတိမ်ကင်းစင်သော အပြာနုရောင် ကောင်းကင်မှာ ဖိုးရွှေလက အားပါးတရ စိုးမိုးလွှမ်းမိုးနေသည်။ မြောက်လေကလေး ဖေ့ယမ်းတိုက်ခတ်လာသောအခါ တမာပင်ကလေးများက ဘယ်ယိမ်းလိုက်၊ ညာတိမ်းလိုက်၊ မြူးမြူးကြွကြွ ကလို့ခုန်လို့ရယ်။

အာနန္ဒာစေတီတော်ကြီး၏ လသာည ရှုခင်းက ရင်တွင်းမှာ ငြိပါလာခဲ့ပြီ။

၄

ပုဂံချစ်သူ မိတ်ဆွေများနှင့် လမ်းခွဲပြီး သမဝါယမ ဟိုတယ်သို့ လမ်းလျှောက်ပြန်ခဲ့သည်။

ကျွန်တော့် အတွေးအာရုံထဲတွင် ပုဂံချစ်သူများ ပေါ်လာ၏။ ပုဂံကို ရှုထောင့်အမျိုးမျိုးမှ မြင်ပြီး အာနန္ဒာစေတီတော်ကြီးကို အမြင်အမျိုးမျိုးနှင့် မြတ်နိုးနှစ်သက်နေသူများ။

ဥရောပသူက 'ပုဂံမြို့ကိုရောက်ရင် အာနန္ဒာစေတီကြီးကို လေ့လာခဲ့ရမယ်တဲ့၊ အစ်ကိုက မှာတယ်'

သူငယ်ချင်း ရွှေဖြူးက 'မင်း အာနန္ဒာစေတီကို ညပိုင်း သွားဖူးစမ်းကွာ'

တပ်ကြပ်ကြီး မြသွေးနှင့် တပ်ကြပ်ကြီးမြတ်သိန်းတို့က 'အာနန္ဒာစေတီတော်ကြီးကို ရောက်လာရင် ရင်ထဲမှာ အေးသွားတာပဲ။ ပုဂံကို ရောက်ပြီးအာနန္ဒာစေတီကို မရောက်သေးရင် ပုဂံမြို့ကို ရောက်တယ်လို့ မဆိုနိုင်ဘူး' တဲ့။

သူတို့အမြင်၊ သူတို့ ခံစားမှုများက ကျွန်တော့်ရင်ထဲမှာ မြူးတူးခုန်ပျံ့လို့နေကြသည်။ ရေးလက်စ 'ပုဂံမှာ ကျွန်စစ်သား' စာအုပ်အတွက်လည်း အားသာအားတက် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပုဂံမှာ ကျန်စစ်သား' စာအုပ်ကို ရေးချင်သည်မှာ ကြာပြီ။ ကြာဆို....ကျွန်တော်၏ 'အိုဘယ့် အနော်ရထာ' စာအုပ် ထုတ်ဝေပြီးကတည်းက။

'အိုဘယ့် အနော်ရထာ' စာအုပ်ကို ဖတ်ပြီး နှစ်သက်သူ စာဖတ် ပရိသတ်များထံမှ စာတွေ ရောက်လာသည်။ 'ကျန်စစ်သား ဘယ်ရောက်သွားသလဲ၊ ကျန်စစ်သားအခန်း ပျောက်သွားတယ်၊ ဖြစ်နိုင်ရင် ကျန်စစ်သားကို စာအုပ်တစ်အုပ်ရေးပါ'တဲ့။

ကျွန်တော့်ရင်ထဲမှာလည်း သည်ဆန္ဒက ရှိနေခဲ့သည်။ 'အိုဘယ့် အနော်ရထာ' စာအုပ် ရေးနေစဉ်ကပင် ကျန်စစ်သား မင်းကြီး၏ အကြောင်းကို ဆက်လက် ရေးသားဖို့ အကြံဖြစ်ခဲ့သည်။ သို့သော်.... ရေးလက်စ စာအုပ်များ ရှိနေ၍ မရေးဖြစ်ခဲ့....။

ယခုတော့ ရေးဖြစ်ပြီ။ ကျန်စစ်သားမင်းကြီးနှင့် ပတ်သက်၍ ရသမျှ အကြောင်းအချက်တွေ ရှာခဲ့သည်။ ပုဂံမြို့ကို တစ်ခေါက်နှစ်ခေါက် အပြေးသွားရသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ ရနိုင်သမျှ စာအုပ်များကို ဖွေရှာရ၊ လေ့လာရသည်။

အမှန်ဆိုသော် ပုဂံသမိုင်းကို ပြောကြမည် ဆိုလျှင် အနော်ရထာ မင်းတရားကြီး အကြောင်းကို ချန်ထား၍ မဖြစ်။ အနော်ရထာမင်းတရားကြီးအကြောင်းကို ရေးလျှင် ကျန်စစ်သားမင်းကြီးကို မေ့ထား၍ မရ၊ ကျန်စစ်သားမင်းကြီးအကြောင်းကို ရေးလျှင် အာနန္ဒာစေတီတော်ကြီး၏ အံ့ချီးမကုန်နိုင်သော ဂုဏ်ပုဒ်အသွယ်သွယ်ကို လျစ်လျူရှု မရ။ ထို့ကြောင့်ပင် အာနန္ဒာစေတီတော်ကြီးနှင့် ပတ်သက်၍ အရေးပါသည့် အချက်အလက်များစွာကို ရှာဖွေရေးသားခဲ့သည်။

သည်ကနေ့ မျက်မှောက်ခေတ် မြန်မာအင်ဂျင်နီယာများ၊ ဗိသုကာ ပညာရှင်များ၊ နိုင်ငံခြားမှ သုတေသီ ပညာရှင်များသည် အာနန္ဒာစေတီတော်ကြီးကို ကြည့်ပြီး ရင်သပ်ရှုမော အံ့သြခဲ့ကြသည်။

အထူးသဖြင့် စေတီတော်ကြီး အတွင်းရှိ ရုပ်တော်မှ ရုပ်ပွားတော်ကြီးများ၏ မျက်နှာသို့ အလင်းရောင်ရအောင် ဂုလိုဏ်တီထွင်ဆောက်လုပ်ခဲ့သည်ကိုမဲ့ကြည့်။ ရှေးနှစ်ပေါင်း များစွာက မြန်မာ့ဗိသုကာတို့၏ ခေတ်မီသော အတွေးအခေါ် ပညာကို ချီးကျူးဂုဏ်ပြုသင့်သည် မဟုတ်ပါလား....။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



# ၅

'ပုဂံမှာ ကျန်စစ်သား' သည် ကျန်စစ်သားမင်းကြီးနှင့် ပတ်သက်၍ လည်းကောင်း၊ အာနန္ဒာစေတီတော်ကြီးနှင့် ပတ်သက်၍ လည်းကောင်း၊ ပုဂံသမိုင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြီးပြည့်စုံအောင် ရေးသားလိုက်နိုင်သော စာအုပ် မဟုတ်ပါ။

သမိုင်းအချက်အလက်များကို ရနိုင်သမျှ ရှာဖွေပြီး ခေတ်စာဖတ် ပရိသတ် ဖတ်ရှုနိုင်သည့် အဆင့်သို့ ရောက်အောင် ရေးသားထားသော သမိုင်းဝတ္ထု တစ်ပုဒ်သာလျှင် ဖြစ်ပါသည်။

သို့ပါ၍....

သည်စာအုပ်နှင့် ပတ်သက်ပြီး ချွတ်ယွင်းအားနည်းချက်များ တွေ့ခဲ့မြင်ခဲ့သော်၊ စာရေးသူ တာဝန်သာ ဖြစ်ပါသည်။ သည်စာအုပ်ကို ဖတ်ရှုပြီး ကျန်စစ်သား မင်းကြီးနှင့် အာနန္ဒာစေတီတော်ကြီးအကြောင်းကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ သိရှိလေ့လာနိုင်ကြမည် ဆိုပါစို့။

စာရေးသူ ကျေနပ်ဝမ်းသာ ရှိပါလိမ့်မည်။

**တက္ကသိုလ် စိန်တင်**

၁၉၇၉၊ ဒီဇင်ဘာ

တိုက် ၃၁၊ အခန်း ၁၂
ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့။
ကောဖြောကြေးနန်း ၆၆၃၆၁၉၊ ၀၉-၂၈၂၂၇

www.burmeseclassic.com

www.burmeseclassic.com

# မုန့်တိုင်းထန်သော ဘုရင့်ညီလာခံ

၁

ညီလာခံ ခန်းမဆောင်၏ ဗိုလ်ပုံအလယ်တွင် ကျွန်စစ်သားသည် မတ်မတ်ရပ်လျက် တုန်မလှုပ် ကျောက်ရုပ်နှယ် ရှိနေ၏။ ညီလာခံရောက် ပရိသတ်တို့၏ မျက်လုံး အစုံများက ကျွန်စစ်သားထံတွင် တဝဲဝဲလည်လျက်....။ သူတို့သည် ပုဂံနိုင်ငံ ဘုရင့်တပ်မတော်၏ ခေါင်းဆောင် ကျွန်စစ်သားကို ကြည့်လိုက်၊ မိမိတို့ အချင်းချင်း တီးတိုးစကားဆိုလိုက်နှင့် အလွန် အလုပ်များနေကြသည်။

ညီလာခံရောက် ပရိသတ်တို့၏ တီးတိုး ဆွေးနွေးသံများကို သဲကွဲစွာ မကြားရ။ သို့သော် စိုးရိမ် ထိတ်လန့်ကြီးစွာ ဖြစ်ပေါ်နေသော သူတို့၏ အတွင်း စိတ်သဏ္ဍာန်ကို သူတို့ မျက်နှာများက ဖော်ညွှန်းနေကြပေသည်။

မေးစရာ ရှိပါ၏။

အသည်ပရိသတ်က ဘာကို ရွံ့နေကြသလဲ။ ဘာကို ကြောက်နေကြသလဲ။ ဘာကို စိုးရိမ်ထိတ်လန့် ဖြစ်နေကြသတဲ့လဲ။

အမှန်ကို ဆိုသော် ရွံ့စရာရှိလျှင် ကျွန်စစ်သားက ရွံ့ရပါလိမ့်မည်။ ကြောက် စရာ ရှိလျှင် ကျွန်စစ်သားကသာ ကြောက်ဖို့၊ ထိတ်လန့်ဖို့ ရှိသည်။ အဘယ်ကြောင့်ဖြစ်လို့ သဲ ဆိုတော့....

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး၏ ခြေတော် အစုံကို ဦးခိုက်ရင်း တုပ်တုပ်မျှ မလှုပ်။ သည်အချိန်မှာ ပရိသတ်အကြား၌ အပ်ကျသံကိုပင် ကြားရမတတ်။

အနော်ရထာ မင်းတရားသည် ကျန်စစ်သားအား တုပ်နှောင်ထားရာသို့ တစ်ချက်မျှ မျက်စိကစားလိုက်သည်။ မင်းတရား၏ မျက်နှာမှာ ခက်ထန်လှ၏။ တင်းမာလှဘိ။ ကျန်စစ်သားထံသို့ ဝေ့ဝိုက်၍ ကစားသွားသော မင်းတရား၏ မျက်လုံးအစုံသည် ဝင်းဝင်းလက်လက် တောက်ပြောင်လျက်။ ဒေါသရှိန်၊ ဒေါသငွေ့၊ ဒေါသအရိပ်အရောင်တို့က မင်းတရား၏ မျက်လုံးအစုံမှ တလူလူ လွင့်မျှနေသည် ထင်ရဲ့။

'သားတော် ဗိုလ်ချုပ် ကျန်စစ်သား'

အနော်ရထာ မင်းတရား၏ နှုတ်မှ ထွက်ပေါ်လာသော အာလုပ်စကားခုနစ်လုံးကို ပထမဆုံး ကြားလိုက်ရသည်။ သည်ခဏတွင် ကျန်စစ်သားသည် ကိုယ်ကို မတ်မတ်ရပ်၏။ ဦးခေါင်းကို ထောင်နေအောင် မော့၏။ ပြီးတော့....မင်းတရားထံ စူးရဲသော အကြည့်ဖြင့် ကြည့်သည်။

ကျန်စစ်သားအနေဖြင့် မင်းတရား၏ အာလုပ်စကားကို ကြားတော့ တစ်ခုခုဖြင့် ထူးသည်ဟု ထင်လိုက်မိသည်။ ဘယ့်နှယ်လဲ။ ခမည်းတော် မင်းတရားသည် တရားခံ တစ်ဦး ဖြစ်နေသော မိမိကို 'သားတော်' ဆိုသော ဝေါဟာရဖြင့် ခေါ်ဝေါ်နေဆဲပါလား။

သည်လိုဆိုတော့ ခမည်းတော် မင်းတရားသည် သူ့သားတော် အပေါ်၌ သက်ညှာစွာ အပြစ်ဒဏ် ပေးဖို့ စဉ်းစားပြီး ဖြစ်နေသည် ထင်ပါ၏။

အနော်ရထာ မင်းတရားကမူ ကျန်စစ်သား၏ နာမည်ကို ခေါ်ပြီးနောက် ခေတ္တမျှ နားနေလိုက်၏။ ဘုရင်မင်းတရား နှုတ်မှ ဘာဆို ဘာမှ ဖွင့်ဟမပြော ဖွင့်ဟလို့ မဆို။

အဲသည်လို အချိန်မှာ ညီလာခံရောက် မင်းမှူးမတ်တို့သည် ဦးခေါင်းကို ငုံ့လျက်၊ ခါးကို ညွတ်လျက်၊ ငြိမ်သက်တိတ်ဆိတ် နေကြသည်။ သူတို့သည် ကောရာဇ် ဘုရင် အနော်ရထာနှင့် သူ့သားတော် ကျန်စစ်သားတို့ 'စာရင်းရှင်း' ကြမည့် ပွဲကြီးပွဲကောင်းကို ငုံ့လင့်နားထောင်လျက်။

'သားတော် ကျန်စစ်သား'

မင်းတရား၏ နှုတ်မှ ဒုတိယအကြိမ် ခေါ်လိုက်သော အာလုပ်စကား။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်တွင်တော့ မင်းတရားသည် ဆိုရေးရှိသော စကား အသွယ်သွယ်ကို တကယ်ပဲ ဆက်၍ ဆိုပါပြီ။

'ဘယ့်နှယ်လဲ သားတော်'

အနော်ရထာမင်းတရားက စစ်းဆေး မေးမြန်းပြီ ဆိုတော့လည်း တဲ့တိုးကြီး ပါပဲ။ ပဲခူးတိုက်ပွဲက ပြန်ရောက်လာသော ကျန်စစ်သား တစ်ယောက် ပျောက်ကွယ်နေရခြင်း အကြောင်းရင်းကို ဘွင်းဘွင်းကြီး မေးပါပြီ။

မင်းတရား၏ မေးခွန်းကို ကြားသော် ကျန်စစ်သားသည် ခေါင်းကို ချက်ချင်း ငုံ့ပစ်လိုက်၏။ သူ့မျက်လုံးအစုံတို့က ကြွေသား ပန်းပွင့် ဖော်ထားသော ခန်းမဆောင် ကြမ်းပြင်ကို စိုက်ကြည့်နေလိုက်သည်။ ခုလိုအချိန်မှာတော့ မိမိသည် 'တစ်တရားခံ'။

'သားတော်....ပဲခူးတိုက်ပွဲမှာ ကျူးကျော်သူ ဂျွန်းစစ်သည်တွေကို ပုဂံ တပ်မတော်က ဘယ်လိုများ အောင်နိုင်ခဲ့သလဲ၊ အကျိုးအကြောင်းကို ခမည်းတော်ထံ အချိန်မီ လျှောက်တင်ဖို့ မသင့်ပေဘူးလား'

အနော်ရထာ မင်းတရားက ဒုတိယအကြိမ် ထပ်ဆင့်၍ မေးမြန်းပါသည်။ မင်းတရား၏ နှုတ်မှ ထွက်လာသော လေသံမှာ အနည်းငယ် ခက်ထန်လှသည်ဟု ထင်ရသည်။ သို့သော် မင်းတရားသည် ကျန်စစ်သားကို သားတော် ဆိုသော အာလုပ်စကားဖြင့် ခေါ်ဝေါ် သုံးစွဲနေဆဲ ဖြစ်၏။ မင်းတရားသည် ပုဂံနိုင်ငံတော်၏ နိုင်ငံပြု ဗိသုကာ တစ်ဦးပီပီ အရာရာကို သိမ်မွေ့စွာ နူးညံ့စွာ ကိုင်တွယ်ဖြေရှင်းလိုဟန် ရှိသည် ထင်ရဲ့။

သည်တစ်ကြိမ်တွင် ကျန်စစ်သားသည် အနော်ရထာမင်းတရား၏ မျက်နှာတော်ကို မော်၍ ဖူးလိုက်သည်။ မင်းတရားသည် သားတော်ထံမှ အဖြေစကား တစ်စုံတစ်ရာ ရမည်လားဟု မျှော်လင့်ဟန်ဖြင့် လှမ်းကြည့်သည်။

သို့သော် ကျန်စစ်သားသည် ဘာတစ်ခွန်းမှ တုံ့ပြန်စကား မဆိုဘဲ ခေါင်းကို ပြန်ငုံ့ချလိုက်၏။ အချိန်ကြာမြင့်စွာကပင် မိမိ၏ လက်မောင်းများကို လက်ပြန်ကြိုး တုပ်နှောင်ထားသည် ဆိုတော့ လက်မောင်းများမှာ နာကျင်ကိုက်ခဲလှပြီ။ ရပ်နေသည်မှာ ကြာတော့ တစ်ကိုယ်လုံး တောင့်တင်းပြီး ညောင်းညာ ကိုက်ခဲလှပြီ။ သည် အခြေအနေတွင်ပင် ကျန်စစ်သားသည် ခံစားနေရသော ကာယဒုက္ခကို အံကြိတ်၍ ခံနေသည်။ ပြီးတော့ ခမည်းတော် မင်းတရား၏ စိရင်ချက်ကိုလည်း မျှော်လင့်တကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သားတော်....'

ခမည်းတော် အနော်ရထာမင်းတရား၏ နှုတ်မှ ထွက်လာသော စကားသံသည် ခက်ထန် မာကျောလာပြီ။ နှုတ်မှ ခပ်ဆောင့်ဆောင့် ခေါ်လိုက်သော မင်းတရား၏ လေသံက ဘုရင်မင်းတရား၏ ရင်တွင်းမှ ခံစားမှု သရုပ်ကို ထုတ်ပြန်ကြေညာလိုက်ခြင်းပဲ ဖြစ်မည်။ ကြည့်လေ....မင်းတရားက ပြတ်သားတိကျသော စကားကို ဆက်လို့ ဆိုပါပကော။

ခုအချိန်ထိလည်း ကျန်စစ်သားသည် ခေါင်းကို ငုံ့လျက်။ ငြိမ်သက်ဆဲ။

ဘယ့်နှယ်လဲ....။ ဘုရင်မင်းမြတ်၏ သားတော် ကျန်စစ်သား လုပ်နေပုံက မင်းတရားကြီးကို မထေမဲ့မြင် ပြုလေသလား။ မထီလေးစား လုပ်နေပါသလား။ မင်းတရားကြီး၏ ရာဇဏ္ဍန္တေကို မြေမှာ လူးအောင် သိက္ခာချ လုပ်ဆောင်နေသလို ဖြစ်မနေဘူးလား။

ရှိစေတော့။ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲ မြင်မြင်၊ ဘယ်သို့ပဲ ယူဆကြပါစေတော့။ မတတ်နိုင်ပြီ။

ခမည်းတော် မင်းတရား၏ တရားစီရင်ချက်ကို ကျန်စစ်သားက သိပ်ကြာကြာ မစောင့်လိုက်ရချေ။ ကြည့်လေ။ အနော်ရထာ မင်းတရားသည် ဒေါသသံလွှမ်းသော စီရင်ဆုံးဖြတ်ချက်ကို မကြာခင် ထုတ်ပြန် ကြေညာလိုက်၏။ ဘုရင်မင်းမြတ်၏ ရင်တွင်းမှ ဒေါသမီးသည် ဟုန်းခနဲ ထတောက်ပြီ။ ဘုရင့် ညီလာခံသည် မုန်တိုင်းထန်သော ပင်လယ်ပြင်သို့ သည်းထန်စွာ လှုပ်ရှားပါပြီ။

အနော်ရထာ မင်းတရားသည် လက်စွဲတော် အရိန္ဒမာလှံကို ကျန်စစ်သားဆီသို့ ချိန်၍ ပစ်လွှတ်လိုက်၏။ ဘုရင်မင်းမြတ်၏ လက်ထဲမှ လှံသည် အရှိန်အဟုန် ပြင်းစွာဖြင့် လေထဲတွင် လွင့်ပျံ့လာသည်။

မင်းတရားသည် ဒေါသစောင်းမာန် ခက်ထန်စွာဖြင့် လှံကို ပစ်လွှတ်လိုက်ပြီးသည်နှင့် နောက်သို့ လှည့်မကြည့်တော့။ နန်းပလ္လင်ပေါ်မှ ချက်ချင်းပဲ ကြွချီတော်မူသွားလေသည်။

ဤအချိန်မှာ အံ့ဖွယ်သူရဲ ထူးကဲသော အဖြစ်ကို ကြုံရပြီ။

ကြည့်ကြပါ။ အနော်ရထာမင်းတရား ပစ်လွှတ်လိုက်သော လှံသည် ကျန်စစ်သားထံသို့ ဦးတည်၍ အရှိန်ပြင်းစွာ လွင့်ပျံထွက်လာ၏။ သို့သော် လှံသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်စစ်သား၏ ရင်အုံဆီသို့ မရောက်၊ လှံသွားသည် ပစ်မှတ်ကို မထိ။ ကျွန်စစ်သားအား ချည်နှောင်ထားသော လွန်းတင်ကြိုးကို တိုက်ရိုက် ထိမှန်သွားလေသည်။

လှံသွားသည် ကျွန်စစ်သားအား တုပ်နှောင်ထားသော ကြိုးပတ်များကို အပိုင်းပိုင်း ဖြတ်ပစ်လိုက်၏။ တင်းကျပ်စွာ နှောင်တည်းထားသော ကြိုးထုံးများသည် တစ်စစီ ပြေလျော့သွားကြပြီ။ ကြိုးစ တိုရှည်တို့က ကျွန်စစ်သား၏ ကိုယ်ပေါ်မှ ခုန်ဆင်းလွင့်စင်ထွက်သွားကြပါပြီ။

မြန်ဆန်လိုက်သည့် ဖြစ်ရပ်ပါပဲ။

စောစောက နှောင်ကြိုး အထပ်ထပ် ရစ်ပတ်ထားခြင်း ခံရသော ကျွန်စစ်သားသည် ခုတော့ နှောင်ကြိုးမှ လွတ်ထွက်သွားပါပကော။ ဘယ်သူကမှ နှောင်ကြိုးကို မပြည်ပေးရဘဲနှင့် ကျွန်စစ်သားမှာ အနှောင်အတည်းမှ လွတ်ခဲ့ပါပကော။

ရုတ်တရက်တော့ ကျွန်စစ်သား ကိုယ်တိုင်ပင် ဘာဖြစ်လို့ ဖြစ်မှန်း မသိလိုက်။ မိမိ အခြေအနေကို ချက်ချင်း ခဏ နားမလည်နိုင် ဖြစ်နေရသည်။ သို့သော် မကြာမီ သတိပြန်ဝင်လာ၏။ မိမိ အနှောင်အဖွဲ့မှ လွတ်ပြီ။ ကျွတ်ပြီ။

အနှောင်အဖွဲ့မှ လွတ်ပြီ ဆိုတော့ မိမိအဖို့ အမှန်ကန်ဆုံး လုပ်သင့်သော ကိစ္စက ဘာလဲ...၊ ဘာ ဆက်လုပ်ရမလဲ။

ကျွန်စစ်သားသည် အခြေအနေကို ရိပ်စားမိသည်နှင့် မိမိ ဘာလုပ်ရမည်ကို နားလည်သွားသည်။ ခုအချိန်မှာ ညီလာခံ ခန်းမဆောင်ရောက် တပ်ဗိုလ် တပ်မှူးများ၊ ဝန်ကြီးဝန်ငယ်များသည် သူ့ဖြစ်အင်ကို လှမ်းမြင်ပြီး အံ့သြတွေဝေ ကြက်သေသေနေကြဆဲ။ သည်အချိန်မှာ မိမိသည် ရရှိသော အခွင့်အရေးကို တန်ဖိုးရှိစွာ အသုံးချရလိမ့်မည်။ အခွင့်ကောင်းဟူသည် တစ်ကြိမ်လာပြီးလျှင် နောက်ထပ် ချက်ချင်း ထပ်၍ လာရိုး ထုံးစံမရှိ။ သည်တော့ အခွင့်သာခိုက် လုလ္လ စိုက်ပေရော့။

ကျွန်စစ်သားသည် နန်းတော်တိုင်မှာ ထိုးစိုက်နေသော အရိန္ဒမာလှံကို အမြန်ဆုံး ဆွဲနှုတ်ယူလိုက်၏။ လှံရိုးမှာ အရှိန်ပြင်းစွာဖြင့် တိုင်မှာ ဝင်စိုက်နေတော့ မနည်းကြီး အားစိုက်လို့ နှုတ်မှ လက်ထဲတွင် ပါလာသည်။ သည်အချိန်တွင် ကျွန်စစ်သားသည် လှံကို ဆုပ်ကိုင်ထားလျက်မှ ညီလာခံ ပရိသတ်သို့ မျက်လုံးခံပြီး ကြည့်လိုက်၏။ သဘောကတော့ 'မိမိကို အန်တုဖက်ပြိုင်ဝံ့သူ ရှိသလား'

အဲသည့် အချိန်မှာ ညီလာခံ ပရိသတ်သည် မီးကို ရေငြှိမ်း ငြိမ်းသတ်ထားလိုက်သလို တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေကြသည်။ ကျွန်စစ်သားကို ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုသူ၊ ရန်ပြုဝံ့သူ ဟူ၍ တစ်ဦးတစ်လေမှ ရှိပုံမရ။ ဒါကို မြင်တော့ မိမိနှင့် ဖက်ပြိုင် ရန်ပြုလိုသူ မရှိကြောင်း ကျွန်စစ်သားက သိလိုက်ပြီ။ သို့နှင့်သူသည် လှံကို မြဲမြဲ စွဲကိုင်ပြီး ညီလာခံ ခန်းမဆောင်ထဲမှ အမြန်ဆုံး ပြေးထွက်ခဲ့လေသည်။

ခုအချိန်မှာတော့ ပုဂံရွှေနန်းနှင့်ဝေးရာသို့ ပြေးခွာနေလိုက်ခြင်းက မိမိအတွက် အသင့်တော်ဆုံး ဖြစ်လိမ့်မည်။

ကျွန်စစ်သားက သည်လိုပဲ တွေးမိသည်။

နောက်ပိုင်းရှိ ညီလာခံ ခန်းမဆောင်တွင်းမှ ပရိသတ်ကတော့ ခုမှပဲ လှုပ်လှုပ်ရွရွနှင့် အသက်ဝင်လာသည်။ သူတို့သည် ကျွန်စစ်သား၏ ကျောပြင်ကို ငေးကြည့်ရင်း တစ်ယောက် တစ်ပေါက် ဆူဆူညံညံ စည်စည်ဝေဝေ ဖြစ်နေကြ လေသည်။

၂

ကျွန်စစ်သားသည် နန်းတော် မြို့ရိုး တံခါးဆီသို့ ခပ်သုတ်သုတ်ပဲ ပြေးထွက်လာသည်။ မြို့ရိုးတံခါးစောင့်တပ်မှူးသည် ရေးကြီးသုတ်ပျာ ဖြစ်လာသော သူ့တို့ ခေါင်းဆောင်ကို မြင်သော် အလေးပြုလိုက်၏။

'ရန်ရှင်း....မြင်းတစ်စီး ရှာပေးစမ်း'

ကျွန်စစ်သား၏ အမိန့်သံကို ကြားသော တံခါးစောင့် တပ်မှူးက မြင်းတစ် စီးကို ဆွဲယူလာသည်။ ပုဂံမြင်းပေမို့ ခပ်ထွားထွား၊ ခပ်ကြွားကြွား၊ မန်ကျည်း စေ့ရောင် အသွေးနှင့်၊ အမွေးက ခပ်ဖွားဖွား၊ လည်ဆံက လွင့်လွင့်နှင့်တင့်တယ် ပါပေ့။

ကျွန်စစ်သားသည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ ပြီးတော့ နောက်ကြောင်းသို့ တစ်ချက်မျှော်ကြည့်လိုက်၏။ နန်းတော်ဆီက ဘယ်သူများ လိုက်လာသလဲ။ နောက်ကြောင်းရှင်းရဲ့လား။ မိမိကို အန်တုရန်ပြုလိုသူ တစ်စုံ တစ်ယောက်များ ရှိသလား။

ဘယ်သူမှ မရှိ။ မိမိနောက်သို့ လိုက်လာသူ တစ်စုံတစ်ဦးကိုမျှ မမြင်ရ။ သည်တော့ စိတ်ချရပြီ။ ကျွန်စစ်သားသည် မြင်းကို အသော့နှင်၍ ထွက်ခဲ့၏။ ပုဂံရွှေနန်းတော် မြို့ရိုး၏ အပြင်ဘက် မြေနီလမ်းမှာ ဖုန်လုံးကြီးတွေ ခလိပ်လိုက် လွင့်ပျံ့လျက် ကျန်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဧရာဝတီ မြစ်နံဘေး စုက္ကတေး ဆိပ်ကမ်းသို့ ရောက်သွား၏။ မြစ်ဆိပ်မှာ လူရှင်းနေ၏။ လှေတစ်စင်းကမျှ ကမ်းမှ ခွာစ ပြုနေသည်။ တခြား ဘာလှေမှ မရှိ။ ဘယ်သူ့ကိုမှလည်း မတွေ့ရ။

'ဗျို့ လှေပေါ်က ဦးကြီး၊ နေပါဦး ကျုပ်လဲ လိုက်မယ်'

ကျွန်စစ်သားက မြင်းပေါ်မှ လှမ်းခေါ်သည်။ ခေါ်ရင်းပဲ မြင်းကိုရပ် ဇက်ကို သပ်သည်။ ပြီးတော့ အမြန်ဆုံး ခုန်ဆင်း၏။ ပြီးတော့....ထပ်ပြီး အော်ခေါ်ပြန်သည်။

'လှေပေါ်က ဦးကြီး နေပါဦးဗျ၊ ဟိုဘက်ကမ်းကို လိုက်ပါရစေ'

ရော....ခက်လှပါဘီ။ သည်လှေဆရာ နားများ လေးနေရော့သလား၊ ဒါမှမဟုတ် မကြားချင်ယောင်ဘဲ ဆောင်နေလေရော့သလား။ တခြားလည်း အကူအညီ တောင်းစရာ လှေမရှိ။ သည်တော့ တွေ့သည့်လှေကိုပဲ ဒုက္ခပေးရတော့မည်။ သို့သော် လှေပေါ်က ဦးကြီးက ခုထက်ထိ မတုန်မလှုပ်။ သို့နှင့် ကျွန်စစ်သားသည် မိမိလက်ထဲက အရိန္ဒမာလှံဖြင့် လှေကို လှမ်းပစ်လိုက်၏။ တည့်လိုက် တဲ့ လက်ပါပဲ။ လှံသွားသည် လှေဦးတွင် သွားစိုက်၏။ လှေဦးက ရေပေါ်တွင် ပေါ်နေသော ဘောင်ကို အရှိန်ပြင်းစွာ သွားမှန်သည်။ လှေသည် ရုတ်တရက်မှ လှံထိသော အရှိန်ဖြင့် ရေပေါ်တွင် ချာလပတ် လည်သွားလေသည်။

သည်တော့မှ လှေပေါ်က ဦးကြီးသည် မျက်လုံးပြူးသွားသည်။ သူသည် လှေဦးမှာ စိုက်နေသော လှံကိုတစ်လှည့်၊ ဆိပ်ကမ်းက ကျွန်စစ်သားကို တစ်လှည့် အလန့်တကြား ကြည့်နေသည်။ အထိတ်တလန့် ကြည့်နေသည်။

'ဗျို့ ဦးကြီး....လှေကို ကမ်းကပ်ပါဦး၊ အောင်သာဘက်ကို လိုက်ချင်လို့ပါ ဆိုတာပဲ'

လှေရှင် တံငါသည် အဘိုးကြီးမှာ ခုတော့လည်း ကျွန်စစ်သားကို ဂရုပြုရပြီ။ သူသည် လှေကို ခပ်မြန်မြန်ပဲ လှည့်လိုက်သည်။ လှေဦးကို ဆိပ်ကမ်းဘက်သို့ ဦးတည်သည်။ ပြီးတော့ ရေးကြီးသုတ်ပျာပင် ကမ်းကို ကပ်ခဲ့ပြီ။

ကမ်းကို လှေကပ်လာတော့မှ ကျွန်စစ်သားသည် ပထမဆုံး လှေဦးမှာ စိုက်နေသော အရိန္ဒမာ လှံကို ဆွဲနှုတ်သည်။ ပစ်တုန်းက သည်မျှ အရှိန်ပြင်းသည် ဟု မထင်။ ခု....ဆွဲနှုတ်တော့ လှေကို ခြေကန်ပြီး တအားပဲ ဆွဲနှုတ်ရသည်။ လှံကို နှုတ်လို့ရပြီ။ သည်တော့ ကျွန်စစ်သားသည် လှေပေါ်သို့ ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အောင်သာဘက်ကို ပို့ပေးဗျာ၊ အရေးကြီးလာလို့ပါ'

လှေသမားကြီးသည် အစက မထေမဲ့မြင် လုပ်ခဲ့ပေမယ့် ခုတော့လည်း မျက်စိပျက် မျက်နှာပျက်နှင့် ထိတ်လန့်စွာပင် လှုပ်ရှားနေရှာသည်။ အစက မှု စရာ မလိုဟု ထင်သော သည်ခရီးသွားက ယခု လုံရေးပြလို့ ခိုင်းစေလာပြန် တော့ လှေသမားကြီးခမျာ အငြိမ်မနေနိုင်ပြီ....။ တုန်တုန်ယင်ယင်နှင့် လှေကို ဖြည်းဖြည်း လှော်လို့ ပို့ရလေသည်။

ကျန်စစ်သားသည် လှေငယ်ပေါ်မှနေ၍ စုက္ကတေး ဆိပ်ကမ်းဆီသို့ မျှော် ၏။ မိမိမျှော်သည်က ခမည်းတော် ဘုရင့်တပ်သားတွေများ မိမိနောက်သို့ လိုက်လာ သေးသလား။ သည်လို လိုက်မလာဘူးဟု မပြောနိုင်။ ခမည်းတော်၏ ဟန်ကို ကြည့်ရသည်မှာ ဒေါသအလျောက် လုပ်လိုက်ရပေမဲ့ ရက်စက်သည့် ဟန်မရှိ၊ ကြမ်းကြုတ်သည့် ဟန်မရှိ။ ဖြစ်ပေါ်လာသော အခြေအနေကြောင့် စိတ်လိုက်မာန် ပါ စီရင်ဆုံးဖြတ်မိသည့် ဟန်မျိုး ဖြစ်သည်။

စိတ်မချရသည်က ခမည်းတော်အပါးမှ ဝန်ကြီး မှူးမတ်တွေ၊ တပ်မှူး တပ်ဗိုလ်တွေ ဖြစ်သည်။ သူတို့ဆိုတာက မိမိအပေါ်တွင် မနာလိုဝန်တိုသူလည်း ရှိမည်။ မလိုမုန်းထားသူလည်း ရှိမည်။ အတွင်းစိတ်က ကြိတ်ပြီး မကျေနပ်သူတွေ လည်း ရှိမည်။ ခုလို မိမိ ပုဂံရွှေနန်းတော်တွင်းမှ ထွက်ပြေးလာပြီ ဆိုတော့ မိမိနောက်သို့ လက်နက်ကိုင် တပ်သားတွေ လိုက်ခိုင်းချင် လိုက်ခိုင်းလိမ့်မည်။ ခမည်းတော်အပေါ် မျက်နှာလိုအားရ လုပ်ဖို့ မိမိကို အသေရရ၊ အရှင်ရရ ဖမ်းကြ ဆီးကြလိမ့်မည် မဟုတ်လား။

ကျန်စစ်သားသည် ဧရာဝတီ မြစ်ပြင်ကို ငေးကြည့်နေရင်းမှပင် မဏိစန္ဒာ မင်းသမီးကလေးကို သတိရသည်။

အဝေးဆီက မိုးကောင်းကင်မှာ တိမ်လိပ်တိမ်ပွင့်တို့က လွင့်နေဆဲ၊ ငှက် နှစ်ကောင်က တိမ်သားရောင် နောက်ခံထားပြီး မြစ်လယ်ဆီသို့ အေးဆေး ငြိမ်သက် စွာ ပျံသန်းလာနေသည်။ အဖိုနှင့်အမ၊ အဆိုနှင့်အက၊ ကြည်နူးရွှင်ပျလို့ မာဂဓ နွောကာ ချစ်တင်းစကားတွေ ပြောလာကြသလား မသိ။

သာယာချမ်းမြေ့ပါသော သည်ရှုခင်းနှင့် ငှက်ငယ်ကလေး နှစ်ကောင်အား တူယှဉ်တွဲကာ ပျော်မြူးလာသည်ကို မြင်တော့ သံမဏိနှလုံးသားပိုင်ရှင် ကျန်စစ် သားခမျာ အသည်းက မမာနိုင်ရှာတော့။ ချစ်သူကို သတိရသည်။ ကျွမ်းသူကို

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့သည်။ ခုနေအခါများ ဆိုလျှင် ချစ်သော ပဲခူးသူကလေးသည် မိမိ အပြန်လမ်းကို မျှော်နေရှာမလား မသိ။ သူ့ရှေ့မှာပင် ဘုရင့်တပ်မတော်သားတို့ မ်းဆီးသည်ကို ကြည့်၍ မျက်ရည်လည်ရွဲဖြင့် ကျန်ခဲ့သော မဏိစန္ဒာမင်းသမီး လေး။ မိမိ ဖြစ်အင်ကို မသိသေးလို့ အိမ်ပြန်မည့် မောင်တော်ကို မျှော်တော်ဇော င် မောနေရှာသလား မသိ။

ဩော်...အကြောင်းကံရယ်၊ ချစ်သူနှင့် ပျော်ပျော်ရွှင်ရွှင် ပေါင်းဖော်ဖို့ မိနိုင်တော့ဘူး ထင်ပါရဲ့။ တွေးရင်းပဲ ရင်မောရပြီ။ မောရင်းပဲ တွေးရပြီ။

သို့သော် ခဏကလေးပါ။ တဒင်္ဂကလေးပါ။ နှလုံးသား ပျော့ညံ့သူ မဟုတ်သော ကျန်စစ်သားအဖို့ ချစ်သူကို တမ်းတ ပူဆွေးမိသည် ဆိုခြင်းမှာ တကယ့်ကို တဒင်္ဂ တစ်ခဏကလေးမျှသာ ဖြစ်၏။ ကြည့်လေ။ နောက် တစ်ခဏမှာတော့ ကျန်စစ်သားသည် နောက်ကြောင်းကို မေ့ရန် ကြိုးစားရပြီ။ ရှေ့ခရီးကို မျှော်ကြည့်ရပြီ။ ဘယ်သွားမလဲ၊ ဘာလုပ်မလဲ...ပြီးတော့။

ဘာမျှပင် မကြာလိုက်။ လှေငယ်သည် တစ်ဖက်ကမ်းသို့ ကပ်ပြီ။ သည်ဖက်ကမ်းရောက်လျှင် တော်ပြီ။ အောင်သာဖက်ကမ်း ရောက်မှတော့ ဘာမှ အားငယ်စရာ မလို၊ ခိုချင်သည့် နေရာမှာခို၊ နားချင်သည့် နေရာမှာ နားပြီး နောင်ရေးအတွက် တစ်မေ့စက်ပြီး တွေးဦးမည်လေ။

ကျန်စစ်သားသည် တစ်ဖက်ကမ်းသို့ ရောက်သော လှေမရပ်ခင်မှာပဲ ကမ်းပေါ်သို့ ခုန်တက်ခဲ့၏။ လှေရှင်ဦးကြီးကိုသော်မှ ကျေးဇူးတင်ကြောင်း မပြောမိ။ ခုနေအခါမှာ လူနှင့် ဝေးသော တောရိပ် တစ်နေရာရာမှာ တဒင်္ဂ တစ်ခဏလောက် နားလိုက်ချင်သည်။ တစ်မှေး တစ်မှိတ်လောက် အိပ်စက်လိုက်ချင်သည်။ နေလည်း ညိုပြီ။ အချိန်လည်း ညောင်းပြီ။ သည်ကနေ့ နံနက်က စပြီး ပင်ပန်းစွာ လှုပ်ရှားခဲ့ရတော့ ကျောခင်းဖို့ တစ်နေရာလောက် ရှာပြီး စိတ်ရော လူပါ အနားယူပြီး နေလိုက်ချင်ပါသေးရဲ့။

ကျန်စစ်သားသည် မြစ်ဆိပ်မှ တက်ပြီး ခပ်လှမ်းလှမ်းရှိ တောအုပ်ငယ်သို့ သုတ်သုတ်ပဲ လှမ်းသည်။ တိတ်ဆိတ် ငြိမ်သက်လှပါတဲ့ တောအုပ်ငယ်ကလေး။ လူမမြင် သူမမြင်ရအောင် သည်တောအုပ်မှာ နားခိုမည်။ နံနက်ကတည်းက ခုထိ အစာမစားခဲ့ရသေး။ ဝမ်းသမုဒ္ဒရာ အူအင်္ဂါသည် အစာကို တောင်းနေပြီ။ သို့သော်...မတတ်နိုင်သေး။ စားရေရိက္ခာကို ခုအချိန်မှာ ဘယ်သို့ ရှာဖွေရနိုင်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆာဆာနှင့် တောအုပ်တစ်နေရာမှာ တစ်ရေးတစ်မော အိပ်လိုက်သည်က
အကောင်းဆုံး ဖြစ်မည်။

သည်အတွေးနှင့် ကျန်စစ်သားသည် တောအုပ်ထဲသို့ ဝင်ခဲ့သည်။ တောအု
ထဲမှာ လူမရှိ။ သူမရှိ။ သစ်ကျား တိရစ္ဆာန် တစ်ကောင် တစ်မြီးမှ မမြင်ရ
ရှိသော်မှ အရေးမကြီး။ မိမိမှာ အရိန္ဒမာလှံပါသည်။ သည်လှံသည် မိမိအတွက်
အားအကိုးရဆုံး လက်နက် ဖြစ်နေပြီ။ သည်လှံကို ရ၊ ထားမှတော့ မိမိအ
ဘယ်သူ့ကိုမျှ မှုစရာ မလို။ ကြောက်စရာ မရှိ။ ရွံ့စရာလည်း မသိ။

ကျန်စစ်သားသည် တောအုပ်အလယ် ညောင်ပင် တစ်ပင်၏ ခြေရင်းမှာ
တစ်ညတာ အိပ်ဖို့ နေရာရွေးသည်။ ညောင်ပင်ကြီးက ခက်လက်တွေ ဝေဝေဆာ
ဆာနှင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။ ညောင်ပင်ခြေရင်းမှာက မြေဇာလင်း ပြော
လို့။ သည်နေရာကား တစ်ညတာ ခိုနားရန် အသင့်တော်ဆုံး ဖြစ်ပါလိမ့်မည်။

ကျန်စစ်သားသည် ညောင်ပင်ရင်းမှာ အိပ်တော့မည် ကြံ၏။ အရိန္ဒမာ
လှံကို မြေပြင်မှာ ထိုးစိုက်လိုက်သည်။ ပထမအကြိမ် ထိုးစိုက်၏။ မရ။ လှံ
သည် မြေမာမာတွင် မမြဲဘဲ လဲကျသွား၏။ သို့နှင့် ဒုတိယအကြိမ် မြေကြီးတွင်
လှံကို ထိုးစိုက်ပြန်သည်။ မရပြန်။ ခု တစ်ကြိမ်လည်း လှံကို မြေမှာစိုက်၍
မမြဲနိုင်ဘဲ လဲသွားပြန်သည်။ ဘယ့်နှယ် ဖြစ်ပါလိမ့်။ မြေကြီးမာလို့ပင် ဖြစ်လိ
မည် ထင်ပါရဲ့။ ထို့ကြောင့် အရိန္ဒမာလှံကို ကျန်စစ်သားက မြဲမြဲကြီး ဆုပ်ကိုင်
ပြီး မြေကြီးမှာ ထပ်၍ ထိုးစိုက်ပြန်သည်။ မရ။

အံ့ဖွယ်သရဲ ထူးထူးကဲကဲ ရှိနေပါပြီ။ သုံးကြိမ် သုံးခါတိုင် သည်လို လှံ
ကို စိုက်၍ မရတော့ ကျန်စစ်သားသည် ရုတ်တရက် နားမလည်နိုင် ဖြစ်သွား၏။

သို့နှင့် သူသည် စိတ်တိုလာသည်။ စိတ်တိုလာလို့ပဲ ထင်ပါရဲ့။ သူက
ဒေါသနှင့် လှံကို ဆွဲယူပြီး အနီးရှိ ခင်တန်း ချုံနွယ်ပင်များဆီသို့ လှံကို ပစ်ထည့်
လိုက်၏။ အိပ်ရာက နိုးတော့မှ လှံကို သွားယူတော့မည်။

'အား....'

ဘာသံပါလိမ့်။ ( စစ်သားက အရိန္ဒမာလှံကို ချုံပင်များဆီသို့ အပ
လှံသည် ချုံပုတ်ထဲသို့ တန်းပြီး ဝင်သွားသည်။ ချုံနွယ်များဆီသို့ လှံ ဝင်မှာ
ချုံထဲမှ စူးစူးဝါးဝါး အော်လိုက်သော အသံနက်ကြီးကို ကြားရသည်။ ရုတ်တရ
သော်....ကျန်စစ်သားသည် ဘာလုပ်ရမှန်း မသိ။ ဘာသံမှန်းလည်း မသိ။ သို့နှ
လှံတံ ဝင်သွားရာ ချုံပုတ်ဆီသို့ ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ခဏမှာ ချုံထဲက လူအချို့ ပြေးထွက်လာကြသည်။ ပထမသော် ကျန်စစ်သားသည် သည်လူတွေကို ကြောင်၍ လှမ်းကြည့်နေမိသည်။ အံ့ဩနေ၍ ဘာမှ မပြောမိ။ ဘာမှ မဆိုမိ။ ဘာမှ မလုပ်မိ။ သေသေချာချာ ကြည့်တော့ သူတို့ကို သတိပြုမိပြီ။ သူတို့ ဘယ်သူတွေလဲ ဆိုတာ သိပြီ။

ကုလားခြေမြန်တော် တပ်သားတွေ၊ စုစုပေါင်း ခြောက်ဦး ဖြစ်၏။ သည်ခဏမှာ ကျန်စစ်သားသည် သတိပြန်ဝင်လာ၏။ ကုလားခြေမြန်တော် တပ်သားတွေ၊ မိမိကို ဖမ်းဆီးဖို့ လိုက်လာသူတွေ။ လက်နက်ကိုယ်စီနှင့် မိမိကို ဝိုင်းကြတော့မည်။ သူတို့ လက်ထဲမှာ အသွားတလက်လက်နှင့် ဓားကောက်ကြီးများ ကိုင်လို့။

သည့်မှာတင် ကျန်စစ်သားသည် နောက်သို့ တစ်ချက်မျှ လှည့်၍ ခုန်လိုက်သည်။ သူသည် စောစောက လှံပစ်ထည့်လိုက်သော ချုံပုတ်အနီးသို့ အလောတော် ကျသွား၏။ ချုံကို မျက်စိကစားလိုက်တော့ မိမိပစ်ထည့်လိုက်သော လှံတန်းလန်းနှင့် လဲကျနေသော ကုလားတပ်သား တစ်ဦးကို တွေ့သည်။ သို့နှင့် လှံကို အမြန်ဆုံး ဆွဲနှုတ်ယူလိုက်၏။ သွေးသောက်ထားသော အရိန္ဒမာလှံသည် ကျန်စစ်သား၏ လက်ထဲမှာ မြဲမြဲကြီး ပါလာခဲ့ပြီ။

သည်အချိန်မှာ ကုလားတပ်သား ခြောက်ဦးသည် ကျန်စစ်သားကို လခြမ်းသဏ္ဌာန် ဝိုင်းပြီး ရှေ့ကို တိုးလာနေကြသည်။ သို့သော်...သူတို့ တစ်စုသည် ကျန်စစ်သားလက်ထဲက လှံကို မြင်သော် အနည်းငယ် တုံ့သွား၏။ သူတို့အချင်းချင်း ကုလားဘာသာနှင့် ပြောပြီး ရှေ့သို့ သုံးဦးတက်လာ၏။ သုံးဦးကနောက်ချန်နေခဲ့သည်။ အစီအစဉ်က ဘယ်လိုလဲ....

ဟုတ်ပါရောလား။ မယ်တော် ပဋိက္ခရား မင်းသမီး ပဉ္စကလျာဏီရဲ့ထံက ခရီးမတိုင်းရဲ့ ကုလားစကားကို ရေလည်စွာ တတ်ကျွမ်းနားလည်ထားသော ကျန်စစ်သားပါ။ ခု...သူ့ကို ဝိုင်းထားသော ကုလားခြောက်ဦးက သူတို့ ဘာသာစကားဖြင့် လျှို့ဝှက်လို့ ပြောပါသတဲ့။ 'ရှေ့က သုံးဦးတက်ပြီ့တိုက်....၊ ကျန်သုံးဦးက နောက်က ဝိုင်းတိုက်ရန်'

ကုလားစစ်သားတို့၏ တိုက်ကွက်ကို သိလိုက်ရသော ကျန်စစ်သားသည် မိမိကိုယ်ကို အဆင်သင့် အနေအထားမှာ ရှိစေလိုက်၏။ သည်ခဏမှာ ကုလားသုံးဦးက ဓားကောက်ကိုယ်စီနှင့် ကျားအုပ်သလို ကျန်စစ်သားသို့ ခုန်အုပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြန်ပါပေရဲ့။ ထိုးစစ်အသွင် ဝင်လာသော ကုလားစစ်သားသုံးဦး၏ ဓားကောက်ကြီးများက နေဝင်ဆည်းဆာ အလင်းရောင်မှာ တလက်လက်နှင့် ရှိပါ၏။ ဒါကို ကျွန်စစ်သား တွန်းလှန်တိုက်ခိုက်ပုံက မြန်လွန်းလှပါပေရဲ့။ ကြည့်လေ....။

ကျွန်စစ်သားသည် လှံရိုးကို အလယ်မှာ မြဲမြဲကိုင်ထား၏။ ပြီး ဝဲဘက်အစွန်မှ ဝင်လာသော ကုလားစစ်သားကို ချွန်ထက်သော လှံသွားဖြင့် ရိုက်ချလိုက်သည်။ လှံသွားသည် မြောက်ဝင်လာသော ကုလားစစ်သား၏ ဓားကောက်ကို အရှိန်ပြင်းစွာ ခုတ်ထစ်ချလိုက်သည်။ သည်မျှဖြင့် မရပ်။ ကုလားစစ်သား၏ လက်မောင်းရိုးကို ဖြောင်းခနဲ သွင်သွင် ကျိုးအောင် ချိုးခုတ်ချလိုက်၏။ ကုလားသည် မြေပြင်မှာ ပုံကျသွားသည်။ သူ့ဓားကောက်ကြီးသည် လှမ်းဝေး တစ်နေရာဆီသို့ လွင့်သွားပြီ။

တစ်ချိန်တည်းမှာပဲ ညာဘက်မှ ခုန်ပျံဝင်လာသော ကုလားစစ်သားကို ကျွန်စစ်သားက လှံရိုးဖြင့် အရှိန်ပြင်းစွာ ခုတ်ချသည်။ အရှိန်ပါလှံရိုးသည် ဓားကိုင်ထားသော ကုလားစစ်သား၏ လက်ကောက်ဝတ်ကို ရိုက်ချလိုက်ပါပြီ။ ကုလားစစ်သား၏ လက်ထဲမှာ ဓားကောက်ကြီး လွင့်စဥ် ထွက်သွားချိန်၌ ကုလား၏ လက်ကောက်ဝတ်သည် သွင်သွင်ကျိုးသွားလေသည်။

သည်အချိန်မှာ တစ်ပြိုင်တည်း ဝင်လာသော အလယ်မှ ကုလားစစ်သားကို ကျွန်စစ်သားက လက်နက်မပါဘဲ ခြေထောက်ဖြင့် လှမ်းခတ်သည်။ သူ့ခြေထောက်က ကုလားစစ်သား၏ ဆီးအိမ်ဆီသို့ အရှိန်ပြင်းစွာဖြင့် ဆောင့်ကန်ထည့်လိုက်သည်။ ဓားကောက်ကိုကိုင်ပြီး ပျံလွှားဝင်လာသော ကုလားစစ်သားသည် ဆီးအိမ်နှင့် ဝမ်းဗိုက်ကို လာထိသော ကျွန်စစ်သား၏ ခြေထောက်ဒဏ်ကို မခံနိုင်ရှာ။ သူသည် နာကျင်လွန်းဟန်ဖြင့် အသံနက်ကြီးဖြင့် အော်ဟစ်ရင်း မြေပြင်မှာ ပုံကျသွားရှာသည်။ မလှုပ်တော့။

သည်အချိန်မှာ....

ကျွန်စစ်သားသည် သတိအနေထားဖြင့် နောက်သို့ အရှိန်ပြင်းစွာ လှည့်ခုန်လိုက်သည်။ သူ့အဖို့ နောက်မှ ဝိုင်းတိုက်မည့် ကုလားတပ်သား သုံးဦးကို သကိလစ်၍ မဖြစ်။ သို့သော်....

ရှေ့က ကုလားစစ်သား သုံးဦးတို့ ဒဏ်ရာ အသည်းအသန်ဖြင့် မြေပြင်မှာ မလှုပ်မယှက် လဲကျနေပြီကို မြင်ရသောအခါ....

www.burmeseclassic.com

www.burmeseclassic.com



ကျန်သော ကုလားစစ်သားသုံးဦးသည် တိုင်ပင်၍ မထားဘဲနှင့် နောက်ကြောင်းသို့ အမြန်ဆုံး ပြန်ကွေ့သည်။ ပြီးတော့…ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးသည်။ ပြေးသမှ သေပြေး ရှင်ပြေး လွတ်အောင်ပြေးသည်။ ယောက်ျားတို့ လို့လသေကာမှ လျှော့သတဲ့။ ခုတော့ ကုလားစစ်သား သုံးဦးသည် မသေခင်မှာဘဲ သတ္တိ အထုပ်အထည်ကို မြေမှာမြှုပ်ပြီး နောက်ကြောင်းကို ဆုတ်ခွာပြေးပါပြီ။

ကျန်စစ်သားသည် အဝေးဆီသို့ ထွက်ပြေးသွားသော ကုလားစစ်သား သုံးဦးကို ငေးမျှော်ကြည့်၏။ ပြီးတော့ မိမိလက်ချက်ဖြင့် မြေပြင်မှာ ပုံလျက်သားလဲကျနေသော ကုလားစစ်သား သုံးဦးကို ပြန်ကြည့်ပြန်သည်။

သည်ခြေမြန် ကုလားစစ်သားတွေက ခမည်းတော် အနော်ရထာ မင်းတရား၏ နန်းတော်တွင်းမှ လက်ရွေးစင် ခြေမြန်တပ်သားတွေ၊ စစ်ရည်ဝသည်၊ တိုက်ရည်ပြည့်သည်၊ သစ္စာရှိသည်၊ ကျိုးနွံသည်။ ထို့ကြောင့် ခမည်းတော် ကိုယ်တိုင်က အခွင့်အရေး ပေးထားသော တိုင်းခြား လူစွမ်းကောင်းတွေ။

အစကတော့ မိမိနောက်သို့ ဘယ်သူမှ လိုက်မလာဟု ထင်ခဲ့သည်။ ခုတော့ သည်လို မဟုတ်ပါလား။ မိမိ၏ အသက်ကို လုပ်ကြံဖို့ နောက်မှ ထပ်ချပ်မကွာ လိုက်ပါလာသော ကုလား ခြေမြန်တပ်သားတွေကို တွေ့ရပြီ။

ဒါ ဘယ်သူ့အကြံလဲ၊ ဒါ ဘယ်သူ့ ဉာဏ်လဲ၊ ဒါ ဘယ်သူ့ အစီအစဉ်လဲ….။ ခမည်းတော် မင်းတရားကပဲ စေလွှတ်လိုက်သလား၊ ဒါမှမဟုတ်….။

စဉ်းစားစရာတွေ၊ ဆင်ခြင်စရာတွေ၊ နှိုင်းဆစရာတွေပေါ်လာပြီ။

ခမည်းတော် မင်းတရားက သည်ကုလားတပ်တွေကို စေလွှတ်ခြင်း ဖြစ်လျှင်ဖြစ်၊ သည်သို့ မဖြစ်လျှင် မိမိကို မနာလိုသော၊ ဝန်တိုသော၊ မလိုမုန်းထားသော ရာထူးပြိုင် မှူးမတ် တပ်ဗိုလ် အချို့ လက်ချက်ပဲ ဧကန် ဖြစ်မည်။

သည်ခဏတွင် ညာဘက်ပေါင်မှ နာကျင်လာ၏။ သည်တော့မှ သတိရသည်။ စောစောက ကုလားစစ်သားတို့နှင့် တိုက်ပွဲမှာ ညာဘက်က ကုလားစစ်သား၏ ဓားချက်က မိမိ ညာဘက်ပေါင်ကို ထိသွားသည်။ ဒါကို သွေးပူနေသော စောစောတုန်းက မသိ၊ ခုလိုသွေးအေးလာတော့မှ တော်တော်ကလေး နာကျင်လာသည်။ ဒဏ်ရာက အများကြီး မဟုတ်ပေမယ့် သွေးထွက်များနေသည်။ တော်တော်လည်း နာနေသည်။ သို့သော် ကိစ္စမရှိ။ သေနိုင်သည့် ဒဏ်ရာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သွားရမည့် ခရီးတာက ရှည်သေးသည်။ လျှောက်ရမည့် လမ်းကို မျှော်ကြည့်တော့ အမှောင်ရိပ်ပင် လွှမ်းစ ပြုပြီ။ အညာဒေသ၏ ဆောင်းညမို့ အအေးဓာတ်က အနည်းငယ် ကဲလာ၏။ သည်အချိန်မှာ ဆောင်းလေသည် ပြေလျှောလျှောကလေး ပင် တိုက်ခတ်နေ၏။

ကျန်စစ်သားသည် ဒဏ်ရာကို ဂရုမပြုနိုင်ဘဲ ဖိနင်း၍ လျှောက်လာသည်။ သူက ကောင်းကင်ကို မော့ကြည့်လိုက်၏။ လမိုက်ညမို့ ဖိုးရွှေလမင်းကို မမြင်ရ။ ကောင်းကင်တစ်ခွင်မှာ ကြယ်ပွင့် ကြယ်ပန်းတွေကသာ မင်းမူနေကြသည်။

ရာသီက အေးသမို့ ခြေထောက်မှ ဒဏ်ရာက နာသည်။ သည်တော့ လှံကို တစ်ဖက်က ကိုင်ပြီး အားပြုရသည်။ လမ်းလျှောက်ရသည်မှာ အားမရ။ ကြာတော့ မိမိ၏ အသက်ကို ကယ်ခဲ့သော သည်လှံကို ကိုင်လာရသည်မှာပင် လေးလွန်းလှသည် ထင်မိပြီ။ သို့သော် ကိစ္စ မရှိ။ အားခဲပြီးတော့ဖြင့် လှမ်းရဦးမည်။

ကျန်စစ်သားသည် ညဉ့်မှောင်လာသည်အထိ ကြယ်ရောင်ကို အားပြုပြီး ခရီးဆက်ခဲ့သည်။ ခရီးတာ တော်တော်ကလေးရောက်တော့ တစ်ကိုယ်လုံး နုံးချည့် နေပြီ။ ဒဏ်ရာကလည်း နာသည်။

ဝမ်းထဲကလည်း ဆာလှပြီ။ သည်တော့လည်း ရောက်ရာ နေရာမှာပဲ တရေးတမော အိပ်စက် နားနေတော့မည်ဟု ကြံသည်။ သို့နှင့် စမ်းချောင်းငယ် တစ်ခုဘေးက ကုန်းကမူကလေး တစ်ခုမှာ ခေတ္တခဏ လဲလျောင်းသည်။ အိပ်ဖို့ ကြိုးစားသည်။

သို့သော် အိပ်၍ မရ။ စက်၍ မပျော်။ ပင်ပန်းနွမ်းနယ်ခဲ့သမျှကို အိပ်စက် အနားယူပြီး ဖြေဖျောက်မည်ဟု ကြိုးပမ်းကာမှ ခက်ပါကလား။ တကယ့်တကယ် အိပ်ကြည့်တော့ မျက်လုံးအစုံတို့က ဆန္ဒပြနေကြသည်။ အိပ်လို့ဖြင့် မပျော်တော့။

သို့နှင့် စိတ်ကို ဖြေလျှော့လိုက်၏။ အတွေးကွန်ယက်ကို ဖြန့်ကျက်ကြည့် နေမိသည်။ အဲသည် တစ်ခဏကလေး အတွင်းမှာ စိတ်အာရုံသည် နောက်ကြောင်းကို ပြန်ကွေ့သွားသည်။ ကွေ့သွားသမှ ဟိုအတော်ဝေးသော နောက်ကြောင်း ဖြစ်ရပ်များဆီသို့.....။

ဆိုကြပါစို့....

ပုဂံနန်းတော်တွင်းက ဘုရင့် တပ်မတော်၏ တပ်မှူးကြီး ကျန်စစ်သားအဖြစ်သို့ မရောက်မီ တစ်ချိန်တစ်ခါက ဘဝဟောင်း တစ်ခုဆီသို့....။

www.burmeseclassic.com

www.burmeseclassic.com

# ပရိမ္မ သူရဲကောင်း

## ၁

ကြာတော့ကြာခဲ့ပြီ။

ဟို လွန်ခဲ့သော နှစ်ပေါင်းများစွာ....

ခမည်းတော် အနော်ရထာမင်းတရား ရွှေနန်းစည်းစိမ်ကို သိမ်းပိုက်ရယူခါစ ကာလများကပဲ ဆိုပါစို့။

သည်အချိန်တုန်းက အနော်ရထာ မင်းတရားသည် နိုင်ငံကို စတင်ပြုစုထောင်နေချိန်။ သည်တော့ မင်းတရားသည် အရေးအကြီးဆုံး လုပ်ရပ် တစ်ခုကို အကောင်အထည် ဖော်ရန် အကြံရသည်။ ဒါကတော့ ပုဂံနိုင်ငံတော်နှင့် ပြည်ထောင်မင်းများ ဆက်ဆံရေး။ ခုခေတ် စကားနှင့် ဆိုတော့ နိုင်ငံခြား ဆက်ဆံရေး။

မင်းတရားသည် ပုဂံနိုင်ငံတော်၏ နိုင်ငံခြား ဆက်ဆံရေး လုပ်ငန်းများ တိုးတက်လာစေရန် အပတ်တကုတ် အားထုတ်သည်။ မြေစမ်း ခရမ်းပျိုး ကြိုးပမ်းသည်။ အရှေ့သို့ မျှော်သည်။ အနောက်သို့ ခေါ်သည်။ တောင်မြောက်လေးပါးဒေသများဆီသို့ သံတမန်များ စေလွှတ်သည်။ သည့်နှယ် စေလွှတ်ရာတွင် ပုဂံနန်းတော် ပြည့်ရှင် ဘုရင်မင်းမြတ်၏ လက်ဆောင်မွန်များနှင့် စာသဝဏ်များကိုပါးရ၏။ စာသဝဏ်များက ဆိုသည်။ 'ပုဂံနိုင်ငံတော်သည် နိုင်ငံခြား ကေရာစ်

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေသစ်များကို ရှာဖွေနေပါသည်။ ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံလိုပါသည်။ နှစ်ပြည်တစ်ပြည် ရွှေနှစ်ပြားကို တစ်ပြားတည်း ခင်းသကဲ့သို့ ညီရင်းအစ်ကိုနှယ် ဆက်သွယ် ပေါင်းစည်းကြရအောင်'။

ပုဂံနိုင်ငံတော်မင်းမြတ်က သည့်နှယ် ရေးသားပေးပို့သော စာသဝဏ်ကို ယူ၍ 'ရာဇတမန်' ဆိုသော အမတ်တစ်ဦးသည် အနော်က မဇ္ဈိမတိုင်းသို့ ခရီးထွက်လေသည်။ တာဝန်က မဇ္ဈိမတိုင်း ဝေသာလီပြည်မှာ စိုးစံနေသော ဝေသာလီမင်းတရားထံသို့ ဘုရင်အနော်ရထာ၏ ချစ်ကြည်ရေး သဝဏ်လွှာကို ဆေပို့ရန်။

သို့သော် ရာဇတမန်တွင် အခြား တာဝန် တစ်ရပ်လည်း ပါရှိခဲ့သည်။ ဒါကတော့ အနော်ရထာ ဘုရင်မင်းမြတ် မိဖုရားမြှောက်ရန် ဝေသာလီမင်းသမီးကလေးကို တောင်းရမ်းဆောင်ယူရန် ဖြစ်သည်။

သိကြသည် မဟုတ်လား။ ပူပူနွေးနွေး နန်းတက်လာသော အနော်ရထာမင်းတရားအတွက် တောင်ညာစံ ဒေဝီ မဟေသီ မိဖုရားကြီး မတင်မြှောက်ရသေး။ တောင်ညာစံဒေဝီ မရှိသေးသော ဘုရင်မင်းမြတ်မှာ နေမထိ ထိုင်မသာနှင့် ဘာလုပ်ရမှန်း မသိဘဲ ရှိနေဆဲ။ သည်အချိန်မှာ ရာဇတမန် အမတ်က အကြံပေး တင်လျှောက်သည်။

'ဝေသာလီ ဘုရင့် သမီးတော်ကလေးမှာ အချောအလှမှာလည်း စံတင်လောက်ပါသတဲ့။ အပြောအဆို အနေအထိုင်မှာလည်း သိမ်မွေ့ယဉ်ကျေးလှပါသတဲ့။ မျိုးရိုးစဉ်လာကလည်း သန့်စင်မွန်မြတ်လှသော ရာဇသွေးပါသူ လုပ္ပိုဖြူကလေးဖြစ်ပါသတဲ့။ အရှင်မင်းမြတ် ကျေနပ်နှစ်သက်တော်မူမည် ဆိုလျှင် ဘုရား ကျွန်တော်မျိုး ကိုယ်တိုင် သံတမန်အဖြစ် သွားရောက်၍ ဘုရင်မင်းမြတ် ကိုယ်စား မေတ္တာစကား ဆိုပါမည်'

အမတ်ကြီး ရာဇတမန် တင်လျှောက်သွားသည့် အဆိုကို ကြားသော် အနော်ရထာ မင်းတရား တသိမ့်သိမ့် ပီတိစိမ့်၍ သွားပါသည်။ အမတ်ကြီး အဆိုကို ကျေနပ်သည်။ ကန့်ကွက်ရန် မရှိ။ နှုတ်ပယ်ရန် မရှိ။ ဖြည့်စွက်ရန် မရှိ။ ပြီးတော့ ဝေဖန်ရန်လည်း လုံးဝမရှိ။ ကဲ....သည်လိုဆိုတော့ 'သတို့သမီး ရှာဖွေ ရေး စီမံကိန်း' ကို အကောင်အထည် ဖော်ကြစို့။

သို့နှင့် အနော်ရထာ ဘုရင်မင်းမြတ်၏ ချစ်ကြည်ရေး စာသဝဏ်အပြင် ကျေနပ်မည် ဆိုပါလျှင် ဝေသာလီဘုရင်မင်းမြတ်၏ တစ်ဦးတည်းသော သမီးတော်

www.burmeseclassic.com

www.burmeseclassic.com



'ပဉ္စကလျာဏီ' ကို အနော်ရထာ ဘုရင်မင်းမြတ်နှင့် လက်ဆက်ပါမည့် အကြောင်း....၊ သီးခြား 'စာသဝဏ်' တစ်စောင်ကိုပါ ပါးလိုက်သည်။ အဲသည်တော့ သင့်တော်လျော်ကန်သော အချိန်တွင် ရာဇတမန် အမတ်၏ မင်္ဂလာခရီး စတင်ခဲ့ပါပြီ။

ဝေသာလီ ဘုရင်မင်းမြတ်သည် ပုဂံနိုင်ငံတော်မှ ရာဇတမန် အမတ်ကို ကောင်းစွာ ခရီးဦး ကြိုဆို၏။ အနော်ရထာ မင်းတရား၏ ချစ်ကြည်ရေး သဝဏ်လွှာကို ကျေနပ်စွာ လက်ခံသည်။ ပြီးတော့....ပြီးတော့....။

သမီးတော် ပဉ္စကလျာဏီနှင့် ဘုရင်အနော်ရထာတို့ လက်ဆက်ရန် အရေးကိုလည်း အလေးဂရုပြု၍ သဘောတူသည်။ သည်လိုဆိုတော့ အရေးတော်ဖြင့် လှပါပြီ။ ရာဇတမန် အမတ်သည် ပြည်တော်ပြန် မျက်နှာပွင့်ပါပြီ။ တောအထပ်ထပ် တောင်အသွယ်သွယ် မလွယ်သော ခရီးရှည်ကြီးကို လှမ်းခဲ့ရသော ဒုက္ခအဝဝအတွက် ထိုက်သင့်သော အောင်မြင်မှုကို ရခဲ့ပါပြီ။

ဝေသာလီ မင်းတရားက ပေးဆက်လိုက်သော 'ပဉ္စကလျာဏီ' အမည်ရှိ သမီးတော်ကလေးကို ရွှေဝေါတော်မှာ တင်ပြီး အမတ်ရာဇတမန်သည် ပုဂံပြည်သို့ ပြန်ခဲ့ပြီ။

ကောင်းစွ။ ပုဂံနှင့် ဝေသာလီ၊ ဝေသာလီနှင့်ပုဂံ၊ နှစ်နိုင်ငံအကြား ရွှေလမ်းခင်းဖို့၊ ငွေလမ်းခင်းဖို့ အရေးကိစ္စတွေ အောင်မြင်ခဲ့ပြီ။

ပုဂံနှင့် ဝေသာလီပြည်တို့ အကြား အိမ်ဦးနှင့် ကြမ်းပြင်လို ဆက်သွယ်ရေးလုပ်ငန်းများ စတင်ရတော့မည်။ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းတွေလည်း နှစ်ပြည်ကို တစ်ပြည်လုပ်လို့ ပူးတွဲဆောင်ရွက်ကြရတော့မည်။ ဟန်မကျပေဘူးလား။

ပြီးတော့လည်း....

ပုဂံနိုင်ငံတော် ဧကရာဇ်ဘုရင် အနော်ရထာ မင်းတရားထံ ဆက်သလိုက်သော ဝေသာလီမင်းမြတ်၏ လက်ဆောင်ပဏ္ဏာများစွာထဲမှ အဖိုးအတန်ဆုံး လက်ဆောင်မွန်ကို ကြည့်ပါတော့။ ခြောက်ပစ်ကင်းသည့် ဝေသာလီမင်းသမီး ကလေးအသွေးအသား ဖြူဖြူဥဥ၊ အဆင်းပြင်လျာက ကြည်ကြည်နုနု။ မျက်မှောင်ကော့ကလေးနှင့် ဝန်းဝိုင်း ကြည်လင်သော မျက်လုံးရွဲကြီးများရယ်၊ နှုတ်ခမ်းကော့ပျံနေသော ဆံကေသာ တစ်ပွေ့တစ်ပိုက်နှင့်၊ မနိမ့်မမြင့် သင့်တယ်သော ကိုယ်နေဟန်ထားက သားနားခဲ့ထည်သော အလှကို ထိန်းကျုံထားပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇတမန် အမတ်မှာ သည်မျှ ချောမောလှပသော ဝေသောလီ မင်းသမီးကလေးကို ပုဂံနေပြည်တော်သို့ ပင့်ဆောင်ခေါ်ယူလာရတော့ ပီတိတွေ ဖြာလို့။ လုပ်ငန်းစဉ်များ အပြည့်အဝ အောင်မြင်ခဲ့ပြီ။ သည်မင်းသမီးချောကလေးကို ဘုန်းတော်ကြီးမြတ်သော အနော်ရထာ မင်းမြတ် တွေ့ခဲ့သော် ဘယ်လောက် သဘောကျနှစ်ခြိုက်ပါမည်လဲ။ မင်းတရား နှစ်ခြိုက်ဝမ်းမြောက်သည်နှင့်အမျှ မိမိအဖို့လည်း ဇာတာ စန်းလက် တက်ပါပြီ။ ဆုကြီး လာဘ်ကြီးတွေ ရမည်။ ရာထူးဌာနန္တရတွေ တိုးမည်။ ဘုရင်မင်းမြတ် ရှေ့တော်မှာ မျက်နှာပန်း အပွင့်ကြီး ပွင့်လို့၊ မာန်ဝင့်နိုင်မည့်သူက မိမိပဲ ဖြစ်တော့မည်။

ရာဇတမန် အမတ်သည် ရှည်လျားထွေပြားသော အပြန်လမ်းခရီးမှာ မိမိခံစားရမည့် အကျိုးကျေးဇူးတွေကို တွေးလိုက်၊ ဝေသာလီမင်းသမီးကလေး ပဉ္စကလျာဏီကို ကြည့်ငေးလိုက်နှင့် အပျော်ကြီး ပျော်လာသည်။ သို့သော်....

ရာဇတမန် အမတ်မှာ ပုထုဇဉ် လူသား မဟုတ်လား။ သာမန်လူသားတစ်ယောက်ပဲ မဟုတ်လား။ သည်တော့ ချောမောလှပသော ပဉ္စကလျာဏီမင်းသမီးကလေးကို အကြာကြီး ငေးကြည့်ရင်း ပင်ကိုယ်စိတ်တွေ ဖောက်ပြန်လာသည်။ မင်းသမီးကလေး၏ အလှမှာ ယစ်မူး မေ့မျောလာမိသည်။ မင်းသမီးလေးကို မိမိရလျှင် ဘယ်သို့များ ပျော်လိုက်ပါမည်လဲ....ဟုလည်း မတော်လောဘစိတ်တွေ ဝင်လာသည်။ မကောင်းသော စိတ်သည် မကောင်းသော အမှုကို ယူဆောင်လာတတ်ပါသတဲ့။

သည်တော့ ရာဇတမန် အမတ်သည် စီမံကိန်း တစ်ရပ်ကို ပိုင်နိုင်စွာချသည်။ ပဉ္စကလျာဏီ မင်းသမီးကလေးမှာ အခြွေအရံ ရှစ်ဆယ်ကျော် ပါလာခဲ့သည်။ သည် အခြွေအရံတွေမှ တစ်ဦးကျစီကို လမ်းမှာရှိသော စခန်းထောက်ရွာတွေမှာ ထားပစ်ခဲ့၏။ အဲသည်လိုပုံနှင့် စခန်းထောက် ရှစ်ဆယ်ကို ကျော်လွန်ခဲ့ပြီ။ ပုဂံနေပြည်တော်သို့ ဝင်သည့်အချိန်မှာ ဝေသာလီမင်းသမီးကလေး အပါး၌ ခြွေရံသင်းပင်း ဆို၍ တစ်ဦးမျှ မရှိတော့။

ပြဿနာ၏ အစမှာ သည်က ပေါ်ခဲ့လေသည်။

ပုဂံနိုင်ငံတော် ပြည့်ရှင် အနော်ရထာမင်းတရားသည် ဝေသာလီမင်းကလေးကို စစ်အင်္ဂါလေးရပ် ခင်းကျင်းပြီး ကြိုခဲ့သည်ဟု သမိုင်းမှတ်တမ်းများက ဆို၏။ မင်းတရားသည် ပဉ္စကလျာဏီ မင်းသမီးကလေးအပေါ် ဘယ်လောက်များ ချစ်ခင်လေးစား အရေးထားလိုက်ပါသလဲ၊ ကြည့်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာ မင်းတရားသည် ပုဂံနေပြည်တော်မှသည် ရိုးမတောင်တန်းကို ဖြတ်ကျော်ခဲ့သည်။ ဧည့ဝတီ ရခိုင်ပြည်အထိ ခရီးစကြာ ဖြန့်ကျက်လို့ ဝေသာလီ မင်းသမီးကလေးကို ကြိုပါသတဲ့။ ရခိုင်ပြည်မှသည် ပုဂံနေပြည်တော်အထိ ခရီးတာ အဆင့်ဆင့်မှာ အနော်ရထာမင်းတရားနှင့် ဝေသာလီမင်းသမီးကလေး ပဥ္စကလျာဏီ တို့ ချစ်ပွဲကြီး နွှဲခဲ့ကြပုံကဖြင့် တွေးကြည့်လျှင် ရင်ခုန်စရာပါ။ အဖိုဆိုလျှင် ရင်ဖိုမှ မသန်းဘူးခဲ့သော ချောချောလှလှ၊ နုနုထွတ်ထွတ် အပျိုစင်ကလေး ပဥ္စကလျာဏီ။ သူနှင့် ယှဉ်တွဲလို့ ပျော်ပျော်ကြီး ချစ်ပွဲဝင်လာသူက ကောရာဇ် ဘုရင် အနော်ရထာ မင်းမြတ်။ သူတို့နှစ်ဦးမှာ ရခိုင်ပြည်မှ ပုဂံနေပြည်တော်အထိ ခရီးတာ အဆင့်ဆင့်ကို ကျော်လွှားရင်း အချစ်ခရီးရှည်ကြီးကိုလည်း ပျော်ပျော် ကြီး လျှောက်နေကြတာ ပတ်ဝန်းကျင်ကို မေ့လောက်စရာပါ။

သို့သော်....

ပဥ္စကလျာဏီ မင်းသမီးကလေးခမျာ ကံဆိုးရှာလေသည်။

ပုဂံနေပြည်တော်သို့ရောက်ပြီး ရက်များစွာ မကြာခင်မှာပင် မင်းသမီး ကလေးခမျာ မဟာဒုက္ခနှင့် တည့်တည့်ကြီး တိုးရှာပါပြီ။ သည်ဒုက္ခအထွေထွေကို ဖန်တီးလာသူက 'ရာဇတမန်' အမတ်မင်း။

ပုဂံနေပြည်တော် ရောက်သည်နှင့် ရာဇတမန် အမတ်သည် ဘုရင်မင်းမြတ် ၏ ရှေ့တော်သို့ ဝင်ပြီ။ သည်နေရာမှာ အနော်ရထာ မင်းတရားသည် မေးရိုး မေးစဉ် မေးခွန်းတွေကို မေးသည်။

'ဝေသာလီ ဘုရင်မင်းမြတ် ကျန်းခဲ့သာလို့ မာချာပါရဲ့လား၊ နှစ်ပြည် တစ်ပြည် ရွှေလမ်း ငွေလမ်း ခင်းရန် အရေးကို နှစ်ခြိုက်ကျေနပ် ရှိသတဲ့လား၊ ထူးခြားသော အမှာစကားက ဘာလဲ၊ ဝေသာလီ ဘုရင်မင်းမြတ်ထံမှ သဝဏ်လွှာ က ဘယ်သို့ အဆိုရှိသလဲ၊ ဖတ်ကြစမ်း၊ ဆိုကြစမ်း၊ လျှောက်ကြစမ်း၊ တင်ကြစမ်း'

ရာဇတမန် အမတ်သည် မင်းတရား မေးသမျှကို ဖြေသည်။ မင်းတရား သိလိုသမျှကို တင်လျှောက်သည်။ သို့သော် နောက်ပိုင်းမှာတော့ ရာဇတမန် အမတ်က အနော်ရထာ မင်းတရား မမေးတာကို ပြောသည်။ မသိချင်တာကို တင်သည်။ ပဥ္စကလျာဏီ မင်းသမီးကလေးအပေါ်မှာ အနော်ရထာမင်းတရား အချစ်ပေါ့အောင် အယုယ အကြင်နာ ကင်းအောင် မလိုမုန်းထားသို့ ဂုန်းချော စကားကို လျှောက်တင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ၊ ရွှေနားဆင်တော်မူပါ ဘုရား၊ ဝေသာလီ ဘုရင်မင်းမြတ်က ယခု ပေးဆက်လိုက်သော သမီးတော် ပဥ္စကလျာဏီ ဆိုတာ စင်စစ် မင်းသွေးပါသော မင်းသမီးကလေး မဟုတ်နိုင်ပါ ဘုရား။ မင်းသမီး စင်စစ်မှန်လျှင် ခြွေရံသင်းပင်း စည်စည်ကားကား ဂရုတစိုက် စေပို့ရပါမည်။ ခုတော့ အခြွေအရံမပါ၊ အခိုင်းအစေတော် မထည့်ပေးလိုက်သည်ကိုပဲ ကြည့်ရှုဖေဖန်ပါတော့'

'အို....ဖြစ်မှဖြစ်ရပလေ'

ရာဇတမန် အမတ်၏ လျှောက်တင်စကားကို ကြားသော်....အနော်ရထာမင်းတရားသည် ကြေကွဲဝမ်းနည်း ဖြစ်ရပြီ။ ချစ်စရာ ကောင်းသော ပဥ္စကလျာဏီ။ သူကလေးနှင့် ရက်အတော်ကြာပဲ ကြာခြည်ယံမှာ စက်ပျော်ကြည်မွေ့ခဲ့ပြီး ဖြစ်တော့ ချစ်အရသာကို မမေ့နိုင်ပြီ။ အတွေ့က ထူးသည်။ အငွေ့ကကြူသည်။ အယုအယကဖြင့် ဘယ်မိဖုရားတွေနှင့်မှ မယှဉ်နိုင် မတုနိုင်ဟု ဆိုရပါလိမ့်မည်။ အဲသည်လို ချစ်ခင် မြတ်နိုးဖွယ်ရာ ကောင်းလှပါသော မင်းတရား၏ ချစ်သူ ပဥ္စကလျာဏီသည် ဝေသာလီ မင်းတရား၏ သမီးတော် မဟုတ်နိုင်ဘူးတဲ့။ ဒါဖြင့် ဘယ်က ကျေးတောသူ တစ်ယောက်ကိုများ မင်းသမီး ဆိုပြီး ထည့်ပေးလိုက်ပါလိမ့်။

ပြောစရာရှိသည်က အခြွေအရံ ဆို၍ တစ်ယောက်မှ ပါမလာသော ကိစ္စ။ ဒါက ဘာဖြစ်လို့လဲ။ တကယ်ပဲ မင်းက မွေးသော မင်းသွေး မဟုတ်လို့ ပစ်စလက်ခတ် လုပ်ပြီး ထည့်ပေးလိုက်သည်မို့ပဲလား။

မည်သို့ပဲ ဖြစ်စေ၊ စဉ်းစားစရာတော့ ရှိနေပြီ။ သံသယ ဖြစ်ဖွယ် အခြေအနေက တွေ့နေပြီ။ သည်အချိန်မှာ စွဲလန်းတပ်မက်ဖွယ် ကောင်းလှသော ပဥ္စကလျာဏီရဲ့ အတွေ့၊ အငွေ့၊ အယုအယကို ဦးစားပေးပြီး သူ့ကို မိဖုရားခေါင်ကြီး မြှောက်လို့ ဖြစ်မှာတဲ့လား၊ အကယ်၍ ပဥ္စကလျာဏီသည် မင်းသမီး မဟုတ်ဘဲ ကျေးမျိုး ကျွန်မျိုးက လာသော မိန်းကလေး တစ်ဦး ဖြစ်နေပါက.... ဖြစ်နေပါက....။

အဲသည်လိုဆို အနော်ရထာ မင်းတရားအဖို့ အတိုင်းတိုင်းအပြည်ပြည်မှာ ကြားလို့မှ မတော်၊ မလျော်သည့် ဖြစ်ရပ်၊ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့အကြားမှာ ရယ်စရာ၊ လှောင်စရာ၊ ပြောင်စရာ ဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com


သည်လိုနှင့်ပဲ သမိုင်းရာဇဝင်မှာ ဘုရင် အနော်ရထာ၏ ဇာတ်လမ်းက ဒဲ့ရဲ့စရာ တစ်ရပ်အဖြစ် ကျန်ရစ်တော့မည်။ သည်အဖြစ်မျိုးတော့ အရောက်မခံ နိုင်။

'ကဲ....ကဲ.... စကားကြော မရှည်နဲ့လေ၊ ဝေသာလီပြည်သူ သည်ကုလားမ ကို ရွေနန်းတွင်းမှာ မထားနှင့်တော့၊ လိုအပ်သော ပစ္စည်းပစ္စယကို ပြည့်စုံစွာ ဆးပြီး ပရိမ္မသူကြီးဆီ ပို့လိုက်၊ ပရိမ္မသူကြီးက ကောင်းစွာ စောင့်ရှောက်၊ ကောင်းစွာ ကြည့်ရှု....၊ ကောင်းစွာ ဂရုစိုက်ပါစေ'

မင်းတရား၏ ပထမဆုံးနှင့်နောက်ဆုံး ဆုံးဖြတ်ချက်က သည်အတိုင်း ဖြစ်ပါသည်။ တကယ်ဆိုတော့ အနော်ရထာ မင်းတရားသည် ပညာရှိမို့ သတိ ဖြစ်ခဲလေသလား။ ဝေသာလီမင်း သမီးတော် စင်စစ်မှန်ပါလျက် ရာဇတမန်၏ လျှောက်တင်ချက်ကို အတည်ယူပြီး ချက်ချင်းပဲ ဆုံးဖြတ်ချက် ချပါပကော။ သည်ကိစ္စနှင့် ပတ်သက်၍ အချိန်ယူပြီး မစဉ်းစား၊ အချိန်ယူပြီး မဆင်ခြင်၊ အချိန်ယူပြီး မလေ့လာ။ သည်တော့လည်း....

'မင်းတို့ စကား မိုးကြိုးသွား' ပါ။ 'ထွက်ပြီးသော ဆင်စွယ်ဆိုသည်မှာ ဝင်တယ်လို့ မရှိ'။ သို့နှင့် အနော်ရထာမင်းတရား၏ ဆန္ဒအတိုင်း ပြည့်ဝစွာ အကောင်အထည် ဖော်ရပြီ။

ဝေသာလီပြည်က မင်းသမီးချောကလေး ပဉ္စကလျာဏီကို ပရိမ္မာအရပ်သို့ ပို့လိုက်၏။ မင်းသမီးကလေးကို ပရိမ္မသူကြီးက အထူးဂရုပြု စောင့်ရှောက်ဖို့တော့ အနော်ရထာ မင်းတရားက မှာကြားသည်။ အစားအစာ၊ အဝတ်အဆင်၊ အနေ အထိုင်မှ စ၍ ပဉ္စကလျာဏီအဖို့ လိုလေသေး မရှိစေရ။ အားလုံးကို ပြည့်ဝစွာ ပေး၊ ယူစေ။ ဘုရင့် ဘဏ္ဍာတိုက်မှ ထောက်ပံ့ပါစေ။

သို့ဖြင့် 'ပဉ္စကလျာဏီ' ခမျာမှာ ဘုမသိ ဘမသိနှင့် ပရိမ္မအရပ်သို့ ရောက်ခဲ့ရပြီ။ အခြေအနေအရပ်ရပ်ကို အကဲခတ်လို့ဖြင့် မရ။ သည်မှာ သုံးစွဲနေ သော ဘာသာစကားကိုလည်း မကျွမ်းကျင်။ ကျေးရှူးရှင် ခမည်းတော် ဘုရားက သိုက်သွား' ဆိုလို့သာ ပါခဲ့ရသည်။ ပုဂံရွှေပြည်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း သိ ဖြစ်နေဆဲ၊ ကျေးလက်တောရွာသို့ အပြေးပဲ ထွက်ခွာလာရပြီ။ အနော်ရထာ မင်းတရားနှင့် ရွှေလည်တွဲ၍ ပျော်ပွဲဆင်ခဲ့ရသော 'ည' ကလေးများသိုတော့ လွမ်းတတ ရှိပေသား။ ခုတော့....

www.burmeseclassic.com

www.burmeseclassic.com



၂

ဝေသာလီ မင်းသမီးကလေး ပဋ္ဌကလျာဏီသည် ပရိမ္မာ အရပ်တွင် သားတော် တစ်ပါး ဖွားမြင်ခဲ့လေသည်။ သည် သားတော်ကလေးမှာ ပုဂံပြည့်ရှင် အနော် ရထာနှင့် ချစ်ပွဲကြီး နွှဲခဲ့တုန်းက ရရှိခဲ့သော ပဋိသန္ဓေသား။ သည်တော့ အနော်ရထာ ဘုရင့်သားဟု ခိုင်မာစွာ ဆိုရပါမည်။ ခုတော့ ပုဂံသွေးပါသော ပုဂံကလေးငယ်သည် အဖေခေါ်စရာ မရှိသော ကျေးတောဒေသတွင် မျက်နှာကလေး ဗီးရွက်လောက်ဖြင့် လူ့လောကသို့ ဝင်ရောက်ခဲ့ပြီ။

အမှန်တော့ ပဋ္ဌကလျာဏီ မင်းသမီးသည် သားတော် တစ်ပါး ဖွားမြင်း ခြင်းအတွက် ဘုရင် အနော်ရထာထံ သတင်းစကား လျှောက်ချင်ပါ၏။ 'သူ့မှာ လည်း ရင်သွေး သားတော်ကလေး သတင်းကြားလျှင် ချစ်ခင်ယုယရှိမှာပေ့' အဲသည်လိုလည်း ပဋ္ဌကလျာဏီက မျှော်မှန်းမိသည်။ ဆန္ဒ ဖြစ်ပေါ်သည်။

သို့သော် ဆန္ဒသည် ဆန္ဒမျှသာတည်း။ မင်းသမီး၏ နှလုံးသားက ဖြစ်ပေါ် လာသော ဆန္ဒကို နှလုံးသားကပဲ ချေဖျက်ပစ်လိုက်သည်။ 'လွမ်း' စရာကိ 'နာ' စရာနှင့် ဖို့ရပါသတဲ့။ သူ မချစ်လို့ စွန့်ပစ်ထားပြီပဲ၊ မိမိက ဘာများ လွမ်းလောက်စရာ ရှိသလဲ။ သူ စွန့်ပစ်နိုင်လို့မှ မျက်နှာလွှဲပြီပဲ၊ မိမိက ဘာများ အောက်မေ့တသ ရှိရမှာတဲ့လဲ။ နေပစေ။ မွေးလာသော သားတော်ကို ပုဂံနန်း သို့ မပို့။ ကိုယ့်ဖာသာ ကျွေး၊ ကိုယ့်ဖာသာ မွေးမည်။

ဝေသာလီမင်းတရား၏ သမီးတော်ဆိုတော့ ထီးမာန်၊ နန်းမာန်နှင့် ပဋ္ဌကလျာဏီ မင်းသမီးကလေးက ခပ်ပြတ်ပြတ် ဆုံးဖြတ်သည်။ သို့နှင့် သားတော် လေးသည် ပရိမ္မအရပ်မှာပဲ ပဋ္ဌကလျာဏီ မင်းသမီးကလေး၏ စောင့်ရှောက်ရေး မြူခြင်းဖြင့် ကြီးထွားခဲ့ရပြီ။

သားတော်ကလေး ဆိုတာက နှစ်ဘက်စလုံးမှ မင်းသွေးပါသည် ဖြစ်တော့ ဥပဓိရုပ်က သန့်သည်။ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းက မြင့်မား ဖြောင့် မတ်သည်။ စိတ်ဓာတ် ရဲရင့်တည်ကြည်သည်။ ငယ်စဉ်က စ၍ အပိုစကား မဆို၊ အပိုအလုပ်ကို မလုပ်၊ လိုအပ်သမျှသာ ပြောသည်၊ လိုအပ်သမျှသာ လုပ် သည်။ စကားပြောနည်းသည်။ သို့သော် သူတစ်ပါး ပြောသည်ကို များများမှတ် သည်။ များများနားယူသည်။ များများလေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စကလျာဏီ မင်းသမီးကလေးက မွေးဖွားလာသော သည်သတို့သားကို ရုပ်ရှာက ဂံရုစိုက်သည်။ ပြုစုစောင့်ရှောက်ကြသည်။ 'နန်းတွင်းမှာ မနေရလို့ မျက်နှာငယ်ရှာသည်။ သူလည်း ဘုရင့်သားတော်ပဲ၊ ဝေသာလီ ဘုရင်မင်းမြတ်၏ မြေး၊ အနော်ရထာမင်းမြတ်၏ ရင်သွေး'။ အဲသည်လို ရုပ်ရှာလူထုက နေရာထား၍သည်။ လေးစား အားထားသည့်ဟန်လည်း ရှိကြသည်။

အဲ...ခက်သည်က သည်သတို့သား လူလားမြောက်စ, အဖေရှာရမှန်း သိသည့် အချိန်၊ အဖေခေါ်လိုသော ဆန္ဒ ဖြစ်ပေါ်သည့် အချိန်။

'မယ်ဖုရား၊ သားတော်ရဲ့အဖေ ဘယ်သူလဲ၊ ဘယ်မှာ နေသလဲ၊ ဘာဖြစ်လို့ သားတော်တို့နဲ့ အတူမနေတာလဲ၊ ဘာဖြစ်လို့ သားတော်တို့ကို ခေါ်မထားတာတဲ့လဲ...လဲ...လဲ'

တစ်နေ့သောအခါ သားတော်သည် ဤ မေးခွန်းတွေ မေးလာလိမ့်မည်။ ဒါကို ပဥ္စကလျာဏီ မင်းသမီးကလေးက မျှော်လင့်ပြီး ဖြစ်သည်။ ဘယ့်နှယ်လဲ..... သူများတကာ သားသမီးတွေမှာ အဖေနှင့်သွား၊ အဖေနှင့်စား၊ အဖေနှင့် အတူတကွ ယုယမျှော်ပါးနေချိန် မဟုတ်လား။ သည်အချိန်မှာ အဖေခေါ်စရာ မရှိသော သားတော်ကလေး မျက်စိသူငယ်နှင့် ဟိုငေးသည်မျှော် ခေါ်စရာ အဖေမရှိသမို့ ငိုမဲ့မဲ့ရယ်။

ကြည့်လေ၊ ခုပဲ သားတော်ကလေးမှာ မကြည်သော မျက်နှာ၊ မသာယာသော နှလုံးသားနှင့် မယ်တော် မင်းသမီး၏ ရင်ခွင်ကို ခေါင်းနှင့် ဇွေ့ယမ်းမေးပြီ။

'မြော်ပါဦး မယ်တော် ဘုရားရယ်၊ သားတော်ရဲ့အဖေက ဘယ်သူလဲ၊ သားတော်ကို အဖေမရှိဘဲနဲ့ မယ်တော်က မွေးခဲ့ပါသလား၊ သားတော်ဟာလေ အဖေမဲ့ သားလား.....'

သားတော်က စကားတတ်သနှင့် မေးခွန်းတွေက တရစပ် မေးတော့ မယ်တော်ဘုရားမှာ မျက်ရည်မဆည်နိုင်။ ရင်ထဲမှ လှိုက်၍ တက်လာသော ကြေကွဲဝမ်းနည်းမှုကို တားလို့မရ၊ ဆီးလို့မနိုင်။

နောက်ဆုံးတော့ ပဥ္စကလျာဏီ မင်းသမီးက အတိတ်ကို ဆောင်သည်။ မေ့ထားချင်သော အတိတ်ဖြစ်ရပ်များကို သားတော်အား ပြောပြသည်။ ဖြစ်ရပ်ခံကို အကုန်ဖွင့်ပြီး သားတော်အား နှစ်သိမ့်စကားဆိုရသည်။ ဆုံးမစကား ပြောရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲသည်တော့..... သားတော်ဟာ ဝေသာလီ ဘုရင်မင်းမြတ်ရဲ့ မြေးပုဂံနိုင်ငံတော်ပြည့်ရှင် အနော်ရထာ ဘုရင်မင်းမြတ် ရင်သွေးအစစ်၊ ဘုရင့်သွေး..... ဘုရင့်သားတော် ဖြစ်တော့ အရာရာမှာ အပြောအဆို ဆင်ခြင်၊ အနေအထိုင်ကို ပြုပြင်၊ အများအမြင်မှာ မသင့်တော်တာ မဖြစ်စေနှင့်၊ ရှာဖွေသင်ယူဖွယ် ပညာရပ်များကို အချိန်ရှိခိုက် လုံ့လစိုက်လို့သင်၊ ဝိရိယစိုက်လို့သင်၊ သားတော်ဟာ တစ်နေ့မှာ ရွှေနန်းရှင် ဘုရင်စင်စစ် ကေန် ဖြစ်မယ်ဆိုတာ မမေ့မလျော့ မပေါ့လေနဲ့'

သားတော်ကလေးက မယ်တော် ပဉ္စကလျာဏီ မင်းသမီးကို ကတိပြုသည်။ မယ်တော် ဆန္ဒရှိသည့်အတိုင်း ပြုကျင့်နေထိုင်ပါမည်ဟု ပြောဆိုခဲ့သည်။

'သားတော်အတွက် စိုးရိမ်ကြောင့်ကျ မဖြစ်လေနဲ့ မယ်တော်.....၊ မယ်တော်ရဲ့ ဆိုစကားကို ဦးထိပ်မှာ ထားလို့ သားတော် ပန်ဆင်ပါမယ်၊ ဘိုးတော် ဝေသာလီဘုရင်မင်းမြတ်နဲ့ ခမည်းတော် အနော်ရထာ ဘုရင်မင်းမြတ်ရဲ့ အနွယ်တော်ပီပီ ကျင့်ကြံကြိုးစားအားထုတ်သွားပါ့မယ် ဆိုတာ.....'

ပဉ္စကလျာဏီ မင်းသမီး၏သားတော်က ငယ်စဉ်ကတည်းက စစ်ဆင်စစ်တိုက် ဝါသနာထုံသည်။ သူငယ်ချင်း အပေါင်းအသင်းများနှင့် ကစားကြပြီဆိုပါစို့။ သူက တပ်မှူး တပ်ဗိုလ် လုပ်လို့၊ ရန်သူတွေနှင့် စစ်တိုက်ကြမည့်ဟန် ကစားကြသည်။ သူကစားပြီဆိုလျှင် စစ်တိုက်စစ်ဆင် ပြုသည်မှ လွဲ၍ အခြားမရှိ။

သည်လို ကစားရုံဖြင့် မကျေနပ်၊ ယောကျ်ားတို့ တတ်အပ်သော အင်္ဂါရသ အတတ်ပညာကိုလည်း သင်လိုက်သေးသည်။ ဓားကို ကိုင်မလား၊ လှံကို ဆွဲမလား၊ လေးမြားကို ပစ်မလား.....၊ ဘယ်က စမ်းစမ်း သူတကာထက် ထူးချွန်အောင် ကိုင်တွယ်ထိုးခုတ်နိုင်သည်။ ရိုးရာ သိုင်းပညာနှင့် လက်နက်မဲ့ တိုက်ခိုက်နည်းပါမကျန် သူတတ်ထားသည်။ အဲသလို စစ်ဆင်စစ်တက်လည်း ဝါသနာထုံသူ၊ ပြီးတော့ ဓား၊ လှံ၊ လေးမြား၊ လက်နက်မျိုးစုံကို ကျွမ်းကျင်သူ ဖြစ်တော့ မယ်တော် ပဉ္စကလျာဏီ မင်းသမီးအဖို့ ကျေနပ်အားရလို့ မဆုံးပြီ။ သားတော်ကို အရိပ်တကြည့်ကြည့်နှင့် မှည့်လိုက်သော နာမည်က 'ကျန်စစ်သား' တဲ့။

ကျန်စစ်သား၏ သတင်းသည် ပရိမ္မာရွာကို ကျော်လွန်၍ ရွာနီးချုပ်စပ်သို့ ပြန့်လေသည်။ အသက်ကို တွက်စစ်သော် တစ်ဆယ့်ခြောက်နှစ်မှ မပြည့်သေးသော လူစွမ်းကောင်းကလေး။ ဓားရေးတော်သည်။ လှံရေးကျွမ်းသည်။ လေး၊ မြား

www.burmeseclassic.com



အပစ်အခတ်မှာ ယှဉ်နိုင်သူ မရှိ။ ဆင်စီးပြိုင်မလား၊ မြင်းစီးပြိုင်မလား။ လူချင်း ယှဉ်လို့ ကိုယ်စွမ်းကိုယ်စ ပြကြမလား။ သူ့ခေတ် သူ့အခါမှာတော့ ကောင်းကင် တမွတ် ကြယ်ကို ဆွတ်မည့် လူရည်ချွန်။

နောင်အခါတွင် သည်လူရည်ချွန်ကလေးသည် 'ထီးလှိုင်ရှင်' အဖြစ် ဘွဲ့မည် မှတ်၍ လွှမ်းပတ် ကျော်ကြားခဲ့ပြီး အနီးအနား ကျေးရွာများမှ လူငယ်တွေ၊ လူရွယ်တွေ၊ သူကြီးတွေကို ထီးလှိုင်ရွာမှာ စုစည်းစေသည်။ သူတို့ကို ကျန်စစ်သား က ပညာမျိုးစုံ သင်ပေးသည်။ သင်ထားကြ။ ယူထားကြ။ လေ့ကျင့်ထားလိုက်ကြ။ ယောကျ်ားဖြစ်မှဖြင့် သည်အတတ်ပညာတွေကို တတ်သင့် နားလည်သင့်သည်။ မပျင်းမရိ မမေ့မလျော့ကြနှင့်။

အဲသည်လို ကျန်စစ်သားသည် ထီးလှိုင်ရွာကို ဗဟိုပြု၍ စည်းရုံးလေ့ကျင့် မှုများ ပြုနေတော့ သူ့သတင်းက အရှေ့မှ အနောက်သို့ ထွင်းဖောက် ကျော်ကြား ခဲ့ပြီ။ ထီးလှိုင်ရွာကို ဦးစီးကွပ်ကဲနေသော ထီးလှိုင်ရှင်၊ ကျေးရွာနယ်မြေ၏ စစ်ရေး ခေါင်းဆောင်။ လူငယ်သော်လည်း ပညာက မငယ်။ လူစွမ်း လူစကလည်း ကြွယ်တော့ တကယ်ပင် လေးစားဖွယ်၊ ကြည်ညိုဖွယ်၊ မြတ်နိုးဖွယ် ခေါင်းဆောင် ပင်။

ဟိုခေတ် ဟိုအခါ လွန်ခဲ့သော နှစ်ပေါင်း ကိုးရာ တစ်ထောင်လောက်ဆီ က လူတစ်ယောက် စွမ်းရည် ထက်မြက်လို့ ကျော်ကြားပြီ ဆိုလျှင် အဲဒါ မင်း လောင်းပဲ။ သူ့ကို အများပြည်သူတွေက ကြည်ညိုလေလေ သူသည် မင်းလောင်း စင်စစ် ဖြစ်လေလေပဲ။ သည်လို မင်းလောင်းလို့ သတင်းကျော်ကြားပြီ ဆိုလျှင် ရှင်ဘုရင် လုပ်ရသူတို့ ရာဇပလ္လင်မှ ဖင်တကြွကြွနှင့် နေမထိ ထိုင်မသာ၊ ထိုင်မထိ နေမသာ။

အနော်ရထာ မင်းတရားနှင့် ထီးလှိုင်ရှင် ကျန်စစ်သားတို့၏ တွေ့ဆုံခန်း က သည်မှ စလေသည်။ ပြောကြမည် ဆိုလျှင် တစ်ဦးက မင်းလောင်း အသံ ကြားရ၍ ပုထုဇဉ်သားပီပီ စိုးရိမ်ပွားသော အနော်ရထာ မင်းတရား။ တစ်ဦးက ကျေးရွာကိုပြု မြို့နယ်ကို စုပြီး လူထု အင်အားကို တစ်စည်းတစ်လုံးတည်း ဖြစ် အောင် ကြိုးပမ်းနေသော ထီးလှိုင်ရှင်။ သည် ပုဂ္ဂိုလ်နှစ်ဦးတို့ တွေ့ဖို့ရာ အခါ အနေပေးလာသည်။ မင်းလောင်းဆိုတာ ဘယ်သူလဲ ဘယ်လိုလဲဟု စူးစမ်းမေးမြန်း ဖို့ ရွှေနန်းဆောင်မှ ဆင်းကြွလာသော အနော်ရထာ မင်းတရားနှင့် ထီးလှိုင်ရှင် ကျန်စစ်သားတို့ သူ့ရဲကောင်းဆန်စွာ တွေ့ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်မှာတင် မေးရင်းမြန်းရင်း ပြောရင်းဆိုရင်းက ကျန်စစ်သားအမည်ခံ ထီးလှိုင်ရှင်၏ ဇာတိဇစ်မြစ်ကို အနော်ရထာ မင်းတရား သိရပြီ။ ဩော်..... လက်စသတ်တော့ ထီးလှိုင်ရှင် သူရဲကောင်း ဆိုသူကား သွေးအဝေးကြီး မဟုတ်ပါလား။ မင်းသွေးပါသော မင်းသား။ မိမိ၏ ရင်နှစ်သည်းချာ စင်စစ် ဖြစ်သော သားတော်မှ တကယ့်သားတော်။

အနော်ရထာ မင်းတရားသည် အတိတ်ကို ပြန်လည် မျှော်ခေါ်ကြည့်သည်။ ဟိုလွန်ခဲ့သော နှစ်အတန်ကြာက ခွဲခွာခဲ့ရသော ပဉ္စကလျာဏီ မင်းသမီးကလေးကို အောက်မေ့မိသေးတော့။ ခုတွေ့ရသော ထီးလှိုင်ရှင်ကား ပဉ္စကလျာဏီ မင်းသမီးကလေး၏ ရင်မှ ဖြစ်သော ရင်နှစ်သည်းချာ သားတော် အစစ်ပါတဲ့။ အဲသည်လို ဆိုတော့ မိမိနှင့် ပဉ္စကလျာဏီ မင်းသမီးတို့မှ သူရဲကောင်းဆန်ဆန် မွေးဖွားခဲ့ပြီး သူရဲကောင်းဆန်စွာ ကြီးပြင်းရှင်သန်လာသော မိမိ ရင်သွေး ရင်နှစ် ချစ်စရာ သားတော်..... သားတော်..... ။

အဲသည် အချိန်က စ၍ ထီးလှိုင်ရှင် ကျန်စစ်သားသည် သူနှင့် ထိုက်တန်သော 'လူမှန် နေရာမှန်' သို့ ရောက်ပြီ ဆိုပါစို့။

သည်လိုပဲ ပြောရတော့မည်။ ကြည့်လေ၊ မွေးလာသည်က စ၍ အဖေ ခေါ်စရာ မရှိခဲ့သော ကျေးတောသား ဘဝမှာ သူ ကျင်လည်ခဲ့သည်။ အဖေနှင့်သား၊ သားနှင့် အဖေ၊ ကြည်နူးပျော်မြူးနေကြရမည့် အချိန်မှာ အဖေဆိုတာကို ဘယ်မှာ ရှာရမှန်း မသိသော မိမိရဲ့ အဖြစ်။

တစ်ခုပဲ ရှိသည်။ အဖေ့ကို ရှာမတွေ့၍ အားငယ်စိတ် မဝင်။ ကိုယ့်အားကိုယ်ကိုးမည်။ 'ယောကျာ်းဘသား၊ အားမလျှော့နဲ့၊ သားဟာ ရှင်ဘုရင့်မြေး၊ ရှင်ဘုရင့်သား၊ သည်တော့ တစ်နေ့မှာ ရွှေနန်းစံရမယ့်သား၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရမယ့်သား၊ ဒါကို အချိန်က ဆုံးဖြတ်လိမ့်မယ်၊ ထိုအချိန်ကို စိတ်ရှည်စွာ စောင့်' အဲသည်လိုလည်း မယ်တော် ပဉ္စကလျာဏီ မင်းသမီးက အားပေးခဲ့သည်။ လမ်းညွှန်ခဲ့သည်။

ဟော..... ခုတော့ ထီးလှိုင်ရှင် ကျန်စစ်သား တစ်ယောက် ခမည်းတော် အနော်ရထာ မင်းတရားနှင့်အတူ ပုဂံရွှေနန်းသို့ လိုက်ပါရတော့မည်လေ။

'ခမည်းတော်နဲ့အတူ လိုက်ခဲ့တော့သားတော်၊ သားတော်ကို ပုဂံရွှေနန်းမှာ ထိုက်သင့်သော ရာထူးဌာနန္တရ ပေးရမယ်.....၊ နိုင်ငံတော်ကို တည်ပြုဖို့

www.burmeseclassic.com



ကို သားအဖ တကယ်ညီလက်ညီ ကြိုးစားရအောင်၊ သည်ကနေ့ကစပြီး ပုဂံရွှေနန်းဟာ သားတော်ရဲ့ နန်း၊ ပုဂံနိုင်ငံတော်ဟာ သားတော်ရဲ့ နိုင်ငံတော်၊ ပုဂံပြည်သူတွေဟာ သားတော်ရဲ့ ပြည်သူတွေလို့ မြဲမြဲမှတ်'

အားတက်ဖွယ်' လေးစားဖွယ်၊ မြတ်နိုးဖွယ် ကောင်းသော ခမည်းတော် အနော်ရထာမင်း၏ စကားကို ကြားရတော့ သားတော် ကျန်စစ်သားမင်းသား ကျေနပ်ရပြီ။ ဝမ်းသာရပြီ။ သို့နှင့် ဆုံးဖြတ်ချက် တစ်ရပ်ကို ခိုင်မာစွာ ချမှတ်သည်။

'ခမည်းတော် မင်းတရားရဲ့ ဆန္ဒအတိုင်း သားတော် ပုဂံ ရွှေနန်းသို့ လိုက်ခဲ့ပါမယ်.....၊ ပုဂံနိုင်ငံတော်ကို ခမည်းတော် ဦးဆောင်ချီတက်ရာ လမ်းအတိုင်း ဆက်ချပ်မကွာ လိုက်ပါဖို့ အသင့်ပါ ခမည်းတော်'

၃

ထိုလိုင်ရှင် ကျန်စစ်သားကို အနော်ရထာ မင်းတရားက ပုဂံနိုင်ငံ ဘုရင့် တပ်မတော်၏ တပ်မှူးချုပ် ခန့်ထားလေသည်။

သင့်ပါ၏။ တော်ပါ၏။ စစ်ရေးပညာများ ကျွမ်းကျင်ပြည့်ဝပြီး ဖြစ်သော ကျန်စစ်သားကို ပုဂံနိုင်ငံ ဘုရင့်တပ်မတော်၏ တပ်မှူးချုပ်အဖြစ် ခန့်ပြီတဲ့လား။ သည်မှာတင် အနော်ရထာ၏ စိတ်ထားကို ထင်ထင်ရှားရှား အကဲခတ်နိုင်ကြပြီ။ ဘုရင့် တပ်မတော်၏ ခေါင်းဆောင် ဆိုတော့ တိုင်းပြည် တစ်ခုလုံး၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး တာဝန်တွေကို ပခုံးပေါ် တင်ပေးလိုက်သည်ပဲ မဟုတ်လား.....။ မင်းတရားက သားတော်အပေါ် ထားရှိသော အားကိုးစိတ်ကို အပြောနှင့် မဟုတ်၊ အလုပ်နှင့် ထုတ်ပြလိုက်သည်ပဲ မဟုတ်လား။

ကျန်စစ်သား လက်အောက်တွင် စစ်သူကြီး သုံးဦး ရှိသည်။ ငထွေးရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီး။

သူတို့ သုံးဦးသည် အသီးသီးပင် စွမ်းရည်ပြည့်ဝသူများ ဖြစ်ကြသည်။

ကြည့်လေ။ ငထွေးရူးက ထန်းတက်ကောင်းသော ထန်းလုပ်သားတစ်ဦး။ နှမ်းမတည့်မီ တစ်နံနက်အတွင်းမှာ ထန်းပင် အပင်တစ်ရာကို အသက်လေး ဆက်နိုင် ဆင်းနိုင်သော ကာယလုပ်သားကြီး ဖြစ်သည်။ သည်လုပ်သားကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ကာယစွမ်းအင်ကို ထန်းတောမှာ အသုံးမချစေနှင့်။ နန်းတွင်းသို့ ခေါ်၊ နန်းတော်မှာ နေရာပေး၊ ထိုက်သင့်သော စစ်ပညာရပ်များကို သင်စေ။ နန်းမှုနန်းရာတွေကိုလည်း သင်စေ။ ပြီးတော့.....ပုဂံဘုရင့်တပ်မတော်မှာ ငထွေးရှုးကို ရာထူးတစ်ရပ် ပေးအပ်ခန့်ထားလိုက်ပြီ။

ငလုံးလက်ဖယ်ကိုလည်း ဘုရင် အနော်ရထာက သည်လိုပဲ ရှာတွေ့ခဲ့သည်။ တစ်ကြိမ်မှာ အနော်ရထာ မင်းတရားသည် ပုပ္ပားဘက်ကို တစ်ကိုယ်တည်း ခရီးထွက်ခဲ့သည်။ သည်လို လုပ်ရပ်မျိုး ဆိုတာက အနော်ရထာ မင်းတရားလုပ်နေကျ။ ပြည်သူထဲကို ဆင်းကာ ပြည်သူတွေ ပြောတာ နားထောင်၊ ပြည်သူတွေလိုအင်ကို ဆင်ခြင်၊ ပြည်သူတွေနှင့် မိမိဘဝ တစ်သားတည်းကျအောင် မင်းတရားက ကြိုးပမ်းနေကျ။

သည်ခရီးမှာပင် တစ်နေ့တော့ မင်းတရားသည် ငလုံးလက်ဖယ်နှင့် တွေ့လေသည်။ လူတစ်ယောက်၊ ကြွက်သား အဖုအထစ်တွေ ပြည့်နေသော ကိုယ်လုံးကိုယ်ထည်နှင့်။ သူက ထွန်တုံးသုံးဆယ်ကို စီးပြီး၊ တစ်နံနက်လုံး ယာထွန်နေသည်။ ယာတစ်ကွက် ညက်ပြီလား၊ အခြား တစ်ကွက်ကို ပြောင်း၊ တစ်ယောက်တည်း အလုပ်များနေသော သူ့ဟန်ကို ကြည့်ရသည်မှာ ကြည့်သူပင် ရင်မောစရာကောင်းပါဘိ၊ သို့သော်..... ထွန်ရေးငင်နေသော သူကတော့ မောဟန်မပြ။

သူ ထွန်ရေးငင်နေသည်ကို ထိုင်ကြည့်နေသော အနော်ရထာ ဘုရင်မင်းမြတ်သည် လူစွမ်းကောင်း တစ်ဦးကို ပုဂံနန်းသို့ ခေါ်ယူနိုင်ခဲ့ပြန်လေသည်။

နောက်တစ်ယောက်က..... ညောင်ဦးဖီး။

ညောင်ဦးဖီးကို ညောင်ဦးဆိပ်ကမ်းမှာ အနော်ရထာ ဘုရင်က တွေ့ခဲ့သည်။

အဲသည်နေ့က အနော်ရထာ ဘုရင်သည် ညောင်ဦးဆိပ်ကမ်းက နတ်သမီးကမ်းပါးပေါ်မှာ ရှိနေခဲ့သည်။ ဘုရင်မင်းမြတ်သည် ဧရာဝတီ မြစ်ပြင်ကို ငေးရင်းညနေခင်း၏ အရသာကို ခံစားနေ၏။ သည်ခဏမှာ ခါးတောင်းကျိုက်နှင့် ယောကျ်ားကြီး တစ်ယောက်။ သျှောင်တစ်စောင်း ထုံးလျက် ပေါင်မှာ ထိုးကွင်းမင်ကြောင် အပြည့်နှင့် နတ်သမီး ကမ်းပါးပေါ်မှ ပြေးဆင်းသွားသည်ကို မြင်လိုက်ရသည်။

ထိုလူသည် ညောင်ဦးဆိပ်ကမ်းသို့ ရောက်တော့ ဧရာဝတီမြစ်ပြင်ကျယ်ကို လက်ပစ်ကူး၍ ဖြတ်လေသည်။ ဝေး၍ ဝေး၍ သွားသော သည်လူ၏ ဖု

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကို ငေးကြည့်ရင်း အနော်ရထာ ဘုရင်မှာ ရင်တမမ အသည်းလှုပ်လှုပ်။ ဘယ့်နှယ်လဲ.....မိုးတစ်ညနေ၏ မြစ်ပြင်မှာ လှိုင်းက ထန်ပါဘိ။ ပြင်က ကျယ်ပါဘိ။ သည်ခရီးကို လက်ပစ်ကူးနေသော ထိုလူခများ ခြေကုန်လက်ပန်းကျခဲ့လျှင် လှိုင်းအောက်မှာ အနိစ္စ ရောက်သွားနိုင်သည် မဟုတ်လား။

သို့သော် ဧရာဝတီ မြစ်ပြင်ကျယ်ကို တကယ်လက်ပစ်ကူးနေသော ပုဂ္ဂိုလ်သည် ရေထဲလည်း နစ်မသွား။ လှိုင်းအောက်ကိုလည်း မြုပ်မသွား။ ခြေကုန် လက်ပန်း ကျသွားသည်လည်း မတွေ့ရ။ တွေ့မယ့် တွေ့ရတော့ ခဏကြာမှာ ဧရာဝတီမြစ်ပြင်ကို ပြန်ကူးလာနေပြန်သည်။ ဘယ့်နှယ်ပါလိမ့်။ ဘာလုပ်တာပါလိမ့်။ ခုပဲ ကူးသွား၊ ခုပဲ ပြန်ကူးလာနှင့်၊ ထူးပါဘိ၊ ဆန်းပါဘိ။

ထိုသူသည် ညောင်ဦးကမ်းဘက် ရောက်တော့ အနော်ရထာ ဘုရင် ရပ်နေသော မြင့်မားသည့် နတ်သမီး ကမ်းပါးသို့ ပြေးတက်လို့လာပြန်သည်။ သည်မျှကျယ်သော မြစ်ပြင်ကို တစ်မှဟုတ်ချင်း အသွားအပြန် ကူးလာသော ထိုသူသည် နတ်သမီး ကမ်းပါးမြင့်ကို ပြေးတက်လာစဉ်မှာပင် မောဟန်မပြ။ ပန်းဟန် မမြင်ရ။ ခြဖွယ်ကောင်းသော ပုဂ္ဂိုလ်ပါပဲ၊ လူမှ ဟုတ်ပါ၏၊ နတ်သိကြားတွေများ လူယောင်ဖန်ဆင်းပြလေသလား။

သို့လော သို့လောနှင့် အနော်ရထာ မင်းတရား တွေးရပြီ။ တွေးတောရင်းလည်း သည်လူကို အကဲခတ်ကြည့်သည်။ နောက်ဆုံးတော့ သည်မျှ အစွမ်းထက်သူကို မိမိထံပါးမှာထား၊ မိမိအမှုတော်ကို ထမ်းစေမည်။ သူရဲကောင်းကို ချစ်သော မင်းတရားသည် ထိုသို့ ခိုင်မာစွာ ဆုံးဖြတ်ခဲ့လေသည်။

သို့နှင့် ပုဂံနိုင်ငံတော်ပြည့်ရှင် ဘုရင် အနော်ရထာတွင် ထင်ရှားသော အစွမ်းကောင်းကြီး လေးယောက်ကို ပိုင်ဆိုင်ခဲ့ပြီ။ သူတို့ကတော့ ကျန်စစ်သား၊ ညောင်လူရှင်၊ လုံးလက်ဖယ်နှင့် ညောင်ဦးဖီး။

ကျန်စစ်သားနှင့် တပ်မှူး သုံးဦးတို့ ပထမဆုံး စွမ်းရည်ပြဖို့ အရည်းကြီး ဆည်ခံ ဘာသာရေး လူသရမ်းကြီးများနှင့် တွေ့ရပြီ။

သိကြသည် မဟုတ်လား။ လွန်ခဲ့သော နှစ်ပေါင်း ကိုးရာ၊ တစ်ထောင် သက္ကရာဇ်ဆီ.....

ပုဂံပြည်ရှိ အယူမှားသော အရည်းကြီးတို့ အကြောင်းက သမိုင်း ဂန္ထဝင်စာဆက်ဆက်မှာ မော်ကွန်းထိုးပြီး ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းစာအုပ်တွေက အရှည်းကြီး ကိုယ်တော်မြတ်တွေရဲ့ အကြောင်း သည်လို ဖော်ပြကြ၏။

ပုဂံပြည်တွင် မင်းအဆက်ဆက်တို့သည် သမထီးအရပ်၌ သီတင်းသုံးသော အရှည်းကြီး သုံးကျိပ်နှင့် တပည့် ခြောက်သောင်းတို့ အဆုံးအမကို ခံယူ၍ မှား သော အယူရှိကြကုန်၏။ အရှည်းကြီးတို့သည် မိမိဆန္ဒနှင့်လျော်စွာ ကျမ်းပြု ပြည်သူတို့အား လှည့်ပတ်ဖြားယောင်း၏။ သူ့အသက်ကို သတ်သော သူသည် ဤ ပရိတ်ကို ရွတ်သော် အပြစ်မှ လွတ်၏။ မိဘကို သတ်သော သူသည် ဤ ပရိတ်ကို ရွတ်သော် ပဋ္ဌာနန္တရိယကံမှ အပြစ်လွတ်၏။

ထိုမှတစ်ပါးလည်း မင်းအစရှိသော မှူးမတ်၊ ကလန်၊ သံပျင်၊ သူဌေး သူကြွယ်၊ ပြည်သူတို့၏ သမီးများ ထိမ်းမြား မင်္ဂလာပြုလျှင် ဆရာတို့အား ပန်းဦးပေးပါဆိုပြီး ညဥ့်ဦးက အရှည်းကြီးတို့ထံ ပို့ပေးရ၏။ ထိုသို့ အရှည်းကြီး ထံ သမီးကို ပန်းဦး မဆက်ခဲ့သော် အစဉ်အလာကို ဖျက်သည်ဟု မင်းပြစ်မင်းဒဏ် ခံရ၏။

ထိုမှတစ်ပါးလည်း.....

ရေးရမည် ဆိုလျှင် သမိုင်းဝင် မော်ကွန်းတင် အရှည်းကြီး ဖြစ်စဉ်တွေက ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရှိတော့မည်။ သည်တော့ အရှည်းကြီး အရှင်မြတ် ဆိုသူတို့နှင့် သူတို့ တပည့်တပန်းများ၏ ပြည်သူတို့အပေါ် လှည့်ပတ်ဖြားယောင်း သမျှကို အချုပ်မျှပဲ ဖော်ပြပါရစေတော့။ သည်လိုသည်နှယ် မတော်တရော် အမှုတွေ ကို မြင်နေတွေ့နေ ကြားနေရတော့ အနော်ရထာ မင်းတရား နှလုံးစိတ်ဝမ်း မချမ်းမြေ့ ဖြစ်ရပြီ။ သည်အဖြစ်မျိုးတွေ၊ သည်တရားမဲ့တွေ၊ သည်ကျင့်စဉ် တွေကို ဖယ်ခွင်းနိုင်မည့်စစ်မှန် စင်ကြယ်သော အယူဝါဒ ဘာသာတရားများ မရှိတော့ဘူးလား။

အနော်ရထာ မင်းတရားသည် သာသနာပြုမည့် မင်းကောင်း ဖြစ်တော့ အဲသည်လို တရားမြတ်ကို မျှော်မှန်းသည်။

တော်ပါပေ၏။ မှန်ပါပေ၏။ အကြောင်းလည်း သင့်ပါပေ၏။ ဘာဖြစ် လို့လည်း ဆိုတော့ အနော်ရထာ မင်းတရား မျှော်မှန်းသော တရားစစ် တရားမှန် ကို တစ်နေ့သောအခါတွင် မင်းတရား ကိုယ်တိုင် ရှာဖွေတွေ့ရှိခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ပုဂံနေပြည်တော် ပြင်ပရှိ တောအုပ်ထဲမှာ ဖူးမြင်ရသော 'ရှင်အရဟံ' မထေရ်မြတ်ကို အနော်ရထာ မင်းတရားထံသို့ မုဆိုးတစ်ဦးက လာပို့သည်။

နန်းတော် ညီလာခံ ခန်းမဆောင်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာသော ရှင်အရဟံကို မြင်ဖော့ အနော်ရထာ မင်းတရား အံ့သြရပြီ။ ဤပုဂ္ဂိုလ်သည် ဘာလဲ၊ ဘယ်သူလဲ၊, ဘယ်ကလဲ.....။

အနော်ရထာ မင်းတရား ချက်ချင်းပဲ အကြံရလေသည်။ သူသည် ညီလာခံ ပလ္လင်ထက်မှ အပြေးအလွှား ဆင်း၏။ ပြီးတော့ ရှင်အရဟံကို ဤသို့ လျှောက်တင်သည်။

'အို.....အရှင်ဘုရား၊ သင့်တော်သော နေရာကို ယူလော့'

ရှင်အရဟံသည် အနော်ရထာ မင်းတရား၏ သဘောဆန္ဒကို နားလည်၏။ မြင့်မြတ်သူ ဖြစ်လျှင် မြင့်သော မြတ်သော နေရာကို ယူလိမ့်မည်ဟု အနော်ရထာမင်းတရားက စူးစမ်းသော အကြည့်ဖြင့် ကြည့်၏။

ရှင်အရဟံသည် နန်းပလ္လင်ထက်ရှိ မင်းတရား၏ နေရာမှာ တည်ငြိမ်စွာ ဝင်ထိုင်လေသည်။ သည်မှာတင် သိလိုက်ပြီ။ ထိုပုဂ္ဂိုလ်ကား နိမ့်သောအရပ်မှ လာသူမဟုတ်။ ယုတ်ညံ့သော ဒေသမှ လာသူ မဟုတ်။ မကောင်းသော လာခြင်းဖြင့် လာသူမဟုတ်။

သူ၏ လာခြင်းကား ကောင်းသော လာခြင်းပဲ ဖြစ်လိမ့်မည်။

ဟုတ်ပါ၏။

ရှင်အရဟံက အနော်ရထာ မင်းတရားအား စစ်မှန်သော ဗုဒ္ဓဘာသာ တရားကို ဟောကြားသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစရှိသော လက္ခဏာရေး သုံးပါးကို ပြောသည်။ မဂ္ဂင်ရှစ်ပါး အခြေခံသော မဇ္ဈိမပဋိပဒါလမ်း၏ အနှစ်သာရကို ဖွင့်ပြသည်။ သတ္တဝါ အပေါင်းတို့အဖို့ ဒုက္ခဆင်းရဲ လွတ်ငြိမ်းရာ နိဗ္ဗာန်သို့ သွားရာလမ်းကိုလည်း ကောင်းစွာ ညွှန်ပြဟောကြားသည်။

သို့နှင့် ထိုနေ့ ထိုအချိန် ထိုကာလမှ အစပြု၍ ပုဂံနိုင်ငံတော် တစ်ဝန်း တွင် စစ်မှန်စင်ကြယ်သော ဗုဒ္ဓဘာသာ သာသနာသည် ရောင်ဝါနေသို့ ထွန်းခဲ့ပြီ။

ဗုဒ္ဓဘာသာ သာသနာ ထွန်းကားလာတာတော့ ဟုတ်ပါရဲ့။ သည့်အရင်က မဟုတ်မမှန် ဟောကြားပြီး လိမ်ညာစားနေကြသော အရည်းကြီး အရှင်မြတ်များ

www.burmeseclassic.com

www.burmeseclassic.com



နှင့် သူတို့၏ နာမည်ကျော် တပည့်ခြောက်သောင်းတို့ အရေးကို ဘယ်ပုံ ရှင်းလင်းမည်လဲ။

သည်နေရာတွင် ကျွန်စစ်သားနှင့်သူ၏ တပ်မှူးကြီး သုံးဦးတို့၏ အခန်းကဏ္ဍက ပီပီပြင်ပြင် ပေါ်ထင်လာပါပြီ။

အရည်းကြီးတို့ကား ခေသူ မဟုတ်ကြ။ ညံ့သူ မဟုတ်ကြ။ ထိုင်းသူတွေ မဟုတ်ကြ။ သူတို့သည် မြင်းစီး ကျွမ်းကျင်သည်၊ ဓားရေး လှံရေးလည်း တတ်သည်။ စစ်ဆင် စစ်တက်ကိုပါ လေ့လာသင်ကြားထားကြသေးသည်။ သူတို့ တပည့်တွေကလည်း အုံနှင့် ကျင်းနှင့်၊ အဖွဲ့နှင့် အစည်းနှင့်။ သည်တော့ မိမိတို့ နေရာ ဌာန ဘုံဘဝကို အစမှ ပယ်ရှင်းမည့် အန္တရာယ်ကို တကယ်ပဲ ခုခံကြပြီ။ တွန်းလှန်ကြပြီ။ ဆန့်ကျင်တိုက်ခိုက်ကြပြီ။

အနော်ရထာ မင်းတရား အမိန့်တော်ဖြင့် အရည်းကြီးတွေကို လူဝတ်လဲစေ၏။ သူတို့ကို ပထမသော် ထောင်သွင်း အကျဉ်းချခဲ့သည်။ နောင်မှ ဘုရင့်တပ်မတော်မှာ အဲမောင်း၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး အလုပ်များပေးသည်။

သို့သော်..... အရည်းကြီးတွေက အနော်ရထာ မင်းတရား၏ အစီအစဉ်ကို ကောင်းစွာ လိုက်လျောသည် မရှိခဲ့။ သူတို့က ဘုရင့် အာဏာကို ဖီဆန်ကြသည်။ လူဝတ်မလဲလို၊ အကျဉ်းချ မခံလို။ သို့နှင့် သူတို့သည် ဘုရင့်တပ်မတော်သားတွေကို လက်နက်စွဲကိုင်ပြီး ခုခံတော်လှန်ကြသည်။ ပုန်ကန်တိုက်ခိုက်ကြသည်။

သည်နေရာမှာ ကျွန်စစ်သား ဦးစီးသော ဘုရင့်တပ်မတော်သည် ခုခံသူ အရည်းကြီးတို့ကို ထိရောက်စွာ နှိမ်နင်းသည်။ ဓားရေး ပြိုင်မလား။ လှံရေး ယှဉ်မလား။ အဆင်သင့်ပါပဲ။ အာဏာဖီဆန်သူ အရည်းကြီးတို့ အုပ်စုများနှင့် နေပြည်တော် အတွင်းမှာ၊ မြို့လယ်ခေါင်မှာ၊ မြို့ပြင်ဒေသတွေမှာ၊ တိုက်ပွဲကလေးတွေ၊ တိုက်ပွဲကြီးတွေ၊ နေရာမရွေး၊ ဌာနမရွေး တိုက်ကြရပြီ။

'ဖားကို တုလို့ ခရုခုန်လျှင်၊ ရေအိုင်ပျက်တတ်ပါသတဲ့။' ဆိုရိုးစကား ရှိသည် မဟုတ်လား။

ဘုရင့်တပ်မတော်ကို ယှဉ်ပြိုင်တိုက်ခိုက်လာသော အရည်းကြီး တပ်ဖွဲ့ တပ်စု တပ်စိတ်ကလေးများသည် ရက်များ မကြာမီမှာပင် ပြိုကွဲပျက်စီးသွားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့က နိုင်ငံပြင်ပသို့ ထွက်ပြေးကြ၏။ အချို့က နေရာမှာပင် ကျဆုံးကြ၏။ အချို့ကတော့ အညံ့ခံလက်နက်ချကြသည်။

သို့နှင့် ပုဂံနိုင်ငံတော်၏ စင်ကြယ်သော သာသနာထွန်းကားရေး အစီအစဉ်ကို ကောင်းစွာ အကောင်အထည် ဖော်နိုင်ကြပြီ။

ကျန်စစ်သားနှင့် သူ၏ တပ်ဗိုလ် တပ်မှူးတို့၏ အစီအစဉ်ဖြင့်၊ အားထုတ်မှုဖြင့် အပယုဝါဒ မှားယွင်းကြသော အရည်းကြီး သုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့၏ ပုန်ကန်ဆန့်ကျင်မှုလည်း နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့လေသည်။

၄

အရည်းကြီးတွေကို နှိမ်နင်း ရှင်းလင်း၍ အပြီးမှာ ကျန်စစ်သားအတွက် ဆက်လက်ဆောင်ရွက်ရမည့် အရေးကိစ္စက 'သထုံပြည် စစ်ချီရေး'။

ထိုအချိန်က သထုံပြည်တွင် ဘုရင် မနူဟာ စိုးစံလျက် ရှိ၏။ သည်အချိန်မှာ သထုံပြည်မှ ပိဋကတ် သုံးပုံ အလှူခံရန် အနော်ရထာ မင်းတရား၏ သံတမန်အဖွဲ့ကို စေလွှတ်ခဲ့သည်။ သထုံပြည် ဘုရင် မနူဟာမင်းကား ပုဂံနိုင်ငံတော်ရှိ အရည်းကြီးတို့၏ လုပ်ရပ်တွေကို ကြားသိပြီး ဖြစ်နေ၏။ သို့သော် အရှင် အရဟံ ပုဂံပြည်သို့ ကြွရောက်ပြီး ဗုဒ္ဓဘာသာ၊ သာသနာ ထွန်းကားနေပြီ ဆိုခြင်းကို မနူဟာ မင်းတရားက ယုံကြည်ခြင်း မရှိ။

သို့နှင့် ပိဋကတ် သုံးပုံ အလှူခံ သံတမန် အဖွဲ့မှာ ဘုရင် မနူဟာ၏ ရှေ့တော်မှ မျက်စိမလှ မျက်နှာမလှဖြင့် ပြန်ခဲ့ရလေသည်။

သည်တွင် အနော်ရထာ ဘုရင်သည် ကျန်စစ်သား ဦးစီးသော ဘုရင့်တပ်မတော်ကို သထုံသို့ ချီစေရသည်။ အင်အားကို မသုံးချင်ပါဘဲလျက် အင်အားကို သုံးပြီး သထုံနေပြည်တော်ရှိ ပိဋကတ်သုံးပုံကို ပင့်ဆောင်စေရသည်။ သထုံပြည်ရှိ မင်းမှ အစ ယဉ်ကျေးမှု အနုပညာရှင် ဗိသုကာများ အပါအဝင် ပညာသည်များကို ပုဂံနေပြည်တော်သို့ ခေါ်ဆောင်ခဲ့ရသည်။

အမှန်ဆိုသော် ပုဂံတပ်မတော်သည် သထုံတိုက်ပွဲတွင် အလွယ်တကူ အနိုင်ရခဲ့သည် မဟုတ်။ စစ်ရေး ကျွမ်းကျင်သော သထုံစစ်သားတို့၏ ခံတပ်

www.burmeseclassic.com



အသွယ်သွယ်ကို အတင်းဝင်၊ အတင်းဖျက်၊ အတင်းတိုက်၊ အတင်းတက် စနစ်ဖြင့် ရက်ပေါင်းများစွာ တိုက်ခိုက်ခဲ့သဖြင့် အောင်ပွဲရခဲ့ခြင်း ဖြစ်သည်။

သထုံတိုက်ပွဲကို ကျန်စစ်သားနှင့် ဘုရင့်တပ်မတော်က တိုက်ခိုက်ခဲ့ခြင်းဖြင့် ပုဂံက ဘာရသလဲ။

ပြောစရာတွေကား များစွ။

ပိဋကတ်သုံးပုံနှင့် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော်များစွာတို့ကို ပုဂံနိုင်ငံတော်သို့ ပင့်ဆောင်လာနိုင်ခဲ့သည်။ ပြီးတော့ သထုံပြည်တွင် ထွန်းကားနေပြီဖြစ်သော အနောက် မဇ္ဈိမတိုင်းမှ ထွန်းကားပြန့်ပွားလာသည့် ယဉ်ကျေးမှု လက်ရာများ၊ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့၊ ပန်းတိမ် စသည်.....။

သထုံတိုက်ပွဲတွင် ကျန်စစ်သား၏ စစ်ရည်စစ်သွေးကို ဖွင့်မမေးရဘဲ သိနိုင်ခဲ့ကြသည်။ ပုဂံနှင့် သထုံ ဆိုသည်မှာ ရှည်လျားသော ခရီးတာကြီး။ ပြီးတော့.....သထုံသည် ပုဂံ၏ အန္တရာယ်ကို မဆွကပင် ကြိုတင်ကာကွယ်ထား ပြီး ဖြစ်သော ခံတပ်မြို့။ မြို့ကို လေးဘက်လေးတန်က ဝန်းရံထားသော ခံတပ် စခန်းများသည် ကျန်စစ်သား၏ ပုဂံတပ်များကို အထိနာစေခဲ့သည် အမှန်။ ရက်ပေါင်းများစွာ ကြာအောင် လုပ်ရည်ကြံရည် ကောင်းစွာဖြင့် ဝန်းရံတိုက်ခိုက် ခဲ့လို့သာ ပုဂံတပ်များ အောင်ပွဲရခဲ့ခြင်း ဖြစ်သည်။

သထုံတိုက်ပွဲသည် ကျန်စစ်သား၏ စစ်ရည်စစ်သွေးကို ဖော်ထုတ်ခဲ့သော ပထမဆုံး တိုက်ပွဲ ဖြစ်သည် ဆိုပါစို့.....။ ပဲခူးတိုက်ပွဲသည် ဒုတိယ စစ်ရည်စစ်သွေးပြ တိုက်ပွဲဟု ဆိုကြရလိမ့်မည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပဲခူးတိုက်ပွဲသည်လည်း အခက်ခဲဆုံး တိုက်ပွဲတစ်ရပ် ဖြစ်ခဲ့သည်လေ။

ပဲခူးတိုက်ပွဲ ဆိုတာက ခေတ်စကားသုံး၍ ပြောရမည် ဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲ ဖြစ်သည်။ ကြည့်ပါ။ ပဲခူးကို ခမာနိုင်ငံမှ ဂျွန်းစစ်သည်တို့က လာရောက် ဝိုင်းဝန်းတိုက်ခိုက်နေကြသည်။ ပဲခူးဘုရင်သည် ဂျွန်းစစ်သည်တို့ ရန်ကို ကြာရှည်လေးမြင့် ခံနိုင်မည့် ပုံမရှိ။ သို့နှင့် ပုဂံနိုင်ငံတော် ပြည့်ရှင်ဘုရင် အနော်ရထာထံသို့ သဝဏ်စေ၍ တောင်းပန်သည်။

'ပဲခူးကို ကူညီပါ၊ နယ်ချဲ့စစ်တပ်ကို တိုက်ခိုက်ပေးပါ'

အနော်ရထာ မင်းတရားသည် ကျန်စစ်သား ဦးစီးသော ပုဂံစစ်တပ်ကြီးကို ပဲခူးသို့ အမြန်ဆုံး စေလွှတ်ခဲ့သည်။ သို့သော်.....ဘုရင် အနော်ရထာသည်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရည်ဝသူ ဖြစ်တော့ ပရိယာယ်နှင့် စိတ်ဓာတ် စစ်ဆင်ရေး တိုက်ပွဲကို စီစဉ်သည်။

'ပဲခူးဘုရင်ထံသို့ ပုဂံစစ်သည် တပ်သား လေးသိန်းစေလွှတ်လိုက်ပြီ'

သည်လိုပဲ ပုဂံနိုင်ငံတော် ပြည့်ရှင်ဘုရင် အနော်ရထာက ထုတ်ပြန်ကြေညာ၏။ သို့သော် တကယ် ပဲခူးသို့ ဝင်လာသော ပုဂံတပ်မှာ ကျန်စစ်သား ဦးစီးသော တပ်မှူး လေးဦးသာ ဖြစ်၏။ ဘယ့်နှယ်လဲ စစ်သည်တပ်သား လေးသိန်း စေလွှတ်မယ် ဆိုပြီး တပ်မှူးကြီး လေးဦးသာ ရောက်လာတာက ဘာဖြစ်လို့လဲ။

ဂျွန်းစစ်သည်တို့ ဘက်မှ ထောက်လှမ်းရေးသမားတို့ အလုပ်များကြပြီ။ ဘာဖြစ်လို့ တပ်မှူးလေးဦးက စစ်သည် လေးသိန်းအဖြစ် နာမည်ခံကြသလဲ။ အမေးပုစ္ဆာတွေ ဆင့်သည်။ အဖြေကို ရအောင် ထောက်လှမ်းစုံစမ်းကြသည်။

'သည် တပ်မှူးလေးဦးက စစ်သည်တပ်သား လေးသိန်းနဲ့ ညီမျှသတဲ့'

ပုဂံတပ်ဘက်မှ ထပ်မံ ထုတ်လွှင့်သော သတင်း ဖြစ်သည်။ သည်သတင်းကို ကြားတော့ ပဲခူးကို လာဝိုင်းသော ဂျွန်းစစ်သည်တို့မှာ ယုံရအခက်၊ မယုံရအခက်။ မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ဘယ်လိုများ ဖြစ်ကြပါလိမ့်။ သည်စစ်သည်တော်ကြီး လေးဦးက စစ်သည်တပ်သား လေးသိန်းနှင့် ညီမျှသည် ဆိုတာ ဘယ်သို့ ယုံကြည်ရမှာလဲ။ ယုံကြည်စရာ မရှိ။ ယုံနိုင်ဖွယ် မမြင်၊ ယုံမှတ်ဖို့ မဖြစ်။

သည်နေရာတွင် ပဲခူးကို လာဝိုင်းသော ဂျွန်းစစ်သည်တို့က ကျန်စစ်သားနှင့် သူ၏ တပ်မှူးများ ကြွားလုံးကို ရေဖျော်ပစ်ကြသည်။ လေထဲ လွှင့်ထုတ်လိုက်ကြသည်။ အလကား ပဲတင်း ကြွားသော စကား၊ ဝါသောစကား၊ ညာသောစကား။ ပဲခူးက စစ်သည်အကူ တောင်းခဲ့သည်ကို အကူအညီ မပေးနိုင်လို့ မယုံကြည်နိုင်ဖွယ် စကားရပ်များဖြင့် ဝါကြွားကြလေတာပဲ။

သည်တော့ ဂျွန်းစစ်သည်တို့က ပုဂံမှ တပ်မှူးကြီးများကို အထင်သေးကြပြီ။ အထင်သေးသည်နှင့်အမျှ မိမိတို့ တပ်ရင်းတပ်ဖွဲ့များကို အထားအသို လျော့ပေါ့လာသည်။ အနေအထိုင် ပေါ့လာသည်။ စည်းကမ်းစနစ်များ တင်းတင်းကျပ်ကျပ် မရှိ။ သူများနိုင်ငံသို့ စစ်ချီလာကြသည်ကိုမျှ မေ့နေကြရော့သလား။

အဲသည် အခြေအနေကိုပဲ ကျန်စစ်သားက လိုချင်သည်။ သည် အခြေအနေ ရောက်အောင် မနည်းကြီး ကြိုးပမ်းအားထုတ်၍ ပရိယာယ်ဆင်ရသည်။ အကွက်ထွင်ရသည်။ ယခု မိမိတို့ ဆင်ထားသော အခြေအနေကို ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားသည် ပဲခူးမြို့ပြင်ရှိ တောအုပ်များ ဝှက်ထားသော ပုဂံတပ်သားများကို အချိန်မီ ထုတ်သုံးလေသည်။ ပုဂံတပ်များကား သထုံတိုက်ပွဲမှာ တိုက်ရည်ခိုက်ရည် အတွေ့အကြုံ ရှိသော တပ်သားများသာ ဖြစ်သည်။ သည်တော့ ပုဂံတပ်သည် ပဲခူးကို လာဝိုင်းသော ဂွမ်းစစ်သည်တို့ကို အလွယ်တကူ တိုက်ခိုက်ချေမှုန်းလိုက်နိုင်ပြီ။ ဂွမ်းစစ်သည်တို့သည် ဖရိုဖရဲ အလဲလဲ အကွဲကွဲဖြင့် ပဲခူးမှ ဆုတ်ခွာကြသည်။ ဖနောင့်နှင့်တင်ပါး တစ်သားတည်း ပြေးရင်း ကျူးကျော်သူ နယ်ချဲ့သမားတို့အတွက် ထိုက်သင့်သော ပြစ်ဒဏ်ကို ခံယူသွားကြသည်။

အဲသည်မှာ ကျန်စစ်သား၏ ဘဝ အလှည့်အပြောင်းကို အဆုံးအဖြတ်ပေးမည့် ကိစ္စ တစ်ရပ် ပေါ်ခဲ့ပြီ။ အများသိပြီး ဖြစ်ကြသည့် ပဲခူးသူ မွန်ပျိုဖြူကလေး ဖြစ်သည့် 'မဏိစန္ဒာ မင်းသမီးကလေး' ပြဿနာ။

ပဲခူးတိုက်ပွဲ အောင်မြင်ခဲ့၍ ပဲခူးဘုရင်က သမီးချောကလေးကို ဘုရင်အနော်ရထာထံသို့ ဆက်သခဲ့ပါ၏။ ကြီးမားလှသော ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ချစ်စွာသော သမီးတော် မဏိစန္ဒာကို အကြည်တော် အနော်ရထာ ဘုရင်မင်းမြတ် မိဖုရား တင်မြှောက်ရန် လက်ဆောင် ပို့သလိုက်သည့် အကြောင်း။ သီးခြား သဝဏ်လွှာ တစ်စောင်လည်း တင်ဆက်လိုက်သေးသည်။

ကျန်ခဲ့သည့် အကြောင်းရပ်တို့ကတော့ ရှေ့ပိုင်းမှာ တင်ပြခဲ့ပြီ။ ကျန်စစ်သားနှင့် ပဲခူးမင်းသမီး မဏိစန္ဒာတို့ မေတ္တာနှောင်ထုံးမိရာမှ ခုလို ကျန်စစ်သားမှာ နေပြည်တော်က အသက်ကို လု၍ ထွက်ပြေးခဲ့ရသည့် ဖြစ်ရပ်။ ဇာတ်သဘောကဖြင့် ပြန်ပြောရမှာပင် မျက်ရည်လည်စရာ..... ။

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သော သမျှလ ဒေဝီ

၁

လှပသာယာသော တစ်ခုသော နံနက်ခင်း။

မြောက်လေက ခပ်ရှမ်းရှမ်းကလေး သွေးနေသည်။ အညာဒေသ
ဆောင်းနံနက်ခင်းမို့ ချမ်းအေးလိုက်ပုံက အရိုးထဲအသားထဲကပင် ခိုက်ခိုက်တု
စရာ ကောင်းပါဘိ။

ကြောင်ဖြူရွာကလေးသည် ဆောင်းနံနက်ကို ကြိုဆိုရင်း လှုပ်လှုပ်ရှ
ဖြစ်လာပြီ။ ရွာသားတို့သည် ယာခင်းထဲ ဆင်သူဆင်း၊ နွားစာစဉ်းသူစဉ်း၊ နံနက်ဆေ
စော ရဟန်းကျောင်းသို့ သွားသူသွား လာသူလာနှင့်။ သူလည်း သူ့တာဝန်
ကိုယ်လည်း ကိုယ့်လုပ်ငန်း ခြေလှမ်းမပျက် ရှပ်ရှက်ခတ်အောင် အလုပ်များနေကြ
စဉ် ..... ။

အသက်ကို တွက်စစ်လို့မှ အနှစ် နှစ်ဆယ် မပြည့်တတ်သေးသော လုံ
တစ်ဦးသည် မထေရ်ကြီး 'ရှင်မထီး' ၏ ရဟန်းကျောင်းဝင်းသို့ ခပ်ရှရှ ခ
ကလေး လျှောက်လှမ်းဝင်လာသည်။ သူ့ကိုယ်မှာ အညာစောင်ကလေး တစ်ထည်
ကို ခပ်လုံလုံ ခြုံလွှမ်းလို့။ လက်ထဲမှာတော့ စားသောက်ဖွယ်ရာ ဟင်္ဂ ဆွမ်းထည့်
ထားသော ဆွမ်းအုပ်ကို တရိုတသေ ကိုင်လျက်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့.....သမ္မာလ၊ ဧောလှချည့်လား'

မိန်းမပျိုကလေးသည် နာမည်ခေါ်သံ ကြားရာဆီသို့ ရုတ်တရက် လှည့်ကြည့်သည်။ သူ လှည့်ကြည့်လိုက်တော့ မန်ကျည်းပင်ရိပ်မှာ အမှိုက်လှဲနေသော သစ်ခေါက်ဆိုး သင်္ကန်းဝတ် မထေရ်တစ်ပါးကို တွေ့ရ၏။

'ပြော်.....ဦးရီးတော်က ဒီမှာကိုး၊ တပည့်တော်မ ယာဂုဆွမ်း လာပို့တာ၊ ဧောနေသလား ဘုရာ့.....၊ ဆွမ်းကျက်တာနဲ့ အရုဏ်လာတာမို့ တစ်ခါတည်း ထွက်လာခဲ့ပါတယ် ဘုရား.....'

'အေးဟဲ့.....သည်ကနေ့ တူမတော်လာတာ နည်းနည်းစေ ထင်ပါ့၊ ကိစ္စ မရှိလေ၊ ဧောဧော လာကပ်တော့ ဧောဧော ဘုဉ်းပေးရတာပေါ့၊ ကဲ.....ကဲ..... လာ ကျောင်းပေါ်ကို.....'

မိန်းမပျိုကလေးသည် မထေရ်ကြီးနှင့်အတူ ဆွမ်းစားကျောင်းပေါ်သို့ တက်သွား၏။ ဆွမ်းအုပ်ကို မထေရ်ကြီးအား ကပ်လှူပြီးတော့ မိန်းမပျိုက မဆိုရဲ ဆိုရဲနှင့် စကားစသည်။

'ဦးရီးတော်ဆီ ဧောဧော ဆွမ်းလာပို့တာ ကိစ္စရှိလို့ပါ ဘုရား.....'

'ဟဲ.....ဘာကိစ္စများလဲ၊ တို့ရဟန်းတွေ ဆိုတာ လူသာမန်တွေရဲ့ ကိစ္စနဲ့ မပတ်သက်ကောင်းဘူး တူမတော်ရဲ့'

'တင်ပါ ဘုရား၊ ဦးရီးတော်ဘုရားနဲ့ မပတ်သက်ပါဘူး ဘုရာ့.....၊ တပည့်တော်ရဲ့ ကိစ္စပါ'

'အေးလေ.....မာတုကာမတွေရဲ့ ကိစ္စနဲ့ ဦးရီးတော်တို့မှာက ကင်းကွာခြားခဲ့ပြီပဲ၊ ကဲပါလေ.....ရောက်လာမှတော့ ဆိုစမ်း ဆိုစမ်း.....'

ရှင်မထီးအမည်ခံ မထေရ်ကြီးမှာ ပြောပြီးကာမှ အားနာသွားသည် ထင်ရဲ့၊ မိန်းကလေးကို စကားပြောဖို့ ခွင့်ပေးလိုက်သည်။

'သည်လိုပါ ဦးရီးတော် ဘုရာ့၊ တပည့်တော်မ မနေ့ညက အိပ်မက်ကောင်း မက်ပါတယ် ဘုရာ့.....'

'အင်း.....'

'အိပ်မက်က ဆန်းလိုက်တာ ဘုရာ့.....၊ နေလုံးနီနီကြီးက တပည့်တော် မဆီ လာပြီး စကားပြောတာ ဘုရာ့.....၊ ပြီးတော့ နေလုံးနီကြီးက တပည့်တော် မကို ပန်းစည်း တစ်စည်း လက်ဆောင်ပေးသွားတယ် ဘုရာ့'

www.burmeseclassic.com

www.burmeseclassic.com



တူမတော် သမ္မုလက တင်စရာ ရှိသော စကားကို တိုတိုပဲ တင်လျှောက်နေ၏။

ရှင်မထိး အမည်ခံ မထေရ်ကြီးသည် နှုတ်မှ ဘာမျှ မြွက်ဟလို့ မဆို။ တူမတော်ကလေး၏ စကားကို နားစိုက်ထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။ စောစောက သူ့အိပ်မက်ကို မြွက်ဟလျှောက်ကြားနေသော သမ္မုလက ဦးရီးတော် ရဟန်းထံမှ စကားအလှာကို စောင့်နေလေသည်။

အမှန်တော့ မထေရ်ကြီးသည် မြွက်ဆိုစရာ စကားကို သင့်၏ မသင့်၏ စဉ်းစား ချင့်ချိန်နေဟန် တူသည်။ တူမတော်ခမျာမှာ မိဘမဲ့ တစ်ကောင်ကြွက် ကလေး၊ ကြည့်ရှုစောင့်ရှောက်မည့်သူ မရှိ။ သူ၏ မိဘနှစ်ပါးစလုံးမှာ သင်းကလေး အပျိုဖော် မဝင်မီ အရွယ်ကပဲ ပိုးထိပြီး ကွယ်လွန်ရှာခဲ့သည်။ သို့နှင့် မိန်းကလေး၏ ဖခင်နှင့် ညီရင်းအစ်ကိုတော်သော မထေရ်ကြီးက မိန်းကလေးကို စောင့်ရှောက် နေရသည်။ သူ့ကို ကြောင်ဖြူရွာ၊ ရွာလူကြီးများထံ အပ်နှံပြီး အမှာစကား ဆိုထားရ၏။ ကြည့်ပါ၊ ရှုပါ၊ စောင့်ရှောက်ပါ၊ ဆုံးမစရာရှိ ဆုံးမ၊ သွန်သင်စရာ ရှိလျှင် သွန်သင်၊ ကျွေးစရာရှိ ကျွေး၊ ပေးစရာရှိ ပေး။

ခုဆို သည်တူမငယ်က သူ့အိပ်မက် အတိုအထွာကို လာပြောပြီး အဓိပ္ပာယ် ကောက်ပေးပါဟု မဆိုသော်လည်း ဆိုဘိသို့၊ မပြောသော်လည်း ပြောဘိသို့။

အဲသည်တော့လည်း မထေရ်ကြီး ရှင်မထိးအဖို့ 'ဘုန်းကြီးအမှု ရွာမပတ်' ဆိုတဲ့ တူမကိစ္စက မိမိထံ တည့်တည့်ကြီး ဝင်တိုးသည့် ကိန်းဆိုက်နေပြီ။ ဟယ်..... အတတ်နိုင်ပြီဘူး၊ မိဘမဲ့ ကလေးမကို လိုအပ်သမျှတော့ တိုတိုပြတ်ပြတ် ပြောလိုက် ရပဲ။

သို့နှင့် မထေရ်ကြီး ရှင်မထိးက ဆိုရ ပြောရပြီ။

'အေး.....တူမတော်ရဲ့ အိပ်မက်က အတိတ်နိမိတ်ကောင်းကို ဆောင်ပေ တယ်၊ မကြာခင် တူမတော် သမ္မုလရဲ့ အိမ်ကို အမျိုးကောင်း ယောကျာ်းသား တစ်ယောက် မမျှော်လင့်ဘဲ ရောက်လာလိမ့်မယ်၊ ရောက်လာရင် ကောင်းစွာ သုပ်ကျွေး၊ ကောင်းစွာ ပြုစု၊ ကောင်းစွာ ဆည်းကပ်၊ မယ်မင်းအဖို့ မှီခိုအားထား ရမယ့် ယောကျာ်းမြတ်ဆိုတာ ကောင်းကောင်းကြီးမှတ်၊ ကောင်းကောင်းကြီး သတိချပ်၊ ကဲ..... ပြန်တော့'

www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးအား ဦးခိုက်ဝပ်တွားနေသော သမ္ဗုလသည် အံ့ဩဟန်ဖြင့် မော်ကြည့်သည်။ ဦးရိုးတော် မထေရ်ကြီး စကားက ထူးလည်း ထူးပါပေ၏ ဆန်းလည်း ဆန်းပါဘိ။ နားမရှင်းတာကလေး တစ်ခုနှစ်ခုလည်း ပါသည်။ ဒါ ကို ရှင်းလင်း အောင် ထပ်လို့ တင်လျှောက်မေးမြန်းမည် ကြံစည်ပါ၏။ သို့သော်— ဦးရိုးတော် ရှင်မထီး၏ လေသံက ပြတ်သည်။ စကားအသုံးအနှုန်းက ဆတ်သည်။ ပြီးတော့ နောက်ထပ် စကား အဆက်အစပ် မလာအောင် တိခနဲ ဖြတ်ထားလည်း မဟုတ် လား။

သည်တော့ မိန်းမငယ် သမ္ဗုလသည် ဦးရိုးတော့် ရှင်မထီးကို တည်ငြိမ်စွာ ဦးခိုက်ကန်တော့သည်။ ပြီးတော့ ကျောင်းအာရမ်အတွင်းမှ လေးတွဲပျင်းရိပ်ဖြင့် ခြေလှမ်း၍ ထွက်လာခဲ့၏။ တစ်လှမ်းချင်း လှမ်းထွက်လာရင်း ဦးရိုးတော် ၏ စကားစကို တွေးလာသည်။ မိမိအိပ်မက်နှင့် ဘာဆိုင်လို့များ ယောကျ်ားသားက ရောက်လာရမှာလဲ။ သည်ယောကျ်ားသားကို ဘာဖြစ်လို့ လုပ်ကျွေးပြုစုရမှာလဲ။ ဘယ်လို လုပ်ကျွေးပြုစုရမှာလဲ။ အဲသည်လို လုပ်ကျွေးတော့ ဘာအကျိုးကျေးဇူး ခံစားရမှာတဲ့လဲ.....။

၂

ကျန်စစ်သားသည် အဝေးကနေ၍ ရွာကလေးကို လှမ်းမျှော်ကြည့်သည်။ ကြံခင်း တွန်သံ စည်စည်ဝေ၊ ခွေးဟောင်သံ ဆူဆူညံညံနှင့်၊ ရွာသူရွာသားတို့သည် ယာထဲ ဝင်သူ ဝင်၊ သစ်ပင်ခုတ်သူ ခုတ်၊ သစ်ငုတ် မီးရှို့သူ ရှို့။ ကိုယ့်အလုပ်နှင့်ကိုယ် မအားအောင် ရှိနေကြသည်။

သည်ခဏမှာ ရွာဦးရှိ မန်ကျည်းပင်ရိပ်ရှေ့ တဲအိမ်ငယ်ကလေး တစ်အိမ်ရှေ့ မှာ ရပ်လိုက်သည်။ အိမ်ထဲသို့ လှမ်းကြည့်သည်။ လူသူလေးပါး အရိပ်အရောင် များ မြင်ရလေမလား။ တွေ့ရလေမလား။ ကြားရလေမလား။

သို့သော် ဘယ်သူ့ကိုမျှ မမြင်ရ။ အိမ်ထဲမှာ လူရှိတန်ကောင်းရဲ့ဟု သူက တွေးသည်။ တွေးရင်းပဲ အိမ်ကလေးထဲသို့ ခြေတော့နင်းထော့နင်းဖြင့် ဝင်လာ သည်။ အိမ်ထဲမှာလည်း လူသူ အစအန မမြင်။

www.burmeseclassic.com

www.burmeseclassic.com



ခက်ကပြီ။ မိမိမှာ ခရီးအဝေးကြီးက တစ်ညလုံး ခရီးပြင်း နှင်လာသူ၊ ဆါင်မှာလည်း ဒဏ်ရာကြီးနှင့်၊ ဒဏ်ရာက သွေး တစ်စက်စက်၊ သည်တော့ ဆုတ် သည်။ ရေကလေး တစ်ပေါက် သောက်ချင်လှပြီ။ ဝင်လာသည့် အိမ်မှာက အိမ်ရှင် မရှိ၊ လူသူမတွေ့။ အဲ.....သူတွေ့သည်က သောက်ရေအိုးစင်နှင့် သောက် ရေအိုး တစ်လုံး။ သပ်သပ်ယပ်ယပ် တင်ထားသော ရေအိုးသည် ရေများ တစိမ့်စိမ့် နှင့် သောက်ချင်စဖွယ် ရှိပါဘိ။

မတတ်သာပြီ။ ကျန်စစ်သားသည် အိမ်ထက်သို့ အားယူ၍ တက်သည်။ ပြီးတော့ သောက်ရေအိုးမှ ရေမှုတ်ကို ယူ၏။ ရေကို ခပ်၏။ ရေကို တဝကြီး သောက်သည်။ တစ်ခွက်ပြီး တစ်ခွက် တစ်မှုတ်ပြီး တစ်မှုတ် အားရပါးရပင် သောက်နေသည်။

သည်အချိန်မှာ...., အဲသည့်အချိန်မှာ.....

အိမ်ဝင်းထဲသို့ မိန်းမပျိုကလေး တစ်ယောက် ပြေးဝင်လာသည်။ ကသုတ် ကယက် ရေးကြီးခွင်ကျယ် ပြေးဝင်လာသော မိန်းကလေး၏ ဟန်ကပဲ ချစ်ခင် စရာ ကောင်းပါဘိ။ နှာတံပေါ်ပေါ် မျက်ခုံးကောင်း မျက်လုံးကောင်း၊ အသားအရေ က ပြေပြစ် နုနယ်သူ၊ အရွယ်ကလည်း ပွင့်သစ်စ၊ ပျိုမျစ်နုနယ် အလှကြွယ်လို့ ကောင်းဆဲ ဆိုပါစို့။

မိန်းမပျိုကလေးသည် သူ့ကိစ္စနှင့် သူ ဝင်လာသမို့ ကျန်စစ်သားကို လုံးဝ မမြင်။ အိမ်ပေါ်တက်မည် အပြု လှေကားခုံကို နင်းလိုက်သည်နှင့် အိမ်ခေါင်း ရင်းက သောက်ရေအိုးစင်မှာ ရေမှုတ်ကို ကိုင်ပြီး ရေတစ်ကျိုက်ကျိုက် မော့နေ သူကို တွေ့ပြီ သူ ဘယ်သူလဲ။ ဘယ်က လာသလဲ။ အဘယ်ကြောင့် မိမိ၏ အိမ်ကို ပိုင်စိုးပိုင်နင်း ကျော်ဆင်းဝင်ရောက်လို့ ရေသောက်နေရသလဲ.....။

မိန်းမပျို သမ္ဘူလသည် ရုတ်တရက် ဒေါသစိတ်များ ဝင်လာသည်။ မိန်း မျိုကလေး တစ်ဦးတည်းနေသော အိမ်မှန်းသိလို့ လူသိရှင်ကြား စော်ကားလေ သလား။ သည်သို့ဆိုလျှင် နဂါးမှန်းသိအောင် အစွယ်ထောင်ပြရမည် မဟုတ်လား။

'ဒီမှာ..... ရှင်ဘယ်သူလဲ'

သမ္ဘူလက ဒေါသသံဖြင့် မေးသည်၊ ရေမှုတ်ကို အငမ်းမရ ကိုင်ပြီး မော့နေသော ထိုလူက မဖြေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ.....အိမ်ရှင် မရှိတုန်း ဘယ့်နှယ် အိမ်ပေါ် တက်ပြီး ခွင့်မတောင်းဘဲ ရေသောက်နေရတာလဲ.....'

ရေသောက်နေသူက သူ့ကို မပြောသလို မထုံတက်တေး လုပ်နေသည်။ ရေမှုတ်ထဲက ရေကို တစ်စက်မကျန် မော့သောက်သည်။ ပြီးတော့မှ ရေမှုတ်ကို ရေအိုးစင် အဖုံးပေါ်မှာ မှောက်လျက် သပ်သပ်ယပ်ယပ် ပြန်တင်နေသေး၏။

ခုမှ သူက သမ္ဗူလထံ လှည့်ကြည့်သည်။ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသော မိန်းမပျိုကလေးကို သူ ရင်ဆိုင်နေရပြီ။ ရော.....ခက်ပါပကောလား။ သူ့ရေအိုးက ရေကို သောက်မိတာနဲ့ ရန်တွေ့နေပါပကောလား။

ကျန်စစ်သားသည် ဒေါသရှင် မာနခဲကလေးကို မရဲတရဲ ကြည့်၏။ ပြီးတော့ အသာပဲ မျက်လွှာ ချလိုက်သည်။

'ရေငတ်လွန်းလို့ ရေဝင်သောက်မိတာပါဗျာ၊ အိမ်ရှင်တွေ မရှိတုန်း ရေဝင်သောက်မိတာ ခွင့်လွှတ်ပါ'

သူက ခဏ နားသည်။ ပြီးတော့ ပြောရမည့် စကားကို ခပ်ရဲရဲပင် ပြောချလိုက်ပါပြီ။

'ပြီးတော့.....ကျွန်တော့်ကို ထမင်းကျွေးပါ'

'ဘာရှင်.....ဘာပြောတယ်'

'ရှင်းပါတယ်ဗျာ.....ကျွန်တော် ထမင်းဆာတယ်.....ကျွန်တော့်ကို ထမင်းကျွေးပါဗျာ'

ကောင်းကြပါရောလား။ ဘယ်ကလာလို့ ဘယ်ကို သွားမည့်သူမှန်း မသိရသော လူတစ်ယောက်က အိမ်ပေါ်တက်ပြီး ရေသောက်နေသည်။ သူ့ကို ဘယ်က လူမှန်း သိရအောင် မေးတော့ သည်လူက မဖြေ။ အဲ.....သူ ပြောတာကတော့ တစ်ခုပဲ ရှိသည်။ ထမင်းများ သုံးဆောင်ချင်ပါသတဲ့။

ခုမှ ခက်ပြီ။ မေးမိတာပဲ မှားပြီလား မသိ။

သမ္ဗူလက ထိုလူကို တအံ့တသြ ကြည့်နေမိသည်။ သူ့ကို ကြည့်ရတာ နည်းနည်းတော့ ထူးသည်ဟု ထင်သည်။ ဘာထူးတာလဲ။ အပြောအဆိုလား။ အပြုအမူလား။ အနေအထိုင်လား။

အို.....မေးမနေနှင့်။ ထူးသမှ သူ့တစ်ကိုယ်လုံး စိတ်ဝင်စားရာချည်းလို့ သမ္ဗူလ ထင်လိုက်သည်။ သို့သော် မိန်းမတို့ ဣန္ဒြေ ရှေ့ပေးလို့ မရပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သူ့အကဲကို စောင့်ကြည့်ဦးမှ၊ သူ့အပြုအမူကို အကဲခတ်ဦးမှ၊ သူ့အပြောအဆိုကို ဝေဖန်ကြည့်ဦးမှ..... ။

သည်ခဏမှာ ကျန်စစ်သားက အိမ်ရှင် အမျိုးသမီးကို မျက်လုံး လှန်ကြည့်သည်။ အခြေအနေက အားရစရာ မရှိပါကလား။ ရေတစ်မှုတ်တော့ သောက်ပြီးပြီ၊ ထမင်းတစ်လုတ်လောက် စားပါရစေ ဆိုတာ အိမ်ရှင်က မလှုပ်။ သည်လိုဆို မျှော်လင့်စရာဖြင့် မရှိ။ နောက်တစ်အိမ်ပြောင်းပြီး ထမင်းတောင်းစားရတာကမှ သေချာလိမ့်ဦးမည်၊

သည်အတွေးဖြင့်.....

ကျန်စစ်သားသည် နောက်ထပ် စကားမဆိုတော့ဘဲ အိမ်ပေါ်မှ ဆင်းရန် ပြင်သည်။ သူက ရေအိုးစင်ဘေးမှာ ထောင်ထားသော လှံကို ယူ၏။ ပြီးတော့ လှေကားဆီသို့ စောစောကလိုပဲ ထော့နင်းပြီး လျှောက်လာသည်။ ခြေထောက် နာလွန်းတော့ သူက လှံကို အားပြု၍ ထောက်လိုက်မိ၏။

သည်ခဏမှာ.....

ကျန်စစ်သားသည် ကြမ်းပြင်သို့ ပုံလျက်သား လဲကျ သွားသည်၊ သူက လှံကို အားယူ၍ ထောက်မိသည်။ သိကြသည့်အတိုင်း ဝါးကြမ်းခင်းသော တဲအိမ်မှာ လှံဖြင့် ထောက်၍ အားပြုလေတော့ လှံက ဝါးကြမ်းကို ဖောက်ဝင်သွား၏။ သူ့ခမျာ နေရာတွင်ပဲ အလဲကြီး လဲပြီ။ လဲသည်မှ အရုပ်ကြိုးပြတ် ပုံလဲသွားသည်။

'အို.....'

သူလဲဟန် သူ့ပုံပန်းကို မြင်တော့ မိန်းမချော သမ္ဘူလခမျာ သည်းမှု အသည်းမှမာနိုင်ရှာ။ 'အို' ဆိုသော အာမေဍိတ်တစ်လုံး လက်ဆောင်သပြီး လဲနေသူ အနီးသို့ ပြေးသွားသည်။ အဲသည် အချိန်မှာပဲ ကျန်စစ်သားက နေရာမှ ကုန်း၍ ရုန်းထသည်။ ရှိသမျှ အားကို ဖျစ်၍ ညှစ်၍ ထတော့ ပေါင်က ဒဏ်ရာမှ သွေးတွေက အတားအဆီးမရှိ စီးကျလာသည်။

'ဟင်..... ပေါင်မှာလဲ ဒဏ်ရာကြီးနဲ့ပါလား'

အနားရောက်တော့လည်း သမ္ဘူလခမျာ ဒုက္ခိတ ဧည့်သည်ကို မကိုင်ရဲ မဆိုရဲ။ အဖိုဆို၍ ယင်ဖိုမျှ မသမ်းဘူးသေးသော အပျိုစင်သည် ယောကျ်ားရင့်မာကြီးနှင့် တွေ့တော့ ရင်တဒိတ်ဒိတ် ခုန်ပြီ။ တုန်လှုပ် ခုန်ပျံနေသော စိတ်ကို မနည်းကြီး ထိန်းသိမ်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားက လဲရာမှ ထဖို့ မကြိုးစားတော့။ သူက အနီးရှိ အိမ်နံရံကို မှီပြီး အမောဖြေနေလိုက်သည်။ အနာက နာလွန်းသမို့လည်း အံကို ကြိတ်ပြီး ဆိတ်ဆိတ် နားနေရသည်။ ခဏကြာတော့ သမ္ဗျူလက မေးခွန်းထုတ်နေလေ၏။

'ရှင်.....ရှင် ဘယ်ကလဲ.....ဟင်'

'နေပြည်တော်က'

'ဘာအလုပ် လုပ်သလဲ'

'စစ်သား'

'ရှင်.....'

'စစ်သား၊ ဘုရင့်တပ်မတော်သား'

'ဩော်.....ရှင်က စစ်သားကိုး'

ခဏမျှ ငြိမ်သက်သွား၏။ ကျန်စစ်သားက ခေတ္တမျှ မျက်လုံးကို မှိတ်ပြီး အနားယူနေသည်။ နောက်တော့ သမ္ဗျူလက ထပ်မေးမြန်းလေသည်။

'ရှင့် နာမည် ဘယ်သူလဲဟင်.....'

'ကျန်စစ်သား'

'ဘယ်သူ.....ရှင့်'

'ကျန်စစ်သား.....တဲ့'

'ရှင့်နာမည် ကျန်စစ်သား ဟုတ်လား.....၊ အနော်ရထာမင်းကြီးရဲ့ သားတော် ကျန်စစ်သားလား.....ဟင်'

'...........'

'ဟုတ်လားဟင်'

'ဆိတ်ဆိတ်နေရင် ဝန်ခံသတဲ့ဗျာ၊ ကျွန်တော် ဝန်ခံပြီးပါပြီကော၊ ဟုတ်ပါတယ်.....ကျွန်တော်ဟာ ကျန်စစ်သား'

'ဩော်.....ရှင်က ဘုရင့်တပ်မတော်က ကျန်စစ်သားကိုး၊ ဒါနဲ့.....ရှင် ဒီကို ဘာလုပ်လာခဲ့တာလဲ ရှင်'

'ထွက်ပြေးလာတာ'

'ဘယ့်နှယ်.....'

'မင်းပြစ်မင်းဒဏ် သင့်လို့ ထွက်ပြေးလာတာပါဗျာ၊ ဒါလောက်ဆို ပြေပါရစေတော့'

www.burmeseclassic.com

www.burmeseclassic.com



သူက စကားကို ပိတ်ပြောလိုက်၏။ ဒဏ်ရာက နာသည်။ အစာမစားရ တာ နှစ်ရက်မျှ ရှိပြီမို့လည်း လူက အင်အားမရှိ။ နွမ်းနယ်နေပြီ။

'ကဲ..... ခင်ဗျားမေးတာ ဖြေပြီးပြီ..... ကျွန်တော် ခိုင်းတာ လုပ်ဦး'

'ဟင်..... ရှင်ခိုင်းတာ ဟုတ်လား၊ ရှင်က ကျွန်မကို ဘာခိုင်းထားတာလဲ'

'ဩော် မေ့တတ်လှချည့်လား သူငယ်မရယ်၊ ကျွန်တော့်ကို ထမင်းကျွေး ပါလို့ ပြောတာ မေ့သွားပြီလား'

သည်တော့မှ သမ္ဘူလက သတိရသည်။ ဟုတ်သားပဲ၊ သူ ထမင်းစားချင် တယ်လို့ ပြောထားသည် မဟုတ်လား။ ဒါပေမယ့် ထမင်းအရင် ကျွေးရမှာလား။ သူ့ခြေထောက်က ဒဏ်ရာကြီးကို အရင် ဆေးထည့်ရမှာလား၊ ဘာအရင်လုပ် ရမှာလဲ..... ။

'ရှင် ထမင်းစားချင်တာ ကျွေးပါ့မယ်၊ ဒါပေမယ့် ရှင့်ခြေထောက်က ဒဏ်ရာကို ဆေးမထည့်တော့ဘူးလား။ ဆေးထည့်ပြီးမှ ထမင်းစားလေ'

'ဘာလဲ..... ခြေထောက်က ဒဏ်ရာလား၊ အသေးအဖွဲပါဗျာ၊ ထားလိုက်စမ်း ပါ၊ ထမင်းယူခဲ့၊ ဟင်းယူခဲ့၊ ရှိတာနဲ့ ကျွေး၊ စားပြီးတော့မှ ခင်ဗျားထည့်ပေးချင် တဲ့ ဆေး ထည့်ပေတော့..... ကျေးဇူးရှင်မကြီးရယ်'

သမ္ဘူလက သူ့စကားကို ကြားတော့ ဣန္ဒြေမဆည်နိုင်ဘဲ ပြုံးမိသည်။ မြို့ဘဲနှင့် ဝါးလုံးကွဲပင် ရယ်ချချင်ပါသေးရဲ့..... ။ အားနာလို့သာ အောင့်အည်း နေရသည်။ ကြည့်လေ..... သူများအိမ်ပေါ် ကျူးကျော်တက်ပြီး ရေသောက်လာသော သူစိမ်းယောကျာ်း တစ်ယောက်။ ခုတော့ သူက အိမ်ရှေ့ခန်းမှာ ခန့်ခန့်ကြီး နေရာယူလို့။ ထမင်းကျွေးရမယ် ဆိုတာကို အမိန့်ပေးသလိုလို၊ ငေါက်လို့၊ ငန်းလို့။ ဒါနှင့် အားမရသေး။ ထွေသ် ငေါ့သံနှင့် ကျေးဇူးရှင်မကြီးလို့ ခေါ်ပြန်သေး။

မတတ်နိုင်ပြီ။ သည်လူ့ခမျာ ထမင်းမစားရတာ ရက်အတော်ကြာပြီ ထင် ပါရဲ့။ သူပြောသလို ထမင်းအရင်ကျွေးပြီး နောက်မှပဲ ဆေးထည့်ပေးရတော့မည်။

သည်လိုနှင့် သမ္ဘူလက ထမင်းပွဲကလေး တစ်ပွဲ အမြန်ဆုံး ပြင်ဆင်ကျွေး ရသည်။ နံနက်စောစောကတည်းက ဘုန်းကြီးကျောင်း သွားနေတော့ ထမင်းမချက် ရသေး။ ကိစ္စမရှိ။ သူ့စကားအတိုင်း ရှိတာနဲ့ပဲ ပြင်ကျွေးရတော့မည်။

ကျွန်စစ်သားသည် ထမင်းကြမ်း အေးအေးကို အားရပါးရ [illegible] ပြီး လွှာနေသည်။ အသံက အနည်းငယ် ပိုပြီး ပျော့ပျောင်းလာသည်။ စောစောကလို ဒေါသသံ၊ စိတ်တိုသံများ မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ညီမ အဖေ အမေတွေလည်း မတွေ့ပါလား'

ခုမှပဲ သည်မေးခွန်းကို မေးဖော်ရတော့သည်။ စောစောကတော့ ထမင်းစားဖို့ တစ်ခုတည်းသာ သူ့စိတ်ထဲမှာ ရှိသည် ထင်ရဲ့။

'အဖေနဲ့ အမေတို့ မရှိတော့ဘူးရှင့်'

'ဒါဖြင့်ရင် ဒီအိမ်မှာ.....'

'အေးလေ..... ကျွန်မ တစ်ယောက်တည်းပေါ့'

'ဒါဖြင့်ရင် ညီမ မပူနဲ့.....၊ အခု ဒီအိမ်မှာ ညီမတစ်ယောက်တည်း မနေရတော့ဘူး..... မောင်ကြီးနဲ့ အတူ နှစ်ယောက်နေကြမယ် ဟုတ်လား'

ကျန်စစ်သားက မပြုံးမရယ် တည်တည်ကြီး ပြောနေ၏။

'ဗုဒ္ဓေါ မြတ်စွာဘုရား၊ ကယ်တော်မူပါ'

ဒါကတော့ သမ္ဘူလရဲ့ ရင်ထဲမှ အသံမပြည်ဘဲ ပေါ်ထွက်သော အာမေဍိတ်ပါ။ ကြည့်ကြပါဦး။ ခုမှ ရောက်လာတဲ့ ဧည့်သည် အာဂန္တု တစ်ယောက် လူပျိုစကားကို ပြတ်ပြတ်သားသားကြီး ပြောနေပါပကောလား။ သည်ပုံနဲ့ဖြင့် ခက်နေပါပြီ။ သမ္ဘူလမှာ ဘာပြန်ပြောရမည် မသိ။

'ဟုတ်လား..... မောင်ကြီးလဲ ဒီအိမ်မှာ ညီမနဲ့အတူ နေမယ်နော်၊ ညီမ သဘောမတူဘူးလား'

ကဲလို့ပင် လာပြန်ပြီ။ အပျိုလေး တစ်ဦးတည်းနေသော အိမ်မှာ သွေးသား မတော်စပ်သော ယောကျ်ားရင့်မာကြီး တစ်ယောက်က အတူလာနေမယ်လို့ ခပ်လွယ်လွယ်ပဲ ပြောနေပြန်ပါ၏။ သည်တော့ အပျိုစင် သမ္ဘူလခမျာ ဘာဆိုဘာမှ မပြောတတ်၊ မဆိုတတ်။

အဲသည်တော့.....သူက ကျန်စစ်သားကို ပြန်ကြည့်နေမိသည်။ ကြည်လင်ဝိုင်းစက်သော မျက်လုံးအိမ်မှာ ရစ်ဝိုင်းလာသော မျက်ရည်ဥလေးများကို အပျိုစင် သမ္ဘူလက မထိန်းနိုင်ရှာ၊ ဝမ်းသာသော မျက်ရည်လား၊ ဝမ်းနည်းသော မျက်ရည်လား။

တစ်ခုတော့..... စဉ်းစားစရာ။ မနက်တုန်းဆီက ဦးရိုးတော် ရှင်မဟာ ပြောခဲ့ ဟောခဲ့သော မှီခိုအားထားရမည့် ယောကျ်ားမြတ်ဆိုတာ ဒါပဲ ဖြစ်လေမလား။

တဒင်္ဂကလေးပါ။ တစ်ခဏလေးပါ။ သမ္ဘူလက ရွှန်းလဲ့သော မျက်လုံးဝိုင်းကြီးများဖြင့် ကျန်စစ်သားကို ပြန်ကြည့်နေဆဲ.....။

www.burmeseclassic.com

www.burmeseclassic.com



သည်ခဏမှာ အပျိုစင် သမ္ဘူလ၏ နူးညံ့သွဲ့ပျောင်းသော ညာလက်ဖမိုးကို လက်ကြမ်းကြီး တစ်ဖက်က လာလို့ ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ အဲသည်လက်ပိုင်ရှင် ကျန်စစ်သားက စစ်သားနှင့် မတန်သော ချစ်စရာ အနုအရွ စကားကို ထပ်လို့ ဆိုပြန်ပါသည်။

'နော်..... ညီမ၊ သည်အိမ်မှာ မောင်ကြီးနဲ့ ညီမတို့ ကြင်ကြင်နာနာ ယုယုယယနဲ့ အတူနေကြရအောင်လားကွယ်'..... တဲ့။

၃

ကျန်စစ်သားသည် ယခုအခါမှာတော့ အသွင်ပြောင်း၍ နေပါပြီ။ ကြောင်ဖြူရွာမှာ အခြေစိုက်နေရပြီ ဆိုတော့ ယာသမားကြီး စစ်စစ် ဖြစ်နေပြီ။ ထွန်တုံးကို ပြင် နွားကို နှင်ပြီး မိုးစင်စင် မလင်းမီက ယာထဲ ဆင်းရသည်။ ကျောကုန်းမှာ နေခြစ်ခြစ်တောက် ပူသည့်ဒဏ်ကို ခံရသည့် စွမ်းအင် ရှိနေပြီ။ ချွေးတုတ်တုတ်ကျမှ ထမင်းဝဝ စားရသော တောသား တစ်ဦး၏ ဘဝကို လှလှကြီး ရောက်ခဲ့ပြီ၊ ဘာပဲဖြစ်ဖြစ်..... ခုလို ဘဝမှာ သူပျော်သည်။ ကျေနပ်သည်။ အားရလေသည်။

ကြည့်ပါတော့..... ခုနေအချိန်မှာ ကျန်စစ်သားအဖို့ နိုင်ငံရေး လုပ်ငန်းများကို မတွေး။ အုပ်ချုပ်ရေး ကိစ္စများကို မစဉ်းစား။ စစ်ရေးအကြောင်းများကို အလေးမထား။ နေထွက်မှ နေဝင် ယာခင်းပြင်မှာ ချင်ကြင်သူ သမ္ဘူလနှင့်အတူ အချိန်ကုန်သည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုလည်း ဟုတ်သည်။ မယ်ထစ်ထမ်း မောင်တစ်ရွက်ဆိုလည်း မှန်သည်။ ချစ်သူမျက်နှာကို တစ်ဝကြီး ကြည့်ပြီး လုပ်ငန်းခွင် ဝင်ရသော မိမိအဖို့ ပင်ပန်းသည် မှန်စေ၊ မပန်း။ နွမ်းနယ်သည် မှန်စေ မနွမ်း။ ဘာဖြစ်လို့လဲ ဆိုတော့.....

သည်ကိစ္စကို အပြည့်အဝ ရှင်းပြနေစရာ လိုမည် မထင်။ ဟောဒီ ကမ္ဘာကြီးမှာ နှလုံးသားရှိသူတိုင်း နားလည်နိုင်ကြမည့် ခုလို ကိစ္စကို စာမျက်နှာများအောင် ဖြေကြားနေဖို့ မရှိ။ တကယ် ဖော်ပြရမည်က 'ဖြစ်ချင်တာကို မဖြစ်ရသော၊ မဖြစ်ချင်တာကို ဖြစ်တတ်သော' လောကကြီး ဖြစ်ရပ်ထဲက..... တစ်ခု။

ဥပမာဆိုကြပါစို့..... ။

www.burmeseclassic.com

www.burmeseclassic.com



'အနော်ရထာ မင်းတရား လူ့ပြည် ငြီး၍ နတ်ထီးစံတော်မူသည့် အကြောင်း'

'အနော်ရထာ မင်းတရားကြီး နတ်ရွာစံတော်မူပြီ.....'

သည်သတင်းသည် ပုဂံနိုင်ငံတော် တစ်နံတစ်လျားမှာ မိုးအနှံ့ မြေအနှံ့ ပြန့်ကား လွင့်ပါးသွားလေသည်။ သည်တော့ ကြောင်ဖြူရွာကလေးသို့လည်း သည်သတင်း ရောက်လာသည်။

ပုဂံနိုင်ငံတော်ကြီးကို အံ့ချီး မကုန်နိုင်အောင် တည်ထောင် ကြိုးပမ်းခဲ့သော အနော်ရထာ မင်းတရားကြီး နတ်ရွာစံတော်မူပြီတဲ့။ နတ်ရွာစံ ကံတော်ကုန် ရသည့် အကြောင်းကို နားထောင်ကြဦး။ ကျွဲရိုင်း တစ်ကောင် ခတ်လို့ပါတဲ့။ သည်တွင် မေးစရာ အကြောင်း ပေါ်လာပြီ။ ကျွဲရိုင်းက ဘာဖြစ်လို့ ဘုရင် မင်းမြတ်ကို ခတ်ရသတဲ့လဲ။ ဘုရင်မင်းမြတ်က ကျွဲရိုင်းရှိရာ ဒေသကို ဘာဖြစ်လို့ ကြွချီတော်မူပါသတဲ့လဲ။

သည်မေးခွန်းများအတွက် ထွက်ပေါ်လာသော အဖြေကို ကြားတော့မှ မင်းတရား၏ မျိုးချစ်ပြည်ချစ်စိတ်ကို ကြည်ညို သဒ္ဓါပွားလို့ လေးစားကြရပြန် သည်။ ကြည့်လေ။ တောင်သာနယ်မှာ ပြည်သူအများကို နှိပ်စက်ကလူ ပြုနေ သော ကျွဲရိုင်းကို အနော်ရထာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် နှိမ်နင်း ပယ်ခွင်း ရန် ကြိုးပမ်းသည်။ သို့ ကြိုးပမ်းရင်း အဆင်မသင့်၍ ဘုရင်မင်းမြတ်သည် ဆင် တော် သန်မြင်စွာပေါ်မှ လွင့်စင်ကျသည်။ အဲသည့်အခါ ထိုကျွဲရိုင်း၏ ဦးချို ထက်မှာ ဘုရင်မင်းတရား၏ 'အသက်' ပါသွားခဲ့ပြီ။

အမှန်တော့ ဘုရင်မင်းမြတ်သည် သူ့ရဲကောင်းကြီး ပြီသစွာ ကျဆုံးခဲ့ခြင်း လေ။

ခမည်းတော် အနော်ရထာ မင်းတရား နတ်ရွာစံ ကံတော်ကုန်ပြီ ဆိုသော သတင်းဆိုးကို ကြားသော် ကျန်စစ်သားခမျာ ကြေကွဲမဆုံး ဖြစ်ခဲ့ရပြီ။

မဖြစ်ဘဲ နေပါ့မလား။ အနော်ရထာ မင်းတရားမှာ မိမိ၏ ခမည်းတော် အရင်းလည်း ဖြစ်သည်။ ကျေးဇူးရှင် ဆိုကလည်း မမှား။ ထီးလှိုင်ဒေသမှာ တခုတ်တရ လာရှာပြီး ရွှေနန်းတော်သို့ ဆွဲခေါ်သွားသမို့ 'ကျန်စစ်သား' ဟု ဖြစ်လာရသည် မဟုတ်လား။ ရာထူး အဆောင်အယောင်တွေ ပေးပြီး ချီးမြှင့် မြှောက်စားခဲ့သော ကျေးဇူးရှင် ခမည်းတော်ကို ဘယ်သောအခါမှ မမေ့၊ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သင့် ကံမတင့်၍ ခမည်းတော်ထံပါးမှ ရှောင်ရှားခဲ့ရသည် မှန်စေ၊ သူ့ကျေးဇူးကို အထူးအောက်မေ့နေသည်။

ခုတော့ ခမည်းတော် နတ်ရွာစံ ကံတော်ကုန်ပြီတဲ့။

သည်အချိန်မှာ မိမိ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ ကျန်စစ်သား စဉ်းစားရပြီ။ ဘာလုပ်ရမှာလဲ။ ဘာလုပ်ဖို့ကော ရမှာလဲ။ ခုနေအခါမှာ မိမိအဖို့ ရွှေနန်းတော်နှင့် ဝေးရာမှာ နေတာပဲ ကောင်းသေးသည်။

ခမည်းတော် မရှိလျှင် 'မင်းလုလင်' အမည်ခံ ညီတော် စောလူးမင်းသားသည် ခမည်းတော်၏ ထီးမွေနန်းမွေကို ဆက်ခံလိမ့်မည်။ ဘုရင်သစ် နန်းတက်ချိန်မှာ မိမိ ရွှေနန်းတော်သို့ မပြန်သင့်သေး။ ပြဿနာ အရှုပ်အထွေး ပေါ်လာနိုင်သည်။ ပညာရှိတို့ ဆိုဆုံးမသည် မဟုတ်ပါလား။ မမေးဘဲကို မပြောသင့်။ မပေးဘဲကို မယူနှင့်။ မခေါ်ဘဲကို မသွားနှင့်။

အနော်ရထာ မင်းတရား နတ်ရွာစံ သတင်းကို ကြားသော ကျန်စစ်သား၏ ချစ်ဇနီး သမ္ဘူလက ချစ်စ၊ ခင်စ၊ ကြင်နာစ ခင်ပွန်းသည်၏ သဘောထားကို သိချင်သည်။ ခုအခါ ပုဂံနေပြည်တော်မှာ ဘုရင်သစ် တက်လာပြီတဲ့။ ရှင်ဘုရင်သစ် ဆိုတာ သူ့အရင်က လူနှင့် တူချင်မှ တူမည်။ အရည်အချင်း ရှိသော် ရှိသလောက်၊ မရှိသော် မရှိသလောက် အပြောင်းအလဲတွေ ဖြစ်မြဲ၊ အသစ်အဆန်းတွေ လုပ်မြဲ မဟုတ်လား။ သည်လိုဆိုရင် ဘုရင်စောလူးခေတ်မှာ ချစ်ခင်ပွန်းသည် ကျန်စစ်သားကို ပြန်ခေါ်လေမလား။ အဲသည်လိုများ ပြန်ခေါ်မှဖြင့်——

သမ္ဘူလခမျာ အတွေး ချာချာလည်ရှာ၏။ ချစ်သော မောင်ကြီးသာ ရွှေနန်းတော်သို့ ပြန်သွားလျှင် မိမိတို့ ကမ္ဘာငယ်ကလေး ပျက်ရချည့်။ ခုနေအခါမှာ မောင်တော့် ကျန်စစ်သား၏ ရင်သွေးကို မိမိက ကိုယ်ဝန်အရင့်အမာနှင့် ဆွေးပိုက်ထားရပြီ။ မကြာမီ တစ်ချိန်သော ကာလမှာ သည်ကိုယ်ဝန်ကို မွေးဖွားရလိမ့်မည်။ သားကလေးလား၊ သမီးကလေးလား။

'ပုဂံနေပြည်တော်မှာ ဘုရင်အသစ် တက်ပြီဆိုတော့..... မောင်ကြီး နေပြည်တော်ကို ပြန်တော့မှာလားဟင်.....'

မမေးဝံ့ဝံ့ မေးဝံ့ဝံ့ဖြင့် သည်မေးခွန်းကို သမ္ဘူလက မေးသည်။ မကြားဝံ့ဝံ့ ကြားဝံ့ဝံ့ဖြင့် လင်တော်မောင်၏ အဖြေကို သမ္ဘူလက ငံ့လင့်နေသည်။ ယာသမားကြီး ကျန်စစ်သားသည် မြေကြီးမာမာကို တူရွင်းပြား ထက်ထက်ဖြင့် ထိုးဆွရင်း ရယ်ကာ ပြုံးကာ ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပြည်တော်မှာ ဘုရင် အသစ် တက်လာတာ၊ တက်တာပါပဲ နမရယ် မောင်ကြီးအဖို့တော့ ဘာမှ အပြောင်းအလဲ မရှိဘူး၊ ခုအချိန် မောင်ကြီးစိတ် ထဲမှာ ရှိတာက သည်ရွာ သည်မြေ သည်ဒေသရယ်၊ ပြီးတော့ အဲသည်က ချစ်မယားကလေးရယ်'

ခင်ပွန်းသည်၏ စကားက နားထဲမှာ ပျားသကာလို ချိုပါ၏၊ ရေတွေ့ပန်းလို လန်းပါဘိ။ ကြားရသည်မှာ အားတက်စရာ ဖြစ်သည်။ ကျေနပ်စရာလည်း ကောင်းလှပါသည်။ မိမိတို့၏ အနာဂတ်အတွက် မျှော်မှန်းစရာ အပြည့်၊ ကြည်နူးစရာ အတိ.....။

သို့သော်.....

ဇာတ်ထဲကလို ဆိုပါတော့။ ဇာတ်ပေါင်းခန်း ရောက်တော့မည် ဆိုလျှင် လူကြမ်း ဝင်လာပြီ။ ဘီလူးရောက်လာမည်။ ပုဏ္ဏားဝင်ရှုပ်လိမ့်မမည်။ အဲသည်လို ပါပဲ၊ တစ်နေ့တော့.....

ထိုနေ့က ကျန်စစ်သားနှင့် ဇနီးသည် သမ္ဘူလတို့ ဦးရှီးတော် ရှင်မထီး၏ ရဟန်းကျောင်းသို့ အဖူးအမြော် သွားကြသည်။ လှူဖွယ် ပစ္စည်းတွေ အစုံအလင် ပန်း သစ်သီး တစ်ပုံတစ်ပင်ကို ရွက်လို့ ထမ်းလို့ ဦးရှီးတော်ကို ကန်တော့ကြမည်။

ဦးရှီးတော် ရှင်မထီးကို ကျန်စစ်သားတို့ လင်မယား ဦးခိုက်ကန်တော့ကြ သည်။ ဦးရှီးတော်က မေး၏။

'ချစ်သား ကျန်စစ်သား၊ ယာတောမှာ စိုက်ပျိုးသီးနှံ ဖြစ်ထွန်းရဲ့လား မိုးလေ မှန်ရဲ့လား'

ကျန်စစ်သားက.....'တင်ပါ့ဘုရား.....။ သည်နှစ်ပင်ပန်းတဲ့ အကျိုးကျေးဇူး ကို ခံစားရပါတော့မယ်၊ သီးနှံလဲ ဖြစ်ပါတယ်၊ မိုးလေလဲ မှန်ပါတယ်။ ဒါကြောင့် ပဲ တပည့်တော်တို့ ဝမ်းသာနေကြကြောင်းပါ ဘုရား'

သည်လိုနှင့် ဆရာနှင့် ဒကာ အမေးအဖြေ လျှောက်တင်နေကြဆဲမှာ ရှင်မထီးကျောင်းဝင်းသို့ အာဂန္တုတော်တော်များများ ဝင်လာကြသည်။ တစ်ယောက် နှစ်ယောက် သုံးယောက်၊ ဟယ်.....အများကြီးပါလား။ ဝန်ကြီးအချို့နှင့် တပ်ဗိုလ် တပ်မှူး တပ်သားတွေ တန်းစီပြီး ရောက်လာကြသည်။ ဘာကိစ္စပါလိမ့်။

ရတ်တရက် မမျှော်လင့်ဘဲ သည်လို ရွှေနန်းတော်က ပုဂ္ဂိုလ်တွေကို တွေ့ လိုက်တော့ အားလုံးပဲ အံ့အားသင့်သွားရပြီ။ တရားရှင်ဖြစ်သော ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်မထီးမှအပ ကျန်လူတွေမှာ ထိတ်ထိတ်ပျာပျာ အလန့်တကြားနှင့် အရေးအခင်း ဘယ်သို့ ရှိပါလိမ့်.....။ စိုးရိမ်စရာလား၊ ဝမ်းသာစရာလား။

ခုလို မင်းပြောင်း မင်းလွဲ အချိန်ကာလကြီးမှာ ရွှေနန်းတော်က တပ်ဖိုလ် အပ်မှူးတွေကို မြင်ရသည် ဆိုတော့ ဝမ်းသာစရာက နည်းပါလိမ့်မည်။ စိုးရိမ်စရာ သောကပွားစရာတွေ ကြုံရတော့မည် ထင်ပါရဲ့။ အကြောင်းက ဘယ်သို့ရှိလေသည် ဟု ခြေမကိုင်မိ၊ လက်မကိုင်မိ။

ကျန်စစ်သား ကိုယ်တိုင် အရေးအခင်းကို မသိရသေးတော့ ရုတ်တရက် စိတ်ထဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သေးသည်။ သမ္ဗူလခမျာ လင်တော်မောင်၏ လက်ဖျားကို ဆုပ်ကိုင်ပြီး ကျိုးကြည့်ကြောင်ကြည့် ဖြစ်လို့။ သူ့ခမျာ ရပ်တည် နိုင်သော စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်းနေရှာသည်။

ရှေ့ဆုံးက ဝင်လာသော ပညာဗလ အမတ်ကြီးသည် ကျန်စစ်သားကို မြင်သော် ထိုက်သင့်သော အရိုအသေကို ပေးသည်။ ပြီးတော့မှ မိမိတွင် ပါလာ သော စာလူးမင်းတရားထံမှ အမိန့်တော်ကို တစ်ပိုဒ်ချင်း ဖတ်ပြသည်။

'နောင်တော် ကျန်စစ်သားကို ရွှေနန်းတော်သို့ ပြန်ခေါ်ရန် ဘဝရှင် စောလူး မင်းတရားကြီးက ဆုံးဖြတ်လိုက်ကြောင်း'

ဘုရင့်အမိန့်စာက ဤသို့ဖော်ပြသည်။ 'ကျန်စစ်သားကို မူလ ရာထူးအတိုင်း ဘုရင့်တပ်မတော်မှာ ပြန်လည် ခန့်ထားလိုက်သည်။ ကျန်စစ်သားသည် ရာထူး အာဝန်ကို အမြန်ဆုံး ဝင်ရောက် ထမ်းဆောင်ရန် အမိန့်တော် ရှိလိုက်သည်။'

ဒါပဲ။ ကြားရသော အမိန့်တော်က ဝမ်းသာစရာ ကောင်းသည်။ ထိုက်ထိုက် တန်တန် ပြန်လည် ချီးမြှင့်ခြင်း ခံရသမို့ ကျန်စစ်သားအတွက် ကျေနပ်နှစ်သက် ဖွယ် ဖြစ်သည်။ ဓာတာစောင်းချိန်မှာ ယာခင်းထဲတွင် နွားနှင့်ဖက်၍ ရုန်းခဲ့သော အသမားကြီး။ ယခု ဓာတာကောင်းချိန်မှာ နိုင်ငံတော်၏ ပေါ်လွင်ထင်ရှားသော စစ်ဗိုလ်ချုပ်။

သည်တော့လည်း ခုလို အမိန့်သဝဏ်လွှာထက် ကျေနပ်ဝမ်းသာစရာ ကောင်းသည့် အမိန့်မျိုး မရှိနိုင်သည်မှာ အမှန်။ သို့စင်လျက် ကျန်စစ်သားသည် ဝမ်းသာအားရ ဖြစ်မှုကို ပေါ်ပေါ်လွင်လွင် ထုတ်ဖော်ခြင်း မပြုနိုင်။ မိမိမှာ သွာစရာ၊ ထောက်ထားစရာ၊ ကြင်နာစရာ ချစ်ဇနီး ရှိသေးသည်။ ခုနေချိန်၌

www.burmeseclassic.com



ချစ်ဇနီး သမ္မာလမှာ ကိုယ်လေးလက်ဝန်နှင့် ဆိုတော့ သူ့ကို ပိုလို့ ညှာတာ မည်။ စာနာရမည်။ ထောက်ထားရမည်။

သို့သော်.....တစ်ဖက်ကို ကြည့်တော့လည်း ရှောင်လွှဲမရသော ဘုရင့်အမိ တော်။

စောလူးမင်းတရား၏ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်ရမည် ဖြ တော့ ကျန်စစ်သားသည် ဘေးသို့ လှည့်ကြည့်လိုက်သည်။ သူ့ဘေးမှာ ကျုံ့ကျ ကလေး ထိုင်နေသည်က ချစ်ဇနီး သမ္မာလ။ သမ္မာလသည် ချစ်လင်ကို ဘာစကာ မျှ မဆိုမပြော.....။ မျက်တောင်ကော့ကြီးများဖြင့် ဝန်းရံထားသော မျက်လုံးအစုံ ချစ်လင်ကို တစူးစိုက်စိုက် ကြည့်နေ၏။ မျက်တောင်ခတ်ရန်ပင် သတိမရ။

ကျန်စစ်သားသည် ချစ်ဇနီးကို ပြန်စိုက်ကြည့်သည်။ နှစ်ယောက်တည်းသ ဆိုလျှင် ပြောလိုက်ကြမည့် စကားတွေ ရေအိုးဖြင့် အပြည့်ထည့်၍ ရမည်ထ သည်။ ခုတော့.....မှူးမတ်တွေ တပ်မှူးတွေ စာပ်ဗိုလ်တွေ အလယ်မှာ ချစ်ဇနီး အတိုဆုံး စကားဖြင့် နှုတ်ဆက်ရန်သာ ရှိတော့သည်။

'နှမ..... မောင်ကြီး နေပြည်တော်ကို လိုက်သွားရလိမ့်မယ်'

ကျန်စစ်သားသည် စကားစုတို့ကို တစ်လုံးချင်း စုစည်းကာ ပြောလို သည်။ သို့သော်.....သမ္မာလက ချစ်လင်ကို စူးစိုက်လို့သာ ကြည့်နေ၏။ ဘ တစ်ခွန်းမျှ တုံ့ပြန်၍ မဆို။

'နှမရယ်.....နှမကို မောင်ကြီး နှုတ်ဆက်ခဲ့မယ်၊ နှမ.....မီးရှူးသန့်စ ဖွားမြင်ပြီးတဲ့အခါ.....'

ကျန်စစ်သားသည် စကားကို မဆက်နိုင်အောင် ရင်မှာ ဆို့သွားသည် ထင်ရဲ့။ စကား တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်သည်။ သည်နေရာမှာ ကျန်စစ်သ က သူ၏ လက်ဝဲလက်သူကြွယ်မှ ပတ္တမြားလက်စွပ်ကို ချွတ်ယူလိုက်သည်။ ပြီးတော့.....သမ္မာလ၏ လက်ဝဲလက်ကို အသာအယာ ဆွဲကိုင် မ ယူလိုက်၏။ ကျန်စစ်သားသည် အရည်ရွှန်းမြနေသည့် မိမိ၏ ပတ္တမြားလက်စွပ်ကို တစ်ဖြည်း သမ္မာလ၏ မျက်နှာကို တစ်လှည့် ခေတ္တမျှ ကြည့်နေသည်။ သည်လက်စွပ်သည် နောင်တစ်ချိန်ကာလမှာ အရေးပါသော သမိုင်းတစ်ကွက်ကို ပြောလိမ့်မည်။

ပြီးတော့မှ ကျန်စစ်သားက စကားဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နှမ မီးရှူးသန့်စင် ဖွားမြင်ပြီးတဲ့အခါ သားယောက်ျား ဖွားရင် သည်လက်စွပ်ကို ယူပြီး ပုဂံနေပြည်တော်ကို လိုက်ခဲ့ပါ။ သမီးမိန်းကလေး ဖွားရင် သည်လက်စွပ်ကို ရောင်းချပြီး.....'

ကျန်စစ်သားသည် တဒင်္ဂမျှ စကားမဆက်နိုင်ဘဲ ဖြစ်သွားပြန်၏။ ခုချိန်မှာတော့ ချစ်သော သမ္ဘူလ၏ မျက်ဝန်းလဲ့လဲ့မှ ပုလဲဥ မျက်ရည်တို့က တစ်ပွင့်ချင်း တစ်ပွင့်ချင်း စီးဆင်းလျက် ရှိနေကြပြီ။

သို့သော်.....မပြောမပြီး၊ မတီးမမြည်ဟု ဆိုကြသည် မဟုတ်လား။ စစ်သူကြီး ကျန်စစ်သားသည် နောက်ဆုံး ရွတ်ဆိုရမည့် ဝါကျကို မလှမပ တိုတိုပြတ်ပြတ်ပဲ ပြောချလိုက်လေသည်။

'နှမရယ်..... သမီးမိန်းကလေး ဖွားရင် သည်လက်စွပ်ကို ရောင်းချပြီး အသက်မွေး နေထိုင်ရစ်ပါတော့'

ပြောပြောဆိုဆိုနှင့် ကျန်စစ်သားက သူ့လက်ထဲမှ လက်စွပ်ကို သမ္ဘူလ၏ လက်ဝဲလက်သူကြွယ်မှာ အသာအယာ ဝတ်ပေးသည်။ ပြီးတော့ သမ္ဘူလ၏ လက်ဝဲလက်ဖမိုးကို နူးညံ့စွာ နမ်းလိုက်၏။

သည်အနမ်းက ချစ်သူ နှစ်ဦး၏ ကြေကွဲဖွယ် ခွဲခွာခြင်း ကာလအတွက် နောက်ဆုံး နှုတ်ဆက်အနမ်းပဲ ဖြစ်ပါလိမ့်မည်။

သည်အချိန်မှာ သမ္ဘူလက သတိပြန်ဝင်လာသည်။ သူသည် ချစ်သော ကျန်စစ်သား၏ မျက်နှာကို နောက်ဆုံး ကြည့်ခြင်းဖြင့် တစ်ဝကြီး မော့ကြည့်သည်။ ပြီးတော့ လက်အုပ်ချီ၍ လင်တော်မောင်ကို ရိုသေတုပ်ကွစွာ ဦးချကန်တော့သည်။

'မောင်ကြီးကို ဦးချကန်တော့လိုက်ပါတယ် မောင်ကြီးရယ်၊ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့တဲ့ အချိန်ကာလအတွင်း နှမမှာ အပြစ်ရှိခဲ့ရင် ခွင့်လွှတ်ပါတော့ ခွင့်..... လွှတ်..... ပါ..... တော့.....'

ကျန်စစ်သားက မိမိကို ဦးခိုက်ကန်တော့နေသည့် ဇနီးသည်၏ နဖူးဆံစကို အသာအယာ ပွတ်သပ်ပေးနေ၏။ ပြီးတော့မှ သမ္ဘူလ၏ လက်ကို ကိုင်ထားနေရာမှ ဆွဲထူလိုက်သည်။

သည်အချိန်မှာပင် ကျန်စစ်သားသည် ဦးရီးတော် ရှင်မထီးထံ ရှိသေစွာ ဝပ်တွား၍ ဦးသုံးကြိမ်ချ ကန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်မှာ တိုင်းပြည်တာဝန် ထမ်းဆောင်ရဦးမှာမို့ နေပြည်တော်သို့ ပြန်ခွင့်ပြုပါ ဘုရား'

ဆရာတော် ရှင်မထီးသည် ခေါင်းကို ဖြည်းညှင်းစွာ ညိတ်၍ ပြသည်။ သူတော်စင် တစ်ဦးအနေဖြင့် ကျန်စစ်သားကို သည်မျှဖြင့်သာ နှုတ်ဆက်ခြင်းသရုပ်ကို ပြနိုင်တော့သည်။

'ကောင်းပြီ.....ချစ်သား။ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဖို့ လာလမ်းကို ပြန်ပေဦးတော့'

ကျန်စစ်သားသည် ဆရာတော်၏ စကားအဆုံးမှာ နေရာ၌ ထရပ်သည်။ သူက သမ္ဘူလကိုလည်း တစ်ပါးတည်းပင် ဆွဲထူလိုက်၏။ နှစ်ဦးစလုံး မြေပြင်မှာ ရပ်နေကြပြီ ဖြစ်သည်။ ခုအချိန်ထိ ကျန်စစ်သားက သမ္ဘူလ၏ လက်ကို မလွှတ်သေးဘဲ ကိုင်ထားဆဲ ဖြစ်သည်။

'မောင်ကြီး သွားတော့မယ် နှမရယ်'

နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် ကျန်စစ်သားက ပြောလိုက်၏။ သမ္ဘူလက ခေါင်းကို အသာအယာ ညိတ်ပြသည်။ လူကမူ ချစ်လင်ဘက်သို့ မလှည့်။ ချစ်လင်၏ မျက်နှာကို မကြည့်။ ချစ်လင်၏ ရုပ်သွင်ကို နောက်ဆုံး ရှုမြင်ခြင်း ဖြင့် မမြင်လိုတော့ဘူးလား နှမတော်ရယ်။

သည်ခဏမှာ ပုဂံနိုင်ငံတော်မှ ရောက်ရှိလာသည့် ဘုရှင့်စေတမန် အဖွဲ့သည် လာလမ်းသို့ ပြန်လေပြီ။

သမ္ဘူလသည် ပြန်သွားသော ဧည့်သည်များကို ကျောပေးနေလိုက်၏။ သူသည် မိမိရှေ့တူရူရှိ ထနောင်းပင်မြင့်သို့ မျက်နှာကို မော့ထားလိုက်သည်။ ထိုတဒင်္ဂမှာ ထနောင်းပင်ကိုင်းပေါ်၌ သူ မြင်လိုက်ရသည်က 'ချိုးငှက်ကလေး တစ်ကောင်'။

'တကူကူး ကူး၊ တကူကူ ကူ'

အဖော်မဲ့သော ချိုးငှက်ကလေးသည် လွမ်းစဖွယ် ခွေကြိုးကို ဖြည်းညှင်းစွာ သီကျူးနေရှာ၏။ သမ္ဘူလ၏ မျက်လုံးများက ချိုးငှက်ကလေးဆီသို့ ရောက်သွားသည်။ ချိုးငှက်ကလေးက နောက်တစ်ကြိမ် မြည်ကျူးနေပြန်ပါ၏။

'တကူကူး..... ကူး' ..... တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ကြွေအန်တစ်ပွဲ စစ်ပွဲတစ်ရာ

၁

ပုဂံနန်းကို အနော်ရထာမင်းတရား၏ သားတော် စောလူးမင်းက သိမ်းမြန်းစိုးစံနေပါပြီ။

စောလူးမင်းကို အနော်ရထာ ဘုရင်၏ သားတော်အဖြစ် တိုင်းပြည်က 'အားထား' သည်။ ပြည်သူလူထုက 'မျှော်လင့်' သည်။ ရဟန်းသံဃာ ဝါကြီးဝါငယ် ဘာသာရေး ခေါင်းဆောင်ပိုင်းကလည်း 'စောင့်ကြည့်'နေကြသည်။ သည်မင်းသည် သူ့ခမည်းတော် အနော်ရထာ မင်းတရားကဲ့သို့ပင် ပြည်သူ့အကျိုးကို ဦးထိပ်ထားလိမ့်မည်။ နိုင်ငံအတွက် အသက်နှင့်လဲ၍ ကြိုးပမ်းထမ်းဆောင်လိမ့်မည်။ အမျိုးဘာသာ သာသနာကို ကိုယ်နှင့်အတူ ထား၍ စောင့်ရှောက်လိမ့်မည်။ ကာကွယ်လိမ့်မည်။ ကြည့်ရှုလိမ့်မည်။ သည်သို့နှယ် မြင်ကြသည်။

သို့သော်..... စင်စစ် အထင်သည် အထင်မျှသာ။ အမြင်သည် အမြင်မျှသာ။ တကယ် လက်တွေ့ကျကျ သုံးသပ်ဝေဖန်သော အခါတွင် စောလူးမင်းတရား၏ လုပ်ဆောင်မှုတွေက အားရစရာ မရှိ။ ကျေနပ်စရာ မရှိ။ နှစ်သက်ချီးကျူးဖွယ် ဆိုတာကတော့ အဝေးကြီးရယ်တဲ့မှ တကယ့်ကို အဝေးကြီး။

ကြည့်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာ မင်းတရား နတ်ရွာစံတော်မူသောအခါတွင် တည်ထားကိုးကွယ်ဆဲ ဖြစ်သော ရွှေစည်းခုံ စေတီတော်ကြီးအတွက် လုပ်ဆောင်ဖွယ် ကိစ္စတွေ ကျန်ခဲ့သည်။ သည်တာဝန်များကို သားတော် စောလူးမင်းသည် တစ်ပါးတည်းသော သားတော်ဆိုလောက်အောင် ပြုဆောင် ကြိုးပမ်းသင့်ပါရဲ့။ သို့သော်.....

စောလူးမင်း၏ စိတ်အာရုံက ခမည်းတော်၏ စေတီမှာ မရှိ။ ခမည်းတော်၏ လုပ်ငန်းရပ်များကို အလေးမထားနိုင်။ ခမည်းတော် မင်းတရား၏ သမိုင်းတင်မော်ကွန်းဝင် ဖြစ်ရပ်များကို သေချာကျန လေ့လာမှတ်သားနိုင်ဖို့ကတော့ မျှော်လင့်ဖွယ် မမြင်။

သို့ဆိုလျှင် ပုဂံပြည့်ရှင် စောလူးဘုရင်မင်းမြတ်သည် မိမိ၏ 'ဘုရင်တစ်ပါး' တာဝန်အရပ်ရပ်ကို ဘယ်သို့မြင်သလဲ။ ဘယ်သို့ ထင်သလဲ။ ဘယ်သို့ ယူဆသလဲ။ ပြီးတော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရမည့် အချိန်များမှာ စောလူးမင်းတရား ဘာလုပ်နေပါသလဲ။

အားနာပါးနာပဲ ဆိုပါရစေတော့။ ပုဂံနိုင်ငံတော် ပြည့်ရှင်၊ ရွှေတွင်းငွေတွင်း ပယင်း ဒုတ္တာ ရတနာ ခုနစ်ပါးတို့၏ သခင်၊ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏ သက်ဦးဆံပိုင် ဘုရင် ဖြစ်သော စောလူးမင်းတရားသည် အချိန်ရတိုင်းရတိုင်း ကြွေအန်ကစား၍ နေပါသတဲ့။

ကောင်းပါရော။ နိုင်ငံတော်မှာ အနော်ရထာ မင်းတရား ပြုစုပျိုးထောင်ခဲ့သော ဆည်မြောင်း ကန်ချောင်းတွေ ရှိသည်။ သည်ဆည်မြောင်း ကန်ချောင်းတွေ ဆည်ဖို့ တာဝန်ကို စောလူးမင်းတရားမသိ။ သူသိသည်က သေအရက်ကို သောက်မည်။ ကြွေတစ်ပွဲ နှစ်ပွဲ သုံးလေးပွဲ ကစားမည်။ ဒါပဲ။ ဒါပါပဲ။

စောလူးမင်းတရားက သည့်နှယ် အပျော်အပါးမှာ စိတ်သာယာလေတော့ သူ့နန်းတွင်းက မင်းမှုထမ်းတွေ ဘယ်လိုနေမလဲ။ ခေါင်ကစ၍ မိုးမလုံခဲ့လျှင် ကျိုးအက်ကလည်း မိုးပက်လိမ့်မည်သာ။ သည်တော့ မင်းမှုထမ်းတို့ အနေအထိုင် 'ပေါ့' ကြပြီ။ မှူးမတ်ဗိုလ်ပါတို့ တာဝန်ဝတ္တရား ထမ်းဆောင်ခြင်း 'လျော့' ကြပြီ။ သူတို့သည် ရေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသလား၊ တည့်တည့်သွားသလား ကြည့်ကြသည်။ ရေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်ပါမည်။ အဲ..... ရေ့ဆောင် နွားလား ကောက်ကောက်သွားမူ နောက်နွားတစ်သိုက်သည်..... ။

www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းတရား၏ အသွားအလာ အနေအထိုင် အပြုအမူကို ကြည့်ပြီး ပညာရှိ မှူးမတ်အချို့ နှာခေါင်းရှုံ့ချင်ကြသည်။ ဝါရင့် တပ်ဗိုလ် တပ်မှူးတို့ ချက်နှာ မသာယာကြ။ နန်းတွင်းရှိ သက်ကြီးမင်းမှုထမ်းတို့ နိုင်ငံတော်အတွက် ရင်တမမ၊ အသည်းတထိတ်ထိတ်။ သို့သော်..... ။

သည်အခြေအနေမှာ ဘယ်သူကမှ မင်းတရားကို အမှန်သို့ လမ်းပြဦးဆောင်ရန် အကြံမရှိ။ သည်သို့ သွားပါ၊ သည်သို့ လာပါ၊ သည်သို့ ထိုင်ပါ စသဖြင့် တောင်းပန် လျှောက်ထားမည့်သူ အနည်းဆုံး တစ်ယောက်မျှ မရှိခဲ့သေး။

သည်အချိန်မှာ ကျန်စစ်သား ပုဂံနန်းတွင်းသို့ ပြန်ရောက်ခဲ့ပြီ။

ကျန်စစ်သားသည် ပုဂံရွှေနန်းတော်သို့ ရောက်သည်နှင့် လုပ်ဆောင်ဖွယ် အဝဝကို ချက်ချင်း လုပ်ဆောင်သည်။ လျော့ရဲရဲ ဖြစ်နေသော ဘုရင့်တပ်မတော်ကို ပြုပြင်ဖွဲ့စည်းသည်။ မလိုအပ်သော လူဟောင်းတွေကို ဖယ်ရှား၊ လိုလားသော လူသစ်တွေကို ခေါ်ယူ။ သူယခင်က ဦးဆောင်ခဲ့သော ဘုရင့်တပ်မတော်အတိုင်း ဖြစ်အောင် ပြန်လည် ကြိုးပမ်းသည်။

သည်မှာတင် ပြဿနာကလေးတွေက တစ်စွန်းတစ်စ ပေါ်လာသည်။ ရာထူးမှ ဖယ်ရှားခံရသူတွေက ကျန်စစ်သားကို မကျေနပ်။ သို့နှင့် မှူးမတ်တွေကို ကပ်ပြီး ကျန်စစ်သားနှင့် ပတ်သက်သော ကုန်းချောစကားတွေကို ပြောသည်။ လွှင့်သည်။ မဟုတ်မမှန် လုပ်ကြံလီဆယ်သော အဖြစ်ဆန်းတွေကိုပင် ကြားလာရသည်။

ကြားရသည့် သတင်းတွေကို နားဆင်လို့ ကြည့်ကြပါဦး။

'ကျန်စစ်သားသည် ဘုရင့် မိဖုရားခေါင်ကြီး မဏိစန္ဒာခေါ် ခင်ဦးနှင့် အဆက်အဆံ ရှိသတဲ့။ အသွားအလာရှိသတဲ့။ အချစ်အခင် ရှိပြန်သတဲ့..... '။

အို..... ဖြစ်မှဖြစ်ရပလေ.....၊ ကြားရသော သတင်းတွေက ရင်တုန်ပန်းတုန် ရှိပါဘိ။ ထိတ်လန့်တကြား ဖြစ်ပါဘိ။ သည်သတင်းက တကယ်ပဲတဲ့လား.....။ တကယ်သာ ဖြစ်ခဲ့ပြီ ဆိုလျှင်.....

ဘုရင့်မိဖုရားခေါင်ကြီးနှင့် မှားမှားယွင်းယွင်း ဖြစ်ပြန်ဦးမည် ဆိုပါက သည်နေရာမှာ ကျန်စစ်သားထက် မှားသောသူ မရှိ။ ယွင်းသောသူ မရှိ။ လွန်သောသူ မရှိ။ မေတ္တာ၏ သဘောနှင့် သံယောဇဉ် အနှောင်အတည်း၏ နိမိတ်ကြီးမားပုံကို နှလုံးသားရှိသူတိုင်း နားလည်နိုင်ကြပါမည်။ တစ်ချိန်သော အခါက ကျန်စစ်

www.burmeseclassic.com

www.burmeseclassic.com



သားနှင့် ဥသာမင်းသမီး မဏိစန္ဒာတို့၏ ချစ်မေတ္တာ ဇာတ်လမ်းကို သိထားသူတိုင်းကပင် သူတို့နှစ်ဦးအား သနားကြင်နာရှိခဲ့ကြသည်လည်း အမှန်။ သို့သော်..... ခုနေအခါတွင် ကျန်စစ်သားနှင့် ဥသာမင်းသမီးတို့၏ ဘဝမှာ တစ်ကမ္ဘာခြားခဲ့ပြီ။ ဟိုက ရှင်ဘုရင်ကတော်၊ သည်က ရှင်ဘုရင်၏ အမှုထမ်း တပ်ဗိုလ်ချုပ် တစ်ဦးမျှသာ။

အဲသည်လို အခြေအနေ အချိန်အခါမျိုးမှာ ကျန်စစ်သားဆိုတာက မိမိဘဝပြဿနာမီးများကို ထပ်ပြီး လောင်ကျွမ်းစေမှာဦးတဲ့လား။ စဉ်းစားဖွယ် ကောင်းပါဘိ။ ဆင်ခြင်ရန် သင့်ပါဘိ။ ဝေဖန်ရန်လည်း ဖြစ်ပါ၏။

အမှန်တော့.....ကျန်စစ်သားနှင့် ဥသာမင်းသမီးတို့၏ အချစ်ဇာတ်လမ်းဆိုတာ ဟို.....အနော်ရထာဘုရင် သက်ရှိထင်ရှား ရှိစဉ်ကပဲ ပြီးဆုံးခဲ့ပြီ။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့။ ခုလိုအချိန်မှာ အတိတ်က ဝေဒနာဖြင့် မိမိဘဝကို ဖြိုချဖျက်ဆီးရန်လည်း ဆန္ဒမရှိ။ နှလုံးသားရေးရာများကို အလိုလိုက်ခြင်းဖြင့် မလိုလားအပ်သော ဖြစ်ရပ်ဇာတ်လမ်းများကို ကျန်စစ်သားက ထပ်မံ ဖန်တီးရေးသားရန်လည်း လုံးဝ မရည်ရွယ်တော့ပြီ။

သည်အချိန်မျိုးမှာ မတော်မတည့် ဘယ်နှယ်များ သတင်းစကားတွေ ပေါ်လာပါသတဲ့လဲ.....။ ကျန်စစ်သားနှင့် သည်မင်းသမီးတို့အကြောင်း သောင်းပြောင်းထွေလာ သတင်းပဒေသာက ဘယ်သို့များ ပေါ်ပေါက်လာရပါသတဲ့လဲ။

အရင်းကြီးပဲ။ ကျန်စစ်သား၏ နန်းတွင်းနန်းပြင် ပြုပြင်ရေး လုပ်ငန်းများကြောင့် အထိအခိုက် ရှိသူတွေက မလိုမုန်းထား ရှိကြသည်။ မနာလိုဝန်တိုဖြစ်ကြသည်။ မစ္ဆရိယ စိတ်များ ပွားကြသည်။ ထိုအချိန်၌ ကျန်စစ်သားကို အဆင်းမှာ တွန်းချဖို့ သူတို့ ကြံစည်ကြသည်။ ပြေးလမ်းမှာ ငုတ်ပျောခွ ခင်းပေးရန်လည်း စီမံကြသည်။ ချောက်ကမ်းပါးအစွန်း ဘီးတပ်ပေးလိုက်ကြရန်လည်း ဖန်တီးကြိုးစားလာကြသည်။

ကြာတော့..... သည်သတင်းတွေက စောလူးမင်းတရား၏ နားတော်သို့ ပေါက်ကြားခဲ့ပြီ။ မပေါက်ကြားဘဲ နေပါ့မလား။ သည်ယုန်မြင်သမို့ သည်ချုံကို ထွင်ခဲ့ကြသော ဇာတ်လမ်း မဟုတ်လား။ ဘုရင့်မိဖုရားခေါင်ကြီးသည် စစ်သူကြီး ကျန်စစ်သားနှင့် မတော်မတရား မှောက်မှား ငြိစွန်းနေပါပြီ ဆိုသော သတင်းကို ရှင်ဘုရင့်ထံ ရောက်အောင် တမင် ကြံဆောင်ခဲ့ပေသကိုး။ သည်နှယ် ကြံဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစားသူများတွင် ပဲခူးစား ငရမန်သည် ထိပ်ဆုံးမှပါ၏။ သည်တော့..... မေးစရာ ရှိလာသည်။ ပဲခူးစား ငရမန် ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ သူက ပုဂံ နန်းတော်၏ အရေးအခင်းတွေမှာ ဘယ်မျှသော အတိုင်းအတာအထိ ပါဝင် ပတ်သက်သူပါတဲ့လဲ။

ငရမန်ကား မင်းစောလူး၏ ရောင်းရင်း၊ နို့စို့ဖက် ဖြစ်သည်။ အနော်ရထာ မင်းတရား၏ 'ပဲခူးအောင်ပွဲ' ကြီး ခင်းကျင်း ဆင်နွှဲခဲ့စဉ်က ပုဂံနှင့် ပဲခူး၊ ပဲခူးနှင့် ပုဂံ အပြန်အလှန် ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြသည် မဟုတ်လား။ အဲသည် အချိန်အခါကပင် ပဲခူးဘုရင်၏ အဆက်အနွယ် ငယ်ကျွန်တစ်ဦး ဖြစ်သော ငရမန်သည် ပုဂံနန်းသို့ အဝင်အထွက် ရှိခဲ့သည်။

ပဲခူးသားကလေး ငရမန်ကို ဘုရင် အနော်ရထာက ချစ်ရင်း သနားရင်း ဖြစ်ခဲ့သည်။ တိုင်းတစ်ပါးသားကလေး.....၊ အရွယ်ကလည်း ငယ်ပါသေး။ ပြီးတော့..... သနားစရာ ကောင်းသည်က ငရမန်သည် လူငယ်တို့ဘဝ ဆော့ရင်း ကစားရင်းဖြင့် ခဲမှန်သဖြင့် မျက်လုံး တစ်ဖက် ကွယ်နေသည်။ သည်တော့ တစ်ဖက်ကန်းကလေး ဖြစ်သော ငရမန်ကို ပုဂံရွှေနန်းတွင်းမှာ ဘုရင်နှင့်တကွ အများက ဝိုင်းချစ်နေကြသည်။ ဝိုင်းသနားနေကြသည်။ ဟိုလူက ပေး သည်လူက ကျွေးနှင့် သူ့ကို ပြုစုကြင်နာမယ့်သူတွေ ဒုနဲ့ဒေး။ ချစ်ခင် ယုယမည့်သူတွေ အနန္တ။

ငရမန်ဆိုတာ လူသား ဒုက္ခိတ။ စိတ်ဓာတ်မှာ အလွန်ပဲ ခက်ထန်သည်၊ ဓာကျောသည်၊ ရက်စက်သည်။ ပြီးတော့ ကိုယ်လက်အင်္ဂါ ချွတ်ယွင်း ချို့တဲ့ သူတို့တွင် ဖြစ်ပေါ်တတ်သည့် သဘာဝအတိုင်း သူသာ တစ်ခုခုကို လေ့လာ လိုက်စားမည် ဆိုလျှင် ထူးထူးချွန်ချွန် ဖြစ်တတ်၏။ ကြည့်လေ..... အဲသည် မျက်စိ တစ်ဖက်ကန်း ငရမန်သည် ငယ်စဉ်ကစ၍ ဓားခုတ်၊ လှံထိုး ကျွမ်းကျင် သည်။ စစ်ဆင် စစ်တက် အလွန်တော်သည်။ မြင်းစီး ဆင်စီး ပြိုင်ရာမှာ ဆိုလျှင် ရွယ်တူ မင်းသားများထဲမှ သူနှင့် ယှဉ်နိုင်သူ မရှိ။ ပြိုင်နိုင်သူ မရှိ။ တူနိုင်မယ် ဆင်ကြံနှင့် ကိုးဆယ်ဆ ကွာလိမ့်မည်။

ငရမန်၏ အထူးချွန်ဆုံး အရည်အချင်းက 'ဉာဏ်'။ သူသည် ငယ်စဉ်က ၍ ဉာဏ်သွက်သည်။ ဉာဏ်ထက်သည်။ ဉာဏ်သွားသည်။ ဘာအလုပ် လုပ်လုပ်၊ ခါမိ၏ ပင်ကိုယ် စွမ်းရည် ပညာနှင့် အတူ ဉာဏ်ကို လွှာ၍ သုံးသည်။ ထွင်၍

www.burmeseclassic.com

www.burmeseclassic.com



သုံးသည်။ အထူးသဖြင့်တော့ ကောင်းသည့် အမှုကိစ္စများထက် သူတစ်ပါးကို ထိုးနှက်ဖို့၊ တိုက်ခိုက်ဖို့၊ ခြေဖျက်ဖို့ အရေးတော်များ ပေါ်ပြီဆိုလျှင် 'ကိုငရမန်' တို့က အကောက်ဉာဏ်ဖြင့် အောင်ပွဲတော် ခံယူပါလိမ့်မည်။

ဤသို့ဖြင့်.....

၂

ပဲခူးစား ငရမန်ထံမှတစ်ဆင့် ကြားရသော သတင်းတွေက မကြားဝံ့ မနာသာ ရှိလှချည်လား။

'ဘုရင့် မိဖုရားကြီး မဏိစန္ဒာခေါ် ခင်ဦးသည် ငယ်ချစ် ကျန်စစ်သားနှင့် အဆက်အဆံ ရှိသတဲ့။ ဖောက်လွဲဖောက်ပြန် ဖြစ်သတဲ့၊ အသွားအလာ ပြုနေပါသတဲ့။' သည်သတင်းကို ယခင်ကလည်း မှူးမတ်တချို့ထံမှ ကြားပြီးပြီ။ ခု သည်သတင်းပဲ ပဲခူးစား ငရမန်က ပုဂံရွှေနန်းရှင် စောလူးမင်းတရားထံ ပို့ပြန်သည်။ တစ်ကြိမ်မက၊ နှစ်ကြိမ်မက၊ သုံးကြိမ်မက၊ အကြိမ်ကြိမ် အထပ်ထပ် ပြောလာတော့၊ ဆိုလာတော့၊ တင်လျှောက်လာတော့၊ စောလူးမင်းတရား သံသယ ပွားပြီ။ အသည်းဖျားကို စားဦးနှင့် ဆွသလို အခံရ ခက်ပါပြီ။

သည်သတင်းတွေကို မင်းတရားထံ တင်သည့် နေရာကို ကြည့်ဦး။ မင်းတရားနှင့် ပဲခူးစား ငရမန်တို့ ဥယျာဉ်တော်မှာ သေရည်ခွက် ကိုယ်စီဖြင့် နတ်ပြည်က စည်းစိမ် အဝဝကို မှန်းဆလို့ ခံစားနေဆဲ။ ယစ်ရွှေရည် ဆိုတာက လူ့စိတ်ကို မကောင်းသည့်ဘက်သို့ သာသာထိုးထိုးကလေး ပို့သည်။ ဒေါသ ဖြစ်စရာဆို ဖြစ်ပေရော့။ မကျေနပ်ဖွယ် ကိစ္စ ဆိုလျှင် ပိုလို့သာ မကျေနပ် ဖြစ်ပေရော့။ မီးလောင်မည့် ကိစ္စဆိုလျှင် လောင်အား ကောင်းစေဖို့ တွန်းအားပေးမည် ကေန်။

သေအရက်ပွဲမှာ ပဲခူးစား ငရမန် တင်လျှောက်သော သတင်းကို ကြားသော အခါ စောလူးမင်းတရားသည် သည်းခံနိုင်စွမ်း မရှိတော့ပြီ။ မိမိ အမြတ်တနိုး ထားသည့် မိဖုရား ခင်ဦးကိုမှ ကျန်စစ်သားက ကြံစည်သတဲ့လား။ ကြိုးစားသတဲ့ လား။ အားထုတ်ရယူလိုသတဲ့လား။ ဒါမျိုးတော့ ဘယ်ရလိမ့်မလဲ။ လူသာမန် အရပ်သားတို့ ဆိုရိုးစကား ရှိသည် မဟုတ်လား။ မယား ထိလျှင်တော့ စားကြည့်-

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ယခုလည်း သည်အတိုင်းပဲ။ ခပ်ရိုင်းရိုင်း ဆိုရပါလိမ့်မည်။ မိဖုရားထိလျှင် ားကြည့်– လုံကြည့်။

အဲသည် ကိစ္စကြောင့်ပဲ ဆိုပါစို့။

ကျန်စစ်သားကို အရာမှ နှုတ်၍ အကျယ်ချုပ်ဖြင့် ဒလသို့ ပို့စေသည်ဟု သမိုင်းမှတ်တမ်းတွေက ဖော်ပြသည်။

ကောင်းတော့ဖြင့် မကောင်း။ ဘုရင်မင်းမြတ်၏ အားကိုးရာ လက်ရုံး တစ်ဆူဖြစ်သော ကျန်စစ်သားမှာ မိန်းမမှုပွေလို့ ရာထူးပြုတ်ပြီး ဒလသို့ အပို့ခံ ရပြန် ဆိုတော့။

အမှန်တော့ သည်ကိစ္စမှာ အတိုင်းအတာ ဘယ်မျှအထိ မှန်ကန်ပါသလဲ သိ.....။ ဉဿာမင်းသမီး ခင်ဦးသည် ငယ်ချစ် ကျန်စစ်သားကို ယနေ့ထက်တိုင် မေ့တဲ့နိုင်ဘူးပဲ ဆိုပါစို့။ ခုလို ကျော်မကောင်း ကြားမကောင်း ဖြစ်ရပ်မျိုး ပေါ်ပေါက်သည်အထိ ဖြစ်သင့်ပါသလား။

ကျန်စစ်သားဘက်ကလည်းကြည့်။ နှလုံးသားရေးရာ ကိစ္စ တစ်ရပ်အဖြစ် သည်ကိစ္စမှာ သူ့ကို ခွင့်လွှတ်ရန် မရှိ။ ဉဿာမင်းသမီး ခင်ဦးသည် တစ်ချိန် သာအခါက မိမိ၏ ငယ်ချစ်ဦး ဖြစ်ခဲ့သည် မှန်စေ၊ ခုဆိုလျှင် ခမည်းတော် နောင်ရထာ မင်းတရား၏ မိဖုရား ဖြစ်ခဲ့ပြီးပြီ။ အဲသည့် အချိန်မှာပဲ သည်မင်းသမီး ့် မိမိတို့ ပြဿနာပေါ်ပြီး တောကို ပြေးပုန်းခဲ့ရပြီးပြီ။ သည့်နောက် ရွှေနန်း လွှင်မှာ စိုးစံနေတဲ့ စောလူးမင်းတရားကိုယ်တိုင် အမြတ်တနိုးနှင့် မိဖုရားကြီး င်မြှောက်ခဲ့ပြီ။ အဲသည်လို အချိန်အခါ နေရာဌာနမျိုးမှာ နှလုံးသားရေးရာကို ၅တန်းတင်လာလို့ သင့်တော်ပါသတဲ့လား။

စဉ်းစားစရာတွေ ဖြစ်လာပြီ။

ခွင့်လွှတ်ကြပါဘိ.....။ တကယ်တော့ ရာထူးဌာနန္တရတွေ၊ အရေးခွဲတွေ ထုတ်လိုက်သောအခါ သူလည်းလေ လောကီသားပေမို့ မှားချင်လည်း မှားပါ ည်။ လွဲချင်လည်း လွဲပါမည်။

မည်သို့ဆိုစေ ခုတော့ စောလူးမင်းတရားသည် ပဲခူးစားငရမန် လျှောက်တင် သော သတင်းတစ်ရပ်ကို အခြေခံ၍ ကျန်စစ်သားကို ရာထူးဌာနန္တရ ဖြုတ် ကျယ်ချုပ်နှင့် ဒလသို့ ပို့လိုက်ပြီ၊ ပို့လိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



၃

ကျန်စစ်သားခမျာ နှလုံးသားရေးရာ အရှုပ်အထွေးများကြောင့် အကြေဒေသ ဒလမြို့သို့ ရောက်ရှိနေသည်။

အမှန်ဆိုသော် ကျန်စစ်သား ဆိုတာက ပုဂံနိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းအတွက် အဓိက ဦးစီးဦးကိုင် ပြုနေရသော ပုဂ္ဂိုလ်။ ယခု ပုဂံနေပြည်တော်မှာ သူ မရှိပြီ။ သူ မရှိတော့ဘူး ဆိုတော့ စောလူးမင်းတရားမှာ လက်ရုံးတစ်ဖက်မက နှစ်ဖက်မက ဆုံးရှုံးခဲ့ပြီ။ ခုနေအခါများ ပုဂံနိုင်ငံတော်ကို ရန်သူတို့ ထိပါး တိုက်ခိုက်လာပြီ ဆိုပါတော့။ တကယ် အားကိုးလောက်အောင် ကာကွယ်ခုခံပေးမည့် စစ်ခေါင်းဆောင်က ဘယ်မှာလဲ။

အမေးသာ ရှိလို့ အဖြေက မရနိုင်။

စောလူးမင်းတရား၏ အရည်အသွေးက သည်လို နေရာမျိုးမှာ အားကိုးအားထား ပြုလောက်စရာ မရှိသည်မှာ အမှန်။ မင်းတရား၏ အရည်အသွေးကို သိကြလို့ပဲ ကျန်စစ်သားကို ကြောင်ဖြူအရပ်မှ ပြန်ခေါ်ဖို့ ရဟန်းရှင်လူတို့က အကြံပေးခဲ့သည်။ မင်းတရားသည် သံဃာအားကို ဘုရားမဆန်သာ ဆိုသလို ရဟန်းရှင်လူတို့ ဆန္ဒကို မဆန့်ကျင်။ ကျန်စစ်သားကို နေပြည်တော်သို့ ပြန်ခေါ်ခဲ့ပါ၏။ ဟော..... ယခုတော့ သူ မရှိတော့ပြီ။ နေပြည်တော်မှာ ကျန်စစ်သား မရှိတော့ ပြန်ဘူး ဆိုပါလား။

ပုဂံနေပြည်တော်မှာ ကျန်စစ်သား မရှိတော့ဘူး ဆိုသည်နှင့် ပုဂံနိုင်ငံတော်အတွင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်ပြီ။ ခိုးသားဓားပြရန်အန္တရာယ် အသေးအဖွဲကိစ္စလေးများကို ဖယ်ထားဦး.....။ ပြည်လေ့းပြည်မွှား သောင်းကျန်း ထကြွလိုသူ လူမသမာတို့ တစ်စခန်း ထကြသည်။ ရရာလက်နက်ကို ကိုင်စွဲလို့ အခွင့်သာသည့် ဒေသများမှာ ဆူသူက ဆူ၊ ထသူက ထ၊ ကြွသူက ကြွသနှင့်။

သူတို့ကိုလည်း ထားပါဦး။

ပုဂံနိုင်ငံတော်၏ အချုပ်အချာ အာဏာကို သည့်နှယ် မလောက်လေး မလောက်စား သောင်းကျန်းသူ အသေးအမွှားတို့က ကိုင်၍ လှုပ်နိုင်ကြမည် မဟုတ်သေး။ တကယ်စိုးရိမ်ဖွယ်ရာ အန္တရာယ် ပြုမည့်သူက.....

ငရမန်ကန်း။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးစား ငရမန်ကန်း။

စောလူးမင်းတရားနှင့် နို့စို့ဖက် ဆိုပါသော ဘုရင့် ငယ်ပေါင်းကြီးဖော် ငရမန်ကန်း။

သည်ပဲခူးစားသည် တစ်နေ့သောအခါတွင် ပုဂံနိုင်ငံတော်၏ အချုပ်အချာ အာဏာကို ထိပါးလာမည့် အန္တရာယ်ဟု စောလူးမင်း တရားက မမြင်။ ငယ်စဉ် အခါတုန်း၊ ဟို.....ကလေးဘဝ၊ အရွယ်မရောက်မီအချိန်က ဆိုပါစို့။ ပုဂံရွှေနန်း သို့ ရောက်နေသော ပဲခူးသားကလေး ငရမန်၏ မိခင်ထံမှာ စောလူးမင်းသားနှင့် ငရမန်တို့နှစ်ဦး နို့တစ်ဖက်စီ စို့ခဲ့ကြဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က ညီရင်း အစ်ကိုနှယ် ချစ်ခင်ခဲ့ကြသည်ဟုလည်း ဆိုနိုင်သည်။ ငယ်ပေါင်းဆွေရင်း သူငယ်ချင်း ချစ်များဟုလည်း ပြောနိုင်သည်။ ခုတော့.....

ဖြစ်ပုံက သည်လို။

စောလူးမင်းတရားနှင့် ပဲခူးစား ငရမန်တို့သည် နန်းတော် ဉယျာဉ်အတွင်း နေ့စဉ်လိုပင် ကြွေအန်ကစားလေ့ ရှိကြသည်။ ကြွေအန် ကစားသည် ဆိုတော့ ယစ်ရွှေရည်ကလေး တမြမြ.....၊ သေရည်ခွက်ကလေး တကိုင်ကိုင်နှင့် အမူးသမား တို့ ထုံးစံအတိုင်း တစ်ယောက်နှင့် တစ်ယောက် ထေ့ကြ၊ ငေါ့ကြ၊ နောက်ကြ၊ ပြောင်ကြ၊ မခံချင်အောင် ပြောကြသည်လည်း ရှိပါလိမ့်မည်။

တစ်နေ့.....။ သည်တစ်နေ့မှာ စောလူးမင်းတရားနှင့် ပဲခူးစား ငရမန်တို့ သည် သမိုင်းကို အသစ်ရေးထိုးမည့် ကြွေအန်တစ်ပွဲ ကစားဖြစ်ကြသည်။

သည်နေ့ပွဲမှာ ငရမန်ကန်းက အပြတ်အသတ် နိုင်သည်။ အနိုင်ရသည်နှင့် ငရမန်ကန်းသည် နေရာမှ ရုတ်တရက် ခုန်၍ ထသည်။

အောင်နိုင်သူတို့ ထုံးစံအတိုင်း ပဲခူးစားက ခပ်ကြွားကြွားကလေး အော် သည်။ ကျူးရင့်သည်။ စောလူးမင်းတရား၏ ဒေါသစိတ်ကိုလည်း တစ်ချိန်တည်း မှာပင် နှိုးဆွလေသည်။

စောလူးမင်းတရားသည် ကြွေပွဲရှုံးသည်နှင့်ပင် ရင်ထဲရှိ ဒေါသမီး ပေါက်လု ချင်ချင် ဖြစ်နေသည်။ သည်အချိန်မှာ သေရည်ခွက်ကို ဆက်တိုက်မော့ရင်းက ရှက်ရှက်နှင့်ပင် ငရမန်ကန်းကို ပြုံးကြည့်နေ၏။

ငရမန်သည် စောလူးမင်းတရား စိတ်ထဲက ရိုးတိုးရွတ ဖြစ်လာအောင် ဒုတိယအကြိမ် ရန်စ ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ်လဲ.....ကိုယ်တော် အရှင်မြတ်ဘုရား၊ ပဲခူးစားလို လူနဲ့ တူတဲ့သူ ဟောဒီဇမ္ဗူမှာ ရှိသေးသလားလို့'

ငရမန်က ပြောပြောဆိုဆိုနှင့် မိမိလက်မောင်းနှစ်ဖက်ကို တဖြောင်းဖြောင်း မြည်အောင် လက်ပမ်းပေါက်ခတ်လို့ နေပါသည်။

'နောင်တော် ပဲခူးစား၊ ကြွေအန်တစ်ပွဲကလေး နိုင်တာနဲ့ ကြွားလှချည့်လား'

'ကြွားလှချည်လားလို့ ကိုယ်တော်က ဆိုတယ်၊ ဟဲ.....ဟဲ.....ကဲဗျာ..... ကိုယ်တော်ဘုရားကိုပဲ မေးပါရစေဦး၊ ကျွန်တော်မျိုး ပဲခူးစားလို ကြွားချင်လို့ကော ကြွားနိုင်လို့လား.....၊ ကြွားနိုင်အောင် ကြွေတစ်ပွဲများ နိုင်လို့လား..... ဟဲ..... ဟဲ..... ဟဲ'

ငရမန်၏ စကားရပ်များက ပိုလို့သာ ကဲလာသည်။ နိုင်ငံတော်ပြည့်ရှင် ဘုရင်မင်းတစ်ပါးကို ပြောဆိုဆက်ဆံပုံကပင် မထီလေးစား နိုင်လွန်းလှသည်။ အမူအရာက စော်စော်ကားကား နိုင်လှချည့်။ သည်တော့လည်း.....သူ့လုပ်ပုံတွေက စောလူးမင်းတရား၏ သည်းခံနိုင်စွမ်းရှိသော စိတ်အတိုင်းအတာကို လွန်ခဲ့ပြီ။ ကျွံခဲ့ပြီ။

စောလူးမင်းတရားသည် ငရမန်၏ နောက်ဆုံးစကားကို ခုလို ကြားသော်နေရာမှ ဝုန်းခနဲ ခုန်ထသည်။ အနီးတွင် ရှိသော ကြွေအန် ကစားသည့်စားပွဲကို ကန်ပစ်လိုက်၏။ စားပွဲငယ်သည် သေရည်ထည့်ထားသော ရွှေကရားနှင့် ရွှေပန်းကန်များပေါ်သို့ မှောက်လျက်သား ကျသွားတော့သည်။

'ဟော့.....ငရမန်ရဲ့.....၊ မင်းက ကြွေကလေး တစ်ပွဲနိုင်တာနဲ့ သည်လောက်တောင် ကြွားကြွားဝါဝါ ဖြစ်နေရသလား.....၊ နင့်မှာ ယောကျ်ားတို့ သတ္တိရှိရင် နင်စားတဲ့ ပဲခူးကနေ ပုန်ကန်ပါတော့လား'

စောလူးမင်းတရားသည် ဒေါသဖြင့် မွှန်သော စကားကို ဤသို့ ဆိုလေသည်။ မင်းတရားကတော့ သည်စကားကို အမှတ်မဲ့ ဆိုလိုက်သည်။ သို့သော်.... သည်ယုန်မြင်၍ သည်ချုံကို ပင်ပန်းကြီးစွာ ထွင်ခဲ့သော ပဲခူးစားအဖို့မှ ဘုရားငှ တွေ့သော သုနက္ခလို သဘောအကျကြီး ကျသွားပြီ။

'အရှင်မင်းမြတ် သည်စကားကို အကယ်ပင် ဆိုသလား၊ မိန့်တော်မူပါဦး ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်.....ငရမန်.....မင်းတို့ စကား မိုးကြိုးသွားတဲ့၊ ရှင်ဘုရင်တို့ မည်သည် ခမုန်သော စကားကိုမဆို၊ ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့ ရှိဖူးသလား'

'ကောင်းလှပါပြီ ဘုရား၊ အရှင်လည်း ယောကျ်ားသား၊ ပဲခူးစား ဆိုတာလည်း ယောကျ်ားသား၊ ယောကျ်ားနှစ်ယောက် စစ်မြေပြင်မှာ သတ္တိချင်း ပြိုင်ရမယ့် ရက်ကို ဆက်ဆက်ကြီး မျှော်ပါတော့ ဘုရား'

ပဲခူးစားသည် ခုန်ကြွမြူးတူး၍ ဥယျာဉ်တော်မှ ထွက်သွားသည်။ အချိန်အခါတော့ ရောက်ပြီ။ အခါသင့်လို့ အခွင့်ပေါ်ချိန်မှာ ပုဂံရွှေနန်းကို သိမ်းမြန်းစိုးအုပ်ဖို့ အကြံကြီး ကြံနေသော ပဲခူးစား ငရမန် မဟုတ်လား။ ခု.....ရွှေနန်းရှင်ဘုရင်မင်းမြတ် ကိုယ်တိုင်က 'နင်စားတဲ့ ပဲခူးက ပုန်ကန်တော့လို့' ပြောပြီး သည်အချိန်မှာ ခွင့်သာခိုက်မို့ မလိုက်မိလျှင် အမိုက်နင့်ပြင် ရှိဦးမှာတဲ့လား။

ငရမန်သည် ပုဂံနေပြည်တော်မှ အမြန်ဆုံး ခွာလေသည်။ ခုနေအခါမှာတော့ ဘုရင်မင်းတရား စိတ်ခက်ထန်နေဆဲ.....၊ ဒေါသလွှန်ကဲနေဆဲ.....၊ အရက်မူးလွန်နေဆဲ.....။

သည်အချိန်မှာ ပုဂံနေပြည်တော်မှ မိမိ အမြန်ဆုံး ခွာ၊ အမြန်ဆုံး ပဲခူးပြန်၊ အမြန်ဆုံး ပုဂံကို တိုက်ရလိမ့်မည်။ ဘုရင်မင်းမြတ် ဒေါသပြေချိန်မှာ သူ့စကားကို ပြန်ပြင်ချေသော် ခက်မည် မဟုတ်လား။

ငရမန်ကန်းအဖို့ သည်အခြေအနေမျိုးကို တစ်နေ့မရောက် တစ်နေ့ ရောက်လိမ့်မည်ဟု မျှော်လင့်ပြီးသားပါ။

မျှော်လင့်ထားသည်မို့လည်း ပုဂံနိုင်ငံတော်၏ စစ်ခေါင်းဆောင် ကျန်စစ်သားကို စောစောစီးစီး ဖယ်ထုတ်ထားခဲ့သည်။

ခု.....ပုဂံနိုင်ငံတော်မှာ ကျန်စစ်သား မရှိတော့ဘူး ဆိုတော့.....စောလူးမင်းတရား၏ ဒေါသမီးအိမ်ကို ယမ်းထုပ်နှင့် တို့ပေးလိုက်ရုံကလေးပဲ။ မင်းတရားသည် ဒေါသနှင့်အိုင်မှာ နစ်သမို့ စကားတွေကို အလွန်အကျွံဆို၊ အလွန်အကျွံ ပြော၊ အလွန်အကျွံ ဖွင့်အန်ခဲ့သည် မဟုတ်လား။

ခုတော့.....စစ်သူကြီး မရှိသော ပုဂံနိုင်ငံတော်ကို မိမိ၏ ပဲခူးတပ် သူပုန်တပ်ကြီးဖြင့် အမြန်ဆုံး ဝိုင်းမည်။ စစ်ရည် စစ်သွေး ထက်မြက်အောင် စည်းရုံးလေ့ကျင့်ထားသော မိမိ၏ ပဲခူးတပ်ကြီးသည် ပုဂံဘုရင့်တပ်မတော်ကို အလွယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖြိုမည်။ သည်အခါတွင် နေပြည်တော်ပုဂံသည် ဘယ်သူ့အားနှင့် 'ခံ' နိုင်မှာတဲ့လဲ။

ပဲခူးစားသည် နိုင်ငံရေး သချ်ာတစ်ပုဒ်ကို သည့်နှယ် လွယ်လွယ်နှင့် အဖြေထုတ်လေသည်။ သို့သော်.....သူမေ့ထားသည့် အချက် တစ်ခု ရှိနေသည်။

ဒါက ကျန်စစ်သားနှင့် ပတ်သက်သည်။

စောလူးမင်းတရားသည် ပဲခူးသူပုန်တပ်ကြီး ချီလာသောအခါ အရှုံးမီးဝိုင်းဖြစ်မည်။ ထိုအခါ သူသည် လက်ရုံးတစ်ဆူ ဖြစ်သော ကျန်စစ်သားကို ပြန်မခေါ်ဘဲ နေပါ့မလား။ သည်လို ပြန်ခေါ်မည် ဆိုလျှင်.....

၄

အမှန်ပါပဲ။ စောလူးမင်းတရားသည် ဒလသို့ ပို့ထားသော ကျန်စစ်သားကို ပြန်ခေါ်လေသည်။

သည်သို့ ပြန်ခေါ်ရန် ရဟန်းရှင်လူအများနှင့် မှူးမတ်များကပင် မင်းတရားကို အကြံပေး တင်လျှောက်ကြသည်။

ပဲခူးစား၏ တပ်များ ပုဂံနေပြည်တော်သို့ ချီလာပြီတဲ့။ သည်လိုဆိုလျှင် ကျန်စစ်သားမှ တစ်ပါး ဘုရင့်တပ်မတော်ကို ဦးစီးနိုင်မည့်သူ ဟူ၍ အခြားမမြင်။ ရန်သူတပ်များကို ရင်ဆိုင်တိုက်ခိုက်ရန် စစ်ဦးစီးကောင်း လိုသည်။ သည်တော့ ကျန်စစ်သားကိုပဲ ဖြစ်သည့်နည်းနှင့် ပြန်ခေါ်ပါ။ ပြန်ခေါ်ပါ။

စောလူးမင်းကား ပင်ကိုယ်ဉာဏ်နည်းပါးသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်စွမ်း ရှိသူ မဟုတ်။ သည်တော့ မှူးမတ် ဝန်ကြီးများ၏ အကြံပေးချက် စီမံချက်များကို နေရာများများမှာ လိုက်နာ နားထောင်နေရသူ ဖြစ်သည်။ လိုအပ်သည် ဖြစ်စေ.....၊ မလိုအပ်သည် ဖြစ်စေ သူသည် ထိုပုဂ္ဂိုလ်များ၏ အကြံပေးချက်တို့ကို ပယ်ဖျက်နိုင်စွမ်းရှိသော မင်းမဟုတ်။ သို့နှင့်ပင်.....

ဒလမြို့သို့ စေပို့ထားသော ကျန်စစ်သားသည် မကြာမီ ပုဂံနေပြည်တော်သို့ ပြန်ရောက်လာရလေသည်။

ကျန်စစ်သားသည် ရောက်လျှင် ရောက်ချင်း ဘုရင့်တပ်မတော်ကို ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ရသည်။ မိမိ နှစ်ပေါင်းများစွာ အားကိုးအားထား ပြုခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ငထွေးရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ကို ဘုရင့်တပ်မတော်မှာ အမှုထမ်းဖို့ ပြန်ခေါ်ရသည်။

အစကတော့ သည်ပုဂ္ဂိုလ်တွေမှာ မိမိနှင့်အတူ ပုဂံနိုင်ငံတော် တည်ထောင်ရာ၌ ပါဝင်ခဲ့သူ‌‌ေ ဒ္ဓ။ သို့သော် မိမိအရာမှ ကျသည်နှင့် ကျူပင်ခုတ် ကျူငုတ် မကျန်စေရန်အတွက် သူတို့ကို ရာထူးမှ ဖယ်ရှားခဲ့သည်။ သည်လို ဖယ်ရှားခဲ့သည်ဆိုတော့ ညောင်ဦးဖီးတို့ လူသိုက်အဖို့ ဘာမျှ ကိစ္စ မရှိ။ ညောင်ဦးဖီးက ရောဝတီမြစ်ကမ်းမှာ ရေကူးနေသည်။ ငထွေးရူးက ထန်းပြန်တက်သည်။ ငလုံးလက်ဖယ်ကတော့ ထွန်တုံး ထွန်တံတွေနှင့် ယာထဲသို့ ပြန်ဆင်းသည်။

သူတို့တစ်တွေကို ကျန်စစ်သားက ပြန်ခေါ်ရသည်။

အရေးကြီးပြီ၊ သွေးစည်းကြစို့။

နိုင်ငံတော်ကို အကြေအရပ်က ရန်သူတွေက ခြိမ်းခြောက်နေသည်။ သည်ရန်သူတွေက နိုင်ငံတွင်းကသာ မဟုတ်။ ပြည်ပအနှ ရာယ်လည်း ပါသင့်သလောက်ပါသည်။ အဲသည့်အချိန် အဲသည့် အခါက ပဲခူး ဆိုတာ ပင်လယ်ဆိပ်ကမ်းမြို့ မဟုတ်လား။ သို့နှင့် နိုင်ငံခြား သင်္ဘောတွေက ဥဒဟို ဆိုက်နေကြသည်။ နိုင်ငံခြားပုဂ္ဂိုလ်တွေက အဝင်အထွက် ရှိသည်။ ပဲခူးစား ငရမန်သည် ထိုနိုင်ငံခြားသားတို့ထံမှ ရသမျှ လက်နက်ခဲယမ်း အကူအညီကို မုချရမည်။ ထိုသို့ဆိုလျှင် မိမိတို့ ရင်ဆိုင်ရမည့် ရန်သူတပ်သည် အနုညာတ မဟုတ်။ သာမန် စစ်တပ်မဟုတ်။ တိုင်းခြားရန် တိုင်းခြား အကူအညီဖြင့် ချီတက်လာသော ခေတ်မီ စစ်တပ်တစ်တပ် ဖြစ်လိမ့်မည်။ သည်တော့.....

ကျန်စစ်သားသည် မိမိ၏ ဘုရင့်တပ်မတော်ကို နှစ်တပ်ခွဲလိုက်သည်။ ခြေလျင်တပ်ခေါ် ကြည်းတပ်နှင့် ပြောက်ကျားတပ်ဖွဲ့ငယ်များအဖြစ် ဆိုပါစို့။

ကြည်းတပ်သည် မိမိတို့နှင့် စစ်မြေပြင်မှာ လက်နက်ချင်းပြိုင် လူချင်းဆိုင်ပြီး ဖွဲ့နှင့် သတ္တိကို ပြမည့် အမြဲတမ်း တပ်ဖွဲ့.....။ ပြောက်ကျားတပ်ဆိုတာက ပဲခူးစား ကိုယ်တိုင် အုပ်ချုပ်ပါဝင်မည့် ရန်သူတို့၏ အသည်းနှလုံးတပ်ကို အနီးကပ် ထိုးစစ်ဆင်ရန် သီးသန့်ဖွဲ့စည်းသည့် တပ်ဖွဲ့ ဖြစ်သည်။

ဘုရင့်တပ်မတော်သည် ပဲခူးစား၏ သူပုန်တပ်များကို စစ်မြေပြင်၌ ခလုလဲအကွဲကွဲ တိုက်နေစဉ်မှာ မိမိတို့ပြောက်ကျားတပ်သည် ပဲခူးစား၏ ကိုယ်ရံတော်တပ်ကို အနီးကပ် ဖြိုခွင်းပြီး ငရမန်ကို ဖြစ်နိုင်လျှင် အရဖမ်းဆီးနိုင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အတွင်း အကြေဒေသရှိ ရန်သူ့တပ်များ၏ သတင်းများက နေပြည်တော်သို့ ရောက်လာ၏။ ပဲခူးစားသည် ထောင်တပ်သောင်းတပ်များဖြင့် ပုဂံနေပြည်တော်မှာ ဘုရင်သစ်လဲဖို့ ချီတက်လာပြီ။ ဆင်တပ် မြင်းတပ်နှင့်အတူ လူသူလက်နက်စုံသတဲ့။ အင်အား တောင့်တင်းမှုမှာ ပုဂံတပ်ထက် အရာရာမှာ သာလွန်ပါသတဲ့။

သည်တော့.....

ကျန်စစ်သားသည် လာမည့်ဘေးကို ပြေးတွေ့ရန် စီစဉ်လေသည်။ ခုနေအခါမှာ သူပုန်တပ်က နေပြည်တော်ကို လာဝိုင်းဖို့ ခွင့်မပြုနိုင်။ သူပုန်တပ်သည် ဘယ်လမ်းက လာမလဲ။ ရေလမ်းကလား.....၊ ရေကြောင်း ချီတပ်များကို လွှတ်မည်။ ကြည်းကြောင်းကလား.....၊ ကြည်းကြောင်းချီတပ်များက အသင့်။ ဘယ်စစ်မျက်နှာမှာမဆို မိမိ ပြင်ဆင်ထားပြီး ဖြစ်သော သည်တပ်မတော်သည် ရဲစွမ်းသတ္တိရှိစွာဖြင့် ရင်ဆိုင်မည်။

သည်ရည်ရွယ်ချက်ဖြင့် ကျန်စစ်သားသည် ပုဂံတပ်မတော်ကို နေပြည်တော်မှ ထွက်ခွာရန် စီစဉ်ပါပြီ။

ဘုရင့်တပ်မတော်ကြီး ပုဂံနေပြည်တော်မှ မခွာမီ.....ကျန်စစ်သားနှင့် တပ်မှူးများသည် စောလူးမင်းတရားထံ အခစား ဝင်ကြသည်။ လျှောက်တင်စရာရှိသည်ကိုတင်၊ သတင်းပို့စရာ ရှိသည်ကို ပို့၍ ဘုရင်မင်းမြတ်၏ ဩဝါဒကို ခံယူကြရန်။

သို့သော်.....!

သည်နေရာမှာ မထင်မှတ်သော ကိစ္စတစ်ရပ်က ဖြစ်လာ၏။

စောလူးမင်းတရားက မိန့်သည်။

'ငါကိုယ်တော်ရှင်မြတ် ကိုယ်တိုင် တပ်မတော်ကို ဦးစီးပြီး ပဲခူးစားနဲ့စီးချင်းထိုးမယ်'

မြတ်စွာဘုရား။ အထိတ်တလန့်ပါလား။ အံ့ဖွယ်သရဲပါလား။ မဖြစ်ကောင်းမဖြစ်ရာပါလား။

ကြည့်ပါတော့။ စစ်မြေပြင်သို့ ထွက်ချီမည့် တပ်မတော်ကို စောလူးမင်းတရားကိုယ်တော်တိုင် ဦးစီးကွပ်ကဲမည်ဟု ဆိုနေပြီ။ ဒါကို ကျန်စစ်သား ကြားသော် စိတ်အပျက်ကြီး ပျက်မိသည်။ စစ်ပွဲအတွေ့အကြုံ ဘာမျှ မရှိသော မိမိ၏ အရှင်သခင်သည် စစ်မြေပြင်သို့ လိုက်ပြီး မိမိ၏ တပ်ကို ဖျက်တော့မလား။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျန်စစ်သားက မင်းတရားကို ဖျောင်းဖျလျှောက်တင်သည်။

'ရွှေနန်းဆင်တော်မူပါ ဘုရား၊ ပဲခူးစားနှင့် ရင်ဆိုင်ရမည့် အရေးအခင်းမှာ အလွန်ပဲ သေးငယ်သည့် ကိစ္စ တစ်ရပ်ပါ။ သည်လို သေးငယ်သည့် အရေးအခင်းမျိုးမှာ အရှင်ဘုရားကိုယ်တိုင် ကြွချီဖို့ မလို၊ လက်အောက်ငယ်သားများနှင့်သာ ပြီးစီးရမည့် အခြေအနေ ဆိုတော့..... ဆိုတော့.....'

စောလူးမင်းမှာ ထိုအချိန်က သေရည်ကို အလွန်အကျွံ သောက်ထားသည်။ ခုနေအခါမှာ မိမိ၏ ဆုံးဖြတ်ချက် မှားသည် မှန်သည်ကို ချိန်ဆနိုင်သော အင်အားမရှိ။ သည်တော့ ဘာမဆို မိမိ လုပ်ချင်ရာ စွတ်လုပ်မည့် အခြေအနေ ဖြစ်သည်။

အဲသည်တော့.....

ကျန်စစ်သားသည် ဘုရင်မင်းမြတ်ကို ဆန့်ကျင်ပြီး နောက်ထပ် ဘာမျှ မတင်တော့။ ဖြစ်သမျှ အကြောင်း အကောင်းပဲ ဆိုရတော့မည်။ တိုက်ပွဲဖြစ်တော့မှ မီးစင်ကြည့်၍ ကမည်။ အထူးသဖြင့် အရေးကြီးသည်က မိမိတို့ ဘုရင် အန္တရာယ်ကင်းအောင် စောင့်ရှောက်ဖို့၊ ကာကွယ်ဖို့။

သို့နှင့် ပုဂံနေပြည်တော်မှ ဘုရင့်တပ်မတော်ကြီးသည် အောင်စည်သံတဝေဝေနှင့် အောင်မောင်းသံ တညံညံနှင့်၊ တံခွန်တွေ တလူလူလွင့်လို့ ပဲခူးစား၏ တပ်ကို ရင်ဆိုင်ဖို့ ထွက်ခဲ့ပြီ။

အထောက်တော် အစေတော်များထံမှ ရရှိထားသော သတင်းများအရ ရန်သူ ပဲခူးစား၏ တပ်များသည် ပြည်တော်သာကျွန်း၏ အောက်ဘက်တွင် ရှိသည်။ ရန်သူတပ်၏ အင်အားမှာ ရွံ့လောက်ဖွယ်မရှိ။ ပုဂံတပ်မတော်နှင့် ယှဉ်သော် အကွာကြီး ကွာနေသည်။ သူ့တပ်အင်အားမှာ မဆိုစလောက်သာ ရှိမည်။

သည်ပုံဖြင့် ဝင်တိုက်လျှင် ပုဂံတပ်မတော်သည် ရန်သူတို့ကို ညက်ညက်ကြေအောင် ချေမှုန်းနိုင်လိမ့်မည်..... တဲ့။

သည်သတင်းကို ကြားသော် မင်းစောလူး အားရကျေနပ်နေပြီ။ အရေးတော်ဖြင့် အောင်တော့မည်။ ရဲဘော်တွေ အားမလျှော့နှင့်၊ ပုဂံသွေးကို ပြကြစို့။ ပုဂံသတ္တိကို ဖော်ကြစို့။ ပုဂံဓွဲကို ထုတ်ကြစို့။

ထိုနေ့ည နေမဝင်မီ ပြည်တော်သာကျွန်းသို့ ရောက်ပြီ။ အဝေးဆီမှ စည်သံမောင်းသံတွေ ကြားရသဖြင့် ရန်သူ့တပ်စခန်း ချနေကြောင်း သိနိုင်သည်။ ကောင်းကင်သို့ လွင့်ပျံလာသော မီးခိုးတန်း အနည်းငယ်ကို ကြည့်၍ ရန်သူ့အင်အား

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ သိပ်မကြီးမားကြောင်း အကဲခတ်နိုင်သည်။ သို့နှင့်ပင် စောလူးမင်းတရားမှာ ရန်သူ့တပ်ကို ဝင်တိုက်ဖို့ စစ်တပြင်ပြင်၊ လက်နက် တကိုင်ကိုင်နှင့်။

သည်အခြေအနေကို စိတ်မချသူက ကျန်စစ်သား ဖြစ်၏။ စစ်တို့၏ အခြေအနေကား အကဲခတ်ရ ခက်ပါ၏။ အပေါ်ယံအမြင်ဖြင့် ဆုံးဖြတ်၍ လျှပ်တစ်ပြက် ဝင်တိုက်သော် မိမိဘက်က အထိနာဖို့သာရှိသည်။ ဒေသအခြေအနေကို လေ့လာဦး၊ ရောက်နေသည့် ကာလအချိန်အခါကို အကဲခတ်ဦး။ ဖြစ်ပေါ်နေသော နှစ်ဘက်တပ်များ၏ စခန်းချ ရပ်တည်ပုံကို စူးစမ်းဦး။

သုံးဘက် သုံးဌာန ကျေနပ်ပြီဆိုလျှင် သည်စစ်ကို တိုက်ပေတော့။

ကျေနပ်ဖွယ် မရှိသေးလျှင် သည်စစ်ကို စောင့်ဦး။ အခြေအနေကို အကဲခတ်ဦး။ လေ့လာဦး။ စူးစမ်းပါလေဦး။

ပြည်တော်သာကျွန်းသို့ မဝင်မီ တောအုပ်အနီးတွင် ပုဂံတပ်မတော်သည် သေချာသော နေရာကို ရှာဖွေပြီး စခန်းချသည်။ သေချာသော နေရာ ဆိုတာက မိမိတပ်၏ လှုပ်ရှားမှု အခြေအနေကို ရန်သူမတွေ့မြင်နိုင်သော နေရာ။ ပြီးတော့..... မိမိတပ်အင်အားကို ရန်သူအထောက်တော်တို့ မည်သည့်နည်းနှင့်မျှ ထိုးဖောက်ဝင်ရောက်လာနိုင်ရန် မဖြစ်နိုင်အောင် ပတ်ဝန်းကျင် သွားလာမှု ခက်ခဲသော တောစပ် တောင်စပ် တစ်နေရာ။

သည်နေရာမှာ ပုဂံတပ်တော် စခန်းချပြီ ဆိုတော့ နေဝင်ပါပြီ။

ကျန်စစ်သားသည် အဝေးဆီသို့ မျှော်ကြည့်သည်။ ရန်သူ့စခန်းဆီမှ တုတ်တုတ်မျှ မလှုပ်တော့ပြီ။ ရန်သူသည် မိမိတို့ သည်နေရာမှာ ရောက်နေကြောင်း သိသွားပြီ။ သည်တော့ စောစောက အောင်စည်အောင်မောင်းသံများ ရပ်သွား၏။ အခြေအနေကို အကဲခတ်ရသည်မှာ ရန်သူသည် မိမိတို့ တပ်ကို 'ဆင်ကြံကြံရန်' အားထုတ် ကြိုးပမ်းနေသည့်ဟန်။

ကျန်စစ်သားသည် ရန်သူ့စခန်းဆီသို့ အကဲခတ်နေရင်းက တပ်ဗိုလ် တပ်မှူးများကို ခေါ်လိုက်သည်။ လက်ရှိ အခြေအနေကို သင်းတို့ ဘယ်သို့ မြင်ကြသလဲ။ ဘယ်သို့ သုံးသပ်ကြမလဲ။ သိရအောင်၊ ညှိရအောင်.....

ကျန်စစ်သားနှင့် တပ်မှူးတို့ ဆွေးနွေးညှိနှိုင်းနေစဉ်မှာပင် နေဝင်သွားပြီ။ အမှောင်ထုက ဝန်းကျင် တစ်ခွင်ကို အုပ်စိုးစ ပြုနေပြီ။ တောင်းကင်ကို မျှော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သောအခါ အိပ်တန်းပြန် နောက်ကျသော ငှက်အုပ် တစ်အုပ် နှစ်အုပ်ကို မြင်ရသည်မှအပ တိတ်ဆိတ်လျက် ငြိမ်သက်လျက်။

ရေမြေဝန်းကျင် ကြည့်ရသည်မှာ မှန်တိုင်းကျလုဆဲဆဲ ပင်လယ်ပြင်သည် နှသင်ဖြူး ခင်းသလို ငြိမ်သက်နေဟန်ပါပဲ။

သည်ခဏမှာ ကျန်စစ်သားကို ဘုရင်မင်းမြတ် တွေ့ချင်သည်ဟု အခေါ် တော် ရောက်လာ၏။

ရုတ်တရက်သော် ကျန်စစ်သားသည် စိတ်အညစ်ကြီး ညစ်သွားသည်။ အမူလကာတည်းက စစ်ပွဲဆီသို့ မလိုက်စေလိုသော ဘုရင်မင်းမြတ်။ ယခု သူက စစ်မြေပြင်သို့ လိုက်လာပြီ။ ခုနေအခါမှာ ရန်သူတို့နှင့် ရင်ဆိုင်တွေ့နေသည့်အချိန်။ အစစ အရာရာ ဖုံးဖုံးဖိဖိ သေသေသပ်သပ် ညှိနှိုင်းပြီ ရန်သူနှင့် တိုက်ရမည့် သည်းဗျူဟာကို ကြိုတင်ချမှတ်ရမည် ဖြစ်သည်။

သည့်နှယ် အရေးကြီးသည့် အချိန်မှာ ဘုရင်မင်းမြတ်က အဘယ့်ကြောင့် ခေါ်တော်မူသနည်း။

ကျန်စစ်သားသည် နေရာမှ လေးကန်ဖင်နွဲ့စွာ ထသည်။ ပြီးတော့ စောလူး မင်းတရား စံနေသော သစ်ခက်တဲနန်းဆီသို့ လျှောက်သွား၏။ ထုံးစံအတိုင်းပင် သရည်ခွက်ကို မော့ချနေသော စောလူးမင်း၏ အားမရဖွယ် ပုံစံကို တွေ့ရသည်။

'နောင်တော် ဘာတွေများ အလုပ်များနေသလဲဗျ'

ပြုံတီတီ ရီတီတီ မေးလိုက်သော စောလူးမင်းတရား၏ အရက်သံနှင့် အမေးခွန်း ဖြစ်သည်။

'မှန်လှပါ၊ ရန်သူ့စခန်း အခြေအနေကို အကဲခတ်ထောက်လှမ်းဖို့ တပ်မှူး တွေနဲ့ ဆွေးနွေးနေကြောင်းပါ'

'ရန်သူ့စခန်းကို အကဲခတ် ထောက်လှမ်းဖို့ လိုသေးသလား နောင်တော် ရဲ၊ စောစောကပဲ သူတို့ဆီက စစ်ခေါ်တဲ့ စည်သံမောင်းသံတွေ ကြားတယ် ဟုတ်လား၊ အဲသည် နေရာကို ကိုယ်က အရင်ဦးအောင် ထိုးစစ်ဆင်လိုက်ပြီ သိသပေါ့ဗျ......ဟုတ်လား'

'မှန်လှပါ အရှင်မင်းကြီး၊ စစ်တို့ရဲ့ သဘောက အကဲခတ်ရ ပါတယ်၊ သူတို့ သည်နေရာက စစ်သံပေးတိုင်း သည်နေရာကို ဦးတည်စစ်ဆင်လို့ မဖြစ်

www.burmeseclassic.com



ကြောင်းပါ၊ နည်းပရိယာယ် ကြွယ်ဝသူများ ဖြစ်ကြတော့ အကောက်ဉာဏ် လှည့်ဖြားလာရင် ကိုယ့်ဘက်က အသင့်ဖြစ်အောင် ပြင်ဆင်ရမှာ ဖြစ်ပါတယ်

'ဟုတ်ပါပြီလေ..... ညီတော်ကလဲ အရမ်းကာရော ဝင်တိုက်ဖို့ ခိုင်းတာ မဟုတ်ပါဘူး နောင်တော်ရဲ့။ ဒါပေမယ့်.....'

စောလူးမင်းတရားသည် သူ့ ဒါပေမယ့်ကို နောက်ထပ် မဆက်လိုက်နိုင် တော့ပေ။ ဘာဖြစ်လို့လဲ ဆိုတော့ စောလူးမင်းတရားနှင့် ကျန်စစ်သားရှေ့သို့ အထောက်တော် မြင်းတစ်စီး ကဆုန်ပေါက်၍ ဝင်လာခြင်းကြောင့် ဖြစ်သည်။

မြင်းသည်ကျော်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းသည်။ သူ့မြင်းဇက် ကြိုးကို အနီးရှိ ရဲမက် တစ်ဦးသို့ လှမ်းလိုက်၏။ ပြီးတော့ သူက စောလူးမင်း တရားရှေ့တော်မှာ ဦးခိုက်ပြီး ပြားပြားဝပ်ကန်တော့နေသည်။

'ရဲအောင်စွာပါလား'

ကျန်စစ်သားက နှုတ်မှ အသံထွက်သွား၏။ မိမိတို့ ပုဂံတပ်မတော် ရှေ့တန်းသို့ လျှို့ဝှက်စေလွှတ်ထားသော အထောက်တော်။

သည်ခဏမှာပင် ရဲအောင်စွာက သတင်းတစ်ရပ်ကို တင်လျှောက်သည်။

'မှန်လှပါ၊ အနောက်ဘက် တောအုပ်အစပ်မှာ လှုပ်ရှားနေတဲ့ ရန်သူ့တပ် ကို လရောင် ဝိုးတဝါးနဲ့ မြင်ရပါတယ်၊ စစ်ဆေးကြည့်ရှုရန် ဖြစ်ပါတယ် ဘုရား'

ရဲအောင်စွာ၏ စကားအဆုံးမှာ စောလူးမင်းရော ကျန်စစ်သားပါ နေရာ ထရပ်သည်။ ပြီးတော့ ရဲအောင်စွာ ညွှန်ပြရာသို့ မျှော်ကြည့်ကြ၏။ မတွေ့ရ ဘာကိုမျှ မတွေ့ရ။ မမြင်ရ။

သည်တော့ ကျန်စစ်သားက အနီးရှိ သစ်ပင် တစ်ပင်ပေါ်မှာ ယာယီ ဆောက်ထားသော မျှော်စင်သို့ တက်ကြည့်သည်။ ဟုတ်ပါရဲ့။ ဟိုအဝေးဆီက သစ်ပင်အုပ်အုပ်တွေ ရောနေသော မြင်ကွင်းထဲက ရန်သူ့တပ်၏ အခြေအနေ မြင်ရသည်။ တွေ့ရသည်။ သို့သော် မှုန်ပျပျလရောင်တွင် မြင်ရသည်မို့ သဲသဲကွဲကွဲ မရှိ။ ထင်ထင်ရှားရှား မသိ။ ရန်သူ့တပ်များ၏ ဆင်တွေ လှုပ်ရှားနေသည် ထင်ရသည်။ ရန်သူရဲမက်တွေ မြင်းကိုယ်စီနှင့် ချီတက်လာကြဟန် အုပ်စုလိုက် လည်း မြင်ရသည်။

ထိုခဏမှာ စောလူးမင်းတရားလည်း မျှော်စင်ပေါ်သို့ အပြေးအလွှား တက် လာ၏။ ပြီးတော့ သူကိုယ်တိုင်လည်း အခြေအနေကို အကဲခတ်သည်။ လေ့လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရန်သူ့တပ်တွေကတော့ ညတွင်းချင်းပဲ တက်လာကြပြီကော နောင်တော်ရဲ့'

စောလူးမင်းက ကျန်စစ်သားကို ပြောနေ၏။ ကျန်စစ်သားသည် ဖေဝေဝေါဖြင့် ခေါင်းကို ညိတ်ပြသည်။

'မှန်လှပါ..... ရန်သူတပ်တွေလို့ ယူဆရပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ အကာလ ညအခါမှာ ရန်သူ့တပ်တွေ ရဲတင်းစွာ ချီတက်လာသလဲ၊ စဉ်းစားဖွယ် ဖြစ်ကြောင်းပါ'

စောလူးမင်းသည် ကျန်စစ်သားကို စကားပြန်မပေးသေး။ ခပ်လှမ်းလှမ်းတွင် သေရည် ရွှေကရားကို ကိုင်၍ ရပ်နေသော တပ်သား တစ်ဦးကို လှမ်းကြည့်သည်။ တပ်သားသည် မင်းတရား၏ အနားသို့ ခပ်သုတ်သုတ် လျှောက်လာ၏။ မင်းတရားက သေရည် တစ်ခွက် တောင်းလိုက်သည်။

မကြာမီ စောလူးမင်းတရား၏ လက်ထဲမှာ သေရည်ထည့်သော ရွှေခွက်ကို ကိုင်လို့။ မင်းတရားသည် စောစောက ရန်သူ့တပ်ဖွဲ့ ချီတက်ရာ လမ်းဆီသို့ ငေးမျှော်ကြည့်နေသည်။ သူသည် သေရည်အရက်ကို တကျိုက်ကျိုက် မော့ချနေပြီးမှ တစ်ခွန်းတည်းသော စကားကို ကျယ်လောင်စွာ မိန့်ဆိုလိုက်ပါပြီ။

'တပ်တော်များ အသင့်ပြင်၊ ပဲခူးစားရဲ့ တပ်တွေကို ညတွင်းချင်း ဝင်တိုက်မယ်၊ ညတွင်းချင်း ရှင်းလင်းပစ်မယ်၊ ညတွင်းချင်း အောင်ပွဲခံမယ်.....'

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းတမန် မြလက်စွပ်

၁

ဇော်လှုံးမင်း၏ ညတွင်းချင်း စစ်ဆင်ရေး အစီအစဉ်ကို ကျန်စစ်သားက ကန့်ကွက်လေသည်။

ကျန်စစ်သားက အကြောင်းကို ထောက်ပြသည်။ အကျိုးကို ခန့်မှန်းတင်လျှောက်သည်။ အခြေအနေ အရပ်ရပ်ကို ဝေဖန်ပိုင်းဆစ်ပြသည်။

'ဆင်ခြင်တော်မူပါ ရွှေနန်းရှင် ဘုရား။ သည်အချိန် သည်အခါ သည်နေရာမှာ အရာရာကို တိုင်းထွာ မှန်းဆပြီး ဆောင်ရွက်မှ သင့်ပါလိမ့်မယ်။ ရွှေနန်းရှင်ရဲ့ တပ်အနေဖြင့် နေရာဒေသကို မကျွမ်းကျင်သေး၊ ရန်သူ့ အခြေအနေမှန်ကို မသိရသေး.....။ သည်တော့ အကာလ ညအခါမှာ ရန်သူ့ တပ်ရဲ့ စစ်မြူခြင်းကို မိမိက အလိုလိုက်ဖို့ မသင့်။ အခါအခွင့်ကို စောင့်ပါ။ နက်ဖြန် နေထွက် တစ်ပြိုကျမှ တိုက်ပွဲကို.....'

'တော်စမ်း.....တိတ်စမ်း.....ရပ်စမ်း.....၊ စစ်တိုက်ဖို့ လာခဲ့တဲ့ စစ်သားတစ်ယောက်က ကြောက်စကား ရွံ့စကား ဆိုမနေနဲ့၊ သည်ပွဲမှာ နောင်တော်ကြောက်ရွံ့စိုးရိမ်နေရင် တပ်နောက်မှာ နေခဲ့၊ သည်ပွဲမှာ ငါကိုယ်တိုင် တပ်ဦးကချီမယ်'

www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းမှာ သေရည်ကလေးကလည်း ဝင်နေပြီ ဖြစ်တော့ ကျန်စစ်သား တင်သမျှကို အကောင်းမမြင်။ မိမိ စိတ်ထင်ရာကို တစ်ချက်လွှတ် ဆုံးဖြတ်၊ တစ်ချက်လွှတ် အမိန့်ဆင့်လို့ စစ်အင်္ဂါလေးပါးကို ဖွင့်လိုက်ပြီ.....၊ ပဲခူးစား တပ်များ ရှိရာကို ညတွင်းချင်း ချီတက်ခဲ့ပြီ။

ကျန်စစ်သားမှာ မိမိတင်သည့် အချက် အရေးမပါခဲ့သမို့ စိတ်မချမ်းမသာ ဖြစ်ရသည်။ သို့သော် ခုနေအခါမှာ ညီတော် နောင်တော် စိတ်ဝမ်းကွဲနေသင့်ပါ သလား။ အရေးကြီးလျှင် သွေးနီးရလိမ့်မည်။ သည်တော့ ဘာပဲဖြစ်ဖြစ် စောလူးမင်း ၏တပ် နောက်ဆွယ်မှ ခပ်ကွယ်ကွယ် ချီတက်လိုက်ပါမည်။

စောလူးမင်းသည် ဆင်တော် သန်မြင်စွာကို ချွန်းဖွင့်၍ လွှတ်ပေးလေသည်။ သန်မြင်စွာသည် လရောင်မှုန်မွှားမွှားထဲတွင် မြားတစ်စင်းလို အရှိန်ပြင်းစွာ ပြေး ထွက်သွား၏။ တိုက်ပွဲခေါ်သည့် စည်မောင်းသံတွေက ညံပါဘိ။ တပ်တော်သား တို့၏ ညာသံများက ညဥ့်၏ တိတ်ဆိတ်ခြင်းကို တစ်ရှိန်ထိုး ဖြိုခွင်းလိုက်သည်။ တပ်တော်သားတို့သည် အောင်သံကြွေးပြီး အပြေးပဲ ချီတက်ကြလေပြီ။ စိတ်လှုပ် ရှား တက်ကြွဖွယ် ကောင်းပါဘိ။

သို့သော်.....

ပဲခူးစား၏ တပ်များသည် ရှေ့တန်းမှာ စည်မောင်းများ ထုနှက်၍ တိုက်ပွဲ ကို ကြိုနေရာမှ ရုတ်တရက် ပျောက်သွားသည်။ တပ်သားတို့မှာ ဝဲယာနှစ်ဖက် ရှိ တောရပ်အတွင်း ဝင်ရောက် ပျောက်ကွယ်သွား၏။ စောလူးမင်း၏ ဆင်တော် သန်မြင်စွာက ရှေ့ဆောင် ချီတက်ခဲ့သော တပ်မတော်သည် စောစောက ရန်သူတို့ စခန်းသို့ တဖြည်းဖြည်း နီးလာပြီ။ ရန်သူတို့၏ စစ်မောင်းသံများကို မကြားရ။ သို့သော် တောအုပ်အနီးမှာ ရန်သူတို့၏ ဆင်တပ် မြင်းတပ် ပုံသဏ္ဌာန်ကိုမူ လရောင်ဖွေးဖွေးမှာ အထင်းသား မြင်ရသည်။

'တက်ကြ..... ရန်သူ့တပ်ကို ထိုးဖောက်ချီတက်ကြ'

စောလူးမင်းသည် ညာလက်မှ လှံတော်ကို ဝင့်ကာ ဝင့်ကာနှင့် မိမိတပ် တော်ကို အမိန့်ပေးလိုက်၏။ သူစီးနေသော ဆင်တော် သန်မြင်စွာကိုလည်း အရှိန်ပြင်းစွာ စီးနင်းချီတက်သွားသည်။ ဒါပေမယ့် ဘယ်မှာလဲ ရန်သူ့တပ်.....။ ဘယ်မှာလဲ ရန်သူ့အင်အား.....။ ဘယ်မှာလဲ ရန်သူ့ လှုပ်ရှားမှု.....။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ ဆိုတော့ ကြည့်ကြပါဦး။ လရောင်ထဲမှာ မြင်နေရသော ဆင်တပ် မြင်းတပ်သည် တကယ့် ဆင်တပ် မဟုတ်။ တကယ့်မြင်းတပ် မဟုတ်။ ဆင်တပ် မြင်းတပ်အရုပ်များနှင့်အတူ တွေ့ရသလို ဝိုးတဝါး ပေါ်လာသော တပ်သားတို့ မှာ စင်စစ် လူမဟုတ်။ အရုပ်တွေချည်းသာ။

ဖြစ်ပုံက ပဲခူးစား ငရမန်သည် ကျန်စစ်သား၏ စစ်ရည်စစ်သွေးကို သိ၏။ နားလည်၏။ မှန်မှန်ကန်ကန် နည်းလမ်းများဖြင့် ကျန်စစ်သား၏ တိုက်ရည်ခိုက် ရည်ကို မိမိ ယှဉ်မရမှန်း တွက်ဆမိ၏။ ပြီးတော့ စောလူးမင်း၏ တစ်ယူသန် စိတ်ဓာတ်ကိုလည်း သဘောပေါက်ထားပြီး ဖြစ်သည်။ စောလူးမင်း ဒေါသကို မိမိ၏ တိုက်ပွဲခေါ်သံဖြင့် နှိုးဆွမည်။ စစ်မြှူမည်။ ပြီးတော့..... ဆင်ရုပ်၊ မြင်းရုပ် စစ်သည်တော်ရုပ်များဖြင့် စောလူးမင်း၏ တပ်ကို ပရိယာယ်ဆင်၍ ခေါ်မည်။ စောလူးမင်းတပ်တက်လာသောအခါ ဘာဖြစ်သွားသလဲ။ ဘာဖြစ်မယ် ထင်သလဲ။ ကြည့်ပါ။

ငရမန်ကန်း၏ တပ်များ ဖြစ်ဟန်ရှိသော ဆင်ရုပ်၊ မြင်းရုပ်များ၏ ဝန်းကျင် တွင် နွံဖြင့် ပြည့်သော ဗွက်အိုင်များ.....၊ ရေအိုင်ကြီးများ ရှိသည်။ သည်နွံအိုင် များ အတွင်း၌ စောလူးမင်း၏ ဆင်တော် သန်မြင်စွာသည် တဖြည်းဖြည်း နစ် နေပြီ။ ခြေကို ရုပ်၏။ မရ။ စောလူးမင်း၏ ဆင်ဦးစီး ရဲတပ်သားသည် ချွန်းဖြင့် ဆင်တော်ကို ထိုး၏။ ဆင်တော် သန်မြင်စွာမှာ နာလွန်းလို့ ထင်ပါရဲ့။ အသံကျယ် ဟစ်၍ အော်ရှာသည်။

သည်အချိန်မှာ စောလူးမင်း၏ တပ်သားများသည် နွံအိုင်ထဲမှာ ခြေရုန်း မရ။ လက်ရုန်းမရ။ တဘိုင်းဘိုင်း ပစ်လဲ လဲကြသည်။ မြင်းတွေလည်းလဲ။ လဲသည့် မြင်းတွေ မထနိုင်။ လဲသည့် လူတွေ မထနိုင်။ အော်ဟစ် ရန်းကန်ရင်း မထိန်းနိုင်ကြ။ မသိမ်းနိုင်ကြ။

သည်တော့..... ဘာလုပ်ကြမလဲ။ ဘာမှ လုပ်၍ မရ။

စောလူးမင်း၏ တပ်သားများ ငုတ်တုတ် ကြိုးချည်ပြီးသား ဘဝအသွင် ရောက် ချိန်၌ ဝဲယာရှိ တောအုပ်အတွင်းမှာ ခိုအောင်းနေကြသော ပဲခူးစား ငရမန်၏ တပ်များက လှုပ်ရှားကြပြီ။ သူတို့သည် မှောင်ရိပ်ထဲမှ ရုတ်တရက် ထွက်လာကြ သည်။ ပြီးတော့..... နွံအိုင်ထဲမှာ မလှုပ်နိုင် မရှားနိုင် ဖြစ်နေကြသော ပုဂံတပ်သား တွေကို မြားနှင့်ပစ်သည်။ လှံနှင့် ထိုးကြသည်။ ဓားဖြင့် ခုတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးတုတ် များဖြင့် ပစ်ကြသည်။ ခံကြပေရော့။ စစ်ပွဲ၏ အနေအထားကို မစူးစမ်း မဆင်ခြင် သော စောလူးမင်း၏ တစ်ယူသန် ဆန္ဒကြောင့် ပုဂံတပ်သားတွေ ရန်သူ့ပစ်ကွင်း ထဲမှာ အလူးအလိမ့် ခံကြပေရော့။

သည်အခြေအနေကို တိုက်ပွဲနောက်မှ ကပ်၍ လိုက်လာသော ကျန်စစ်သား မြင်ပြီး အခြေအနေကို နားလည်ပြီ။ သို့နှင့် ကျန်စစ်သားသည် မြင်းဖြင့် အပြေး နှင်ခဲ့သည်။ ရွံ့နွံအိုင်များမှာ မိမိမြင်း၏ ခြေထောက်များ နစ်ဝင်သွားသည်။ ခြေကို နှုတ်မရ။ လက်ကို နှုတ်မရ။ ကြာသော်..... ခြေရော လက်ပါ နစ်ပြီး မြင်းလည်း ဘုန်းဘုန်းလဲသွားသည်။

ကျန်စစ်သားသည် မြင်းပေါ်မှ ပြေးဆင်းပြီး ရှေ့သို့ ပြေးတက်၏။ မိမိ၏ တပ်သားတွေကို အတတ်နိုင်ဆုံး ထိန်းပြီး နောက်ဆုတ်ခိုင်းမည်။ ရသမျှ အတိုင်း အတာဖြင့် ခုခံလို့ရလျှင် ခုခံပြီး ဆုတ်မည်။ သည်သို့သည်နှယ် တွေးပြီး သူသည် တပ်အလယ်သို့ ရောက်အောင် ခြေကုန်သုတ်၍ ပြေးဝင်သည်။

သို့ပေမယ့်..... မရတော့ပြီ။

နွံအိုင်ထဲမှာ 'ပြေးသည်' ဆိုသော ဝေါဟာရကို သုံး၍ မဖြစ်။ မိမိ မြင်း လိုပဲ ယခုတော့ မိမိလည်း ခြေနစ်၊ လက်နစ် တစ်ကိုယ်လုံး ရွံ့အလူးလူး နွံ အလူးလူး ဖြစ်နေပြီ။ ခုခံဖို့ နေနေသာသာ နွံထဲသို့ ခေါင်းနှစ်မသွားအောင် မနည်းကြီး ကြိုးပမ်းနေရသည်။ အဲသည့်အချိန်မှာ ရန်သူ့တပ်က ပစ်လိုက်သော မြားတွေ၊ လှံပျံတွေက မိမိ ဝဲယာရှေ့နောက်မှာ တဖွားဖွား ကျလာနေကြသည်။ ခက်ကပြီ။

မိမိ၏ တိုက်ပွဲရာဇဝင်မှာ သည်လို အကျပ်အတည်းတွေ့ရသော တိုက်ပွဲမျိုး နှယ် မရှိသေး။ သည့်နှယ်..... သေဘေးနှင့် နီးလှသော စစ်ပွဲကို မကြုံဘူးသေး။ ခုလိုသာ ဆက်ပြီး သွားလျှင် မိမိရှေ့မှာ အသက်ဆုံးသွားကြသော တပ်သားတွေ လို မိမိလည်း မကြာခင် ကျဆုံးတော့မည်။ သည်တော့..... တိုက်ပွဲအေသမှ အမြန် ဆုံး ရုန်းထွက်မှ ဖြစ်မည်။

သူက ဝဲယာဝန်းကျင်ကို အကဲခတ်လိုက်၏။ နွံထဲမှာ လဲကျသေဆုံးနေ သော မြင်းအသေကောင်တွေကို လရောင် မှောင်မှောင်ဝါးဝါးမှာ မြင်နေရသည်။ အချို့ လှံစူးလျက်၊ အချို့ မြားစူးလျက်၊ အချို့မှာ နွံထဲတွင် ခေါင်းမြုပ်သွားပြီး အသက်ရှူလမ်း ပိတ်လျက် သေဆုံးနေကြပြီ။ ကျန်စစ်သားသည် မြင်းအသေကောင်

www.burmeseclassic.com

www.burmeseclassic.com



များကို မြင်သော် အကြံတစ်မျိုး ထွက်လာသည်။ သည် မြင်းအသေကောင်များကို အကာအကွယ် ပြုပြီး ဘေးဘက်သို့ ဖောက်ထွက်မည်။ မိမိတပ်ကို ထိန်းမရသည့် အတူတူ မိမိအသက်ကိုပဲ လွတ်အောင် ရုန်းထွက်မည်။ မိမိ မသေသမျှ ကာလပတ်လုံး ပဲခူးစား၏ တပ်များကို အချိန်မရွေး တိုက်ခိုက်နိုင်လိမ့်မည်။

အကြံပေါ်လာသည်နှင့် သူသည် မြင်းအသေတစ်ကောင်ကို ဖက်တွယ်၍ နေ၏။ သည်ဘက်ကို မြားတံ အကျနည်းလာချိန်မှာ သူသည် မြင်းတစ်ကောင်ပြီး တစ်ကောင် ကျော်နင်း၍ ဘေးဘက်သို့ ဖောက်ထွက်သည်။ လွယ်လွယ်ဖြင့် ရ။ မြင်းအသေကောင်တွေပေါ် ကျော်တက်လိုက်၊ ခြေချော်ပြီး လိမ့်ကျလိုက်နှင့်။

မြင်းအသေကောင်များပေါ်မှ လိမ့်ကျလိုက်၊ ပြန်တက်လိုက်နှင့်ပင် ကျန်စစ်သားသည် ရွှံ့နွံပါးသော တောအုပ်အစပ်သို့ ရောက်လာသည်။ သူသည် မြင်းအသေကောင် တစ်ကောင်ကို ကွယ်ပြီး အခြေအနေကို အကဲခတ်သည်။ ရန်သူ့တပ်သားတွေ ဘယ်မှာ ရှိသလဲ.....။ ဘယ်နေရာမှာ အင်အားများသလဲ.....။ ဘယ်နေရာမှာ အင်အား နည်းသလဲ..... ။

ရန်သူတို့သည် ရှေ့ပိုင်းရှိ မိမိတပ်သားတွေကို နိုင်ချင်ကြက်နှယ် အလုံးအရင်းနှင့် ဖိတိုက်နေသည်။ သည်တော့ နောက်ပိုင်းရှိ သစ်ပင်အုပ်အုပ်၊ အမှောင်ခပ်ကျကျဘက်မှာ ရန်သူ့လှုပ်ရှားမှုကို မမြင်ရ။ ဟုတ်ပြီ။ သည်နေရာက ဖောက်ထွက်လျှင် လွယ်ပါလိမ့်မည် ထင်ရဲ့။

ကျန်စစ်သားသည် မြင်းအသေကောင်၏ ကိုယ်လုံးပေါ်မှ လွှားခနဲ ခုန်ကျော်ဆင်းလိုက်သည်။ စောစောက ကြည့်ထားသည့် သစ်ပင်အုပ်ဆီသို့ ပြေးသည်။ သို့သော် လွယ်လွယ်ဖြင့် ပြေး၍ မရ။ နွံတွေထဲမှာ ခြေထောက်က နစ်ပြီး လူက လဲကျလိုက် ပြန်ထလိုက်နှင့်။ အဆက်မပြတ် ရုန်းကန်ခုန်ထွက်သည်။ နွံပါးသော နေရာမို့ ထင်ပါရဲ့။ မကြာခင် တောအုပ်အစပ် သစ်ပင်တန်းဆီသို့ ရောက်သွားလေသည်။

သို့သော် ကျန်စစ်သားမှာ သက်သာခွင့် မရ။ မီးတုတ်ကိုင်ထားသော ရန်သူ့တပ်သား တစ်ဦးက သစ်ပင်တစ်ပင် နောက်ကွယ်မှ ပေါ်လာ၏။ ရန်သူ့တပ်သားသည် ကျန်စစ်သား၏ ရွှံ့အလူးလူး နွံအလူးလူးပုံကို မြင်သည်နှင့် အခြေအနေကို သိသွား၏။ သူသည် ကျန်စစ်သားကို မီးတုတ်ဖြင့် ထစ်၍ ပစ်၍ လိုက်၏။ ကျန်စစ်သားမှာ ရုတ်တရက်မို့ အံ့အားသင့်သွားသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ဝင်လာသည်နှင့် သစ်ပင်တစ်ပင်ကို ပြေးကပ်ပြီး အကာအကွယ် ယူ၏။ ရန်သူ့တပ်သားက သူ့နောက်မှ ကပ်၍ လိုက်လာ၏။ သည်အခြေအနေအတိုင်း ဆိုလျှင် ခက်လိမ့်မည်။ မိမိလက်ထဲမှာ ဘာလက်နက်မှ မရှိ။

ကျန်စစ်သားသည် သစ်ပင်ကိုင်း တစ်ကိုင်းကို ခုန်၍ ခိုစီးလိုက်၏။ သည်အချိန်မှာ ရန်သူ့တပ်သားက မိမိ ခြေထောက်အနီး ရောက်လာသည်။ အဲ သည့် အခွင့်ကောင်းကို အရယူလိုက်သည်။ ကျန်စစ်သား၏ ခြေထောက် နှစ်ချောင်း သည် ရန်သူတပ်သား၏ မျက်နှာကို အရှိန်ပြင်းစွာဖြင့် ရိုက်ကန်ချလိုက်၏။

'အား.....'

ရန်သူတပ်သားသည် အော်ဟစ်ပြီး လဲကျသွား၏။ သူ့လက်ထဲက မီးတုတ် လည်း လွတ်ကျသွား၏။ ကျန်စစ်သားသည် မီးတုတ်ကို ကောက်ယူလိုက်၏။ ပြီးတော့ လဲကျနေသော ရန်သူ့တပ်သားကို မီးတုတ်ဖြင့် အချက်ပေါင်းများစွာ ရိုက်ချလိုက်သည်။ ရန်သူတပ်သားသည် မြေပြင်မှာ မလှုပ်ရှားနိုင်တော့ပြီ။

သည်အချိန်မှာ ကျန်စစ်သားသည် နေရာက အမြန်ဆုံး ပြေးထွက်ရန် ဝန်းကျင်လုံခြုံရေးကို အကဲခတ်လိုက်၏။ ခုနေ ပုန်းရမလား။ ပြေးရမလား။ ရန်သူတပ်သားတွေ မိမိကို မြင်သွားသေးသလား။

သည်တဒင်္ဂမှာပဲ ပဲခူးတပ်သား သုံးဦးခန့်သည် ကျန်စစ်သားထံပြေးလာ ကြ၏။ သူတို့ လက်ထဲမှာ ဓားရှည်တွေကို ကိုယ်စီနှင့် လေးမြား လွယ်ထားသူ တစ်ဦးလည်း ပါသည်။ သူတို့ သုံးဦးသည် ကျန်စစ်သားကို ဝိုင်းလိုက်ကြ၏။ တုတ်တုတ်ခိုင်ခိုင်နှင့် ကိုယ်ကာယ အင်အား တောင့်တင်းသူတွေ ဆိုတော့ ကျန်စစ် သားအဖို့ အထင်သေး၍ မရ။ ပြီးတော့ သူတို့မှာက ဓားကိုယ်စီနှင့်၊ မိမိမှာက ဝါးသံတုတ်ဖြင့် ပြုလုပ်ထားသော မီးတိုင် တစ်တိုင်သာ လက်ကိုင်ရှိ၏။

ဘယ်သို့ပဲဖြစ်ဖြစ် အချိန်ကြာလျှင် မိမိနာမည်ကို ကျန်စစ်သားက သိ၏။ သည်တော့ သူသည် ရန်သူတပ်သား သုံးဦးကို တစ်ချက် အကဲခတ်ပြီ မီးတုတ် နှင့် ရမ်းလိုက်သည်။ ဇွေ့၍ ဇွေ့၍ ရမ်းလိုက်သော မီးတုတ်သည် ရန်သူတပ်သား များကို မထိ။ သို့နှင့် သူက လေးမြားကိုင်တပ်သား အနီးသို့ ကပ်၍သူ့မျက်နှာ ကို မီးတုတ်ဖြင့် ရိုက်ချလိုက်သည်။ ထိုတပ်သားသည် နေရာမှာပင် ပုံလျက်သား လဲကျသွားသည်။ သူတို့တပ်သား တစ်ဦး လဲကျသွားသောအခါ ကျန် တပ်သား

www.burmeseclassic.com

www.burmeseclassic.com



န်ဦးသည် ကျန်စစ်သားနှင့် ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်သည်ထင်ရဲ့။ တစ်ဦးသည် ရင်ဘတ်မှာ လွယ်ထားသော ကျွဲချိုကို တအားမှုတ်လိုက်လေသည်။

သည်အချိန်အထိတော့ မိမိ ဆက်၍ သတ္တိပြနေ၍ မဖြစ်တော့ပြီ။ ဒါကို ကျန်စစ်သား နားလည်သည်။ သူတို့၏ အချက်ပြ ကျွဲချိုသံကို ကြားသောအခါ ရန်သူ့တပ်သားတွေ ပုရွက်အုံ ထသလို ဝိုင်းလာကြလိမ့်မည်။ သည်အချိန်မှာ မိမိကို သူတို့ အသာအယာ ဝိုင်းဖမ်းလိုက်ရုံသာ ရှိမည်။ ခုနေအခါတွင် ရန်သူ့ အဖမ်းခံဖို့ မဖြစ်သေး။ မိမိသည် ဤနေရာက အမြန်ဆုံး လွတ်အောင် ထွက်ပြေးမှ ဖြစ်မည်။

စဉ်းစားပြီးသည်နှင့် ဆုံးဖြတ်သည်။ ဆုံးဖြတ်ပြီးသည်နှင့် ချက်ချင်းပဲ အကောင်အထည် ဖော်လိုက်သည်။ သူသည် လက်ထဲက မီးတုတ်ကို ကျွဲချို မှုတ်နေသော တပ်သားထံ ပစ်ပေါက်လိုက်၏။ မီးတုတ်က အဲသည့် တပ်သား၏ ရင်ဘတ်ကို တည့်တည့်ကြီး မှန်သွားသည်။

သည်ခဏမှာ ကျန်စစ်သားသည် ထိုနေရာက အမြန်ဆုံး ပြေးထွက်ခဲ့သည်။ နောက်မှာ ညာသံပေး လိုက်လာသော ရန်သူတပ်သားတို့၏ အသံကို ကြားရ၏။ တစ်ချက်တစ်ချက်မှာ လေးမြားတွေ တဝီဝီ အသံပေးပြီး မိမိဘေးက သစ်ပင်တွေကို သာထိသည်။ သို့သော် ကိစ္စမရှိ။ တောအုပ်ထဲမှာ အလင်းရောင်က မရှိ။ ခလုတ်ကန် သင်းက ထူပြောသည်။ သစ်ပင်တွေက အတားအဆီးတွေလို ဖြစ်နေသည်။ ဒါတွေကို အကာအကွယ်ယူရင်း သူ ထွက်ပြေးရသည်။ ရန်သူတို့၏ အော်သံ ဟစ်သံ တွေက နောက်မှာ ဝေး၍ ဝေး၍ ကျန်ခဲ့ပါပြီ။

ကျန်စစ်သားမှာ မောသည်ဟု အပန်းမဖြေအား။ တစ်ညလုံး တစ်လျှောက် လုံး ခရီးနှင်ခဲ့သည်။ အရုဏ်တက်လုလု အချိန်ကျတော့ စမ်းချောင်းကလေး တစ်ခုအတွင်းသို့ ဆင်းမိသည်။ ချောင်းငယ်အတွင်းသို့ သူ ခြေနင်းမိလျှင် ရေနှင့် ခြေထောက်ထိမိသည်နှင့် အင်အားတွေ ပြည့်လာသည်ဟု ထင်ရ၏။ သူသည် ရေတစ်ငုံ သောက်လိုက်၏။ ပြီးတော့..... ခြေလက် မျက်နှာတို့ကို စမ်းရေများဖြင့် ဆေးကြောလိုက်သည်။ ရေနှင့်တွေ့ကာမှပင် တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

သူသည် စမ်းချောင်းမှ ရေတစ်ဝ သောက်ပြီး ကုန်းမြင့်ပေါ်သို့ တက်လိုက် ၏။ သစ်ပင်မြင့် တစ်ပင်ကို ရှာသည်။ တစ်ခဏတာကလေး၌ အမောပြေ အနားယူရအောင်။

www.burmeseclassic.com

www.burmeseclassic.com



၂

သည် ညဥ့်တိုက်ပွဲမှာ ကျန်စစ်သား ကြုံခဲ့ရသည့် အရေးအခင်းကို သိရပြီ။ ဗ
တပ်မတော်၏ အဖြစ်ဆိုး သနစ်ဆိုးကိုလည်း သိကြရပြီ။ နောက်ထပ် သိဖို့ ငါ
သေးသည်က အဲသည် ပုဂံတပ်မတော်ကို ဦးစီး၍ ရှေ့ဆုံးက ချီတက်သွားသေ
စောလူးမင်းအကြောင်းပဲ ဖြစ်ပါ၏။

စောလူးမင်း၏ ဖြစ်ရပ်အကြောင်းက ရေးပြလို့ သိပ်မကောင်းလှချေ
ကြည့်လေ။ တိုက်ပွဲတစ်ပွဲကို သေသေချာချာ လေ့လာသမှု မပြုဘဲ ချီတက်ခဲ့သော
ဘုရင်တစ်ပါး၏ ဇာတ်သိမ်းမကောင်းပုံကဖြင့်.....

ပုဂံတပ်မတော်ကြီး နွံထဲမှာ နစ်ပြီး အလူးလူးအလဲလဲ ဖြစ်နေချိန်မှာ
ပဲခူးစားတပ်များ ထိုးနှက်တိုက်ခိုက်မှုကို ဖော်ပြခဲ့ပြီ။

သည်အချိန်မှာ စောလူးမင်းတရားသည် တိုက်ပွဲစစ်မြေမှ အမြန်ဆုံး လွတ်
မြောက်ဖို့ ကြိုးပမ်းပါ၏။ သို့သော်..... နွံထဲမှာ ညွန်ထဲမှာ ခြေနတ်မရ လက်နတ်
မရ ဖြစ်နေသော စောလူးမင်း၏ ဆင်တော် သန်မြင်စွာက ရှေ့သို့ တစ်လက်မမျှ
မတိုး၊ နောက်သို့လည်း တစ်လက်မမျှ မဆုတ်၊ ဘေးသို့လည်း တစ်လက်မမျှ
မရွေ့တော့ပြီ။

အဲသည်လို အခက်အခဲနှင့် ရင်ဆိုင်နေရခိုက်မှာ ပဲခူးစား၏ တပ်များက
မြားနှင့် ပစ်၊ လှံနှင့် ထိုး အမျိုးမျိုး တိုက်ခိုက်ကြသည်။ ဆင်တော် သန်မြင်စွာ
ကို မြားထိသည်။ လှံသွားတွေလည်း လွင့်ပျံထိမှန်လာသည်။ ဆင်တော် ဦးခေါင်း
မှာ၊ ကိုယ်မှာ၊ ဝမ်းဗိုက်မှာ ရန်သူ့လက်နက်တွေ ထိမှန်လာတော့ ဘုရင့်ဆင်တော်
သည် နာလွန်းလို့ ထင်ပါရဲ့။ အသံကုန် ဟစ်ပြီ အော်ရှာသည်။

သည် အခြေအနေ ရောက်မှတော့ ဘယ်လိုနည်းနှင့်မျှ ဆင်ရော လူပါ
ရန်သူ့လက်က လွတ်ဖို့ အခွင့်အလမ်း မမြင်။ လူချည်းသက်သက် ကိုယ်လွတ်
ရုန်းမှ ဖြစ်မည့် အခြေသို့ ရောက်နေပြီ။ ဒါကို စောလူးမင်းတရား နားလည်ပြီ
သို့နှင့် မင်းတရားသည် ဆင်ပေါ်မှ ပြေးဆင်းဖို့ ကြိုးစားရသည်။

မင်းတရားအဖို့ ဆင်ပေါ်က ပြေးဆင်းသည် ဆိုပေမယ့် အရှင်လွတ်မြောက်
လို့ မဖြစ်။ ရန်သူ့တပ်သည် ဆင်တော် သန်မြင်စွာကို ဝိုင်း၍ စောင့်ကြည့်နေသည်
သည်ဆင်ပေါ်မှာ စောလူးမင်းတရား ကိုယ်တိုင် ပါလာသည်ကို သိကြသော

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကို အရှင်ဖမ်းဖို့ ကြိုးစားလိုကြဟန် ရှိသည်။ သို့နှင့် မင်းတရားသည် ဆင်ပေါ်တွင် ပါလာသော ဘုရင်ကိုယ်ရံတော် တပ်သားနှစ်ဦးနှင့် ဆင်ဦးစီးကိုပါ တစ်ပါတည်း မိမိနှင့်အတူ ဆင်းစေရမည်။ ဒါမှပဲ မှောင်ထဲမှာ ရှင်ဘုရင်ကို ဆင်ထင်ရှားရှား မတွေ့ဘဲ ရှိကြမည်။

စောလူးမင်း၏ အထင် မမှားချေ။

ရန်သူတပ်သားတို့သည် မှောင်ရိပ်ခိုပြီး ဆင်တော်ပေါ်မှ ပြေးဆင်းလာသည့် လူစုကို သဲသဲမဲမဲ လိုက်တိုက်သည်။ စောလူးမင်းနှင့် သူ့ကိုယ်ရံတော်များသည် အနီးရှိ သစ်ပင်အုပ်ထဲသို့ အသက်ကို ဖက်နှင့် ထုပ်ပြီး ဝင်ပြေးကြသည်။ ရန်သူ တပ်သား အချို့က သူတို့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်ပါ၏။ ကိုယ်ရံ တော် တပ်သား နှစ်ဦးနှင့် ဆင်ဦးစီးတို့သည် မိမိတို့ အနီးသို့ ကပ်လိုက်လာသော ရန်သူတို့ကို အသေအလဲ ခုခံနေရစ်သည်။

သည်အချိန်မှာ မင်းတရားသည် မှောင်လွန်းသော သစ်ပင်အုပ်ထဲမှာ ခြေကုန် သုတ်၍ ပြေးသည်။ နောက်သို့ လှည့်မကြည့်ဘဲ ပြေးသည်။

ထိုစဉ် ခဏမှာ စောလူးမင်းတရား ကုသိုလ်ကံကောင်းသွားသည် ထင်၏။ သူ ထွက်ပြေးသည့်ဘက်မှာ ရန်သူ့တပ်သားတွေ မရှိ။ တစ်ဦးစ နှစ်ဦးစ ရှိနေ သော ရန်သူ့ ကင်းတပ်သားတွေမှာ မင်းတရား၏ ကိုယ်ရံတော် တပ်သားတွေနှင့် တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့သည်။ သို့နှင့် စောလူးမင်းသည် တောအုပ်ကို အကာ အကွယ် ယူရင်း လွတ်လွတ်လပ်လပ် ပြေးခွင့်ရသွားပေသည်။

စောလူးမင်းသည် တစ်ညလုံး ပြေးနေခဲ့သည်။ နောက်သို့ လှည့်မကြည့် ချင်။ အနိဋ္ဌာရုံ မြင်ကွင်းတို့ကို အဝေးမှာသာ ထားခဲ့သည်။ တစ်သက်လုံး မြေပြင်မှာ ခြေမတင်ခဲ့သော ခြေထောက်နှစ်ချောင်းသည် ခုတော့လည်း အသုံးတည့် လှပါပကောလား။

နောက်တစ်နေ့ အရုဏ်တက်ချိန်ခန့်တွင် စောလူမင်းသည် တောနက်ထဲမှ ဖောက်ထွက်လာနိုင်ခဲ့ပြီ။ တောအုပ် အပြင်ဘက် တောင်တန်းငယ်ကလေး၏ ခြေရင်းမှာ ညောင်ပင်အိုကြီး တစ်ပင် ရှိ၏။ သည် ညောင်ပင်ကြီးမှာ ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် အုပ်ဆိုင်းနေ၏။ ချုံနွယ်တွေကို အသာအယာ ဖယ်ရှင်းကြည့်တော့ ညောင်ပင်ကြီး ခြေရင်းမှာ သစ်ခေါင်းကြီး တစ်ခုကို တွေ့ရသည်ဟု ဟန်ကျပြီ။ သည်ညောင်ပင်ခေါင်းထဲမှာ ခဏတာ ခိုအောင်းပြီး နေဦးမည်။ အခွင့်အခါကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးမှ နောက်ပိုင်းရှိ မိမိတပ်မတော်နှင့် အဆက်အသွယ် ရအောင် ကြိုးစား ရတော့မည်။

စောလူးမင်း၏ တွက်ကိန်းမှာ မဆိုးလှချေ။ သည်နေရာမှာက တိုက်ပွဲဒေသ နှင့် အလှမ်းကွာသည်။ မိမိကို ငရမန်သည် တောနင်းပြီး ရှာနေလိမ့်မည်။ မိမိကို အရှင်လတ်လတ် ဖမ်းမိအောင် ငရမန် ကြိုးစားမည် ကေန်။ ယခု မိမိ ဆင်တော် သန်မြင်စွာပေါ်မှ ဆင်းသက် ထွက်ပြေးသွားသည်ကို ပဲခူးစား ငရမန် သိတော့ မည်။ သို့ဆိုလျှင် ပဲခူးစား ငရမန်သည် တောအုပ်အတွင်းမှာ မြေလှန်၍ မိမိကို ရှာနေပေရော့မည်။ တော်ပါသေးရဲ့။ ယခု မိမိ ပုန်းအောင်းနေသည့် နေရာက တိုက်ပွဲဒေသနှင့် အဝေးကြီးမို့။

ခုနေရာက လူသူ အရောက်အပေါက် နည်းသော နေရာ ဖြစ်သည်တော့ မှန်ပါရဲ့။ ခက်နေတာတစ်ခုက စောလူးမင်းခမျာ သည်ညောင်ပင်ခေါင်းထဲမှာ အစာငတ် ရေငတ် ဖြစ်နေသည့် ပြဿနာပါပဲ။ ရေငတ်သည်မို့ ညဥ့်အချိန် တိတ်တဆိတ် အပြင်ထွက်ပြီး ရေရှာသည်။ တောင်တန်းငယ်၏ အစွန်းဘက်နား မှာ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းငယ်ကလေး တွေ့သည်။ သို့နှင့် ရေငတ်သော နေ့အချိန် အောင့်အည်းနေရသည်။ ညအချိန်မှာ စမ်းချောင်းငယ်သို့ ဆင်းပြီး ရေကို တစ်ဝသောက်ရသည်။ တော်ပါသေးရဲ့။

ရေငတ်သည့် ပြဿနာကတော့ ပြေလည်ပြီ ဆိုပါစို့။ အစာငတ်သည့် ဒုက္ခက အဖြေမတွေ့သေး။ သည် ညောင်ခေါင်းထဲမှာ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက် ဆိုတော့ စောလူးမင်းတရားခမျာ အစာငတ်သော ဒုက္ခဝေဒနာ ကို ပင်ပန်းဆင်းရဲစွာ ခံနေရပြီ။ ရွှေနန်းတော်မှာတုန်းက ဟင်းခွက်ပေါင်း ရာထောင် ချီ၍ ပွဲတော်တည်ခဲ့သော မင်းတရား မဟုတ်လား။ ခုအခိုက်အတန့်မှာ အစာငတ် သေးနှင့် ရင်ဆိုင် တိုးနေရပြီ။ နေ့အချိန် တောအုပ်ထဲသို့ မထွက်ဝံ့တော့လည်း သည်ဒုက္ခကို လိန်၍ ပိန်၍ ဆင်းရဲဒုက္ခကြီးစွာဖြင့် ခံစားနေရပါပြီ။

ထမင်းဆာသည် ဆိုကာမှ ရွှေနန်းတော်မှာတုန်းက စားသုံးတော်မူခဲ့သော ပွဲတော်အုပ်ကို သတိတရ ဖြစ်နေသည်။

သို့နှင့် နှစ်ရက် သုံးရက် လွန်မြောက်ခဲ့ပြီ။ သစ်ပင်ခေါင်းထဲမှာ တစ်နေ့လုံး ခိုအောင်းနေရသော စောလူးမင်းခမျာ ဆာလောင်မွတ်သိပ်သည့် ဝေဒနာကို အပြင်း

www.burmeseclassic.com

www.burmeseclassic.com



အထန် ခံနေရဆဲ ဖြစ်၏။ သို့သော် တတိယမြောက်နေ့တွင် စောလူးမင်းသည် သစ်ခေါင်းထဲမှ နေ၍ ထင်းခုတ်သမား တစ်ဦးကို မြင်ရပြီး အားတက်သွား၏။

သည် ထင်းခုတ်သမားက တစ်ယောက်တည်း ဖြစ်သည်။ သူသည် နံနက် မိုးလင်းစကပင် သည်တောအုပ်ထဲသို့ ရောက်လာသည်။ သူ့မှာ ဓားမတိုတစ်ချောင်း၊ ထမင်းထုပ်ကလေး တစ်ထုပ် ပါလာသည်။ ထင်းခုတ်သမားသည် ထမင်းထုပ် ကလေးကို တောတွင်းရှိ မန်ကျည်းပင် ခြေရင်းမှာ ချထား၏။ ပြီးတော့..... အသင့်ပါလာသော ဓားမတစ်ချောင်းဖြင့် အနီးအပါးရှိ သစ်ပင်ကိုင်းခြောက်များကို မပျင်းမရိ ချိုးဖွဲ့ ခုတ်ယူနေသည်။

စောလူးမင်းသည် ထင်းခုတ်သမား ရောက်လာကတည်းက မြင်သည်။ ပါလာသော ထမင်းထုပ်ငယ်ကိုလည်း တွေ့သည်။ ထမင်းထုပ်ကို မြင်တော့ စောလူးမင်းခမျာ ဣန္ဒြေ မဆည်နိုင်ရှာ။ သည်ထမင်းထုပ်ကလေးကို တောင်းယူ၍ စားချင်လှပြီ။ သို့သော်.....မင်းတရားသည် အတန်တန် ချိန်ဆနေ၏။ ဖြစ်ပါ့မလား။ တကယ်လို့ မိမိ သည်နေရာမှာ ရှိကြောင်းကို သည်ထင်းခုတ်သမားထံမှ တစ်ဆင့် စကား တစ်ဆင့်နား ကြားသွားမှဖြင့်.....

သို့သော်.....မရှက်သုံးပါးမှာ တစ်ပါးအပါအဝင် ဖြစ်နေသော မင်းတရား ခမျာ ခုတော့..... 'ငတ်မရှက်'ဖြစ်နေရှာ၏။ ပြီးတော့ ငတ်ပြီမို့ အန္တရာယ်ကိုလည်း မကြောက်တော့နိုင်။ သို့နှင့်.....မင်းတရားသည် ညောင်ပင်ခေါင်းထဲမှ ထွက်လာခဲ့ သည်။

'ဒီမှာ..... ဗျို့..... ထင်းခုတ်သမားကြီး'

စောလူးမင်း က ညောင်ပင်ခြေရင်းမှ နေ၍ အသံပြုရင်း လှမ်းခေါ်သည်။ မင်းတရား၏ အသံကို ထင်းခုတ်သမားကြီး ကြားတော့ လှည့်ကြည့်သည်။

'ထင်းခုတ်သမားကြီးရယ်..... ထမင်းထုပ်ကလေး ကျုပ်ကို ကျွေးခဲ့ပါ'

မင်းတရားကြီးက တောင်းပန်စကား ဆို၏။ ထင်းခုတ်သမား အဘိုးကြီးမှာ စောလူးမင်းလို လူတစ်ယောက်ကို တောကြီးမျက်မည်းမှာ တွေ့တော့ အထိတ်တကြီး ထိတ်လို့ အလန့်ကြီး လန့်နေရှာသည်။ ဘယ်နယ်လဲ..... တောအုပ်ထဲမှာ လူတစ်ယောက်။ ပြီးတော့..... ထမင်းထုပ် တောင်းစားနေသေးသည်။

'ခင်ဗျား ဘယ်ကလဲ၊ ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လား တောထဲမှာ လမ်းမှားလာတဲ့ ခရီးသည် တစ်ဦးပါဗျာ၊ ထမင်းဆာလွန်းလို့ပါ၊ ထမင်းထုပ်ကလေး ကျုပ်ကို ကျွေးခဲ့ပါဗျာ'

သည်တော့မှာပဲ အခြေအနေကို ထင်းခုတ်သမားကြီး နားလည်သွားဟန်တူသည်။ သို့သော် သူ့ထမင်းထုပ်ကလေးကို ကျွေးဖို့တော့ နှမြောနေဟန်တူသည်။

'ခင်ဗျားကို ထမင်းထုပ် ကျွေးလိုက်ရင် ကျုပ်က ဘာစားရမှာလဲ'

'ဩော်..... ခင်ဗျားတော့ အိမ်ရောက်မှ စားပေါ့ဗျာ၊ ခင်ဗျား ထမင်းထုပ်အတွက် ဒီလက်စွပ်ကို ယူပါ'

စောလူးမင်းမှာ ထမင်းဆာလွန်းတော့ မိမိလက်မှ မြလက်စွပ်ကို ချွတ်၍ ကမ်းပေးပြီး ထမင်းထုပ်ကိုပဲ တောင်းနေရှာသည်။ သည် မြလက်စွပ်ကို ပေးလိုက်ခြင်းဖြင့် သေမင်းထံ တမန်စေပို့နေမိသည့် မိမိအဖြစ်ကို သူမသိ။

'ရောပါဗျာ..... ဒီလက်စွပ်ကို ယူပါဗျာ၊ ထမင်းထုပ်ကလေး ကျွေးခဲ့ပါ'

ထင်းခုတ်သမားကြီးသည် မြလက်စွပ်ကို မြင်သော်..... ရုတ်တရက် အံ့ဩသွားဟန် ရှိ၏။ သို့သော် သူက စောလူးမင်းကို ထမင်းထုပ်ပေးလိုက်၏။ ပြီးတော့ မင်းတရားပေးသော မြလက်စွပ်ကို မယူရဲ ယူရဲ ဖြစ်နေသည်။ အရည်အသွေးရွှန်းလဲ့တောက်ပြောင်နေသော မြလက်စွပ်ကို ထင်းခုတ်သမားကြီး ခမျာ မကိုင်ရဲရှာမထိရဲရှာ။

'ရောပါဗျ..... ယူပါ၊ ကျုပ်နဲ့ ဒီမှာ တွေ့ခဲ့ကြောင်း ခင်ဗျား ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ကျုပ်ဟာ ပုဂံနိုင်ငံတော်ပြည့်ရှင် စောလူးမင်းပဲ၊ ဒါကြောင့် ကျုပ်နဲ့ တောအုပ်ထဲမှာ တွေ့ခဲ့တာ ခင်ဗျား ဘယ်သူ့ကိုမှ ပြန်မပြောနဲ့၊ နှုတ်ပိတ်ပြီး ငြိမ်ငြိမ်နေနော်..... '

ထင်းခုတ်သမားကြီးသည် စောလူးမင်းကို လက်အုပ်ချီပြီး အရိုအသေပေးနေ၏။ ပြီးတော့ ရှင်ဘုရင် ပေးကမ်း စွန့်ကြဲသော မြလက်စွပ်ကို မယူရဲရဲ လှမ်းယူလိုက်လေသည်။

ထိုနေ့က စောလူးမင်းသည် အတော်ကလေး နေသာထိုင်သာ ရှိသွားသည်။ ထမင်းဆာနေတုန်း ထမင်းထုပ်ကလေး တစ်ထုပ်ကို စားလိုက်ရသဖြင့် ဝမ်းသာမှုဒွရာ ဆူအင်္ဂါမှာ အတော်ကလေး လှုပ်ရှားသွား၏။ တစ်နေ့လုံး သိပ်မဆာတော့ဘဲ ငြိမ်ငြိမ်ဆိမ်ဆိမ် နေနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်..... စောလူးမင်းလို ငြိမ်ငြိမ်ဆိမ်ဆိမ် မနေနိုင်သူက ရှိနေသည်။ သူက ထင်းခုတ်သမားကြီး ဖြစ်သည်။

ထင်းခုတ်သမားကြီး ငြိမ်ငြိမ်ဆိမ်ဆိမ် မနေနိုင်ပုံကို မပြောမီ သူ့အကြောင်း အရင် သတင်းပေးထားမှ ဖြစ်မည်။ သူ ဘယ်သူလဲ၊ သူ ဘယ်က လာသလဲ။ သူ ဘာလုပ်လာသလဲ.....။

အမှန်တော့ သည်ထင်းခုတ်သမားကြီးက ငရမန်၏ စစ်တပ်မှ စစ်သား တစ်ယောက်သာ ဖြစ်၏။

စောလူးမင်းသည် ညတွင်းချင်း ဆင်ပေါ်မှ ပျောက်သွားတော့ ငရမန်သည် အလွန်အမင်း မကျေမနပ် ဖြစ်သည်။ စီးတော်မူသော ဆင်ဂဇာ် သန်မြင်စွာကို ရမိပါလျက် စောလူးမင်းကို မရ၍ မကျေနပ်။ စင်စစ်ဆိုသော် စောလူးမင်းကိုသာ မိမိရလျှင် ပုဂံနေပြည်တော်ကို ရပြီဟု မှတ်နိုင်သည်။ ယခုတော့ စောလူးမင်းကို ရှာမရ ဖွေမရ။

သို့နှင့် ပဲခူးစားငရမန်သည် မိမိတပ်သားတွေကို တောအုပ်ထဲသို့ တပ်ဖြန့်၍ လွှတ်သည်။ စောလူးမင်းကို မြေလှန်ပြီး ရှာကြ။ တွေ့အောင် ရှာကြ။ မိအောင်ရှာကြ။ စောလူးမင်းကို ရမိလျှင် ရာထူးတိုးမည်။ ဆုငွေပေးမည်။ ဘယ်သူ မဆို ထိုက်သင့်သော ဆုတော်ငွေကို ခံစားစေရမည်။

ငရမန်၏ ဆုတော်ငွေ သတင်းကို ကြားသော် သူ့တပ်သားတွေ လှုပ်လှုပ် ရွရွ ဖြစ်ကြပြီ။ သို့နှင့် တောထဲသို့ လူခွဲပြီး ခြေဆန့်ရှာကြသည်။ စောလူးမင်း ကို မိလျှင် ဆုတော် လာဘ်တော်တွေလည်း ရမည်။ ရာထူးလည်း တက်မည်။ ဘာလိုသေးသလဲ။

အဲသည် ရည်ရွယ်ချက်ဖြင့် တောထဲသို့ထွက်ခဲ့သော ထင်းခုတ်သမား အယောင်ဆောင် ငရမန် တပ်သားကြီးသည် ခုတော့..... စောလူးမင်းနှင့် ကိုယ်တိုင် ရင်ဆိုင် တိုးခဲ့ပြီ။ မိမိ လက်ထဲမှာတော့ ဘုရင့်မြလက်စွပ်ကို ရလာသည်။ ဤ မြလက်စွပ်ကို မိမိ လိုချင်သည်။ ပဲခူးစား ငရမန်ကို မအပ်ချင်၊ မအပ်နိုင် သည်လိုဆိုလျှင် မိမိသည် စောလူးဘုရင်မင်းတရားကို တွေ့ခဲ့သည့်အကြောင်း ဘယ်သူ့ကိုမှ မပြောဘဲ နေလိုက်မည်။ နောင်ခါလာ နောင်ခါချေးလေးတော့၊ ခုတော့ဖြင့် မြလက်စွပ်ကို ဝှက်ပြီး အသာကလေး မသိလိုက် မသိဟန်သာ နေမည်၊ နေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်.....ထင်းခုတ်သမားကြီးသည် လောဘသားပေကိုး။ အတ္တသမားပေကိုး။ သူက မိမိရထားသော မြလက်စွပ်ကို လူကွယ်ရာမှာ မကြာခဏ ထုတ်ယူကြည့်သည်။ ပြီးတော့ ယုံကြည်ရသည့် ရဲဘော်တွေကို သူက ဖွင့်ဟတိုင်ပင်၏။

'သူငယ်ချင်းတို့ရေ.....ဒီမှာကြည့်စမ်း.....မြလက်စွပ်တစ်ကွင်း။ ရွှေရောင်ဝင်းပါဘိ.....၊ မြရောင်က တောက်ပါဘိ။ တန်ဖိုး ဘယ်လောက် ရှိမလဲ.....သိကြသလား'

ထင်းခုတ်သမား တပ်သားကျော်က မိမိလက်ထဲက မြလက်စွပ်ကို အဲသည်လို ထုတ်ပြသည်။ သူ့လုပ်ပုံက 'သူခိုးရွှေရ တပြပြ' ဖြစ်နေ၏။ မနာလိုသူလည်း ရှိသည်။ အမြင်ကပ်သူလည်း ပါသည်။ ကြာတော့ ထင်းခုတ်သမား တပ်သားကျော်၏ မြလက်စွပ် သတင်းမှာ ပဲခူးစား ငရမန်၏ နားသို့ ပေါက်ကြားသွားပါပြီ။

တစ်ယောက်စကား တစ်ယောက်နား မဟုတ်လား။

ပဲခူးစား ငရမန်က ထင်းခုတ်သမား တပ်သားကျော်ကြီးကို အမြန်ဆုံး ခေါ်တွေ့၏။

'ဘယ်မှာလဲ.....တောထဲက ရလာတဲ့ လက်စွပ်ဆိုတာ ငါ့ကို ပြစမ်း'

ထင်းခုတ်သမား တပ်သားကျော်သည် ပုဆိုးစုတ်ထဲမှာ အသေအချာ ဝှက်ထားသော မြလက်စွပ်ကို တရိုတသေ ထုတ်ယူပြီး ပဲခူးစားထံ ပြ၏။

'ဟယ်..... ဘုရင်မင်းမြတ် လက်ဝတ်တော်ပါလား'

ပဲခူးစား ငရမန်မှာ လက်စွပ်ကိုမြင်သော်.....ရုတ်တရက် အာမေဋိတ်မိသည်။ မြလက်စွပ်ကြီးက ရွှေရည်တွေဝင်းလို့.....၊ မြရည်တွေ တောက်လို့။ ဒါ စောလူးမင်းတရားရဲ့ လက်သူကြွယ်မှာ အမြဲစံပယ်နေတဲ့ မြလက်စွပ်မှ မြလက်စွပ်အစစ်။ ဒါကို ငရမန်က သိသည်၊ သေချာစွာ သိသည်။

'ကဲ..... ပြောပေတော့ မောင်မင်း၊ သည် မြလက်စွပ်ကို ဘယ်သူ့ဆီက ဘယ်လို ရခဲ့သလဲ၊ အလုံးစုံ ကုန်စင်အောင် ပြောပေတော့၊ ထိမ်ချန်ထားမည် မကြံနှင့်၊ သေဒဏ်နှင့်မိတ်ဆက်ရမယ်ပ.....'

ငရမန်က သည့်နှယ် ခပ်လှန့်လှန့် ပြောသည်၊ ဟိန်းလိုက် ဟောက်လိုက် လုပ်သည်။ တပ်သားကျော်မှာ ပဲခူးစားရှေ့ ရောက်သည်နှင့် ထိတ်ထိတ်ပျာပျာ ရှိနေပါပြီ။ သို့သော် သူက အမှန်ကို ချက်ချင်း မပြော။ စစ်မေးသမျှကို ထိမ်ချန်

www.burmeseclassic.com

www.burmeseclassic.com



သည့်ပတ်လို့ ဖြေနေ၏။ ကြာတော့ ငရမန် ဒေါပွပြီ။ သူသည် တပ်သားကျော်ကို ဝါးညှပ်ဖြင့် ပြင်းပြင်းထန်ထန် ကွပ်ညှပ်၍ မေးသည်။ စစ်မေးသည်။ သည်တော့သည်း တပ်သားကျော်မှာ နာလွန်းလို့ မခံနိုင်ရှာပြီ။ သို့နှင့် မိမိအဖြစ်ကို ဖွင့်လှစ်လို့ ဝန်ခံတင်ပြလိုက်တော့မည်။

'မှန်လှပါ ဘုရား၊ စောလူး ဘုရင်မင်းမြတ်ထံမှ ရရှိခဲ့ကြောင်းပါ'

'အို..... အသိနောက်ကျရလေ၊ ကဲ..... ဆိုပါဦးတော့....၊ စောလူးဘုရင်မင်းမြတ်ထံက ဘယ်နည်းနဲ့ ရခဲ့ပါလိမ့်'

'မှန်လှပါ..... ကျွန်တော်မျိုး ထမင်းထုပ်ကို စောလူးမင်းက တောင်းယူစားသောက်ပြီး သည် မြလက်စွပ်ကို ထမင်းဖိုး ပေးခဲ့ကြောင်းပါ'

'ဒါနဲ့များ မောင်မင်းက သည်သတင်းကို ဘာဖြစ်လို့ ချက်ချင်း မတင်တာလဲ'

'ဒါကတော့ လောဘသားတို့ သဘာဝ မြလက်စွပ်ကို လိုချင်သမို့ သတင်းအမှန်ကို ထိမ်ချန်ခဲ့မိကြောင်းပါ'

တပ်သားကြီး တင်သံမှုကို ကြားသော် ပဲခူးစား ငရမန်သည် အလွန်အမင်းဒေါသပွားရပြီ။ သတင်းပေး နောက်ကျသူ တပ်သားကျော်ကို အချုပ်သို့ သွင်းရန်အမိန့်ချလိုက်သည်။

'ကဲ..... သည် ငမိုက်သားကို အချုပ်ထဲ သွင်း၊ ထိုက်သင့်တဲ့ အပြစ်ကိုစီရင်စေ၊ ပြီးတော့ စောလူးမင်းတရား စားဖို့ ထမင်းထုပ်ပေးခဲ့တဲ့ နေရာကိုအမြန်ဆုံး တောနင်းပြီးရှာကြ။ စောလူးမင်းကို တွေ့ရင် အရှင် အမိအရ ဖမ်းကြ၊ အမိအရ ဖမ်းကြ..... ဖမ်းကြ'

၃

ငရမန်၏ တပ်သားတို့သည် စောလူးမင်း ပုန်းအောင်းနေသည့် တောအုပ်အတွင်းသို့ ဝင်၍ စောလူးမင်းကို ရှာကြပြီ။ စောလူးမင်းကို သည့်နှယ် တောနင်း၍ ရှာကြသည် ဆိုတော့ မင်းတရား ခမျာ ပြေး၍ မလွတ်ရှာ။ သို့နှင့် ပဲခူးစား ငရမန်သည် စောလူးမင်းကို အရှင်လတ်လတ် ဖမ်းမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးစားသည် စောလူးမင်းကို ဖမ်းဆီးပြီး တောတွင်းမှာပဲ ထောင်သွင်း အကျဉ်းချထား၏။ ပုဂံမင်းကို မိမိလက်တွင်း ရပြီ။ ရှေ့မှာ ဆောင်ရွက်ဖွယ်ရေး က များစွ။ ပုဂံနေပြည်တော်သို့ ချီတက်ရမည်။ ဝိုင်းဝန်းရမည်။ တိုက်ခိုက်ရမည်။ ပြီးတော့ သင်းတို့ဘုရင် စောလူးမင်း တရားကို မိမိ ရပြီ ဖြစ်ကြောင်း သတင်းပေး ရမည်။ သို့ဆိုလျှင် ပုဂံနေပြည်တော်သည် အမှည့်ကြွေ သစ်သီး တစ်လုံးနှယ် မိမိ လက်တွင်းသို့ အသာကလေး လိမ့်ကျလာတော့မည်။

ငရမန်သည် နိုင်ငံရေး သချ်ာတစ်ပုဒ်ကို အဲသည်လိုပဲ လွယ်လွယ်ဖြင့် အဖြေထုတ်လေသည်။ သို့သော် နိုင်ငံ၏ အရေးအခင်းတို့ မည်သည်ကား သည့်နှယ် လွယ်လွယ်ဖြင့် အဖြေရနိုင်သည် မရှိ။ ကြည့်လေ။ ငရမန်၏ အစီအမံကို အခုအခါ ဖြစ်နေမည့် လူတစ်ယောက် ရှိနေသည်။ သူက ကျန်စစ်သား။

ကျန်စစ်သားသည် တောတွင်းတိုက်ပွဲမှ အခြေမလှ ဖြစ်သည်နှင့် နေပြည် တော်သို့ အရောက် ပြန်ခဲ့သည်။ ခုနေအခါ မိမိတို့ ပုဂံတပ်မှာ ရန်သူတို့ ချေမှုန်းခြင်းကို အမှတ်မဲ့ ခံလိုက်ရပြီ။ ပုဂံတပ်ကို အမြန်ဆုံး ပြန်လည် စုစည်း နိုင်မှ ဖြစ်မည်။ စုစည်းနိုင်အောင်လည်း ကြိုးပမ်းရမည်။ သို့သော် သည့်ထက် အရေးကြီးသည့် လုပ်ငန်းက ပုဂံ နေပြည်တော်ရှိ အုပ်ချုပ်ရေး လုပ်ငန်းများ ဖရိုဖရဲ မဖြစ်ဖို့။

ပုဂံနိုင်ငံတော်၏ အချုပ်အချာ အာဏာပိုင် ဘုရင်မင်းမြတ်ကို ခုနေအခါ ရန်သူတို့ ဖမ်းမိလောက်ပြီ။ ဘုရင်မင်းမြတ် မရှိတော့ဘူးဆိုလျှင် ရွှေနန်းတော်ရှိ မှူးကြီးမတ်ရာ သေနာပတိ အကြီးအကဲတို့ စိုးရိမ်တကြီး ရှိကြမည်။ ထိတ်လန့် တကြား ဖြစ်ကြမည်။ သည်သို့မဖြစ်ရအောင် အတတ်နိုင်ဆုံး အားပေးစကား ဆိုရမည်။ သတိပေးစကား ပြောရမည်လေ။

ကျန်စစ်သား၏ ပုဂံရွှေနန်းတော်သို့ ဝင်ခန်းမှာ မင်္ဂလာကျက်သရေ ရှိပါ ဘ၊ ကြည့်ပါဦး။ ရွှေနန်းတော်ရှိ မိဖုရားမှအစ မှူးကြီးမတ်ရာတို့သည် ကျန်စစ် သားကို မြင်သော် နန်းတော်ဦးမှာ စုရုံးကြပြီး တစ်ခွန်းတည်းသော စကား ဆိုကြလေသည်။

'အရှင်မင်းကြီး..... ခုနေအခါမှာ ပုဂံရွှေနန်းကို သိမ်းမြန်း အုပ်ချုပ်ရမည့် ပုဂ္ဂိုလ်မှာ အရှင် ကျန်စစ်သားမင်းကြီးမှ လွဲ၍ တခြား မရှိပြီ။ နိုင်ငံတော်၏ အနာဂတ် အကျိုးကို ရည်မျှော်၍ ပုဂံရွှေနန်းကို သိမ်းမြန်းပါတော့'

www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားကို အကောင်အထည် ဖော်ဖို့ မင်းမြောက်တန်ဆာ ငါးပါးကို ...ည်း ကျန်စစ်သားထံ ဆက်သကြသည်။

ကျန်စစ်သားသည် မိမိရှေ့တွင် ရောက်လာသော မင်းမြောက်တန်ဆာ ...ပါးကို ကြည့်သည်။ မိမိအား အားကိုးတကြီး တောင်းပန်နေကြသော သည် ...း ပရိသတ်ကိုလည်း ကြည့်သည်။ ခုနေအခါမျိုးမှာဖြင့် ရှင်ဘုရင် လုပ်ဖို့ ...ယ်လှချည့်။ မင်းမြောက်တန်ဆာ ငါးပါးကိုဝတ်၊ ရွှေနန်းပလ္လင်ပေါ်သို့ တက် ...တ်။ ဟော..... ရှင်ဘုရင် ဖြစ်ပြီ။ သို့သော်.....

ကျန်စစ်သားသည် မိမိကိုယ်မိမိ ပြန်လှန် စစ်ဆေးသမှု ပြုသည်။ ခုနေအခါ ... မိမိ ရင်တွင်းမှ ဆန္ဒသည် ရှင်ဘုရင် ဖြစ်ရန် မဟုတ်သေး။ မိမိအထက်မှ ...င်းပြည်သနင်း စောလူးမင်း သက်ရှိထင်ရှား ရှိလိမ့်ဦးမည်။ ဘုရင် မင်းမြတ်ကို ... ရှာဖွေဦးမှ ဖြစ်မည်။ ဘုရင်မင်းမြတ် မရှိတော့ဘူး ဆိုလျှင်ကား.....

ကျန်စစ်သားသည် မိမိရှေ့တွင် ဦးညွှတ်နေကြသော မှူးမတ်ဗိုလ်ပါတို့ကို ...ကြိမ်ကြိမ် ရှင်းပြသည်။ 'နေကြဦး၊ သည်းခံကြဦး၊ ခုနေအခါမှာ ပုဂံနိုင်ငံတော် ... ပြည့်ရှင် ဘုရင်မင်းမြတ်ကို ရှာရဦးမည်၊ ဖွေရဦးမည်။ ဘုရင်မင်းမြတ် ...က်ရှိ ထင်ရှား ရှိနေလျှင် နန်းပလ္လင်သည် သူ့အတွက်သာ ဖြစ်ရမည်။ ဘုရင် ...င်းမြတ် မရှိတော့ဘူး ဆိုပါမှသာ.....'

ကျန်စစ်သားသည် မိမိဆန္ဒကို ထိုသို့ ရှင်းလင်းတင်ပြသည်။ ပြီးတော့ ...င်းပရိသတ် ကျေနပ်လေအောင် ဆောင်ရွက်ရ၏။ သူသည် မိမိအား ဆက်သလာ ...သာ မင်းမြောက်တန်ဆာ ငါးပါးကို ရွှေစည်းခုံ စေတီရှိ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ...င်ထား၏။ ပြီးတော့ ဘုရားရှင် ရှေ့မှောက်တွင် သစ္စာစကားကို ဆိုလေသည်။

'ဘုရားတပည့်တော်သည် မိမိ၏ အရှင်သခင် စောလူးမင်းတရားကို ...တနာ သဒ္ဓါ အစစ်အမှန်ဖြင့် ကြိုးပမ်းရှာဖွေပါမည်။ စောလူးမင်းတရားကို ...က်ရှိ ထင်ရှား တွေ့သော် ပုဂံရွှေနန်းသည် မင်းတရားအတွက် စင်စစ် အမှန် ...်စေရမည်။ ဤမှန်သော စကားကြောင့် စောလူးမင်းတရားကို အမြန်ဆုံး ရှာ ...တွေ့နိုင်ပါစေ.....'

ကျန်စစ်သားသည် နောက်ပါ တပ်သား အနည်းငယ်ကို ခေါ်ယူလျက် ...်နေပြည်တော်မှ ထွက်လာခဲ့၏။ နေပြည်တော်မှ မထွက်ခွာမီ နန်းတော်ရှိ မှူး ...း မတ်ကြီးများအား တစ်ခွန်းသော စကားကို မှာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပဲခူးစားတပ်များ နေပြည်တော်ကို ခြိမ်းခြောက်လာခဲ့သော် မြို့ရိုးကို လုံ စွာ ပိတ်ပြီး ခိုင်ခိုင်ခံခံနေကြ၊ နေပြည်တော်ကို အလိုရှိသော် ကျန်စစ်သား အလျင် ဦးစွာ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ပြော၊ ကျန်စစ်သားကို နိုင်မှ ပုဂံရွှေနန်း အပ်မည်ဟု အသေအချာ ပြောကြ'

ကျန်စစ်သားသည် သည်အမှာစကားနှင့်အတူ မိမိ လက်အောက် တပ်မှူး များဖြစ်သော ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့အား နေပြည်တော် ကာကွယ်ရေး တာဝန်ကို ပေးအပ်ခဲ့သည်။

ကျန်စစ်သားမှာ စောလူးမင်းကို ရှာဖွေဖို့ နေပြည်တော်က ထွက်ခဲ့သော် လည်း သတင်းအစအနက မရ။ တစ်ဆင့်စကား တစ်ဆင့်ကြားရသည်က စော မင်းကို ပဲခူးစားက ဖမ်းမိသွားသည်ဟု ဆိုသည်။ ပဲခူးစား၏ တပ်များမှာ ယခုအ ၌ ခွေးလှေးပျားတောနံ့ ဖြစ်နေသည်။ အင်အားခိုင်မာ တောင့်တင်းလှသော ပဲခူးစား၏ တပ်များသည် ပုဂံနေပြည်တော်ကို တိုက်ခိုက်ရန်အတွက် ယခုအ အင်အားစုနေသည်။ သူတို့သည် ပုပ္ပားဘက်မှသော်လည်းကောင်း၊ မြင်းက ဘက်မှာသော် လည်းကောင်း၊ တပ်များ အသီးသီး ခွဲ၍ နေရာယူထားကြသည် သည်တပ် စခန်းတွေထဲမှာ စောလူးမင်းကို ဘယ်နေရာ၌ ပဲခူးစားက ဝှက်ထား သလဲ။ ဘယ်လို ရှာဖွေရမလဲ။

ကျန်စစ်သားနှင့် သူ့တပ်သားအချို့သည် ပဲခူးစား၏ တပ်များအနီး ရုပ်ဖျက်၍ သွားလာလှုပ်ရှားပြီး သတင်းရယူကြသည်။ နွားပျောက်ရှာသလို မြေပဲကောက်လာကြသလိုလို၊ ယာထဲက ပြန်လာကြသလိုလိုနှင့် တောထဲ နေ့စဉ် ရက်ဆက် အလုပ်များနေကြသည်။ သို့နှင့် တစ်နေ့တော့ သူတို့ ကံကောင်း ဖို့ ကိန်းဆိုက်လာသည်။

တစ်နေ့ နံနက် ယာထဲမှာ နွားတစ်ရှဉ်းဖြင့် အလုပ်များနေသော ကျန်စ သားနှင့် သူ့အဖော်များ ရှိရာသို့ ခပ်ဝေးဝေး တောအုပ်ဆီမှ လူတစ်ယော အသက်လုပြီး ပြေးလာသည်။ သည်လူကို ဖမ်းပြီး စစ်မေးကြတော့ ကျန်စစ်သ လိုချင်သော အဖြေကို ကံကောင်းစွာပဲ ရလေပြီ။ အသက်လုပြီး အပြေးတ ပြေးလာသူမှာ တခြားလူ ဟုတ်ပါရိုးလား။ စောလူးမင်း၏ လက်ရွေးပ်ကို ရှိ တပ်သားကျော်ကြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တပ်သားကျော်ကြီးကို ပဲခူးစား ငရမန်က ထိပ်တုံးခတ်၍ အကျဉ်းချထားသည်။ သေဒဏ် အပြစ်ပေးမည်ဟုလည်း ခြိမ်းခြောက်ထားသည်။ တပ်သားကြီးမှာ သေရမည့်အတူတူ မထူးတော့ပြီ။ ငုတ်တုတ် သေရမည်ထက် ပြေးရင်း သေရတာကမှ ကျေနပ်ရဦးမည်။ သည်သို့တွက်ပြီး သည်ကနေ့ နံနက် အရုဏ်တက်မှာ ထွက်ပြေးခဲ့သည်။ သေမြေကြီး၊ ရှင်ရွှေထီးဆို မဟုတ်လား။ ခုတော့ ပဲခူးစား၏ လက်တွင်းမှာ သေရမည့် ဘေးဒဏ်က လွတ်ပြီ၊ ကျွတ်ပြီ။

သည် တပ်သားကျော်ကြီး မိမိတို့ထံ ရောက်လာခြင်းမှာ ကျန်စစ်သားအတွက် မဟာအခွင့်အရေး တစ်ရပ် ဖြစ်သည်။ သူ့ထံက ကျန်စစ်သားနှင့် အပေါင်းပါတို့ အလိုရှိသော သတင်းကိုရပြီ။ ပဲခူးစားသည် စောလူးမင်းကို မိမိတပ်၏ အလယ်ရှိ သီးသန့် အကျဉ်းထောင်မှာ ချုပ်နှောင်ထားသည်တဲ့။ ထိုအကျဉ်းထောင်သို့ သွားရာလမ်းကို မြေပုံနှင့်တကွ ရေးဆွဲ၍ ပြသည်။ ကံကောင်းထောက်မပြီ။ သည်လိုဆိုလျှင် စောလူးမင်း၏ အသက်ကို မီနိုင်ကောင်းရဲ့။ မင်းတရားကို ကယ်နိုင်ကောင်းပါရဲ့။

၄

မိုးသည်းထန်သော ညတစ်ည ဖြစ်သည်။ 'မန်ကျည်းတော' အမည်ရှိ ပုပ္ပားဆောင်မကြီး၏ အနီးတွင် ရှိသော ရွာကလေးသည် မိုးသည်းည၏ အောက်တွင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ ရွာသူ ရွာသားတို့သည် တစ်နေ့တာ လယ်ယာလုပ်ငန်းခွင်မှာ ပင်ပန်းခဲ့သမျှ အတိုးချပြီး အနားယူ အိပ်စက်နေသည်။

ရွာထိပ်ရှိ ဘုန်းတော်ကြီးကျောင်းပျက်မှ ဇရပ်တစ်ဆောင်အတွင်း၌ ဆီမီးခွက်ငယ်ကလေး သုံးခွက်သည် မိုးသည်းည၏ မှောင်မိုက်ခြင်းကို အန်တုနေသည်။ ဆီမီးခွက်ငယ်ကလေးများမှ မီးရောင်တို့က ဇရပ်ဆောင်အတွင်းသို့ မဝင်းတဝင်း အလင်းရောင်ကို ပေးနေသည်။ သည်ဇရပ်ဆောင်အတွင်းမှာ မိုးသံလေသံတို့နှင့် အတူ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ဆီးမီးခွက်ငယ်မှ မီးတောက်ကလေးများသည် လေတစ်ချက် အဝှေ့တွင် ဝှေ့ဝိုက်ယိမ်းထိုးပြီး ငြိမ်းလုလု ဖြစ်သွားသည်။ ဆီမီးခွက်ငယ်မှ မီးတောက်ကလေးများ လှုပ်ရှား ယိမ်းခါနေသလိုပင် သည်အခန်းတွင်းမှ ပုဂ္ဂိုလ်၏ စိတ်အစဉ်သည်လည်း တုန်လှုပ်ယိမ်းခါလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်သူလဲ။

တစ်ချိန်သောအခါ..... ပုဂံပြည်ကို အုပ်စိုးမင်းလုပ်ခဲ့သည့် စောလူးမင်း တရားပါ။ မင်းတရားသည် ဆီမီးခွက် သုံးခွက်ကို ထွန်းကာ ဗုဒ္ဓဂေါတမ ဘုရားရှင်ထံ ပူဇော်ရင်း တစ်စုံတစ်ရာကို ဆုတောင်းလျက် ရှိ၏။

သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ ဆိုကြသည် မဟုတ်လား။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဟုလည်း ပြောကြသည် မဟုတ်လား။ သည်တော့.....

ပုဂံပြည့်ရှင် စောလူးမင်းသည်ပင် ရန်သူ၏ အချုပ်ခန်းမှာ ညှိုးငယ်စွာ စံမြန်းနေရပြီ။ သူ့မှာ လှုပ်ရှားချင်တိုင်း လှုပ်ရှား၍ မရ။ အနှောင်အတည်းနှင့်မို့ ကျဉ်းကျပ်ပါဘိ၊ စိတ်ငယ်ပါဘိ။ ခုပဲကြည့်ပါ.....၊ စိတ်ဆင်းရဲ ကျပ်တည်းမှုမှ သက်သာလို သက်သာငြား ဘုရားဝတ်ပြုရင်း ဖြေသိမ့်နေရပြီ။

ဘုန်းကြီးကျောင်းပျက်ကြီး ဝန်းကျင်မှာ ပဲခူးစား၏ တပ်သားတွေ ပျားပန်းခတ်အောင် အစောင့်အကြပ် ချထားသည်။ ကျောင်းပျက်ကြီးဝင်းထဲမှာလည်း တပ်သားများ ရှိနေ၏။ ယုတ်စွအဆုံး သည်ဇရပ်အောက်မှာပင် တပ်သား တစ်စုကို အစောင့်ချထားသေးသည်။

ညဥ့်သည် တဖြည်းဖြည်း ပို၍ နက်မှောင်လာ၏။ မိုးကလည်း ပိုမို သည်းထန်လာသည်။ လေကလည်း ခုမှပင် ခပ်ထန်ထန်ကလေး တိုက်ခတ်လာ၏။ သည်တော့ စောစောက ဆီကြွင်းဆီကျန်ကလေးများဖြင့် ဝင်းလက်တောက်ပနေသော ဆီမီးခွက်ကလေး သုံးခွက်သည် တစ်ခွက်ပြီး တစ်ခွက် ငြိမ်းသွားပြီ။ သည် အချိန်မှာ စောစောက ဘုရားဝတ်ပြုရင်း ဆုယူ ဆုတောင်းလုပ်နေသော စောလူးမင်းသည် စိတ်ညှိုးငယ်စွာဖြင့် အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။

သည်ခဏမှာ စောလူးမင်းသည် မှေးခနဲ အိပ်ပျော်သွားသည်။ ခုလို တစ်ရေးမျှ အိပ်ပျော်ရပြီ ဆိုတော့ စောစောက ပူပင်သောကများသည် ခေတ္တခဏမျှ ပြေပျောက် သက်သာသွားဟန် ရှိပါ၏။ စောစောကတော့ ငရမန်၏ လက်မှာ မိမိ အသက်ကို ဘယ်အချိန်၌ စတေးခံရမလဲ စိုးရိမ်ပူပန်နေသည့် မင်းတရား။ ခုဖြင့် တဒင်္ဂ တခဏမျှ စိတ်ငြိမ်သက် အေးချမ်းသွားပါပြီ။

သည်အချိန်မှာ.....

မနိုးတဝက် နိုးတဝက်ဖြင့် စောလူးမင်းသည် အသံ တစ်ခုကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အရှင်မင်းကြီး..... အရှင်မင်းကြီး'

လေသံသာသာမျှ ကျယ်သော အသံဖြင့် မတိုးမကျယ်ခေါ်နေသော အသံ တစ်သံပါ။ သေသေချာချာ နားထောင်တော့ အသံက အဝေးက မဟုတ်၊ အနီး ကလေးရယ်။ တကယ့် နီးနီးကလေးရယ်။

'အရှင်မင်းကြီး..... အရှင်မင်းကြီး၊ အိပ်ပျော်နေသလား'

မှောင်ထဲမှာ မတိုးမကျယ် ထွက်ပေါ်လာသော အသံကို ယခုတော့ ပီပီသသ ကြားရပြီ။ လက်စသတ်တော့ မိမိအခန်းထဲကို လူတစ်ယောက် ရောက်နေတာပါပဲ လား။

'ဘယ်သူလဲ'

စောလူးမင်းတရားက သတိ အနေအထားဖြင့် ဂရုပြု ဆင်ခြင်လျက် ခပ်တိုးတိုးပဲ ပြန်မေးသည်။ တိုးတိုးဆိုပေမယ့် ညဥ့်အချိန်ဆိုတော့ အသံက နည်းနည်း ကျယ်သွားသည်။ သို့သော် ကိစ္စမရှိ။ လေသံမိုးသံဖြင့် ဒီလောက်အသံကို ဘယ်သူမှ ကြားနိုင်ဖွယ် မရှိ။

'ဘယ်သူလဲ' စောလူးမင်းက ထပ်မေးသည်။

'ကျွန်စစ်သားပါ'

အသံရှင်က ပြန်ဖြေ၏။ သို့သော်..... ဖြေသံက သိပ်မကျယ်၍ ပီသ။

'ဘယ်သူ.....'

'ကျွန်စစ်သားပါ..... မင်းကြီး'

'ကျွန်စစ်သား၊ ကျွန်စစ်သား ဟုတ်လား၊ ဘာလုပ်ဖို့လဲ၊ ဘာဖြစ်လို့ လိုက်လာတာလဲ'

အို..... ဖြစ်ရလေ။

ကျွန်စစ်သားသည် စောလူးမင်း၏ ပြန်မေးသံကို ကြားရသောအခါ အားမေ့ဒိတ်မိသည်။ ဘယ့်နှယ်စကားကို မင်းတရားက ယောင်ယောင်မှားမှား မိန့်ဆိုလိုက်ပါသလဲ။ သည်မျှ ခက်ခဲသော ခရီး၊ သည်မျှ ခက်ခဲသော စွန့်စားမှု သည်မျှ ခက်ခဲသော လုပ်ဆောင်ချက်ကိုမျှ အားမနာ ပါးမနာနှင့် မင်းတရားက ဘာတွေ မေးနေပါလိမ့်။

သို့သော်..... တကယ်တော့ မင်းတရား၏ မေးခွန်းကို ပြန်ဖြေရန် အချိန် မရှိ။ သည်ကနေ့ည တကယ်လုပ်ရမည့် ကိစ္စက စောလူးမင်းအား သည်အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှာ ပိတ်လှောင်ထားသည်ကို စွန့်စွန့်စားစား ကယ်တင်ရန်ပဲ ဖြစ်သည်။ ခု အခက်အခဲပေါင်းများစွာကို ကျော်လွှန်ပြီး မင်းတရားကို ချုပ်နှောင်ထားသည့် အခန်းထဲသို့ ရောက်နေပြီ။ သည်အချိန်မှာ အမြန်ဆုံး လုပ်ဆောင်ရမည်က စောလူးမင်းကို ထမ်းပိုးပြီး ထုတ်ယူသွားရန်ပဲ ဖြစ်သည်။ ကြာနေလျှင် အပြင်မှာ စောင့်နေသော ကိုယ့်လူများနှင့် အချိန်းအချက် လွဲတော့မည်။

သို့နှင့်.....

'ကဲ' ကျန်စစ်သား၏ နှုတ်မှ ထွက်သွားသော စကားတစ်လုံးသာ ဖြစ်သည်။ သည်နှင့် တစ်ဆက်တည်းပင် ကျန်စစ်သားသည် စောလူးမင်းကို မှောင်ထဲက စမ်းယူပြီး ချီပိုးလိုက်သည်။ ပိန်ပိန်သွယ်သွယ်မျှသာ ဖြစ်သော စောလူးမင်း၏ ကိုယ်လုံးသည် တုတ်ခိုင်သန်မာသော ကျန်စစ်သား၏ ပခုံးထက်ပေါ်သို့ ဇွေ့ခနဲ မြောက်၍ ပါသွား၏။ မိမိ ပခုံးပေါ်မှာ စောလူးမင်း ပါလာသည်နှင့် ကျန်စစ်သားသည် မိမိ ခုန်ကျော်ဝင်ခဲ့သော ပြတင်းဝသို့ အပြေးသွားသည်။ ပြီးတော့..... ပြတင်းဘောင်ပေါ်သို့ လက်ထောက်ပြီး ကျင်လည်စွာပင် အပြင်သို့ ခုန်ချလိုက်သည်။

မိုက သည်းနေဆဲ။ လေက ထန်နေဆဲ။ မှောင်ထဲမှာ လှုပ်ရှားနေသော ကျန်စစ်သား၏ ပုံသဏ္ဌာန်ကို အိပ်ပျော်နေသော အစောင့်တပ်သားတို့ သိဟန် မတူကြ။ သို့သော်.....

ကျန်စစ်သား၏ ပခုံးပေါ်မှာ ရောက်နေသော စောလူးမင်းသည် မကြံကောင်း မစည်ရာ စိတ်ဓာတ်တွေ ပေါ်လာသည်။ မိမိအသက်စွန့်ပြီး ရန်သူ့စခန်းဝင်၍ စောလူးမင်းကို ခိုးထုတ်နေသော ကျန်စစ်သားအပေါ် မတော်မတရား စိတ်ဓာတ်တွေ ပေါ်လာလေ၏။

'ကျန်စစ်သား ဆိုတာ တစ်ချိန်က ခမည်းတော် အနော်ရထာမင်း ကိုယ်တိုင် အမုန်းပွားပြီး လှံဖြင့် ထိုး၍ စီရင်ခဲ့ဖူးသူ.....၊ ပြီးတော့..... ခမည်းတော် သက်ရှိထင်ရှားရှိစဉ်က ထွက်ပြေးနေရသော သူတစ်ဦး။ မိမိ လက်ထက်မှာပင် ကျန်စစ်သားကို မဏိစန္ဒာ မင်းသမီး ပြဿနာကြောင့် ဒလသို့ ပို့၍ အပြစ်ဒဏ် ပေးဖူးသေးသည်။ ခု..... သည်ကျန်စစ်သားက မိမိကို တိတ်တဆိတ် လာခိုးနေပြီ။ သဘောရိုးမှ ဟုတ်ပါရဲ့လား။ ငါ ကံကြမ္မာ နိမ့်စဉ် ငါ့ကို အဆုံးစီရင်ပြီး အပျောက်ရှင်းပြီး ပုဂံရွှေနန်းကို သိမ်းဖို့ အကြံပက်စက်တာ မဖြစ်နိုင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းသည် ကျန်စစ်သား ပခုံးပေါ်မှ လိုက်ရင်း မကြံကောင်း မစည်ရာတွေ တွေးမိသည်။

'ရေမန်ကတော့ ငါက ပဲခူးကို စားခွင့်ပေးထားသူ၊ ပြီးတော့.... ငယ်ငယ်တုန်းက ငါနှင့် နို့စို့ဖက် ဆိုတော့ ငါ့ကို ရေမန်က သတ်မှာ မဟုတ်ပါဘူး၊ ခုတော့....'

တဒင်္ဂမျှသော အချိန်အတွင်းမှာ စောလူးမင်းသည် ဘာတွေ တွေးပြီး ဘယ်သို့ စိုးရိမ်သွားသည် မသိ။ သူ့နှုတ်မှ စူးစူးရဲရဲ အော်သံကြီး ထွက်ပေါ်လာပါပြီ။

'ငါ့ကို ကျန်စစ်သား ခိုးယူနေပြီ။ ငါ့ကို ကျန်စစ်သား ခိုးယူနေပြီ.....'

အသံဆိုး အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သော စောလူးမင်း၏ အသံက မိုးသံလေသံတို့ကိုပင် ထွင်းဖောက်ပြီး ပေါ်ထွက်လာသည်။ စောလူးမင်းကို ပခုံးပေါ်မှာ ထမ်းလာသော ကျန်စစ်သားပင် သူ့အော်သံကို ကြားပြီး အလွန်အမင်း ထိတ်လန့် စိုးရိမ်သွား၏။ သည်အချိန် တဒင်္ဂလေးမှာ ဘာလုပ်ရမှန်း မသိအောင်လည်း အံ့သြသွားသည်။

ထိုအချိန်မှာ စောလူးမင်းက နှုတ်မှ နေ၍ ဒုတိယအကြိမ် ထပ်မံ၍ အော်ဟစ်လိုက်ပြန်ပါ၏။

'ငါ့ကို ကျန်စစ်သား လာခိုးနေပြီ'

သည်တစ်ချီတွင်တော့ ကျန်စစ်သားသည် ချက်ချင်း သတိပြန်ဝင်လာ၏။ မိမိ ဘာလုပ်ရမည်ကိုလည်း နားလည်လိုက်ပါပြီ။ နားမလည်လို့လည်း မဖြစ်တော့။ နှစ်ကြိမ်တိုင်တိုင် အော်ဟစ်လိုက်သော စောလူးမင်း၏ အသံက ပဲခူးစား၏ တပ်သား တစ်စုကို အိပ်ရာမှ နိုးစေလိုက်၏။ ခုတော့ သူတို့သည် အိပ်ရာမှ ထပြီး နီးရာ လက်နက်ကို ကိုင်စွဲ၍ အော်ကာဟစ်ကာ ထွက်လာကြပြီ။

ကျန်စစ်သားမှာ သည်အခြေအနေမျိုးကို ရောက်နေပြီ ဖြစ်တော့ ရုတ်တရက် စောလူးမင်းကို ပခုံးပေါ်မှ ပစ်ချလိုက်ရ၏။ ပြီးတော့..... ကျောင်းပျက်ကြီးမှ အတော်ဝေးဝေးရှိ မိမိ ရဲဘော်များနှင့် အချိန်းအဆက် ထားရာဆီသို့ ဦးတည်ပြီး ခြေကုန်သုတ် ပြေးခဲ့သည်။ သူ ပစ်ချထားခဲ့သော စောလူးမင်းမှာတော့ မိုးရွာထဲ ရွှံ့ပြင်ပေါ်သို့ ဘိုင်းခနဲ ပစ်လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားသည် မိမိပခုံးပေါ်မှ ပစ်ချခဲ့သော စောလူးမင်းကို တစ်ချက်မျှ ပင် လှည့်မကြည့်တော့။ သည်အချိန်မှာ သူ့နှုတ်က နာကြည်းစွာ ရွတ်ဆိုလိုက်သည် ကတော့.....

'ဆိုး၀ါးလှတဲ့ ကံကြမ္မာနှင့်အတူ ရန်သူ့လက်မှာ သေရစ်ပေတော့ ညီမင်း တရားရေ.....'

www.burmeseclassic.com

www.burmeseclassic.com

# ငရမန်၏ သေနေ့

## ၁

ဘုန်စစ်သားသည် မိုးသည်းညတွင် ခြေကုန်သုတ်၍ ပြေး၏။ ပြေးရင်း သူနှင့်အတူ ပါသော် ပြောက်ကျားစစ်သည် ကိုးယောက်ခန့်လည်း ပါလာသည်။ သည်မျှ အင်အားဖြင့် နောက်မှ လိုက်လာသော ငရမန် စစ်သည်တို့ကို ခုခံ၍ မဖြစ်။ ရန်သူတို့ အင်အားမှာ မိမိတို့ထက် အဆများစွာ သာသည်။ အကျိုးမရှိသော ခုခံစားမှုဖြင့် ရန်သူတို့ကို ရင်ဆိုင်သော် အချည်းနှီးပဲ ဖြစ်တော့မည်။ သို့နှင့်.....

အတော်ကလေး ပြေးမိသောအခါ မိုးတိတ်စပြုပြီ.....။ ကောင်းကင်သည် ကြယ်သားတို့ဖြင့် ကင်းစင်စပြုနေပြီ။ ထိုအခြေအနေတွင် လရောင်က မလင်းတစ်ဝက် မှိန်တစ်ဝက်ဖြင့် ကောင်းကင်မှာ ပေါ်လာသည်။ ရှေ့နားဆီတွင် ပြိုးပြိုးပြက်ပြက် တွေ့ရသည်။ ဘာပါလိမ့်။

ငွေလရောင် မှိန်မှိန်မှာ ပြောင်ပြောင်လက်လက် အရောင်ထွက်နေသည်က မြစ်ဖြစ်သည်။ မြစ်ဆိုတော့ ဧရာဝတီမြစ်ပဲ ဖြစ်မည်။ ခုနေအခါမှာ ဧရာဝတီ မြစ်၏ သည်ဘက်ကမ်းမှာ ရန်သူတို့ လိုက်လာမည့် အန္တရာယ်ကို စိုးရိမ် နေရသည်။

အဆင်ပြေချင်တော့လည်း မြစ်ကို ကူးရန် လှေက အသင့်။ ကြည့်လေ။ မြစ်ဆိပ်အဆင်းမှာ တံငါအဘိုကြီး တစ်ဦးနှင့် သူ့သားငယ်တို့သည် လှေကို ချည်ပြီး ငါးဖမ်းပိုက်များနှင့်အတူ ကမ်းပေါ်သို့ တက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လရောင် မှောင်တစ်ဝက်၊ လင်းတစ်ဝက်မှာ တံငါသည် အဘိုးကြီးနှင့် ကျွန်စစ်သားတို့ လှသိုက် ဆုမိကြပြီ။ ကျွန်စစ်သားက မေး၏။

'ဗျို့..... ဦးကြီး၊ ဟိုဘက်ကမ်းကို ပို့ပေးနိုင်မလား'

'ဘယ်ကိုလဲ အောင်သာဘက် ကမ်းကိုလား'

'အင်းလေ..... ဟိုဘက်ကမ်းက အောင်သာလား'

'အင်းပေါ့..... အောင်သာရွာပေါ့၊ နို့ မောင်ရင်တို့က ဘယ်က လာလို့ ဘယ်ကို သွားကြမှာတုန်း။ လှေအုပ်ကလဲ ကောင်းပါဘိ၊ မောင်ရင်တို့က ဘယ်သူ တွေတုန်း'

'ကျွန်တော်တို့လား၊ ဘုရင့်အမှုထမ်းတွေပါ ဦးကြီးရယ်၊ မင်းတာဝန်နဲ့ လာခဲ့ကြတာပါပဲ၊ အဲဒါ.....'

ကျွန်စစ်သားတို့ သိပ်စကားမပြောလိုက်ရ၊ မင်းတာဝန်နှင့် လာခဲ့သည် ဆိုတော့ တံငါအဘိုးကြီး မငြင်းသာ။ လှေက နှစ်စင်း။ သူက တစ်စင်း၊ သူ့သားက တစ်စင်း ဆိုတော့ ကျွန်စစ်သားတို့ လူအုပ်ကို သားအဖ နှစ်ယောက် တစ်ခေါက် စီ ပို့ခြင်းဖြင့် ဟိုဘက်ကမ်းသို့ အလွယ်ရောက်ခဲ့ကြသည်။

ရောဝတီမြစ် တစ်ဖက်ကမ်းသို့ ရောက်ကြပြီ။ သည်နေရာမှ နေ၍ ကျွန်စစ် သားသည် နောက်ကြောင်းကို မျှော်ကြည့်သည်။ ရန်သူတပ်သားများ မြစ်ကို ဖြတ်ကူး၍ လိုက်လာကြသည့်ဟန်ကို မမြင်ရ။ သည်အချိန်မှာ ရှေ့ဆက်ရမည့် ခရီးအတွက် ကျွန်စစ်သားက သူ၏ ရဲဘော်များနှင့် တိုင်ပင်ဆွေးနွေးသည်။

ကျွန်စစ်သားသည် စီမံကိန်း တစ်ရပ်ကို ချမှတ်သည်။ လက်ရှိ အခြေအနေ တွင် ပုဂံတပ်သည် တောင့်တင်းခိုင်မာသော အဆင့်အတန်းတွင် မရှိသေး။ သည်အချိန်မှာ ပဲခူးစားသည် ထောင်တပ် သောင်းတပ်ကြီးများဖြင့် ပုဂံကို ခြိမ်း ခြောက်ဖို့ အဆင်သင့် ဖြစ်နေသည်။ မိမိတို့ ဘက်မှ လုပ်သင့်သည်မှာ တစ်ခုတည်း သာ ဖြစ်သည်။ ဒါက ပဲခူးစား၏ ခေါင်းပိုင်းတပ်ကို ဖြိုချဖို့၊ ဖြိုဖျက်ဖို့။

အဲသည့် အစီအစဉ်အတွက် တောတွင်းမှာ အခိုင်အမာ နေရာယူထားသော ပဲခူးစား၏ ဌာနချုပ်ကို မိမိတို့က ပြောက်ကျားစနစ်ဖြင့် ဝင်တိုက်ကြမည်။ လူအင် အား အဆများစွာ သာလွန်သော ပဲခူးစား၏ ဌာနချုပ် စခန်းကို မိမိတို့ဘက်မှ ရဲရင့်ဖျတ်လတ်သော ပြောက်ကျားတပ်သား တစ်ရာခန့်မျှ လျှပ်တပြက် ဝင်တိုက် ခဲ့သော် ပဲခူးစား ငရမန်သည် အဘယ်သို့ ခံနိုင်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားသည် မိမိနောက်ပါ အင်အား တစ်ကျိပ်ခန့်ဖြင့် ထီးလှိုင်ရွာသို့ ခရီးပြင်းနှင်သည်။ ထီးလှိုင်သည် မိမိ၏ ဘူမိနက်သန် အောင်ပွဲခံနေကျ ဒေသ ဖြစ်သည်။ သည်နေရာက နေပြီး မိမိအတွက် အောင်ပွဲခံ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းသည်။ သည်တပ်ဖြင့် ပုန်ကန်ထကြွသူ ပဲခူးစား အသည်းနှလုံးဟု ဆိုနိုင်သော ဌာနချုပ်စခန်းကို ဝင်တိုက်မည် ဆိုလျှင်.....

ကျန်စစ်သားသည် ထီးလှိုင်ရွာ၌ လက်ရုံးသဖွယ် အားကိုးရမည့် ပြောက်ကျား တပ်ကို စနစ်တကျ ဖွဲ့စည်းသည်။ စင်ဆင်စစ်တက် အချက်အချာကျသော ပညာရပ်များကို စနစ်တကျ သင်ပေးမည်။ ရန်သူ့စခန်းကို လျှပ်တစ်ပြက် စစ်ဆင်နည်း၊ ညတိုက်ပွဲ နေ့တိုက်ပွဲနှင့်အတူ တိုက်ပွဲအပြီး အောင်မြင်စွာ ဆုတ်ခွာရှောင်တိမ်းနည်းများ စသည်ဖြင့်.....

ကျန်စစ်သား၏ စစ်တပ်သို့ အနီးအပါး ကျေးရွာများရှိ ပြည်သူတို့က လာရောက် ဆက်သွယ်ကြသည်။ သည် ပြည်သူတို့ကို မိမိ၏ ပြောက်ကျားတပ်နှင့် ပေါင်းစည်းလို့ စစ်ပညာများ သင်ကြားပေးရမည်။ မိမိတို့ ပြောက်ကျားတပ်သည် ငရမန်၏ ဌာနချုပ်ကို ဝင်ဖြိုမည်။ ထိုအခါ မိမိတို့၏ နောက်ပိုင်းတွင် ပြည်သူတို့ တပ်က ငရမန်၏ တပ်များကို စနစ်တကျ ထိုးစစ်ဆင်နွှဲနိုင်လိမ့်မည်။

ကျန်စစ်သားသည် ထိုအချိန်က ပုဂံနိုင်ငံ တစ်နံတစ်လျားမှာ နာမည်ကျော်ကြား လူသိများနေသော မုဆိုးစဥ့်ကို ရှာသည်။ ငစဥ့်သည် လက်ဖြောင့်မုဆိုး ဖြစ်သည်။ အလွန်ဝေးကွာသော အရပ်မှ ပစ်မှတ်ကို တစ်ချက်တည်းဖြင့် မလွဲတမ်း ပစ်နိုင်သော လေးသည်ကျော် ဖြစ်သည်။ ပြီးတော့ သူသည်ပင် တောကျွမ်းသူ ဖြစ်၏။ တောစခန်း အသီးသီးမှာ သူ့ခြေရာ ထပ်နေသည်။ မုဆိုးစဥ့်သည် မိမိတို့ ပြောက်ကျားတပ်အတွက် အလွန်အသုံးကျသော လမ်းပြ ဖြစ်မည်။ ပြီးတော့ အလွန်အားကိုးရသော လက်ဖြောင့်တပ်သားလည်း ဖြစ်လာမည်။

ကျန်စစ်သားနှင့် သူ့ရဲဘော်များ ထိုသို့ အင်အားစုစည်းနေချိန်တွင် ပဲခူးစား၏ တပ်ကြီးသည် ပုဂံနေပြည်တော်ကို လေးဘက်လေးတန်မှ ဝိုင်းကြသည်။ ရေကြောင်း ကြည်းကြောင်းတို့မှ အဆင့်ဆင့် အထပ်ထပ် ဝန်းပတ်နေကြသည်။ နေပြည်တော်တွင်းမှ ပုဂံမြို့သူ မြို့သားတို့ မြို့ပြင်သို့ ထွက်ခွင့် မရ။ မြို့ပြင်မှ အာဂန္တု ဧည့်သည်တို့ မြို့တွင်းသို့ ဝင်ခွင့်မရ။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြင့် ခက်ကပြီ။ ခုနှယ်ပုံဖြင့် ပဲခူးစား၏ တပ်များ ရက်ရှည်လများ ဝန်းရံနေခဲ့သော် မိမိတို့ ပုဂံမြို့လူထု ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်ပြီး အစာငတ် ရိက္ခာပြတ် ဖြစ်ကြတော့မလား။ မြို့လူထုကလည်း သည်အရေးအခင်းအတွက် သောကရောက်သည်။ နန်းတွင်းရှိ မှူးကြီးမတ်ရာ သေနာပတိတို့နှင့် အုပ်ချုပ်ရေးပိုင်းကလည်း သည်ပြဿနာအတွက် စိတ်ပူပန်မှု ဖြစ်ရသည်။ သို့သော် မတတ်နိုင်ပြီ။ လက်ရှိ အခြေအနေတွင် မိမိတို့အဖို့ မြို့တံခါးကို ခိုင်ခိုင်မာမာ ပိတ်ပြီး ခံနိုင်သရွေ့ ခံဖို့ လိုသည်။ သည်အတွင်း မိမိတို့ အားကိုးအားထားပြုရမည့် ကျန်စစ်သားသည် တစ်ထောင့်တစ်နေရာက ပေါ်လာလိမ့်မည်။

သို့သော်.....

သည် သို့သော်က ပုဂံနိုင်ငံသမိုင်းတွင် အရေးပါဆုံးသော 'သို့သော်' ဖြစ်လိမ့်မည်။

ပုဂံသားတို့က အဲသည်လို သံမဏိ စိတ်ဓာတ်ဖြင့် အခိုင်အမာ ခုခံဆန့်ကျင်နေကြတာတော့ ဟုတ်ပါရဲ့။ တစ်နေ့မှာ ပုဂံသားတို့ စိတ်ဓာတ်ကျဖွယ် အရေးအခင်း တစ်ရပ်ကို ကြုံရပြီ။ ပဲခူးစား ပေးပို့လိုက်သော ရာဇသံနှင့် သံတမန်တစ်ဦး ပုဂံနန်းတွင်းသို့ ဝင်ခဲ့သည့် ကိစ္စ။

တစ်နေ့.....

ပဲခူးစား သူပုန်တပ်မှ စေ့စပ်ရေး သံတမန် တစ်ဦးက သဝဏ်လွှာ တစ်စောင်နှင့် ပုဂံနန်းသို့ ရောက်လာ၏။ သဝဏ်လွှာက ဤသို့သို့ ဆိုသည်။

**'အကြည်တော် မှူးကြီးမတ်ရာ သေနာပတိတို့.....**

ယခုအခါတွင် ပုဂံနေပြည်တော် တစ်ဝန်းကို လေးဘက်လေးတန်မှ ပဲခူးတပ်များ ဝန်းရံပိတ်ဆို့ပြီး ဖြစ်သည်။ သည်အချိန်မှာ အကြည်တော်တို့ အနေဖြင့် လက်နက်ချ အညံ့ခံရုံမှ တစ်ပါး အခြားလုပ်ဆောင်ရန် မရှိ။

အကြည်တော်တို့၏ စောလူးဘုရင်မင်းမြတ်ကိုလည်း ပဲခူးတပ်က ဖမ်းဆီးမိ၍ ထုံးစံနှင့်အညီ စီရင်ပြီးပြီ။ စောလူးဘုရင်ကို ထုံးစံနှင့်အညီ စီရင်ပြီးကြောင်း မယုံမကြည် ရှိကြလျှင် သည်ကနေ့ည သန်းခေါင်ယံအချိန်မှာ စောလူးဘုရင်၏ ရုပ်ကလာပ်ကို မြို့ရိုးအပြင်ဘက်တွင် သဂြိုဟ်မည် ဖြစ်၍ စိတ်ဝင်စားသူများ ကြည့်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူအမည်း သဲကွဲသော အဖြေကို နက်ဖြန် နံနက် အရုဏ်မတက်မီ အကြောင်းပြန်ကြ။ အချိန်မီ အကြောင်းပြန်ချက် မရလျှင် ပုဂံနေပြည်တော်ကြီး မီးဟုန်းဟုန်း တောက်လောင်သည်အထိ ပဲခူးတပ်များဖြင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်ရချိမ့်မည်။

ပဲခူးစား– ငရမန်

ငရမန်၏ ရာဇသံက ပြင်းထန်သည်။ တိကျသည်။ ပြတ်သားသည်။ ခုလို အချိန်အခါမျိုးမှာ ပုဂံနေပြည်တော်သားတို့ စိတ်ဓာတ် ချောက်ချားနေတော့သည်။ ရာဇသံက အလွန်ပဲ ထိရောက်သည်။ မူးကြီးမတ်ရာ သေနာပတိတွေပင် သည်သဝဏ်လွှာကြောင့် သံသယတွေ ပွားခဲ့ပြီ။ တစ်ဦးနှင့် တစ်ဦး သဘောထား မညီမညွတ် ဖြစ်ကြရပြီ။ လက်နက်ချ အညံ့ခံမလား။ ခုလိုပဲ ခံနေမလား။

နောက်ဆုံးတွင် အဖြေတစ်ခုကို ရသည်။ ခု အခြေအနေသို့ ရောက်မှဖြင့် မထူးတော့ပြီ။ မြို့တံခါးကို လုံခြုံစွာ ပိတ်၍ ထားမည်။ နေပြည်တော်တွင်းမှာ လက်နက်ကိုင် အစောင့်အရှောက် ထူထပ်စွာ ချထားမည်။ ရှိသည့် အင်အားဖြင့် ရန်သူတို့ကို ရင်ဆိုင်မည်။ သေမြေကြီး ရှင်ရွှေထီး။

သို့နှင့် ပုဂံရွှေနန်းတော်အတွင်းက စာတစ်စောင် ပြန်ပို့လိုက်သည်။

'ပဲခူးစားအနေဖြင့် ထီးလှိုင်ရှင် ကျွန်စစ်သား၏ တပ်များကို ရင်ဆိုင်ဖြေ ရှင်းပါဦး။ ခြံသေ့မည်သည် တစ်ဝှမှာ နှစ်ကောင် မအောင်းရာ။ ကျွန်စစ်သား မရှိသောအခါမှသာ ပုဂံရွှေနန်းသို့ လာခဲ့ပါ။ ယခု အခြေအနေတွင် ပုဂံနေပြည် တံခါးကို အလုံအခြုံပိတ်၍ လာမည့်ဘေးကို ပြေးတွေ့ရန် ရဲမက်တို့ အသင့်ရှိနေကြသည်။'

အမှန်ကတော့ သည်ပြန်စာသည် 'ဟန်ကိုယ့်ဖို့' လုပ်ရသော စာဖြစ်သည်။ ကိုယ့်မှာ ခိုင်မာသော အင်အားမရှိ။ သို့သော် ပဲခူး၏ တပ်များကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဟန့်တားထားနိုင်လောက်ပါရဲ့။ သည်လိုတွေး၍ သည်လို ရေးလိုက်ရသော သဝဏ်လွှာ တစ်စောင် ဖြစ်သည်။ ပဲခူးစားအနေဖြင့် သည်လို စာတစ်စောင်ကို ရတော့ ရုတ်တရက် ဝေခွဲမရ ဖြစ်လိမ့်မည်အမန်။

ထိုနေ့ည သန်းခေါင်ယံတွင် စောလူးမင်း၏ ရုပ်ကလာပ် သင်္ဂြိုဟ်ပွဲကို ပဲခူးစား၏ တပ်စခန်းမှာ ကျင်းပသည်။ အမှန်ကတော့ သည်မီးသင်္ဂြိုဟ်ပွဲဆိုတာ ပုဂံသားတို့၏ အားမာန်ကျအောင် ပဲခူးစား၏ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ မီးသဂြိုဟ်ပွဲကို ပုဂံနေပြည်တော် မြို့ရိုးအပြင် 'သရပါ တံခါး' ကြီးမှ လှမ်းမြင်ရသော နေရာ၌ ကျင်းပသည်။ ထင်းပုံကြီး အပေါ်မှာ တင်ထားသည့် စောလူးမင်း၏ ရုပ်ကလာပ်ကို မီးတင်ရှို့ပြသည်။ မီးသဂြိုဟ်ပွဲ အခမ်းအနားမှာ ပဲခူးစား၏ တပ်သားများက မောင်းတဒူဒူထု၍ အောင်သံပေးကြသည်။ အောင်သံကြွေးကြသည်။

ပုဂံမြို့လူထုသည် မြို့ရိုးပေါ်မှ တက်၍ သည် အသုဘ အခမ်းအနားကို ကြည့်ကြသည်။ တွေ့ရသည့် မြင်ကွင်းက ကြေကွဲရင်နာစရာ ကောင်းပါဘိ။ တစ်ချိန်သောအခါက သည်ပုဂံနေပြည်တော်မှာ ထီးဖြူကနက်ဖွင့်လို့ ဝင့်ဝင့်ကြွားကြွား စိုးစံခဲ့သော စောလူးမင်းတရား။

ခုတော့.....

သည်မင်းတရားသည် ရန်သူ့လက်ချက်ဖြင့် ကျဆုံးခဲ့ပြီ။ ကျဆုံးရုံမျှသာ မဟုတ်သေး။ သည်မင်းတရား၏ ရုပ်အလောင်းကို ညဥ့်သန်းခေါင်အချိန်မှာ မီး တထိန်ထိန် မောင်းတဒူဒူ ထုပြီး အောင်ပွဲခံ၍ မီးသဂြိုဟ်ပြလိုက်သေးသည်။ မင်းတရား၏ နောက်ဆုံးအချိန် နောက်ဆုံးကာလကို သူ့ပြည်သူတွေ မြင်ရအောင် ကြော်ငြာမောင်းထုလို့ ပြလိုက်သေးသည်။ ကောင်းကြပါရောလားလေ။

သည်အချိန်မှာ ပဲခူးစား ငရမန်သည် သေရည်ခွက်ကို ကိုင်ပြီး မီးသဂြိုဟ်ပွဲမှာ လူးလာခေါက်တုံ့ လမ်းသလားလျက် ရှိသည်။ သူသည် အောင်သေ အောင်သား စားရသူ တစ်ဦးအဖြစ် ပျော်နေသည်။ ရွှင်နေသည်။ မြူးနေသည်။ သူ့ဝန်းကျင်မှာ ရှိနေသော သူ့တပ်ဗိုလ်များလည်း ငရမန်လိုပဲ အောင်ပွဲတော် ခံလို့ အောင်မာန်တွေ တဝင့်ဝင့်နှင့် စည်စည်ကားကား ဆူဆူညံညံ ဖြစ်နေကြသည်။

ခဏအကြာတွင် စောလူးမင်း ရုပ်ကလာပ်သည် ထင်းပုံပေါ်မှာ မီးစွဲပြီး တောက်တောက်ရဲရဲကြီး လောင်မြိုက်နေပါပြီ။ စောလူးမင်း၏ ရုပ်ကလာပ် မီးစွဲလောင်နေချိန်မှာ ပဲခူးစား၏ တပ်သားများက ကောင်းချီးသြဘာပေးသည့် လက်ခုပ်သံများက တဖြောင်းဖြောင်းမြည်နေသည်။ ဟေးလားဝါးလား အော်ဟစ်သံများကလည်း ကမ္ဘာပျက်မတတ် ဆူညံလျက်။

စောလူးမင်းတရားကို မီးသဂြိုဟ်သော သည်မြင်ကွင်းကို တွေ့ရတော့ ပုဂံနေပြည်တော်သားတို့ခမျာ အသည်းခိုက်အောင် ပူဆွေးသောက ဖြစ်ကြရသည်။ စောလူးမင်းတရားသည် သူ့ခမည်းတော် အနော်ရထာ မင်းဖြစ်လို မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ အကျိုး ဖြစ်ထွန်းအောင် သူလုပ်ခဲ့သည်များ မရှိ။ ပြည်သူကို မချစ်။ နိုင်ငံကို မချစ်။ ဘာသာကို မချစ်။ သည်လို မင်းတစ်ပါး ဆုံးရှုံးသွားရခြင်းအတွက် အလွန်အမင်း ဝမ်းနည်းနေရန် မရှိသည် မှန်၏။

သို့သော် ပြည်သူတို့မှာ သည်လို မမြင်နိုင်ကြ။ မိမိတို့ ဘုရင်၊ မိမိတို့ အရှင်၊ မိမိတို့ သခင် စောလူးမင်းတရားအတွက် ရင်ထဲမှာ မချိ။ ကြေကွဲခြင်း အတိဖြင့် သည်မြင်ကွင်းကို ရင်ဆိုင်ကြရသည်။

စောလူးမင်း၏ ရုပ်အလောင်းကို မီးသဂြိုဟ်ခြင်းအမှု ပြီးစီးလုပြီ။ အလောင်း တော်သည် တဖြည်းဖြည်း လောင်ကျွမ်း ပြာကျသွား၏။ မီးတောက် မီးလျှံတို့သည် ပင် တဖြည်းဖြည်း ငြိမ်းစပြုပြီ။

သည်အချိန်မှာ.....

၂

သည်အချိန်မှာ ကျန်စစ်သား ဦးစီးသော ပြောက်ကျားစစ်ဆင်ရေး တပ်ဖွဲ့သည် မှောင်ရိပ်မှ ရုတ်တရက် ပေါ်လာကြသည်။ သူတို့သည် စောလူးမင်း ရုပ်အလောင်း မီးသဂြိုဟ်ပွဲအတွင်းသို့ တစ်ရှိန်ထိုး ပြေးဝင်လာကြ၏။ ပြီးတော့ ပဲခူးစား၏ တပ်များကို လျှပ်တစ်ပြက် ထိုးစစ်ဆင်ကြပါပြီ။

သည်မှာတင် မီးသဂြိုဟ်ပွဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ငရမန်၏ တပ်သားတို့မှာ သေရည်မူးနေကြသည် ဆိုတော့ ချက်ချင်း ပေါ်လာသော ရန်သူတို့ ကို ခုခံတိုက်ခိုက်ရန် မစွမ်းကြပြီ။ သို့သော် တတ်နိုင်သမျှ ပြန်၍ ခုခံတိုက်ခိုက် ကြလေသည်။

မီးရောင်တစ်ဝင်းဝင်းမှာ ခုတ်ကြ ထစ်ကြ ထိုးကြ တိုက်ကြသော ဓားရောင် လှံရောင်တို့က တလက်လက်နှင့်။ ကမ္ဘာပျက်သလို အော်ဟစ်နေသော အသံများ က ဆူဆူညံညံ ရှိလှပါဘိ။ ပြေးသူက ပြေး၊ လိုက်သူက လိုက်၊ ထိုးသူက ထိုး၊ ခုတ်သူက ခုတ်၊ အလဲလဲ အကွဲကွဲ သေကြသူတွေလည်း မနည်း။

ပြောက်ကျားတပ်ဖွဲ့ကို ဦးစီးသူမှာ တပ်မှူး ကျန်စစ်သား ဖြစ်သည်။ သူ က မီးသဂြိုဟ်ပွဲ အလယ်ရှိ ပဲခူးစား ငရမန်ကန်းရှိရာသို့ တစ်ဟုန်ထိုး တိုက် ခိုက်ရန် ပြေးဝင်လာသည်။ သို့သော် ကျန်စစ်သားသည် အောင်ပွဲခံနေသော

www.burmeseclassic.com

www.burmeseclassic.com



ငရမန်ထံသို့ မရောက်မီပင် ငရမန်၏ ကိုယ်ရံတော် တပ်သားသုံးဦးနှင့်ရင်ဆိုင်ရလေသည်။

ငရမန်၏ ကိုယ်ရံတော် သုံးဦးသည် ကျန်စစ်သားကို ကိုယ်တိုင် တွေ့ကြုံရသောအခါ အနည်းငယ် ရှုံပြီး နောက်ဆုတ်သွားကြသည်။ ကျန်စစ်သားမှန်း သိသည်နှင့် အံ့ဩထိတ်လန့် ဖြစ်သွားကြခြင်းလည်း ဖြစ်မည်။ သို့သော် သူတို့သည် မကြာခင် ရှေ့သို့ ထိုးတက်လာကြ၏။ တာဝန်သည် တာဝန်ပေပဲ။ ကျန်စစ်သားကို ကိုယ်တိုင်တွေ့သမို့ ထိတ်လန့်ရှောင်ပြေး၍ မဖြစ်သေး။ မိမိတို့တာဝန်မှာ ပဲခူးစား ငရမန်ကို အသက်စွန့်၍ ကာကွယ်ပေးရန် မဟုတ်လား။

တာဝန်ကို သိသော ငရမန်၏ ကိုယ်ရံတော် တပ်သား သုံးဦးသည် ဓားလွတ်ကိုယ်စီ ကိုင်၍ ကျန်စစ်သားထံ ပြေးဝင်လာကြသည်။ ကျန်စစ်သား၏ လက်ထဲမှာ လှံတစ်ချောင်းသာ ရှိသည်။ အခြား ဘာလက်နက်မျှ မကိုင်။ ဟုတ်ပါ၏။ သည်လှံက သမိုင်းဝင် လှံပါ။ အနော်ရထာ မင်းတရား၏ လက်စွဲတော် အရိန္ဒမာလှံ။ သည်လှံကို သားတော် ကျန်စစ်သားက ဆက်လက် အမွေခံထားသည်လေ။ ခု သည်လှံက ကျန်စစ်သား၏ လက်ထဲမှာ ကိုင်ထားပြီး တိုက်ပွဲဝင်ပေတော့မည်။

ငရမန်၏ လက်စွဲတော် သူရဲကောင်း တစ်ဦးသည် ဓားလွတ်ကို ကိုင်ပြီး မြားဦးထိုးသည့်နှယ် အရှိန်ပြင်းစွာဖြင့် ကျန်စစ်သားထံ ဝင်လာသည်။ ကျန်စစ်သားသည် အရိန္ဒမာလှံဖြင့် ဓားသမားကို ရိုက်ချလိုက်၏။ ကျန်စစ်သား၏ လှံသည် ပေးအပ်သော တာဝန်ကို ကျေပွန်ပါ၏။ ဓားသမားသည် ကျန်စစ်သားထံ မရောက်မီပင် မြေပြင်မှာ ပုံလဲကျသွားပြီ။

သည်အချိန်မှာပင် နောက်ထပ် ဓားသမား နှစ်ဦးက တစ်ပြိုင်နက် ဝင်လာသည်။ မီးရောင်မှာ လင်းခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသော ဓားလွတ်များသည် ကျန်စစ်သားဆီသို့ ထိုးဝင်လာ၏။ သို့သော် သူတို့လည်း အခြေအနေ မလှကြ။ ဝဲဘက်မှ ဝင်လာသော ဓားသမား၏ ရင်သို့ ကျန်စစ်သား၏ လှံသွားက ထိုးစိုက်ဝင်သွား၏။ သည်လှံသွားကို ပြန်နုတ်ပြီး တစ်ဖက်သို့ လှည့်၍ လှံရိုးနှင့် ထိုးရိုက်ချလိုက်တော့..... ယာဘက်က ဓားသမားသည် မြေပြင်မှာ ခွေလဲကျသွားလေသည်။

www.burmeseclassic.com



ငရမန်၏ ကိုယ်ရံတော် တပ်သားများနှင့် တိုက်ပွဲကလေး တစ်ပွဲ တိုက်နေရသဖြင့် ကျန်စစ်သားအတွက် ရည်မှန်းချက် ပျက်သွားသည်။ သည်အချိန်မှာ ပဲခူးစား ငရမန်အတွက် ရှောင်ထွက်ပြေးဖို့ အချိန်ရသွားပြီ။ ပဲခူးစားသည် တိုက်ပွဲဖြစ်ရာ ဒေသမှ အမြန်ဆုံး ရှောင်ထွက်ပြေးလေသည်။

တပ်မှူး ကျန်စစ်သား၏ ပြောက်ကျားတပ်သည် ပုဂံနေပြည်တော်ကို ဝိုင်းထားသော ပဲခူးစား၏ တပ်များကို တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း ဝင်တိုက်ကြသည်။ နေပြည်တော်၏ လေးဖက်လေးတန်မှာ တပ်စွဲထားကြသော ပဲခူးစား၏ တပ်များမှာ အမှတ်မဲ့ ခံလိုက်ကြရ၏။ အောင်ပွဲခံနေချိန်မှာ အရက်မူးပြီး အပျော်ကြီး ပျော်ကြသူတွေက များတော့ သည်တပ်သားတွေမှာ တိုက်ပွဲ တစ်ပွဲကို ရင်ဆိုင်ရန် အခြေအနေ မပေးကြ။

သည်တော့.....

နေပြည်တော်၏ လေးဖက်လေးတန်မှာပင် ပဲခူးစား၏ တပ်သားများ အထိနာကြသည်။ ဖရိုဖရဲ အလဲလဲ အကွဲကွဲ ဖြစ်သွားသည်။ ဒဏ်ရာ ရသူတွေများ၏။ ကျဆုံးသူတွေလည်း အလောင်းချင်း ထပ်လို့။ သို့နှင့် ကြာရှည် ခံခြင်း မပြုနိုင်ဘဲ ဆုတ်ခွာထွက်ပြေးကြရပြီ။

ပဲခူးစား ငရမန်သည် တိုက်ပွဲ၏ အပြင်ဘက် မှောင်ရိပ်ထဲသို့ ပြေးထွက်လာ၏။ ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင် အုပ်အုပ်တွင် ခြေမြန်တပ်ဖွဲ့၏ မြင်းများရှိသည်ကို သူသတိရ၏။ သို့နှင့် မန်ကျည်းပင် အုပ်အုပ်ဆီသို့ အသက်ကို လု၍ ပြေးရသည်။ မျက်လုံးက တစ်ဖက်တည်းသာ မြင်ရသော ငရမန်။ ညအမှောင်မှာ မီးရောင်ကလည်း မရှိ။ လရောင်ကလည်း မလင်း။ သို့နှင့် သူ့ခမျာ ပြေးရသည်မှာပင် လွယ်လွယ်ကူကူ မဖြစ်။ ပြီးတော့.....မိမိထံ ဦးတည်တိုက်ခိုက်ရန် ပြေးဝင်လာသော ကျန်စစ်သားကို ကိုယ်ရံတော်တွေက ထိန်းထားနိုင်ပါ့မလား။ စိုးရိမ်သွားသည်မို့ နောက်သို့ မကြာခဏပင် လှည့်ကြည့်ရသေးသည်။

တော်ပါသေးရဲ့။ မန်ကျည်းပင်အုပ်သို့ ရောက်ပြီ။ မန်ကျည်းစေ့ရောင် မြင်း တစ်ကောင်ကို သူဆွဲထုတ်လာသည်။ မြင်းပေါ်သို့ ခုန်လွှားတက်၏။ ပြီးတော့ မြင်းဗိုက်ကို ဖနောင့်နှင့် တအား တအား ဆောင့်ပေးလိုက်သည်။ မြင်းသည် အခြေအနေကို နားလည်ဟန်ဖြင့် တစ်ရှိန်ထိုး ပြေးထွက်သွား၏။ တော်ပါသေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့..... လွတ်ပြီ၊ ကျွတ်ပြီ။ ကျန်စစ်သား၏ တိုက်ကွင်း အန္တရာယ်က လက်မတင် ကလေး လွတ်ခဲ့ပြီ။

ပဲခူးစားသည် မိမိမြင်းကို ရောဝတီမြစ်ဆိပ်ဆီသို့ ဦးတည်လိုက်သည်။ မြစ်ဆိပ်တွင် မိမိ၏ 'နဝရတ် ရွှေဖောင်' ရှိသည်။ ပြီးတော့ မိမိ၏ ရေတပ်အင်အားစုလည်း ရှိသည်။ ရေတပ်ရှိ လှေအင်အားစုသည် မိမိအသက်ကို ကောင်းစွာ ကာကွယ်ပေးလိမ့်မည်။

သည်အတွေးဖြင့် ပဲခူးစား ငရမန်သည် မြင်းကို အသော့နှင်လာခဲ့သည်။ သို့သော်..... သူ့စိတ်က နောက်ပိုင်းသို့ရောက်နေ၏။ ကျန်စစ်သားသည် မိမိ နောက်သို့ လိုက်လို့များ လာလေမလား..... လာလေမလား။

သူက စိုးရိမ်ကြီးစွာဖြင့် နောက်ကြောင်းသို့ ပြန်မျှော်ကြည့်သည်။

ဟော..... ဟိုအဝေးမှာ မြင်းတစ်စီး ထင်ပါရဲ့။ ဖုန်လုံးကြီးများ ကောင်းကင်သို့ လွင့်ပျံ့တက်လာပုံက မြင်းတစ်စီး ကဆုန်ချ၍ လိုက်လာသည့်ဟန်။ ဟုတ်ပါပြီ..... ။ တစ်စုံတစ်ယောက်သည် မိမိနောက်သို့ ကဆုန်စိုင်း၍ လိုက်လာပြီ။ အဲသည် တစ်စုံတစ်ယောက်သည်ပင် ကျန်စစ်သားပဲ ဖြစ်မည်။ မိမိကို အသေရရ အရှင်ရရ နောက်မှ ထပ်ကြပ်မကွာ လိုက်လာသည့်သူမှာ ကျန်စစ်သားမှ လွဲ၍ တခြား သူ မဖြစ်နိုင်။

ပဲခူးစား၏ အတွေးက ပြေးကြည့်သည်ထက်ပင် မှန်သည်။ ကျန်စစ်သား သည် မိမိကို ရင်ဆိုင်လာသော ပဲခူးစား၏ ကိုယ်ရံတော် တပ်သားတို့ကို ဖယ်ရှား ပြီးနောက် တိုက်ပွဲပြင်ပသို့ ပြေးထွက်ခဲ့သည်။ သို့သော် ငရမန်၏ အရိပ်အရောင် ကိုမျှ မမြင်ရ။

သို့နှင့် သူက အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်သည်။ ဟို..... အဝေး ခပ်လှမ်းလှမ်းဆီမှာ မှုန်ဝါးဝါး မသဲမကွဲ မြင်ရသည်က လူတစ်ယောက်နှင့် မြင်းတစ်စီး၏ ဟန်။ ဖုန်လုံးကြီးများ လိမ့်တက်လာပုံကို မြင်ရတော့ ပို၍ သေချာ သည်။ မြင်းစီးသွားသူသည် သူ့မြင်းကို ကဆုန်စိုင်းသွားလို့ တိုက်ပွဲဒေသမှ အသက်လု၍ ပြေးထွက်သွားသည့်ဟန်။

သည်လူမှာ စောစောက ထွက်ပြေးသွားသော ငရမန်မှ လွဲပြီး ဘယ်သူမှ မဖြစ်နိုင်။ သည်တော့..... သူ့နောက်လိုက်မှ ဖြစ်မည်။ သူ့ကို လက်လွှတ်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျန်စစ်သားသည် ဝဲယာ ဝန်းကျင်ကို အကဲခတ်သည်။ မြင်းတစ်စီးတလေ များ ရနိုင်မလား။

အခန့်ပင် သင့်သေးတော့။ စောစောက ငရမန် စီးသွားသော မြင်းထားသည့် မန်ကျည်းပင်အုပ်ဆီမှ မြင်းဟီသံ ကြားရသည်။ တိုက်ပွဲ ဖြစ်ပွားသည့် နေရာမှ ဆိုးကြ၊ ခုတ်ကြ၊ အော်ကြ၊ ဟစ်ကြသော အသံတွေ ကြားတော့ စစ်မြင်းတွေပီပီ ငြိမ်မနေနိုင်ကြဟန်ထင့်။ မြေကို ခွာနှင့် ရုပ်၍ ပေါက်ကြ.....။ ဟီလိုဟီကြနှင့်.....။ မြင်းတွေက သူတို့ ရှိနေသည့် နေရာကို အသံပေးကြသည်။ သို့နှင့်.....

ကျန်စစ်သားသည် မန်ကျည်းပင်အုပ်မှ မြင်းတစ်စီးကို ဆွဲယူစီးပြီး စောစောက မြင်းသမားနောက်သို့ အပြေးလိုက်၏။ မိမိမြင်းကို ဇက်ကြိုးလျော့ပြီး အဆုန်စိုင်း၍ နှင်သည်။ ရှေ့က ထွက်ပြေးသူကို မြင်ရသည် မဟုတ်။ သို့သော် သူ ပြေးထွက်သွားသည့် ခရီးကို ကြည့်တော့ ဧရာဝတီ မြစ်ဆိပ်ကမ်းဆီသို့ ဦးတည်သည်။ ပြီးတော့ ဖုန်လုံးကြီးများက ညဥ့်မှောင်မှောင်မှာ ကောင်းကင်သို့ လွင့်ပျံတက်လာ၏။ သည်သဲလွန်စနှင့်ပင် ငရမန် ဖြစ်မည်မှန်းပြီး နောက်မှ လိုက်ရသည်။

သို့သော်.....

၃

သို့သော်.....

ငရမန်သည် နောက်သို့ ကြည့်ကာ ကြည့်ကာပင် မြစ်ဆိပ်သို့ ရောက်သွား၏။ မြစ်ဆိပ်သို့ ရောက်သည်နှင့် ရေစပ်သို့ ပြေးဆင်းသည်။ အဆင်သင့် ရှိနေသော ကင်းလှေပေါ်သို့ ခုန်တက်သည်။ ကင်းလှေတပ်သားသည် မြန်ပါဘိ။ လှေကို အမြန်ဆုံး ကမ်းမှ ခွာသည်။ မြစ်လယ်တွင် ကျောက်ချထားသော 'နဝရတ် ရွှေဖောင်' ဆီသို့ လှော်ခတ်သွားသည်။

ကျန်စစ်သား၏ မြင်းသည် ဧရာဝတီ မြစ်ဆိပ်ကို စီး၍ ကြည့်နိုင်သော ဘောင်ကမူလေးပေါ်မှာ ခေတ္တရပ်လိုက်၏။ သူသည် မြစ်ဆိပ်ဆီသို့ လှမ်းမျှော်ကြည့်သည်။ လှေကလေး တစ်စင်းသည် စောစောက မြင်းသမားကို တင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြစ်လယ်သို့ လော့်သွားပြီ။ ကူးခပ်သွားပြီ။ မမိလိုက်တော့။ ရန်သူ ငရမန်ကို လက်မတင်ကလေး လွတ်သွားပြီ။

ရှိစေ။

တိုက်ပွဲ ဆိုသည်မှာ ကိုယ်ဖြစ်ချင်သည့် ပုံစံအတိုင်း တစ်သွေမတိမ်း ဖြစ်လိမ့်မည်ဟု တွက်ဆ၍ မရ။ သည်နည်းဖြင့် အဆင်မပြေသော် အခြားနည်း ရှိမည်။ သည်လမ်းဖြင့် မအောင်မြင်သော် သည့်ထက် ပိုမို သင့်တော်မည့် 'အောင်ပွဲခံ' လမ်းကို ရှာရလိမ့်မည်။

အောင်ပွဲအတွက် အချိန်က အဆုံးအဖြတ် ပေးလိမ့်မည်။

အဲသည့်အချိန်ကို စိတ်ရှည်ရှည်ဖြင့် စောင့်ရလိမ့်မည်လေ။

ပုဂံနေပြည်တော်သို့ တပ်မှူး ကျန်စစ်သား ပြန်ဝင်သောအခါ အရေးကျင်း အလင်းရောင်ပင် လာပြီ။ သည်အချိန်မှာ သူ့တပ်မှူးငယ်တို့သည် တိုက်ပွဲကို လက်စ သိမ်းနေကြဆဲ ဖြစ်သည်။ မိမိတို့ဘက်မှ ဒဏ်ရာ ရသူတွေကို လိုက်ကောက် နေသည်။ ကျဆုံးသူ အနည်းအကျဉ်းကို သယ်ယူနေကြသည်။ ရန်သူတို့ဘက်မှ အထိနာသမို့ ကျဆုံးသူများသည်။ ရန်သူ့အလောင်းတွေကို မကောက်နိုင်သေး။ ရန်သူတို့ဘက်မှ ဒဏ်ရာ ရသူတွေကိုမူ တစ်ပါတည်း သယ်ယူနေကြဆဲ ဖြစ်သည်။

ပုဂံနေပြည်တော်ရှိ ပြည်သူတို့သည် မြို့ပြင်သို့ ထွက်လာကြ၏။ သူတို့သည် တပ်မှူး ကျန်စစ်သားနှင့် သူ့အောင်ပွဲခံတပ်သားများကို ကောင်းချီးပေး၍ ကြိုဆိုကြသည်။ ပုဂံရွှေနန်းမှ မှူးမတ်ကြီးများက ကျန်စစ်သား၏ ရှေ့တော်သို့ ဝင်လာကြသည်။ သူတို့သည် သရပါတံခါးအနီးတွင် ရှိနေသော ကျန်စစ်သားကို ဦးတိုက် အရိုအသေ ပြု၏။ ပြီးတော့ တစ်ခွန်းတည်းသော စကားကို ညီညွတ်စွာ တင် လျှောက်ကြလေသည်။

'ပုဂံရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော်မူပါတော့ အရှင့်သား.....'

သည်တစ်ကြိမ်မှာတော့ ကျန်စစ်သားသည် ခေါင်းကို အသာအယာ ညိတ်ပြသည်။ ပြီးတော့..... သူကလည်း တစ်ခွန်းတည်းသော စကားဖြင့် တုံ့ပြန်သည်။

'နိုင်ငံတော် အရေးရပ်မှာ သတ်မှတ်ဆောင်ရွက်ဖွယ်တို့ကို ဘိုးဘိုးတို့ မလစ်လပ်အောင် ဆောင်ရွက်နှင့်ကြပါဦး။ ပဲခူးစားကို ရအောင် လိုက်ပါထုတ် ရပါဦးမယ်။ မကြာမီ ပဲခူးစားကို ရပြီးလို့ ရန်ကြွင်းရန်စွယ်တွေ ကုန်စင်သွားရင် ပုဂံရွှေနန်းသို့ အမြန်ဆုံး ရောက်လာခဲ့မယ်ပ'

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားသည် မိမိ၏ အစီအစဉ်ဖြင့် ပဲခူးစား၏ နောက်သို့ လိုက်ရန် ထုတ်လေသည်။ ခုအချိန်ဆိုလျှင် ပဲခူးစား၏ နဝရတ် ရွှေဖောင်သည် အောက်ည်သို့ စုန်ဆင်းလောက်ပြီ။ အရေးအကြီးဆုံးမှာ ပဲခူးစား၏ ရွှေဖောင်တော်ကို တိုက်ဖျက်ရန် ဖြစ်သည်။ ဖောင်တော်နှင့်အတူ တောင့်တင်းခိုင်မာသော တပ်ဖွဲ့ည်း ပါလိမ့်မည်။ ပဲခူးစားနှင့်သူ့တပ်ဖွဲ့ကို မိမိတို့ ပြောက်ကျားနည်းဖြင့် ဝင်က်နိုင်ပြီ ဆိုပါစို့။ ရန်သူတို့ ပြိုကွဲခဲ့သော် ပဲခူးစား အန္တရာယ်သည် နိဂုံးကမ္ပတ်ဆုံးသတ်ချိန် ရောက်လိမ့်မည်။ သည်တော့.....

ခုတစ်ကြိမ်တွင် ကျန်စစ်သားက လက်ရွေးစင် တပ်သား သုံးကျိပ်ကို ရွေးချယ်၏။ သည်တပ်သားတို့သည် စင်စစ် အသေခံ တပ်သားများ ဖြစ်ကြသည်။ ကြန် ထကြွလာသော ပဲခူးစား၏ အန္တရာယ်ကို အဆုံးသတ်ရန် လက်ရွေးစင်တပ်သားများကို ပြောက်ကျားနည်းဖြင့် ဝင်တိုက်စေမည်။ သည်တပ်ဖွဲ့ကို ကျန်စစ်သား၏ ညာလက်ရုံးကြီး မုဆိုးငစဉ့်က ဦးဆောင်သည်။

သည်နေရာတွင် ပြောက်ကျား တပ်ဖွဲ့ကို မုဆိုးငစဉ့်အား ဦးဆောင်စေခြင်း အကြောင်းအချက် ခိုင်လုံသည်။ ငစဉ့်သည် တိုက်ပွဲဝင် သူရဲကောင်းတစ်ဦး ဖြစ်သည်။ လေးမြားပစ်ရာတွင် သူမတူအောင် လျင်မြန်ဖျတ်လတ်သည်။ ပစ်ကွင်း ထိအောင် ပစ်နိုင်စွမ်း ရှိသည်။ ပြီးတော့ မုဆိုးပီပီ နယ်မြေဒေသကို ကျွမ်းကျင်သည်။ မြေလတ်ဒေသ၏ တောရိပ်မြိုင်တစ်ခွင်မှာ သူ့ခြေရာများချည်း ထပ်နေခဲ့သည်။ ခုလို ပုံနှင့်ဆိုသော် ရန်သူ ပဲခူးစားသည် မြေလျှိုးပြီး မိုးပျံနေမလား။ မုဆိုးငစဉ့်၏ တပ်ဖွဲ့နှင့် တွေ့ခဲ့လျှင် ဘယ်လိုနေမလဲ..... ။

သည်အကြောင်းအချက်များဖြင့် ကျန်စစ်သားက မုဆိုးငစဉ့်ဦးစီးသော ပြောက်ကျားတပ်ဖွဲ့ကို ဧရာဝတီ မြစ်ရိုးအတိုင်း စုန်ဆင်းစေသည်။ ရွာစဉ်ကို တိမပြတ် စုံစမ်းကြ။ ထောက်လှမ်းကြ။ ပဲခူးစားသည် သူ၏ ဦးစီးတပ်ဖွဲ့နှင့် အတူ လုံခြုံသော တစ်နေရာမှာ စခန်းချလိမ့်မည်။ အဲသည်နေရာက ကွပ်ကဲချုပ်ကိုင်ပြီး ပုဂံနေပြည်တော်ကို တိုက်ခိုက်ဖြိုချရန် စီစဉ်နေလိမ့်မည်။ ရန်သူ့ထိုးစစ် နောက်တစ်ကြိမ် နာလံမထူနိုင်အောင် ထိရောက်စွာ ဖြိုခွင်းခဲ့။ ချေမှုန်းခဲ့။ နှိမ်နင်းခဲ့။

အဲသည်လို ပြောဆိုမှာကြားလို့ တာဝန်ပေးသည်။

စဉ့် ဦးစီးသော တပ်ဖွဲ့သည် ဧရာဝတီ မြစ်ရိုးကို ရွာစဉ်လျှောက်ပြီး ခဲ့သည်။ ရွာသာယာ အောက်နားရှိ ချောင်ကောင်းကောင်းမှာ ခိုအောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သော ငရမန်၏ နဝရတ်ရွှေဖောင်ကို တွေ့ပြီ။ ပဲခူးစား ဦးစီးတပ်ဖွဲ့မှာ ကိုယ်ရံတော် တပ်သားချည်း တစ်ရာကျော် ရှိသည်။ ရန်သူ့အင်အားက သေးငယ်သည် မဟုတ်။ မိမိတို့ဘက်မှာက ပြေးရေတွက်လိုက်မှ စုစုပေါင်း တပ်သား သုံးဆယ်ထဲ ရှိသည်။

သို့သော်..... စစ်သားကောင်းတို့ မည်သည် တိုက်ပွဲကို ရှောင်ကွင်း မဖြစ်။ အင်အားနည်းသည်၊ များသည် ဆိုခြင်းမှာလည်း တိုက်ပွဲတစ်ပွဲ အဆုံးအဖြတ် ပေးသည် မဟုတ်။ တိုက်ပွဲဝင်သူ၏ ပင်ကိုယ်ဉာဏ် အရည်အသွေး ခွဲ၊ သတ္တိနှင့် လုံ့လ ဝီရိယတို့သည်သာ တိုက်ပွဲတစ်ပွဲ၏ အနိုင်အရှုံးကို အဆုံးအဖြတ် ပေးမည် ဖြစ်သည်။ ဒါကို ကျွန်စစ်သားက သူ့လက်စွဲတော် ရဲဘော်ကြီး မုဆိုးငစဥ့်ကို အကြိမ်ကြိမ် အထပ်ထပ် သင်ကြားပေးပြီး ဖြစ်သည်။ ခု..... အဲသည် ဩဝါဒကို ကိုင်ဆောင်ပြီး မိမိတို့သည် ရန်သူ့တပ်ကို ဝင်တိုက်တော့မည်။

တိုက်ပွဲကို နံနက် အရုဏ်တက်မှာ စတင်ရန် မုဆိုးငစဥ့်က စီစဥ်၏။ မနေ့ညက တစ်ညလုံးပင် မိမိတပ်သား သုံးဆယ်ကို ငရမန်၏ ရွှေဖောင်ဝန်းကျင် ရှိ သစ်ပင်များပေါ်မှာ နေရာယူစေခဲ့သည်။ မုဆိုးငစဥ့် ကိုယ်တိုင်ပင် ရွှေဖောင်နှင့် အနီးဆုံး နေရာက သစ်ပင်မြင့်ကြီးပေါ်မှာ နေရာယူထား၏။ တစ်ခု အခက်အခဲ ဖြစ်နေသည်က သည်ဖောင်ပေါ်မှာ ပဲခူးစား ငရမန် ကေန် ရှိမရှိ မသိ.....။

ဖောင်ကတော့ ပဲခူးစား စီးသည့် တိုက်ပွဲဝင် ရွှေဖောင်ဖြစ်သည် အမှန်။ သို့သော်..... သည်ဖောင်တွင်းမှာ သူတို့ခေါင်းဆောင် ဖြစ်သော ပဲခူးစား ငရမန် ရှိမရှိ မသေချာ၍ ဖြစ်သည်။

သို့သော်..... ငစဥ့် အကြံရပြီ။

ဘာခက်သလဲ။ မုဆိုးတို့ ပညာကို သည်နေရာမှာ အကုန်လုံး အသုံးချ တော့မည်။ သူက ပဲခူးစား ငရမန်၏ 'ငှက်ဝါသနာ' ကို သိသည်။ သို့နှင့်..... တိုက်ပွဲ မဝင်မီ မုဆိုးငစဥ့်က သစ်ပင်ပေါ်မှ နေ၍ ထူးဆန်းသော ငှက်တစ်ကောင် လို အသံမြည်၏။ ထင်သည့်အတိုင်းပါပဲ။ နဝရတ် ရွှေဖောင်၏ ပြတင်းတံခါး ပွင့်လာ၏။ ပြီးတော့..... ပြတင်းဝရှိ မီးရောင်ထဲမှ ငရမန်၏ ကိုယ်တစ်ပိုင်း ပေါ်လာသည်။

နံနက်စောစော အရုဏ်မတက်မီ ရွှေဖောင်တော်ပေါ်မှာ ပျံ့လွင့်မြည်တမ်းနေ သော သည်ငှက်သည် ဘာငှက်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကို သူမသိ။ ရန်သူရှိသည်ကို သူမမြင်။ သူသိချင်သော ငှက်ကိုသာ မှောင်မှောင်မဲမဲမှာပင် ဟိုမျှော် သည်မျှော် လုပ်ပြီး ငရမန်က ရှာဖွေနေသည်။

မုဆိုးစေဥ္စသည် ငရမန်၏ မျက်နှာကိုမြင်ရသောအခါ ကျေနပ်သွား၏။ ခမ်းသာသွား၏။ ဟာန်ကျပြီ။ ရန်သူပဲခူးစားနှင့် သည်တစ်ချိမှာ ပြတ်ပြတ်သားသားတိုက်ခွင့် ကြုံပါပြီ။ အမှန်ကတော့ ခုလို ပြတင်းဝမှာ ကိုယ်တစ်ပိုင်း ပြူထွက်နေတဲ့ ပဲခူးစားကို မြားနှင့် ပစ်ချလိုက်မည် ဆိုပါက ထိမှန်ပြီးပြီ။ ပုဂံနေပြည်တော်ကို အံတု ရန်ပြုလာသော ပဲခူးစား၏ အန္တရာယ်က ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

သို့သော်..... ဒါက သူရဲကောင်းတို့ အလုပ် မဟုတ်။ ရန်သူအား တိတ်တဆိတ် ပစ်ခတ် တိုက်ခိုက်ခြင်းကို ကျန်စစ်သားကဲ့သို့ နိုင်ငံပြု သူရဲကောင်းတစ်ဦးအနေဖြင့် ခွင့်လွှတ်မည် မဟုတ်။ အင်အားကို အင်အားချင်း၊ ဓားကို ဓားချင်း၊ လှံကို လှံချင်း ယှဉ်ပြိုင်တိုက်ခိုက်နိုင်မှသာလျှင် ယောကျ်ားကောင်း ပီသလိမ့်မည်။ ရှိပစေ။ အခြေအနေကို ကြည့်၊ အခွင့်အလမ်းကိုစောင့်၊ အချိန်အခါကို စိတ်ရှည်စွာ ငံ့လင့်နေမှ ဖြစ်လိမ့်မည်။

နံနက် အရုဏ်တက်ပြီ။

မုဆိုးစေဥ္စသည်သစ်ပင်ပေါ်မှ နေ၍ ဥသြ..... ဥသြ..... ဥသြဟု သုံးကြိမ်မြည်လိုက်၏။ သည်တစ်ကြိမ် ဥသြငှက်လို မြည်သည့်အသံက တိုက်ပွဲခေါ်သံ။ မိမိ ပြောက်ကျားရဲဘော် သုံးကျိပ်ကို သစ်ပင်ပေါ်မှ ဆင်းပြီး ရန်သူ့ဖောင်တော်ကို ဝင်တိုက်ဖို့ တိုက်ပွဲခေါ်သံ။

တိုက်ပွဲဝင် ပုဂံသားတို့သည် နဝရတ် ရွှေဖောင်ကို ဝန်းရံထားသော ရှေ့တန်း ကင်းတပ်ဖွဲ့ကို ဝင်စီးကြသည်။ ညဥ့်အချိန်မို့ ထိန်ထိန်ဝင်းအောင် ဖိုထားသော မီးဖိုကြီး အနီးမှာ ရန်သူ့တပ်သား ၁၀ ယောက်ခန့် ဝိုင်းထိုင်နေကြသည်။ သူတို့သည် လျှပ်တစ်ပြက် ပြေးဝင်လာသော တိုက်ပွဲဝင် ပုဂံသားတို့ကို ထိထိရောက်ရောက် မခုခံနိုင်ဘဲ နေရာမှာတင် လဲကျသွားကြသည်။ ပုဂံသားတို့၏ ပြောက်ကျား စစ်ဆင်ရေး ဆိုတာက အတင်းဝင်၊ အတင်းထိုး၊ အတင်းခုတ်သဖြင့် တစ်ဖက် ရန်သူမှာ လွှပ်ရှားရန် အချိန်မရလိုက်။

တိုက်ပွဲဝင် ပုဂံသားတို့သည် အပြင်ကင်းတပ်ကို ကျော်ပြီးသော် ရွှေဖောင်တော်သို့ ခုန်တက်လိုက်ကြသည်။ ထိုနေရာမှာတော့ အခုအခံများသည်။ ပဲခူးစား၏ အနီးရှိ ကိုယ်ရံတော် တပ်သားများသည် ပုဂံသားတို့ကို တုံ့ပြန်ခုခံနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မုဆိုး စေဥ္ဓ၏ ရဲတပ်သားတို့မှာ အင်အားနည်းပါ၏။ ရန်သူ့ဘက်က ခုခံသူတွေက ရာကျော်လိမ့်မည်။ သို့သော်..... ကိုယ့်ဘက်က အင်အားသာသည်မှာ ဖွဲ့ လုံ့လ ဝီရိယနှင့် သတ္တိ။

ကြည့်လေ။ ငရမန်၏ ကိုယ်ရံတော်တွေမှာ အရေအတွက်က များပါရဲ့။ သို့သော်..... သူတို့မှာ သတ္တိနည်းသည်။ ဖွဲ့လျော့သည်။ လုံ့လ ဝီရိယ ဆိုတာ စံချိန်ပြည့် မရှိ။ သို့နှင့် ညဥ့်အချိန်မှာ ပေါ့ပေါ့ပါးပါး နေကြသည်။ မေ့မေ့လျော့လျော့ ရှိကြသည်။ လျှပ်တစ်ပြက် တိုက်ခိုက်ရန် ဝင်လာသော ပုဂံသားတို့ကို တန်ပြန် ထိုးစစ်ဆင်ရန် အဆင်သင့် မရှိကြပြီ။

မုဆိုးစေဥ္ဓသည် သစ်ပင်ပေါ်တုန်းက ငှက်သံ ပြု၍ ချောင်းကြည့်ထားသော ပဲခူးစား၏ အဆောင်သို့ ပြေးတက်ခဲ့သည်။ ပဲခူးစားနှင့်ရင်ဆိုင်တွေ့ဆုံ တိုက်ခိုက်ရန် သူက ကြံစည်သည်။ သို့သော်.....ပဲခူးစား၏ အခန်းတွင်းသို့ သူ ဝင်သွားသောအခါ ရှောင်ပြေး ထွက်ခွာသွားပြီလေ..... ။

စေဥ္ဓသည် ချက်ချင်းပဲ ပဲခူးစား အခန်းမှ ထွက်လာခဲ့သည်။ ပြီးတော့ သူက ရွှေဖောင်နှင့် ကမ်းပေါ်သို့ ကူးသည့် တံတားငယ်ဆီသို့ ပြေးသည်။ တွေ့ပြီ။ တံတားငယ်ပေါ် ဖြတ်၍ ပြေးနေသော လူတစ်ယောက်၏ ဟန်ကို ဝိုးတဝါး မြင်ရ၏။ စေဥ္ဓက သည်လူ့ထံသို့ ပြေးသွားမည် အပြုမှာ သူ့ရှေ့က ပဲခူးစား၏ တပ်သား သုံးဦးတို့ ပေါ်လာသည်။

လျှပ်တစ်ပြက်အတွင်းမှာ ပေါ်လာသော လူသုံးဦးကို မုဆိုးစေဥ္ဓ ကောင်းစွာ ထိန်းလိုက်နိုင်၏။ ရန်သူ နှစ်ယောက်သည် ရေထဲသို့ တလိမ့်ကောက်ကွေး ကျသွား၏။ တစ်ယောက်ကို ဖောင်ပေါ်မှာပင် လှံသိပ်ချပေးလိုက်ရသည်။ ပြီးတော့မှ မုဆိုးစေဥ္ဓသည် ဖောင်စပ်သို့ တစ်ရှိန်ထိုး ပြေးခဲ့သည်။

စောစောက ဖောင်တံတားကို ဖြတ်ပြေးသူမှာ ခုတော့..... ကမ်းပေါ်သို့ ရောက်သွား၏။ သူနှင့်အတူ လူနှစ်ယောက်လည်း ပါ၏။ ခုအချိန်မှာ နောက်က လိုက်၍ မီနိုင်မည် မဟုတ်တော့၊ စေဥ္ဓသည် ဖြစ်နိုင်သော တိုက်ကွက်ကို ပြောင်း ရ၏။ ကျောမှ လေးနှင့်မြားကို ဖြုတ်ယူသည်။ ပြီးတော့ ဖောင်ပေါ်မှ ထွက်ပြေး သူ သုံးဦးထဲမှ အလယ်လူကို ချိန်၏။ ချိန်ပြီးပြီလား..... ။ ချိန်ပြီးပြီ။ ကဲ..... ပစ်။ လေးညို့မှ ပစ်ထည့်လိုက်သော မြားတံသည် ဖြောင့်တန်းတည့်မတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သွားလေသည်။ မြားတံထက် အရှိန်ပို၍ လျင်မြန်စွာ မပြေးနိုင်သော ရန်သူ့ခေါင်းဆောင်သည် နေရာမှာတွင် လဲကျသွား၏။ သည်ခဏမှာ.....

မိမိတို့ခေါင်းဆောင် ထိသွားပြီကို သိကြတော့ ရန်သူ့တပ်သားတွေ အသေလဲ မခံကြတော့ပြီ။ ထွက်ပြေးသူ ပြေးကြ၏။ ဒဏ်ရာနှင့်လဲသူက လဲနေကြသည်။ အကျဆုံးသူတို့ အလောင်းတွေက ဖောင်ပေါ်မှာ အပြည့်။ မိမိဘက်ကလည်း အကျ အဆုံးရှိသည်။ အထိအခိုက် မကင်း။ သို့သော်.....လျှပ်တစ်ပြက် ပြောက်ကျားတိုက် စစ် ဆိုတော့ အစဉ်အသင့်ဖြစ်နေသည်မို့ မိမိတို့က အခွင့်သာသည်။ သည်လိုပဲ ပဲခူးစား ငရမန်၏ သောင်းကျန်းထကြွမှုကို နိဂုံးချုပ် အဆုံးသတ်ပေး လိုက်နိုင်ခဲ့လေသည်။

ငစဉ့်ကို ပေးအပ်လိုက်သော တာဝန် ကျေပွန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ရင်မှဖြစ်သော မေတ္တာဖြင့်

၁

ခရစ်နှစ် ၁၀၈၄ ခုနှစ်။

ကျန်စစ်သားမင်းကြီးသည် စောလူးမင်း၏ အရိုက်အရာ ပုဂံရွှေနန်းကို သိမ်းမြန်း ရယူလေသည်။

ကျန်စစ်သားမင်းတရား နန်းတက်စဉ်.....နိုင်ငံတော်မှာ ပြဿနာဖွယ်တွေက များစွ။ ဝါးအစည်းပြေသလို ဖြစ်နေသော ပုဂံနိုင်ငံတော်မှာ အုပ်ချုပ်ရေးက ဖရိုဖရဲ။ စီးပွားရေးက ကသောင်းကနင်း။ ဘာသာရေး လူမှုရေး အဘက်ဘက်က ပြိုယွင်းပျက်စီးနေသည့် အချိန်။

ဒါတောင်လည်း မပြောနှင့်လေ။ ကုန်လွန်ခဲ့သော မင်းတစ်ဆက်မှာ တိုင်းပြည်နှင့်အဝန်း ကျိုးလန့်စာစားနှင့် နေ့ရက်တွေကို လွန်မြောက်ခဲ့ရသည် မဟုတ်လား။ ပုဂံနေပြည်တော်ကိုပဲ ကြည့်၊ ငရမန်တပ်များ ဘယ်တော့ ဝင်လာမလဲဟု ပြည်သူတို့ စိုးတထိတ်ထိတ်။ အိပ်ကောင်းခြင်း မအိပ်ရ။ စားကောင်းခြင်း မစားရ။ အထုပ်အပိုး တပြင်ပြင်နှင့်၊ ပြေးစရာလည်း မြေမရှိ။ ပေးစရာလည်း ငွေမရှိ။

ဒါကြောင့်ပဲ ကျန်စစ်သားမင်းတရားသည် နိုင်ငံတော် လုံခြုံရေးအတွက် စစ်ရေးဖြင့် တည်ဆောက် ကြိုးပမ်းမှုများ ပြုခဲ့သည်။ ငရမန်၏ သူပုန်တပ်များကို

www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ တိုက်ခိုက်ထိုးနှက်ရသည်။ စစ်ရေးဆောင်ရွက်မှုများဖြင့် နိုင်ငံကို ပြန်လည် တည်ငြိမ်စေဖို့ အားထုတ်ရသည်။ ခုတော့ ပုဂံနိုင်ငံတော်၏ အချုပ်အချာ အာဏာသည် မိမိလက်တွင်းသို့ ရောက်ပြီ။

သည်အချိန်မှာ..... နန်းပလ္လင်သို့ တက်ရောက်လာသော ကျန်စစ်သား မင်းတရားသည် မိမိလုပ်ဆောင်ရမည့် တာဝန် အထွေထွေကို တစ်မျှော်တစ်ခေါ် ကြီး တွေ့မြင်နေရလေသည်။

နိုင်ငံအတွက် ဆက်လက် ပြုဆောင်ဖွယ်တွေကို မျှော်ကြည့်သောအခါ ပထမဆုံး လုပ်ရမည့် တာဝန်က 'အုပ်ချုပ်ရေး'။

သိကြသည့်အတိုင်းပဲ၊ စောလူးမင်း လက်ထက်မှာ နှစ်အတန်ကြာ ပုန်ကန်မှုတွေ ဖြစ်နေတော့ ကျေးလက် တောရွာများ၌ မင်းမဲ့ နိုင်ငံလို ဖြစ်နေသည်။ ဘယ်သူ့ကို ရိုသေလို့ ဘယ်သကောင့်သားကို အဖေခေါ်ရမှန်းမသိ။ ဓား၊ လှံ၊ လက်နက်ကလေး တပြင်ပြင်နှင့် ရွာထဲဝင်လာသူကို ဦးတော်ခိုက်လို့ ကြောက်လိုက်ရ၊ ရှိခိုးရ၊ ရိုကျိုးရ၊ ကန်တော့ရသည့်အချိန်။

ကျေးရွာတွေဆိုတာက မင်းနေပြည်နှင့် ဝေးပါသေးသည်။ ပုဂံနိုင်ငံရဲ့ မြို့တော် မင်းနေပြည်ကိုပဲ ကြည့်ပါဦး.....။ စောလူးမင်းကို ငရမန် တပ်များက သုံ့ပန်းအဖြစ် ဖမ်းယူသွားသည် ဆိုတော့ နေပြည်တော်မှာ မင်းမဲ့နေပြည်တော် အဖြစ် နှစ်နှစ်ကြာ တည်ရှိခဲ့သေးသည်။

ကြုံလို့ပင် ပြောရဦးမည်။

သမိုင်းမှတ်တမ်းများ အဆိုအရ ပုဂံနိုင်ငံမှာ စောလူးမင်းနောက် မင်းအဆက်ဆက် ပြတ်နေမည်ကို မှူးမတ် ပညာရှိများက ကြိုတင် သိပါသတဲ့။ သိလို့ပဲ ဟောကိန်းထုတ်ခဲ့ဖူးသေးသည် ဆိုပါ၏။ ဒါကတော့ စောလူးမင်းသား ကလေး ငယ်စဉ် စားတော်ခွံ့ မင်္ဂလာ ဆင်ယင် ကျင်းပတုန်းကပါ။

အဲသည်တုန်းက စောလူးမင်းသားကလေးကို မွေးဖွားပြီး မကြာမီ စားတော်ခွံ့ မင်္ဂလာပွဲကျင်းပသည်။ အနော်ရထာ မင်းတရား ကိုယ်တိုင် သားတော်၏ စားတော်ခွံ့ မင်္ဂလာပွဲကို တက်ရောက်သည်။ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က မင်္ဂလာ ရှိသော စကားတွေပြော၊ မင်္ဂလာရှိသော ဂါထာတွေ ရွတ်ဆိုလို့။

မင်းသားကလေး ခေါင်းပေါ်မှာ သပြေပန်းနှင့် အမွှေးနံ့သာရည်များကို ပက်ဖျန်းရင်း ဆုမွန်မင်္ဂလာတွေ တောင်းရသည်။ သည်အချိန်မှာ.....

www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းသားကလေး စားဖို့ အသင့်ပြင်ထားသော စားတော်ဦး ပန်းကန်ထဲမှ ကြက်ဥကို စောလူးမင်းသားကလေးက ယူစားမည့်ဟန် ပြင်လိုက်၏။ သူ့ကို ဝိုင်းကြည့်နေကြသော မိဖုရားများ၊ မောင်းမမိဿံ အခြွေအရံတွေကလည်း ကြည့်နေကြသည်။ ဟော..... ဟော..... မင်းသားငယ်သည် မိမိ စားတော်ခေါ်ဖို့ ပြင်ဆင်ထားသော စားတော်ဦး ပန်းကန်ထဲက ကြက်ဥကို ယူစားတော့မည်။

သို့သော်.....

စောလူးမင်းသားငယ်သည် စားတော်ဦးအဖြစ် အပေါ်ဆင့်တွင် တင်ထားသော ကြက်ဥကို ယူမည့်ဟန် ပြုပြီးမှ အောက်တစ်ဆင့်တွင် စွန့်ပယ်ထားသော ကြက်ဥကို ဖိုးဖိုးဇတ်ဇတ်နှင့် ယူစားလိုက်၏။ သည်အဖြစ်ကို မြင်တော့ မင်းသားလက်ထဲက ကြက်ဥကို မိဖုရားများက အတင်းလိုက်လု၏။ သို့သော်.....မရတော့ပြီ။ မင်းသားပေါက်စနသည် ခြေမြန်လက်မြန်နှင့် ကြက်ဥသားကို ပါးစပ်ထဲသို့ သွတ်သွင်းလို့ စားနေပါပြီ။ မမီလိုက်တော့ပါချေ။

အဲသည့်အဖြစ်ကို မြင်တော့ ပုဏ္ဏားပညာရှိတို့ မျက်နှာ မကောင်းကြ။ မှူးမတ်တွေလည်း စိုးရိမ်ထိတ်လန့်ကုန်ကြသည်။ မိဖုရားတွေလည်း မျက်ကလဲဆန်ပျာနှင့် ဘုရင်မင်းမြတ် အပြစ်တင် ခံရမည်ကို သောကပွားလျက်။ အနော်ရထာ မင်းကြီးကိုယ်တိုင်တော်ကမူ တစ်ချက်မျှ မျက်နှာတော် ညိုသွားသည်။ သို့သော်..... မင်းကြီးသည် အစွဲအလန်း အယူအဆတွေကို တွန်းလှန်လိုသော ပုဂ္ဂိုလ်တစ်ဦး မဟုတ်လား။ သည်တော့..... သည်အရေးအခင်းနှင့် ပတ်သက်၍ ဘာမှ မပြော။ ဘာမှမဆို..... ။ လျစ်လျူရှုလိုက်သည် ဆိုပါစို့။

သို့သော် သည်အရေးအခင်းကို မြင်ပြီး လျစ်လျူမရှုနိုင်သူတွေက ဟူးရားဖြူ၊ ဟူးရားညို ပုဏ္ဏားတော်များနှင့် မှူးကြီးမတ်ရာများ။

သူတို့အဆိုအရ စားတော်ဦးတွင် တင်ထားသော ကြက်ဥကို မစားဘဲ အောက်ဆင့်မှာထားသော ကြက်ဥကို စားသည့် ကိစ္စမှာ တစ်ခုသော နိမိတ်၊ တစ်စုံတစ်ရာသော အတိတ် ဖြစ်ပါသတဲ့။

စောလူးမင်းကလေး နန်းတက်ပြီးနောက် အံ့ဖွယ် သူ့ရဲ့ ထူးကဲခြင်းပါဘိ။ စောလူးမင်း လွန်ပြီးနောက် ပုဂံနေပြည်တော်တွင် ရှင်ဘုရင် မရှိဘဲ နှစ်နှစ်လုံးလုံး နေခဲ့ရသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ထားတော့..... ဒါတွေကို ထားခဲ့ပါတော့။ လွန်ခဲ့ပြီးသော ကိစ္စတွေကို လွန်ခဲ့သော နေရာမှာ ထားခဲ့။ အခု လောလောဆယ်တော့ ပစ္စက္ခ အခြေအနေကိုပဲ ကြည့်ကြစို့။ အဲသည်လို ကြည့်တော့ကာ ကျန်စစ်သား မင်းကြီးအဖို့ နိုင်ငံတော် အုပ်ချုပ်ရေး လုပ်ငန်းများ ဆောက်ချလုပ်ရန် လိုအပ်နေပါပြီ။

မင်းကြီးသည် နိုင်ငံတော် အုပ်ချုပ်ရေး လုပ်ငန်းများ ပြန်လည် ရှင်သန်ရေး အတွက် ခေါင်းပိုင်းက စ၍ ပြင်ဆင်ဖို့ အားထုတ်သည်။ စောလူးမင်း လက်ထက်က ကျန်ခဲ့သော မှူးကြီး မတ်ကြီးတွေ၏ အရည်အသွေးကို စစ်သည်။ လုပ်ဆောင်မှုတွေကို အကဲခတ်သည်။ စိတ်နေ သဘောထား အခြေအနေကို လေ့လာသုံးသပ်သည်။

ကျန်စစ်သားမင်းကြီးအဖို့ ပုဂံရွှေနန်းတော်၏ အုပ်ချုပ်ရေးကို ပြန်လည် တည်ဆောက်ရာတွင် လူရွေး မမှားဖို့ အရေးကြီးသည်။ ဤနေရာတွင် အထူးသဖြင့် သတိထားရမည့် ကိစ္စတစ်ရပ်လည်း ရှိနေသေးသည်။ ဒါက ရာထူးရာခံများ ခန့်ထားရာတွင် တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကိုအထောက်အကူ ပြုရန် အတတ်နိုင်ဆုံး အားထုတ်ဖို့။

သိကြသည် မဟုတ်လား။ ခမည်းတော် အနော်ရထာမင်းတရားကြီး လက်ထက်တုန်းက ပုဂံတပ်သည် သထုံပြည်ကို တိုက်ခိုက်ခဲ့သည်။ သထုံမှ အပြန် မွန်ခေါင်းဆောင်တွေ၊ မွန်ပညာရှိတွေ၊ မွန်အနုပညာသည်တွေ ပုဂံသို့ ပါလာခဲ့သည်။ ခုဆို ပုဂံနေပြည်တော်မှာ သူတို့တစ်တွေ ဒုနှင့်ဒေး ဖြစ်နေ၏။ သူတို့စားဝတ်နေရေး ကိစ္စအဝဝကို ခမည်းတော် အနော်ရထာမင်းကြီး လက်ထက်တုန်းက အထိုက်အလျောက် စီမံပေးနိုင်ခဲ့သည်။ စောလူးမင်းလက်ထက်မှာ ပြန်မကြည့်နိုင်ခဲ့။ ခုမိမိ လက်ထက်မှာတော့ သည်ကိစ္စကို လျစ်လျူရှု၍ မရပြီ။

သည်တော့ မွန်ခေါင်းဆောင်တို့ကို ထိုက်တန်သော ရာထူးတွင် ခန့်ရလိမ့်မည်။ မွန်ပညာရှိတွေကို သင့်တင့်သော နေရာဌာနမှာ တာဝန်ပေးရလိမ့်မည်။ မွန် အနုပညာသည်တို့ကို လိုအပ်သော နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းတွေမှာ အသုံးပြုရလိမ့်မည်။ သည်နည်းဖြင့် မွန်မြန်မာ ချစ်ကြည်ရေးကို စာတ်အားသွင်း ကြိုးစားမည်။ အားထုတ်မည်။ ပြီးတော့.....

ကျန်စစ်သား မင်းကြီးသည် နိုင်ငံတော် အုပ်ချုပ်ရေးအတွက် ခိုင်ခံ့တကျ ဦးစီးဆောင်ရွက်ရင်း ပြည်သူတို့အား နေသားတကျ ပြန်လည် နေရာချထားရေး အတွက် သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြည့်လေ။ ငရမန်နှင့် ဖြစ်ခဲ့ရသော စစ်ပွဲမှာ ပြည်သူတို့ နာကြသည်။ သေကြသည်။ ဆုံးပါးကြသည်။ စစ်ဖြစ်သည် ဆိုတော့ နိုင်ငံတော် တစ်နံတစ်လျား မှာ ပြည်သူတို့ အငြိမ်မနေနိုင်ရှာကြ။ အောက်ရပ်မှ လူတွေ အထက်အညာသို့ ပြေးကြသည်။ အထက်အရပ်မှ လူတွေ အကြေအရပ်သို့ ရှောင်ကြသည်။ သည်လို ပြေးကြ လွှားကြရာမှာ ဖျားသူဖျား၊ နာသူနာ၊ သေသူသေ၊ ကြေသူကြေနှင့် အထိအခိုက် များကြပြီ။ မိဘအတွက်၊ အစ်ကိုအတွက်၊ မောင်ဖွားအတွက်၊ သား သမီး မြေးယေအတွက် စစ်ကြီးအတွင်းက ဆုံးပါးကြသူများအတွက် မျက်ရည်နှင့် မျက်ခွက် ပူဆွေးသောက ရောက်ကြသည် အမှန်။

သည်အထဲမှာ ပြည်သူ့အချို့ ပြေးလွှား ရှောင်ပုန်းနေရသည့်ဒေသမှ ပြန်မလာကြသေး။ ရောက်ရာဒေသမှာ တစ်မိုးတစ်ဝါခိုလှုံရင်း အချိန်ကုန်နေကြ သည်။ ခုနေအခါ နေပြည်တော်မှာ သာယာပါရဲ့လား။ နေပြည်တော်မှာ လုံခြုံပါ ရဲ့လား။ နေပြည်တော်မှာ အေးချမ်းပါရဲ့လား။ စူးစမ်းလေ့လာ မေးမြန်းနေကြသည်။

ကျွန်စစ်သားမင်းကြီးသည် နေပြည်တော်မှ နေ၍ ကြေညာ သတင်းလွှင့် ၏။ ရှောင်တိမ်း ပြေးလွှားနေကြသော ပြည်သူတို့နေရပ်သို့ ပြန်လာကြ။ မိမိတို့ လုပ်မြဲကိစ္စ၊ လုပ်မြဲတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြ။ နိုင်ငံတော် ငြိမ်း ချမ်းသာယာရေးကို ဝိုင်းဝန်းအားထုတ်ကြ။ ကြိုးပမ်းကြ။

မင်းကြီး၏ စေတနာ သဝဏ်လွှာကို အထက်အောက် နေရပ်ဒေသများဆီ သို့ ပို့သည်။ ပြည်သူတို့ သိပါစေ။ ကြားပါစေ။ နားလည်ပါစေ။ ပြီးတော့ ပုဂံ သို့ ပြန်လာပြီး သူတို့ ဘဝကို ပြန်လည် တည်ဆောက် နေနိုင်ကြရအောင်....။

ကျွန်စစ်သားမင်းကြီးသည် ဖရိုဖရဲ ပြေးလွှားရှောင်ပုန်းနေကြသော ပြည်သူတို့ကို နေပြည်တော်သို့ ပြန်လည်ခေါ်ယူဖို့ ဖြစ်နိုင်သမျှ နည်းမျိုးစုံကို အသုံးပြုသည်။

မိမိစေတနာကို ပြည်သူတို့ နားလည်စေချင်သည်။ မိမိမေတ္တာကို ပြည်သူတို့ သဘောပေါက်စေချင်သည်။ မိမိ၏ ကရုဏာတရားကို ပြည်သူတို့ လက်ခံစေချင် သည်။ သို့နှင့် သူသည် ရွှေစည်းခုံ စေတီဝင်းအတွင်း၌ ကျောက်စာတိုင်ကြီး တစ်တိုင်ကို စိုက်ထူသည်။ သည်ကျောက်စာတိုင်၌ ကျွန်စစ်သားမင်းကြီးသည် ပြည်သူတို့အပေါ် မိမိ ထားရှိသော သဘောထား အမှန်ကို ဖော်ထုတ်ကာ ကြေညာ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဆိုလျှင် ရွှေစည်းခုံ စေတီ၌ စိုက်ထူခဲ့သော ထိုကျောက်စာတိုင်ကြီးကို အနည်းငယ် လေ့လာဦးမှ ဖြစ်မည်။ ကျောက်စာတိုင်မှာ ရေးထိုးခဲ့သော မော်ကွန်းမှတ်တမ်း၏ အနှစ်သာရက ဘာကို ဖော်ပြနေသတဲ့လဲ။

၂

ရွှေစည်းခုံ စေတီတွင် စိုက်ထူခဲ့သော ကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးသည်။ ကျောက်စာ၏ အစတွင် ဗုဒ္ဓဂေါတမ ဘုရားရှင် ဗျာဒိတ်ပေးခန်းဖြင့် ဖွင့်ဆိုသည်။ ဂေါတမ ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်၌ စံမြန်းနေသည်။ ညီတော်ရှင်အာနန္ဒာ၏ ရှေ့မှောက်၌ ဂေါတမ ဘုရားရှင်က ပြုံးတော်မူ၏။ သည်တွင် ထို ပြုံးတော်မူရခြင်း အကြောင်းကို ညီတော် အာနန္ဒာက ဂေါတမ ဘုရားရှင်အား မေးမြန်း လျှောက်ကြားလေသည်။ ထိုအခါ၌ ဂေါတမ ဘုရားရှင်က ဤသို့ ပြောတော်မူ၏။

'ချစ်သား အာနန္ဒာ၊ တန်ခိုးကြီးသော ဗိဿု အမည်ရှိ ရသေ့တစ်ပါးသည် နောင်အခါ၌ သရေခေတ္တရာမြို့ကို တည်လိမ့်မည်။ မြို့တည်သူ ထိုရသေ့ကို ဂဝံ ပတိမထေရ်၊ ဣန္ဒနတ်မင်း၊ ဝိသကြုံနတ်သား၊ ကတကမ္မ နဂါးမင်းတို့က ဝိုင်းဝန်း ကူညီလိမ့်မည်'

'ကိုရသေ့သည် သရေခေတ္တရာမြို့ကို တည်ထောင်ပြီး ကွယ်လွန်သော် ဗြဟ္မာပြည်သို့ ရောက်မည်။ ထိုမှ စုတေ ကွယ်လွန်သော် အရိမဒ္ဒနာပူရ မည်သော ပြည်၌ တြိဘုဝနာ ဒိစ္စမ္မရာဇာ အမည်ရှိ မင်းတစ်ပါးအဖြစ် အုပ်စိုးလိမ့်မည်။ ထိုမင်းသည် ငါ၏ သာသနာတော်ကို ချီးမြှောက်မည် ဖြစ်၏။ ထို့ကြောင့် ငါ ပြုံးတော်မူသည်'။

ကျန်စစ်သားမင်းကြီး ရေးထိုးသော မွန်ကျောက်စာ၏ နိဒါန်းက သည်သို့ ဆို၏။ ကျောက်စာတွင် ဆက်လက် ရေးထိုးသည်တို့ကို ကြည့်ပါ။ ကျန်စစ်သားမင်းကြီး၏ စေတနာရင်းကို မြင်နိုင်ကြသည်။ မင်းကြီးက ဤသို့ ဆက်လက် ရေးထိုးခဲ့သည်။

'အရိမဒ္ဒနာပြည်ကို ရန်သူတို့ တိုက်ခိုက်ကြလိမ့်မည်။ ထိုအခါ အမျိုးလေး ပါးတို့သည် ရန်သူတို့၏ လက်တွင်း သို့ပန်း ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com


ကြမည်။ အချို့က အထက်အညာသို့ ပြေးခိုမည်။ အချို့က အောက်အကြေသို့ ပြေးဝင်မည်။ မင်းကြီး၏ အကူအညီဖြင့် ထိုသူတို့ကို ပုဂံနေပြည်တော်သို့ ပြန်ရောက်စေမည်။ လူအများတို့ သားတကွဲ မယားတကွဲ မိဘတကွဲ ဖြစ်ခဲ့ကြပြီး သူတို့၏ ဆင်းရဲ ဒုက္ခအဝဝကို မင်းကြီးကိုယ်တိုင် ငြိမ်းစေအံ့'

'သားတကွဲ မယားတကွဲ ချစ်သူနှင့် ကွေကွင်းရသော ပြည်သူတို့၏ မျက်ရည်ကို မင်းကြီးသည် လက်နှင့်တူသော မေတ္တာဖြင့် သုတ်ပေးပါအံ့။ စိတ်နှလုံး ပူဆွေးရသူတို့၏ နှပ်ရည်ကို ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပေးပါအံ့။ စစ်၏ ဘေးဒဏ်ကို ခံကြရသော ပြည်သူတို့အား မင်းကြီးသည် လက်ယာဘက်ဖြင့် ဆန်စပါး စားသောက်ဖွယ်တို့ကို ပေး၍ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုး အဆင်တန်ဆာတို့ကို ပေးပါအံ့။ ပြည်သူအပေါင်းတို့သည် အမိ၏ ရင်ခွင်၌ ရှိသော သားငယ်ကဲ့သို့ ငြိမ်းချမ်းပါစေအံ့'

သို့ဖြင့် ပုဂံသားတို့ အပေါ် ထားထားရှိသော စေတနာရင်းကို ပေါ်လွင်စေခဲ့သော ကျန်စစ်သားမင်းကြီးသည် ပုဂံနေပြည်တော်မှ ထွက်ပြေး ပုန်းရှောင်နေကြသော စစ်ပြေး ဒုက္ခသည်တို့ကို နှစ်သိမ့်သည်။ နေပြည်တော်သို့ ပြန်လာကြရန် ဖိတ်ခေါ်သည်။ ပြန်လာသောအခါ အစာငတ် ရေငတ် မဖြစ်စေရ။ အတိဒုက္ခ မရောက်စေရ။ မင်းကြီး ကိုယ်တိုင် ရိက္ခာပေးမည်။ အဝတ်ဆင်မည်။ ဒုက္ခသည် ပြည်သူတို့ကို မင်းကြီးသည် ကောင်းစွာ ပြုစုယုယမည်ဟု ကတိကဝတ် ပြုလေသည်။

ကျန်စစ်သားမင်းကြီးသည် ပြည်သူတို့ နေပြည်တော်သို့ ပြန်ရောက်လာချိန်ကို ကောင်းစွာ မျှော်၏။ ပြည်သူတို့ နေသားတကျ ရှိသော် စီးပွားရေးလုပ်ငန်းများ အဆင်ပြေမည်။ ရောင်းရေး ဝယ်တာ သင့်မြတ်မည်။ စားကောင်းသောက်ဖွယ် သီးနှံများ ပေါကြွယ်လိမ့်မည်။ ထိုအချိန်ကို မင်းကြီးသည် စိတ်ပြည့်စွာ စောင့်လိမ့်မည်။ သို့နှင့် ပုဂံနိုင်ငံတော်ကြီး စည်ပင် ဖွံ့ဖြိုးလာမည်ဟု မင်းကြီးက သေချာစွာ မျှော်လင့်သည်။ ထိုသို့ မျှော်လင့်ပုံကို ကျောက်စာတွင် အထင်ကရ ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီးလက်ထက်တွင် မိုး၊ မှျစ်၊ သစ်သီး ပန်းမန်တို့ ပေါများလိမ့်မည်။ စားရမဲ့ ဝတ်ရမဲ့ ဖြစ်သော သူဆင်းရဲတို့ ဝလင်စွာ စားနိုင်ကြမည်။ ရွှေ ငွေ ရတနာ စီခြယ်သော အဝတ်ပုဆိုးတို့ကိုပင် ဝတ်ဆင်နိုင်ကြမည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ်တို့ ပေါများစေမည်။ စိုက်ပျိုးရေး လုပ်ငန်းတွင် ကျွမ်းကျင်သော လယ်ယာလုပ်သားတို့ထံ၌ ဆန်စပါး၊ လူးဆတ် သီးနှံတို့သည် ကျီတိုက်နှင့်အပြည့် ရှိလိမ့်မည်။ လူတိုင်းချမ်းသာ ကြွယ်ဝကြမည်။ အိုးစလောင်း ရောင်းသော ဆင်းရဲသမ များပင် ဈေးကောင်းရပြီး ချမ်းသာစေလိမ့်မည်၊'

ကျောက်စာကို ဖတ်ရသည်မှာ အားရဖွယ် ကျေနပ်ဖွယ် ပီတိဖြစ်ဖွယ် ကောင်းပါဘိ။ ကျန်စစ်သားမင်းကြီးသည် ကျွမ်းကျင်သော စစ်သားကောင်း ဖြစ်သလို နိုင်ငံတော်ကို စည်းရုံးနိုင်သော ခေါင်းဆောင်ကောင်း ဖြစ်ကြောင်း ထင်ရှားပါပြီ။ နိုင်ငံတော်ကြီး ဝါးအစည်းပြေသလို ဖြစ်နေချိန်ဝယ် ပြည်သူတို့ကို အားထုတ်စည်းရုံးပုံကိုပဲ ကြည့်ပါတော့။ ဘယ်လောက်များ နိုင်ငံရေးအသိ နိုင်ငံရေးအမြင် ကြွယ်ဝပါသနည်း။

စစ်ပြီးစ ပုဂံနေပြည်တော်မှာ အရေးအကြီးဆုံး လိုအပ်ချက်သည် ငြိမ်းချမ်းရေးနှင့် နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး။ ခုဆိုလျှင် ကျန်စစ်သားမင်းကြီး ရေးထိုးသော ကျောက်စာတွင် ဤအချက် နှစ်ခုစလုံး ပါရှိသည်။ ပထမ ငြိမ်းချမ်းရေးကို အရယူကြ။ ပြီးတော့..... နိုင်ငံတော်ကို ပြန်လည် တည်ဆောက်ကြ။ အလုပ် လုပ်ကြ။ ထွန်ယက်ကြ။ စိုက်ပျိုးကြ။ သီးနှံများ ပိုမိုထွက်အောင် ဆောင်ရွက်ကြ။ ဆင်းရဲသူ အဘွားအိုပင် ချမ်းသာလာသည်အထိ အားထုတ်ကြ။

ကျန်စစ်သားမင်းကြီးသည် ပြည်သူတို့ကို ဤသို့ လှုံ့ဆော်စည်းရုံးခဲ့လေသည်။

မင်းကြီး နန်းတက်စ ကာလကို ဆန်းစစ်ကြည့်သော် ဘာတွေ့ရသလဲ.....။

မင်းကြီးသည် ပြိုကွဲပျက်စီးနေသော နိုင်ငံတော်ကို တစ်စစီ ပြန်လည်စုစည်း တည်ထောင်ရန် ကြိုးပမ်းသည်။ သည်လို ကြိုးပမ်းရာတွင် အပြောမဟုတ်၊ အလုပ်နှင့် လက်တွေ့ပြလိုသူ ဖြစ်သည်။ သူသည် စကားများများ ပြောပြီး အလုပ်နည်းနည်း လုပ်သူ မဟုတ်။ စကားနည်းနည်း ပြောပြီး အလုပ်များများ လုပ်လိုသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို လုပ်ဆောင်ရာတွင် သူသည် မွန်တိုင်းရင်းသား ညီအစ်ကိုများကို လက်တွဲခေါ်ယူရန် မေ့လျော့ခြင်း မရှိ။ မွန်နှင့် မြန်မာ တိုင်းရင်းသား ပြည်သူများကို ကျော့သား ရင်သား မခွဲခြားဘဲ ပေါင်းစည်းကြရအောင် ဘက်စုံ ကြိုးပမ်းခဲ့သည်။

မင်းကြီးသည် နေပြည်တော်၌ နန်းတော်သစ်ကို တည်သည်။ နန်းတော်သစ်ကို အနော်ရထာမင်း စံမြန်းခဲ့သည့် နန်းတော်ဟောင်း၏ အနောက်ဘက်တွင် စနစ်တကျ တည်ဆောက်ခြင်း ဖြစ်သည်။ နန်းတော်သစ်ကို တည်ဆောက်ရာတွင် မွန်ယဉ်ကျေးမှု အနုပညာရှင်များ၏ အကူအညီကို ရယူ၏။ နေပြည်တော်မှာ ပဲခူးနှင့် သထုံတို့မှ ပါလာသော မွန်ပညာရှင်များစွာ ရှိနေသည်။ သူတို့ကို ချဉ်းကပ်၏။ ဖိတ်ခေါ်၏။ ဆွေးနွေး၏။ ပြီးတော့ မွန်အနုပညာ လက်ရာ အပြောက်အမွန်းတို့ဖြင့် တင့်တယ်သော ရွှေနန်းတော်သစ်ကို တည်ဆောက်၏။ သည်တွင် မင်းကြီးသည် ရွှေနန်းတည် ကျောက်စာကို ရေးထိုးလေသည်။

သည်ကျောက်စာ၌ ကျန်စစ်သားမင်းကြီးက မိမိ၏ မွန်မြန်မာ သွေးစည်းချစ်ကြည်ရေး လုပ်ငန်းများကို မော်ကွန်းတင်ခဲ့သည်။ 'မိမိသည် ရွှေနန်းတော်၌ မွန်တိုင်းရင်းသား အမှုထမ်းများစွာကို ခန့်ထားခဲ့သည်။ ရွှေနန်းတည် အခမ်းအနား၌ မွန်မင်းသား မွန်မင်းသမီးများ ပါဝင် တက်ရောက်ခဲ့သည်။ ဗုဒ္ဓ ဂေါတမကိုသာမက ဗိဿနိုးမင်းကြီး၊ သိကြားမင်း၊ နဂါးမင်း၊ ဂဝံပတေ့မထေရ်တို့ကို အလေးအမြတ် ပူဇော်ခဲ့သည်' ဤသို့ ရွှေနန်းတည် ကျောက်စာက ဆိုခဲ့သည်။ မင်းကြီး၏ စိတ်အာရုံတွင် မွန်တိုင်းရင်းသားတို့ကို မိမိနှင့်အတူ လက်တွဲခေါ်ယူဖို့ မည်မျှ ဆန္ဒ သန်နေကြောင်း သိသာနိုင်ကြပြီ။

သည်မျှမကသေး။

ကျန်စစ်သားမင်းကြီးသည် ငရမန် အရေးတော်ပုံ၏ ဆိုးကျိုးကို ကောင်းစွာ သဘောပေါက်သည်။ သည် အရေးတော်ပုံသည် မွန်မြန်မာ တိုင်းရင်းသားတို့ အကြားတွင် ပေါက်လာသော ဆူးငြောင့်ကြီး တစ်ခု ဖြစ်သည်။ သည် ဆူးငြောင့်ကြီးကို နုတ်ပယ်ပစ်ရန်မှာ လွယ်လွယ်နှင့် မရနိုင်။ အချိန်တိုတိုနှင့် မအောင်မြင်နိုင်၊ စိတ်ရှည်စွာဖြင့် အနာဂတ်ကို မျှော်ခေါ် စောင့်ဆိုင်းပြီး လုပ်ရမည့် တာဝန် ဖြစ်သည်။ ကျန်စစ်သားမင်းကြီးသည် မည်မျှ အတိုင်အတာအထိ စိတ်ရှည်ခဲ့ပါ သလဲ။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် တစ်ပင်တိုင် မြနန်းနှင့် ထားရှိသော အချစ်ဆုံး သမီးတော်ကို မွန်မင်းသား တစ်ပါးနှင့် လက်ထပ်ပေးလိုက်သည်။ မွေးဖွားလာသော မြေးတော်ကို ရင်ခွင်ပိုက်ဘဝနှင့် ရွှေနန်းအပ်လိုက်သည်အထိ မွန်မြန်မာ ချစ်ကြည်ရေး ရရှိအောင် သူ အားထုတ်လေသည်။

သည်အကြောင်းကို စ၍ ပြောမည်ဆိုလျှင် တစ်ပင်တိုင် မြနန်းရှင် သမီးတော်နှင့် ပဋိက္ကရား မင်းသားတစ်ပါး၏ ဇာတ်လမ်းကို အခြေခံရလိမ့်မည်။

၃

ကျန်စစ်သားမင်းကြီး နန်းတက်သောအခါ မိဖုရား သုံးပါး တင်မြှောက်ခဲ့သည်။ 'အပယ်ရတနာ' သည် အိမ်နိမ့်စံ မိဖုရား တစ်ပါးဖြစ်သည်။ ယခု သူ့ကို မိဖုရားခေါင်ကြီး မြှောက်လိုက်သည်။ ပြီးတော့ ထီးလှိုင်ရွာ သူကြီးသမီး ခင်တန်ကို လည်း မိဖုရား တင်မြှောက်၏။ ပဲခူးဘုရင့်သမီးတော် ယယ်ချစ် မိဖုရား မဏိစန္ဒာ ကိုလည်း မိဖုရား တစ်ပါးအဖြစ် တင်မြှောက်ခဲ့ပေသည်။

မိဖုရားကြီး အပယ်ရတနာမှ သမီးတော် တစ်ပါး မွေးဖွားခဲ့သည်။ ကျန်စစ်သားမင်းကြီး နန်းတက်သောအခါတွင် သမီးတော်မှာ အရွယ်ရောက်ခဲ့ပြီ။ သမီးတော်ကလေးမှာ ချောချောကလေး၊ လှလှကလေး၊ ရွှေလိုဝင်းသည့် အသား အရည်နှင့် တင့်တယ်သူ ဖြစ်သည်။ သည်တော့ မင်းကြီးက သမီးတော်အလှကို 'ရွှေအိမ်သည်' ဟု နာမည်ပေးလေသည်။

မင်းကြီးသည် သမီးတော်ကို တစ်ပင်တိုင် မြနန်းနှင့် ထားသည်။ သမီးတော် အလိုရှိသမျှ ပေးစေ။ သမီးတော်ကို ပြုစုကြ။ ယုယကြ။ စောင့်ရှောက်ကြ။ သမီးတော် ငြိုငြင်မည့် ကိစ္စ မြူမျှမရှိစေနှင့်ဟုလည်း အသေအချာ မှာကြား ထားသည်။

သို့သော်.....

သမီးတော် ရွှေအိမ်သည် သည် အရွယ်ရောက်ပြီ။ အတော်အလက် ရုံပြီ။ သည်အချိန်မှာ သမီးကညာ အခါမလင့်စေနှင့်ဟု ဆိုကြသည် မဟုတ်လား။ ရွှေအိမ်သည် မင်းသမီးကလေးသည် တစ်ပင်တိုင် မြနန်းမှာ တစ်ကိုယ်တည်း

www.burmeseclassic.com

www.burmeseclassic.com



စံမြန်းရတော့ ငြီးငွေ့သည်။ ပျင်းရိသည်။ သို့နှင့် မိမိအား အပျင်းတော်ဖြေမည့် အဖော်အပေါင်းကို ရှာ၏။

ထိုအချိန်၌ ပုဂံနေပြည်သို့ တိုင်းခြားမှ ပဋိက္ကရား ကုလားမင်းသား တစ်ဦး အလည်ရောက်နေ၏။ ကုလားမင်းသားသည် ကျန်စစ်သားမင်းကြီး သမီးတော် ရွှေအိမ်သည်၏ သတင်းကို ကြား၏။ မင်းသမီးကလေး၏ ချောမောလှပပုံကို ကြားသိသောအခါ မင်းသားသည် မင်းသမီးကလေးကို တွေ့ဖို့ ကြိုးစားသည်။ မြင်ရအောင် အားထုတ်သည်။ အဆက်အသွယ်ရအောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံလေသည်။

တကယ်ဆိုတော့ တစ်ပင်တိုင် မြနန်းနှင့် ထားသော သမီးတော်ကို တွေ့မြင်ဖို့ ကိစ္စဆိုတာ ဘယ်မှာ လွယ်လို့လဲ၊ အစောင့်အကြပ်တွေ ကြားမှာ အကြောင်းမသိလျှင် ဇက်ပြတ်သွားမည့် အန္တရာယ်ရှိသည်။ သို့သော် ကိစ္စမရှိ၊ ကုလားမင်းသားသည် မင်းသမီးကလေး၏ မြနန်းတော်သို့ ရွှေလမ်းခင်းပြီး ဝင်သည်။ ငွေလမ်းခင်းပြီး ဝင်သည်။

ရွှေလမ်း ငွေလမ်း ခင်းဝင်သည် ဆို၍ တစ်မျိုး မထင်ကြနှင့်။ ထိုအချိန် ထိုကာလကတည်းက ခေတ်မီနေသော လုပ်ရပ်တစ်ခုကို မင်းသားက အစောင် အထည် ဖော်ထုတ်လိုက်ခြင်းသာ ဖြစ်သည်။ မင်းသားသည် တစ်ပင်တိုင် မြနန်းအစောင့်ကြပ်သော အမတ်ကို ရွှေငွေ တံစိုးလက်ဆောင်များ ပေးသည်။ မင်းသမီးကလေးနှင့် တွေ့ဖို့အရေးကို ကြံဆောင်ပေးပါ။ ရွှေကို လိုသလား။ ငွေကို လိုသလား။ ပတ္တမြား ကျောက်မျက်ရတနာကို လိုသလား။ အလိုရှိသရွေ့ ရပါစေမည်။ ကြံပေးပါ။

နောက်ဆုံးတော့ ပဋိက္ကရား ကုလားမင်းသားသည် သမီးတော် ရွှေအိမ်သည်၏ အပျိုဆောင်သို့ ဝင်ခွင့် ရသွားလေသည်။ လူပျိုနှင့် အပျိုစင်တို့၏ ညဥ့်အချိန် တိတ်တဆိတ် တွေ့ဆုံခန်းမှာ ရင်ခုန်စရာ ကောင်းပါဘိ။ သမီးတော် ရွှေအိမ်သည်မှာ အသက်ကို တွက်စစ်လို့ ၁၆ နှစ်ပင် မပြည့်သေး။ အဖိုဆိုလို့ ယင်ဖိုတောင် မသန်းဘူးသည့် အပျိုစင်။

အဲသည် အပျိုစင် ချောချောကလေးနှင့် ပဋိက္ကရား ကုလားမင်းသားတို့ နှစ်ပါးကြည်ကြည်သည့် ဇာတ်လမ်းကို စိတ်ကူးရုပ်ပုံထဲမှာ ပုံဖော်ကြည့်ရသည်ကပင် ပျော်စရာ ကောင်းပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကုလားမင်းသားခမျာ ခပ်ကြာကြာ မပျော်လိုက်ရချေ။ တစ်ပင်ဘိုင် မြနန်းသို့ ကုလားမင်းသား တစ်ပါး တိတ်တဆိတ် ဝင်နားသည့် ကိစ္စမှာ မကြာမီ ပေါက်ကြားသွားပြီ။ ကျန်စစ်သားမင်းကြီး၏ အချစ်ဆုံး သမီးတော်နှင့် ပတ်သက်တော့ သည်သတင်းကို မဖုံးရဲ။ မဖိရဲ။ မကွယ်ရဲ။ ချက်ချင်းပဲ မင်းကြီးထံ တင်လျှောက်လိုက်ကြရသည်။

ကျန်စစ်သားမင်းကြီးသည် သမီးတော် အပျိုစင်၏ အနေမတတ် အထိုင်မတတ်သည့် ပြဿနာကို ကြားသောအခါ အလွန်ပဲ ရှက်သွားသည်လား။ ဝမ်းနည်းသွားသည်လား။ ဒေါသစောင်းမာန် ခက်ထန်ခဲ့သည်လား၊ မှတ်တမ်းများ မကျန်ခဲ့၍ သည်အကြောင်းကို မသိရပါ။ သိရသည်က သမီးတော် အလိမ္မာခဲကို ကြာကြာ မထားဘဲ လင်ပေးစားလိုက်ခြင်းပင် ဖြစ်သည်။

မင်းကြီးသည် မိမိ၏ မှူးမတ်ဝန်ကြီးများနှင့်တိုင်ပင်သည်၊ သမီးတော်ကို တစ်ပင်တိုင် မြနန်းနှင့် ဝိုင်းဝန်း စောင့်ကြပ်လို့လည်း အပိုပဲ။ သည်ရောဂါမျိုးဆိုတာက ဆေးတိုက်လို့ မရ။ ဂါထာ မန်းလို့လဲ မပျောက်။ ပိတ်ပင်တားဆီးလို့လည်း လုံခြုံသည် မဟုတ်။ သည်တော့ သင့်တော်သည့် အမျိုးကောင်းသားနှင့် ပေးစားလိုက်တာပဲ သင့်လိမ့်မည်။

ထိုအချိန်မှာ ပုဂံရွှေနန်းတွင်း၌ ဖုံးမနိုင် ဖိမနိုင်သော ပြဿနာ တစ်ရပ် ပေါ်နေသည်။ အနော်ရထာ ဘုရင် လက်ထက်တော်ကတည်းက ရှိခဲ့သည့် မင်းစီးလှေတော် ပျောက်ဆုံးနေသည့် ပြဿနာ။

သည်လှေတော်ကို ပုဂံရွှေနန်းတော်မှာ အစောင့်အကြပ် ထူထပ်စွာဖြင့် သိမ်းဆည်းထားခဲ့သည်။ အနော်ရထာ ဘုရင်မင်းမြတ် ရေလမ်းခရီး ထွက်တော်မူမည့် အခါကျမှ လှေတော်ကို ထုတ်၍ မွမ်းမံပြင်ဆင် ပြုပြင်နေကြမြဲ။ ခု ကျန်စစ်သားမင်းကြီး နန်းတက်ချိန်မှာ ခမည်းတော် အနော်ရထာမင်း လက်ထက်က လှေတော်ကို မေးသည်။ မြန်းသည်။ ရှာသည်။ ဖွေသည်။ မတွေ့။

ဘယ့်နှယ်လဲ။ သည်မင်းစီးလှေတော်က ဘယ်သို့ ရောက်သွားသလဲ.....။

နောက်တော့ ပျောက်ဆုံးနေသည်မှာ မင်းစီးလှေတော်သာလျှင် မဟုတ်။ မင်းစီးလှေတော်ကို ကြီးကြပ် ထိန်းသိမ်းရသူ နန်းတွင်း အမှုထမ်း တစ်ဦးကိုလည်း ရှာလို့ မတွေ့။ ဖွေလို့မတွေ့။ သည် အမှုထမ်း၏ အမည်က 'အသဝတ်ခမ္မာ'။ သူက သထုံပြည့်ရှင် ဘုရင် မနူဟာ၏ မြေးတော်သူ မွန်တိုင်းရင်းသား မင်းသား

www.burmeseclassic.com

www.burmeseclassic.com



စ်ပါး ဖြစ်သည်။ သထုံပြည့်ရှင် ဘုရင် မနူဟာတွင် သုဓမ္မာရာဇ် ဆိုသော သားတော် တစ်ပါး ရှိခဲ့သည်။ သုဓမ္မာရာဇ်၏ သားတော်အမည်မှာ အသဝတ်ဓမ္မာ။ ည်လို ဆိုတော့..... စဉ်းစားစရာ ဖြစ်ပါပေ၏။ မွန်မင်းသား ဘယ်ရောက်သွားသလဲ။ တော့ ဘုရင်မင်းမြတ်တို့သာ စီးနင်းသုံးစွဲခွင့် ရှိသော မင်းစီးလှေတော်ကို မင်းသားက ဘာဖြစ်လို့ သယ်ဆောင်သွားရသလဲ..... ။

ပျောက်သောသူကို ရှာလျှင် တွေ့လေသည်။

မွန်မင်းသား 'အသဝတ်ဓမ္မာ' ကို ပုပ္ပားအရပ်မှာ ရှာတွေ့ကြသည်။ ကို စစ်မေးတော့ မင်းစီးလှေတော်ကိုလည်း ပြန်ရသည်။ မိမိကိုယ်တိုင် သယ်ယူ ဝှက်ထားသော နေရာမှ လှေတော်ကို ပြန်လည် ဖော်ထုတ်ပေး၏။ မင်းသားနှင့် တူ သူ့နောက်ပါ လူစုလူဝေးကိုလည်း တွေ့ရပြီ။

ကျန်စစ်သားမင်းကြီးသည် အသဝတ်ဓမ္မာနှင့် လှေတော် ဇာတ်လမ်းကို ရသောအခါ သည်ကိစ္စကို အကြိမ်ကြိမ် အထပ်ထပ် မေးမြန်း စိစစ်သည်။ မင်းသားတစ်ပါး ဘုရင့်လှေတော်ကို ခိုးယူပြီး ပုပ္ပားအရပ်မှာ လူစုနေသည့် စ္စကို အလွယ်ကလေး မတွေးနှင့်။ အလွယ်ကလေး မထင်နှင့်။ သည်မင်းသား သည် ဘုရင့်လှေတော်ကို စီးပြီး သူ့လူစုကို ခေါင်းဆောင်လို့ ပုဂံရွှေပြည်မှာ ဘုရင် လုပ်ချင်ပါလိမ့်မည်။ အဲသည်လိုဆိုတော့ မင်းသားကြီး၏ ကြံ့ဖန်မှု ဘယ်မှာ သေးလို့လဲ။ ပုန်ကန်ရန် ကြံစည် ကြီးစားမှု တစ်ခုပါပဲလား။

ကျန်စစ်သားမင်းကြီးသည် သဘောထားကြီးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သလိုက်၏။ မိမိ၏ အာဏာစက် အပိုင်းအဝန်းအား တော်လှန်ပုန်ကန်မည့် သဝတ်ဓမ္မာ မင်းသားကို သနားညှာတာစွာ ခွင့်လွှတ်သည်။ မင်းသားကို အပြစ် ပေး။ အရေးမယူ။ ထို့ပြင် သည်မင်းသား၏ သားတော်ကိုပဲ သမီးတော် ရွှေအိမ်သည်နှင့် လက်ထပ်ပေးလေသည်။

သို့ဖြင့် အသဝတ်ဓမ္မာ မင်းသား၏ သားတော် နဂသမန်းမင်းသားနှင့် ကျန်စစ်သားမင်းကြီး၏ တစ်ပင်တိုင်နန်းစံ သမီးတော် ရွှေအိမ်သည်တို့ကို လက်ထပ် မင်းမြှောက်ပေးလိုက်ပါ၏။

သမီးတော် ရွှေအိမ်သည်နှင့် မနူဟာမင်း၏ မြစ်တော် နဂသမန်းမင်းသား စုံဖက်ခြင်းဖြင့် သားတော်ကလေး တစ်ပါး ဖွားမြင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားမင်းကြီးသည် မိမိ၏ သွေးနှင့် မွန်တို့အနွယ်မှ ပေါက်ဖွား သော မြေးတော်ကလေးကို အလွန်ပဲ ချစ်၏။ ထို မြေးတော်ကလေးမှာ နောင်တွင် 'အလောင်းစည်သူ' အမည်နှင့် ပုဂံရွှေနန်းကို သိမ်းမြန်း စိုးအုပ်မည့် အမျိုးကောင်း သားငယ် ဖြစ်သည်။ ကောင်းပါ၏။ မင်းကြီး၏ ဆန္ဒအတိုင်း ပုဂံရွှေနန်းကို ဆက်ခံစိုးစံမည့် မွန်မြန်မာ နန်းမွေခံ သားကို ရပြီ။

အလောင်းစည်သူ မင်းသားကို ဘိုးတော် ကျန်စစ်သားမင်းကြီးက တယ တယ မြတ်နိုးပြသည်။ မြေးတော် ငါးနှစ်သားအရွယ်သို့ ရောက်ပြီ။ စကားကလေး တွေ မပီကလာ ပီကလာ ပြောတတ်ပြီ။ သည်အချိန်မှာ ကျန်စစ်သားမင်းကြီးသည် အရေးပါသော လုပ်ငန်း တစ်ရပ်ကို ဆုံးဖြတ် ဆောင်ရွက်လေသည်။

မင်းကြီးသည် မြေးတော် အလောင်းစည်သူမင်းကို ရင်ခွင်ပိုက်လျက် ရာဇာဘိသိက် မင်္ဂလာပွဲ ကျင်းပသည်။ မြေးတော်မင်းသားကို 'ရင်ခွင်ပိုက် ဘုရင်' အဖြစ် တင်မြှောက်ပြီးတော့ စည်ကားသော မွန်မြန်မာ ပရိသတ်အလယ်တွင် ထင်ရှားပြတ်သားသော စကားကို မင်းကြီးက ရွတ်ဆိုကြေညာလိုက်လေသည်။

'သည်ကနေ့စ၍ ပုဂံရွှေနန်းသည် မြေးတော်၏ ရွှေနန်း၊ ပုဂံနိုင်ငံတော် သည် မြေးတော်၏ နိုင်ငံတော်၊ ပုဂံပြည်သူတို့သည် မြေးတော်၏ ပြည်သူများ မြေးတော်၏ ရွှေနန်းကို ငါ စောင့်ရှောက်ရုံသာ ဖြစ်ပြီ.....'

www.burmeseclassic.com

www.burmeseclassic.com

# သမ္မုလနှင့် ရာဇကုမ္မာ

## ၁

နွေတစ်နေ့၏ မွန်းတိမ်းချိန် ဖြစ်သည်။

ပုဂံနေပြည်တော်သည် နွေနေ့လယ်ခင်း၏ ပူပြင်းသော ဒဏ်ကို ခေါင်းငုံ့လို့ ခံနေရသည်။ တိုက်ခတ်နေသော လေကလည်း ပူပါဘိ။ လေပူပူ နေပူပူမှာ အရပ် ရှစ်မျက်နှာသို့ မျှော်လို့ ကြည့်လိုက်ပါ။ တွေ့ရသမျှ မြင်ကွင်းသည် ခြောက်သွေ့ နွမ်းရော်လျက် ရှိသည်။ တစ်ချက် တစ်ချက် လေထဲမှာ လွင့်ပျံလာသော ဖုန်မှုန့်ဖုန်လိပ်ကြီးများမှ လွဲ၍ ရှုကွင်းရှုကွက်မှာ ပြကတေ့ ငြိမ်လျက်၊ ပူလောင် သွေ့ခြောက်လျက်။

တော်ပါသေးရဲ့။ အညာနေနှင့် အညာနွေ၏ ပူလောင်ထန်ပြင်းမှုကို တမာပင် အုပ်အုပ်ကလေးများက ကာကွယ်ပေးနေကြသည်။ ဘယ်ယိမ်းလို့ ညာနွဲ့၊ ပြီးတော့.....ညာယိမ်းလို့ ဘယ်နွဲ့နှင့် ရှိနေကြသော တမာညွန့်၊ တမာရွက်ကလေးများကို ကြည့်။ စိမ်းစိုမြမှိုင်းသော သည်မြင်ကွင်းက ရင်တွင်း အေးပါဘိ။ မွှေးရနံ့ ကြိုင်နေသော တမာပွင့်ကလေးများသည် လေအဝေ့တွင် မြေပြင်သို့ ဝဲပျံကျလာကြသည်။ သင်းပျံ့လှိုင်နေသော တမာပန်း ရနံ့ကလေးများ ရှူရှိုက်ရသည်မှာ အညာနွေ၏ အပူဒဏ်ကို မေ့သွားပြီ ထင်ရ၏။

သည်အချိန်မှာ.....

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်သည် ပုဂံမြို့ သရပါတံခါးဆီသို့ ဦးတည်ပြီး လျှောက်လှမ်းလာနေ၏။ သူ့အရွယ်ကို ခန့်မှန်းလို့ကြည့်။ အသက်လေးဆယ်ပင် ပြည့်ဟန်မတူသေး။ သို့သော်.....သူ့ကို ကြည့်ရသည်မှာ ရှိုပြီး အသက်ထက် ပို၍ အိုမင်းဟန်ရှိနေ၏။ မြို့သူအသွင်မရှိ။ မြို့သူဟန် မပြည့်။ တောစရိုက် တောအမူ တောသဘာဝကလေးများဖြင့် ထုံးဖွဲ့ထားသော သူ့ပုံက အဘွားအိုတစ်ဦးနှယ် ထင်ရသည်။

ကြည့်ပါ..... ညစ်ထေးပြီး အရောင်လွှင့်နေပြီ ဖြစ်သော သူ့ဖျင်ကြမ်းအင်္ကျီလက်ရှည်က ပုံမကျ ပန်းမကျ။ လျော့ရဲရဲ ဝတ်ဆင်ထားသော ခါးဝတ်ထဘီသည်ပင် အရောင်အဆင်း မရှိတော့ပြီ။ ပြေလျော့နေသော ဆံထုံးသည် သူခြေလှမ်းလိုက်တိုင်း ဘယ်ယာယိမ်းလှုပ်နေ၏။ သူ့ခေါင်းပေါ်မှာတော့ ဖျင်ပိုင်းအဝတ်တစ်တည်။ နေပူဒဏ်ကို ဖုံးကာဖို့ ဆောင်းလာသည် ထင်ပါရဲ့။

အမှန်တော့ ထိုမိန်းမ၏ ဝတ်စားဆင်ယင်ပုံ ခေတ်မမီလို့သာ နွမ်းနယ်အိုမင်းဟန် ထင်ရသည်။ တကယ်ဆို.....သူ့မျက်နှာကို သေသေချာချာ ကြည့်ပါ။ ချောမော ပြေပြစ်သော ဆင်းပြင်က ထိုမိန်းမ၏ ရုပ်သွင်ကို ဖွင့်ပြနေသည်။ ဖြူသည်လို့ မဆိုသာ။ ညိုသည်လို့ မပြောနိုင်သော သူ့အသားအရောင်က အညာသူ တစ်ဦးပါဟု ဝန်ခံနေသည်။ ထင်ရှားသွယ်တန်းသော နှာတံ၊ ပြန့်ကျယ်ချောမွတ်သော နဖူး၊ မို့မောက်ဖောင်းအိနေသော ပါးအစုံတို့က ထိုမိန်းမ၏ မျက်နှာအလှကို ခြယ်သပေးနေ၏။ အရောင်တလက်လက် ထွက်နေသလား ထင်ရသော သူ့မျက်လုံးအစုံသည် သုံးရက် လလို ခုံးလျက် ကျနေသော သူ့မျက်ခုံးထူထူကြီးနှင့် တင့်တယ်နေပေသည်။

ထိုမိန်းမသည် သရပါတံခါးဆီသို့ ဦးတည်လျှောက်လှမ်းနေပါ၏။ သူ့ညာဘက်တွင်တော့ ၁၂ နှစ်သားအရွယ် လူငယ်လေး တစ်ဦးကို လက်တွဲထားသည်။

ကလေးငယ်သည် မိခင်ဖြစ်ဟန်တူသော ထိုမိန်းမ လက်ဆွဲခေါ်ရာသို့ ခြေတရွတ်တိုက်၍ လိုက်ပါနေ၏။ သူက ကလေးတို့ဘာဝ ဟိုငေး သည်ငေးနှင့်။ ဒါကိုပင် မိခင်လုပ်သူက အားမရဟန်ဖြင့် ကလေးငယ်၏ လက်ကို ဆွဲရင်း တစ်ခါတစ်ရံ မြည်တွန်တောက်တီးနေသေးသည်။ အမေက ဘယ်လိုပဲ ပြောပြောဆိုဆို၊ ကလေးငယ်က အရပ်လေးမျက်နှာသို့ ငေးမြငေးလာသည်။ အားလုံးမှာ သူ့အတွက် စိတ်ဝင်စားဖွယ်ချည်း ဖြစ်နေသည်။ ကျေးတောမှာ မွေး၊ ကျေးတော

www.burmeseclassic.com

www.burmeseclassic.com



မှာ နေ၊ ကျေးတောမှာ လူဖြစ်ခဲ့သော သည်ကလေးငယ်အဖို့ အားလုံးမှာ အသစ်တွေချည်း၊ အဆန်းတွေချည်း၊ အထူးတွေချည်း မဟုတ်လား။

နေကလည်း ပူသနှင့်။ ထိုမိန်းမသည် နွေပူ နေပူဒဏ်ကို ခံရလေတော့ ခြေလှမ်းကို သုတ်သုတ်ပင် လှမ်းနေသည်။ ခပ်ဝေးဝေးဆီတွင် မြင်ရသော ရွှေနန်းတော်ကြီး၏ မြို့ရိုးတံခါး။ နန်းဆောင်ပြာသာဒ် အစွန်းအချိတ်တို့ကို မြင်ရတော့ ကျေးတောသူ မိန်းမက ခြေလှမ်း ပိုသွက်လာ၏။ သို့သော် အမိနောက်သို့ အမီမလိုက်နိုင်ရှာသော သားငယ်၏ ခြေထောက်များက တုံ့ဆိုင်း တုံ့ဆိုင်း။

သားငယ်က ခြေလှမ်း ဆိုင်းလေ အမေက ဖွတ်ဆွဲလေနှင့်၊

'အမေရေ..... မောတယ်လေဗျ'

လက်ကို ဖွတ်အဆွဲခံရသော သားငယ်နှုတ်မှ အသံထွက်လာသည်။

ဒါကို မိခင်လုပ်သူက ဂရုမထားနိုင်ထင်ရဲ့။ သားလက်ကို ဆွဲမြဲတိုင်း ဆွဲပြီး၊ လျှောက်မြဲတိုင်း လျှောက်သည်။

'တို့အမေရယ်..... မောတယ်ဆိုဗျာ၊ ခြေထောက်တွေလဲ နာနေပြီဗျ'

ကြာတော့..... သားလုပ်သူက စိတ်မရှည်တော့သည့်ဟန်ဖြင့် ပြောပါပြီ။ သည်တစ်ကြိမ်မှာတော့ အမေလုပ်သူက သတိဝင်လာ၏။ သား၏ အသံကို ကြားလိုက်သည်။ သို့နှင့် ခြေလှမ်းကို လျှော့၊ ကိုယ်ကို ကိုင်းညွတ်ပြီး သားကို မေးရ၏။

'ဘယ်လို ဖြစ်နေတာလဲကွယ့်..... သားရဲ့'

'မောပါတယ်ဆို၊ ခြေထောက်ကလဲ နာတယ်ဗျာ၊ ရေလဲ ငတ်တယ်ဗျာ'

သား၏ စကားကို ကြားတော့မှ မိခင်လုပ်သူက ဟိုနားသည်နား မျက်စိ ကစားလိုက်သည်။ တွေ့ပါပြီ။ လမ်းဘေး တမာပင်အုပ်အုပ်ကလေးနှင့် ရေအိုးစင် ကလေး။ မြင်ရသည်မှာပင် ဘဝင်ချမ်းမြေ့ဖွယ် ကောင်းပါဘိ။

'ကဲ..... လာ..... ဟိုမှာ ရေအိုးစင်ကလေး တွေ့ပြီ၊ အမောဖြေပြီး ရေ သောက်ရင်း ခဏနားကြမယ် သားရယ်'

သားအမိနှစ်ယောက် ရေအိုးစင်ကလေးဆီသို့ လျှောက်လာကြသည်။ နေ ဝေ့ရာသို့ လှုပ်ယမ်းနေသော တမာပင်ကလေးအောက် ရောက်တော့ အေးသွားသည် ထင်ရ၏။ အမေက ရေအိုးထဲမှ ရေကို ရေမှုတ်ကလေးဖြင့် ခပ်ပေးသည်။ သားငယ် က ရေကို အငမ်းမရ သောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ ကြည့်စမ်းပါဦး အမေ၊ လူတွေ အများကြီးပဲ၊ ဘာလုပ်နေကြသလဲ မသိဘူး'

သားက ပြောမှပင် မိခင်က အဝေးဆီသို့ လှမ်းမျှော်ကြည့်သည်။ ဟုတ်ပါရဲ့၊ ခပ်ဝေးဝေးမှာ ခပ်လှမ်းလှမ်းမှာ လူတွေ လူတွေ အုပ်စုလိုက် အဖွဲ့လိုက် လှုပ်ရှား နေကြသည်က ဖွေးဖွေးလှုပ်လို့။ သူတို့ ဘာလုပ်နေကြပါလိမ့်။

'အမေ သူတို့ ဘာလုပ်နေကြတာလဲဟင်'

ထိုမြင်ကွင်းကို ငေးကြည့်နေသော မိခင်မှာ သား၏ မေးခွန်းကို မဖြေနိုင်။ မိမိ ကိုယ်တိုင်ပင် တကယ့်ကို မသိ။ သူတို့ ဘာတွေ လုပ်လို့ လှုပ်လှုပ်ရှားရှား မြင်နေ တွေ့နေရပါသတဲ့လဲ။

'အမေ အဲသည့်လူတွေ ဘာလုပ်နေကြတာလဲဗျ'

သားလုပ်သူက ကလေးပီပီ အဖြေမရမချင်း ထပ်မေးနေ၏။ မိခင်ကလည်း မသိလို့ မဖြေနိုင်။ သည်အချိန်မှာ အဘိုးအို တစ်ဦး ရေအိုးစင်သို့ ရေဝင်သောက် လာ၏။ ထင်းစည်းနှစ်စည်းကို ရှေ့နောက် ထမ်းလာသော အဘိုးအိုသည် တမာပင် ရိပ်မှာ ထင်းစည်းကို ချပြီး နားတော့မည်။

သည်မှာတင် မိခင်လုပ်သူက အကြံရပြီ။ သားသိချင်နေတာ အဘိုးအို ကို မေးလျှင် သိရမည်။

'အဘိုး..... ဟိုမှာ လူတွေ ဘာလုပ်နေကြတာလဲ ရှင့်'

'မှန်း..... ဘာလဲ၊ ဟိုလူတွေလား၊ ဘုရားတည်နေကြတာလေ သမီးရဲ့၊ ညည်းတို့ ဒီက မဟုတ်ဘူး ထင်တယ်၊ အဲဒါ..... ကျန်စစ်သားမင်းကြီးရဲ့ အာနန္ဒာ စေတီကို လူအများ ဝိုင်းပြီး တည်ဆောက်နေတာပဲပေါ့'

ဟုတ်မည်။

ခုမှပဲ သတိထားပြီး ကြည့်မိတော့သည်။ စေတီတော်သည် အခြေခံ အုတ်ဖိနပ်၏ ထုထည်ပင် ပေါ်နေပြီကော။ လူတွေကလည်း များလှပါဘိ။ သူတို့ မှာ နေ့အပူကို မမှု၊ တစ်ယောက်တစ်လက် လက်ချင်းယှက်လို့ ဘုရားတည် လုပ်အား လှူနေကြသည်က အားရစရာ။

သည်ခဏမှာ စောစောက အမျိုးသမီးသည် ကျန်စစ်သားမင်းကြီးဆိုသော စကားလုံးကို ကြားလိုက်လျှင် ကြားလိုက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ မိခင် အမျိုးသမီးသာ မဟုတ်။ သူ့ဘေးက သားငယ်သည်ပင် သည်နာမည်ကို ကြားလိုက်တော့ ခေါင်းကို ဆတ်ခနဲ ထောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျန်စစ်သားမင်းကြီးရဲ့ အာနန္ဒာစေတီမှာ ပုဂံသူ ပုဂံသားတွေလဲ အလှူလုပ်အား ပါဝင်ကြတယ်လေ သမီးရဲ့။ အဘိုးတို့တောင် ဟိုတစ်နေ့က တစ်မနက်စာ မြေတူးခဲ့ကြသေးကိုး'

အဘိုးအိုက သူ့သွား နီကျဲကျဲကြီးများကို တအားဖြဲ၍ ရယ်ကာ ပြုံးကာနှင့် ပြောနေသည်။ သို့သော်..... ထိုအမျိုးသမီးသည် အဘိုးအို ပြောနေသည်ကို ကြားတော့ဟန် မတူ။ သူ့မျက်နှာက ဘုရားတည်နေသော ကုန်းမြင့်ဆီသို့ ငေးနေ၏။ သည်ခဏမှာပင် သားလုပ်သူက လှုပ်လှုပ်ရွရွ လုပ်လာသည်။

'အမေ့..... အမေ့..... ဘုရားတည်တဲ့ ရှင်ဘုရင်က ကျန်စစ်သားမင်းကြီးဆိုတာ ဟုတ်လား..... ဒီလိုဆိုရင်.....'

'အို..... ဒီကောင်လေးနှယ် လူကြီး စကားပြောနေတဲ့အထဲ ဝင်ပါနေပြန်ပြီလား'

အမျိုးသမီးက သူ့ကို လှမ်းအော်၍ လှန့်လိုက်ရသည်။

ကလေးငယ်သည် သူ့အမေ မျက်နှာကို ပြန်ကြည့်၏။ ဘယ့်နှယ်ပါလိမ့်နော်၊ အမေ့နှယ် ကျန်စစ်သားမင်းကြီး ဘုရားတည်တဲ့ အကြောင်း မေးမိတာနဲ့ အော်လို့ ငေါက်လို့။

သို့နှင့် ကလေးငယ်က ဘာမျှ ဆက်မမေးတော့။ သူသည် စိတ်ပျက်လက်ပျက်နှင့် တမာပင်ကို မှီချလိုက်၏။

လူတွေ.....လူတွေ၊ နွေပူပူကို ဂရုမပြု၊ နေပူသည်ကို အမှုမထား၊ အုတ်သယ်နေသူသယ်၊ မြေပေါက်သူက ပေါက်၊ ကျောက်စီသူက စီနှင့်။ တစ်ယောက်တစ်လက် လုပ်အားဆက်နေကြသည်။ သူ့ဘုရင်နှင့် သူ့တိုင်းသူပြည်သားတွေ တစ်စိတ်တည်း တစ်စမ်းတည်း အားခဲလို့ ဘုရားတည်နေလိုက်ကြပုံများကဖြင့် တွေ့ပဲ တွေ့ဖူးပေါင်။ မြင်ပဲ မြင်ဖူးပေါင်။ ကြုံပဲ ကြုံဖူးပေါင်။

၂

နေစွယ်ကျိုးသွားပါပကောလား။

သည်အချိန်မှာ.....

သားအမိနှစ်ယောက် ပုဂံရွှေနန်းတော် တံခါးပေါက်သို့ ရောက်ကြပြီ။ နန်းတော်သစ်ကြီးက ဟည်းထအောင် ခံ့ညားပါဘိ။ နေအစောင်းမှာ ရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်း တစ်ထောင်မက ပြိုးပြိုးပြက်ပြက် ထွက်နေသော နန်းပြာသာဒ်သည် မိုးသို့ ထိုးတက်နေသည်။ ပြာသာဒ်အထွတ်၏ ရှေ့နောက် ဝဲယာ ပဒေသာ ထွန်းနေသော အဆောင်အယောင် အခန်းခန်းကိုကြည့်။ ခံ့ထည်လှပါ၏။ ခမ်းနား လှပါ၏။ သည်အဆောင်တွေ ရှေ့မှာ ရွှေလှံကိုင် ရွှေဓားကိုင် ဘုရင့် ကိုယ်ရံတော် တပ်သားတွေ ပျားပန်းခတ်လို့။ သည်ပုံနှင့် ဆိုလျှင် ကျေးတောက သားအမိနှစ်ယောက် နန်းတွင်း ဝင်ဝံ့စရာ မရှိ။ နန်းရှေ့ကပဲ ပြန်လှည့်ရလျှင် ကောင်းလေမည်လား.....။

သို့သော်..... အမေလုပ်သူက အားတင်းသည်။ သားလက်ကို ခပ်နာနာ ဆုပ်သည်။ ပြီးတော့..... ရှေ့တစ်လှမ်း တိုး၏။ နှစ်လှမ်းတိုး၏။ သုံးလေးငါးလှမ်း တိုး၏။ တွေ့ရသော နန်းစောင့်တပ်သား တစ်ဦးကို အနားကပ် မေးသည်။

'လူကလေးတို့ရယ်၊ အမေ နန်းထဲ သွားချင်လို့'

'ဗျို့..... ဘယ်လို'

'သြော်..... အမေတို့ သားအမိ ရွှေနန်းတော်ထဲ ဝင်ချင်လို့ပါကွယ်.....'

'ရွှေနန်းတော်ထဲကို ဘာကိစ္စနဲ့ သွားချင်တာလဲဗျ'

'ဟို..... ဟို..... ဘုရင်မင်းတရားကြီးနဲ့ တွေ့ချင်လို့ပါကွယ်'

'အို..... မြတ်စွာဘုရား'

နန်းစောင့် တပ်သားငယ်သည် ရင်ထဲက အာမေဋိတ်လိုက်မိ၏။ ခက်ပါရောလား။ ဘယ်က လာမှန်း မသိ။ ဘယ်သူမှန်းလည်း မသိ။ ဘာအကြောင်းကြောင့်မှန်းလည်း မသိ။ သည်မိန်းမကြီးနှင့် ကလေးငယ် တစ်ယောက်တို့က ကျွန်စစ်သားမင်းကြီးနှင့် တွေ့ချင်ပါသတဲ့။ ဘယ့်နှယ်လဲ..... ရှင်ဘုရင်ကို သည်လို လွယ်လွယ်နှင့် တွေ့ချင်လို့ ရမတဲ့လား..... ။

သို့နှင့်..... နန်းစောင့် တပ်သားငယ်သည် တာဝန်စကားကို ဆိုရပြီ။

'မဖြစ်ဘူး၊ ဘုရင်မင်းတရားကြီးကို ဒီလို တွေ့ချင်တိုင်း တွေ့လို့ မဖြစ်ဘူး'

'ဖြစ်ပါတယ် လူကလေးရယ်..... ၊ အမေ ရောက်နေတဲ့ အကြောင်းမင်းတို့ ရှင်ဘုရင်ကို သွားပြောပေးပါ..... ၊ ဒါဆို အမေ သူနဲ့ တွေ့ရမှာပါ'

သြော်..... ခက်ပါရောလား။ သည်သားအမိ အလိုက်ကန်းဆိုးကလည်း မသိတတ်နိုင်ကော။ နန်းစောင့် တပ်သားလေး စိတ်ပျက်သွားသည်။ မသိ..... တတ်နိုင်ပါဘူး။ ပြဿနာကို ကိုယ်တိုင် ရှင်းမနေအား။ လူကြီးတစ်ယောက် သွားခေါ်မှ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ နန်းမြို့ရိုးအတွင်းမှ ပုဂ္ဂိုလ်တစ်ဦး ထွက်လာသည်။ နန်းဝတ်နန်းစားနှင့် ကြွားကြွားရွားရွား။ ရုပ်ရည်ကလည်း ခံ့ခံ့သန့်သန့်။ အပြောအဆိုကလည်း သွက်သွက်လက်လက် ရှိသည်။ သိမ်သိမ်မွေ့မွေ့ ရှိသည်။ နန်းစောင့် တပ်မှူးငယ် တစ်ဦး ဖြစ်လိမ့်မည်။ သူက မေး၏။

'အဒေါ်ကြီး ဘာကိစ္စ ရှိလို့ ဘုရင်မင်းမြတ်နဲ့ တွေ့ချင်တာလဲ'

သားအမိနှစ်ယောက်သည် နောက်ရောက်လာသူကို အကဲခတ်နေ၏။ ခဏကြာတော့..... အမေလုပ်သူက သူ့လက်ဝဲ လက်သူကြွယ်က လက်စွပ်ကို ဆွဲချွတ်လိုက်၏။ ပြီးတော့..... ထိုအရာရှိငယ်ထံ ကမ်းပေးလိုက်သည်။

'အဲဒီ လက်စွပ်ကို မင်းတရားကြီးဆီ ပေးဆက်လိုက်ပါကွယ်၊ အဒေါ်တို့ ဒီမှာ စောင့်နေတဲ့အကြောင်းလဲ တင်လျှောက်ပေးပါတော့'

နန်းမြို့ရိုး တံခါးအတွင်းမှ ထွက်လာသောပုဂ္ဂိုလ်က ထိုလက်စွပ်ကို အမှတ်မထင် လှမ်းယူသည်။ ပြီးတော့.....ဟိုဘက် သည်ဘက် အပြန်ပြန် ကိုင်ကြည့်ရင်း မေးနေ၏။

'ဒီလက်စွပ်ကို မင်းတရားကြီး ပေးဆက်လိုက်တာတော့ ဟုတ်ပါပြီ။ ဘယ်သူက ပေးဆက်လိုက်တယ် ပြောရမှာလဲ.....၊ အဒေါ်ကြီး နာမည်က ဘယ်သူတဲ့လဲ၊ ဘယ်က လာတာလဲ'

'အဒေါ့်နာမည်လား..... အင်း..... အင်း..... မေးတော့လဲ ပြောရတာပေါ့ကွယ်၊ အဒေါ့်နာမည်က သမ္ဘူလတဲ့။ အဒေါ်လာခဲ့တာက ကြောင်ဖြူက—ကြောင်ဖြူရွာက.....'

၃

ထိုအချိန်မှာ ကျန်စစ်သားမင်းကြီးသည် ဥယျာဉ်တော်မှာ ရှိနေ၏။ နေ့ပူပူမှာ သည်လို ဥယျာဉ်တော်အတွင်းက နွေရာသီ စံနန်း၌ မင်းကြီး အပန်းဖြေသည်။ အနားယူသည်။ ခုလို အေးအေးဆေးဆေး အနားယူချိန်မှာ တိုင်းရေးပြည်မှုကို မမေး။ ရပ်ရေးရွာရေးကို မသိလို။ မနော်ချိုစရာ စကားကလေးတွေပြော၊ မနော်ကြည်စရာ ရှုခင်းကလေးတွေကြည့်။ မနောမွေ့စရာ ဂီတသံစဉ်ကလေးများကို အရသာခံ၍ နားထောင်ဆဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာ နန်းတော်စောင့် တပ်မှူးငယ်တစ်ဦး ခစားလာသည်။ ဘယ့်နှယ်လဲ။ အချိန်မတော် အချိန်တော်မှ မစဉ်းစား။ သည်တပ်မှူးငယ်သည် အဘယ်သို့သော အရေးအကြောင်းဖြင့် ဘုရင်မင်းမြတ်ထံ အခစား ဝင်လာပါလိမ့်။

ကျွန်စစ်သားမင်းကြီးက အကြောင်းကို မေးပြီ။ အမေးရှိတော့ အဖြေရှိရပါ၏။

'မှန်လှပါ ဘုရား။ ကလေးငယ်တစ်ယောက်ကို လက်ဆွဲလာတဲ့ ကျေးတောသူ မိန်းမတစ်ယောက်က ဘုရင်မင်းမြတ်ထံ အခစား ဝင်လိုပါသတဲ့။ ပြီးတော့ ဒီလက်စွပ်ကိုလဲ ဘုရင်မင်းမြတ်ထံ ဆက်ပေးဖို့ တောင်းပန်နေပါတယ် ဘုရား'

ကျွန်စစ်သားမင်းကြီးသည် တပ်မှူးငယ် ဆက်သလာသော လက်စွပ်ကို လှမ်းယူသည်။ လက်ထဲ ရောက်သည်နှင့် မြောက်ကာ နိမ့်ကာ ဟိုလှည့် သည်လှည့် ကြည့်သည်။ ပြီးတော့ စိတ်လှုပ်ရှားစွာဖြင့် မေးပါပြီ။

'သည်လက်စွပ်ကို ဘယ်သူက ပေးတာလဲ၊ လက်စွပ်လာပေးတဲ့ သူက အခု ဘယ်မှာလဲ။ သူ့နာမည်က ဘယ်သူတဲ့လဲ'

ကျွန်စစ်သားမင်းကြီး အံ့ဩ ဝမ်းသာ ဖြစ်ရပြီ။ ကြည့်ပါဦး။ ဒီလက်စွပ်ကို ဟို နှစ်အတော်ကြာကြာက ချစ်သော သမ္မုလအား မိမိကိုယ်တိုင် ဝတ်ပေးခဲ့သည် မဟုတ်လား။ ဟိုတုန်းက ပြောခဲ့သော စကားကိုပင် မှတ်မိနေသေးတော့။ 'သားမွေးလျှင် ပုဂံနေပြည်တော်ကို လက်စွပ်ကိုင်ပြီး လိုက်ခဲ့' လို့။ ခုတော့ သားမွေးလို့ သည်လို လိုက်လာတာပဲလား။ သား.....သား.....ငါ့ရင်ထဲက ဖြစ်တဲ့ သားကို တွေ့ရတော့မှာလား။ မြင်ရတော့မှာလား။

မင်းကြီးက မျှော်လင့်ခြင်း များစွာဖြင့် နန်းရှေ့ တံခါးဆီသို့ မျှော်ကြည့်လိုက်သည်။ သည်အချိန်မှာ စောစောက တပ်မှူးငယ်၏ အဖြေစကား ကြားရပြီ။

'သည်လက်စွပ်ကို လာပေးတဲ့ သူက ကျေးတောသူ သားအမိ နှစ်ယောက်ပါ။ သူတို့ ယခု နန်းရှေ့တံခါးမှာ ရှိနေကြပါတယ်။ သူ့နာမည်က သမ္မုလတဲ့'

ဟုတ်ပါပြီလေ။ သူကိုယ်တိုင် လိုက်လာပါပြီ။ မိမိမှာခဲ့သော စကားအတိုင်း၊ သားကို လက်ဆွဲပြီး လိုက်တာတာပဲ ဖြစ်မည်။ သည်တော့ ချစ်သော သမ္မုလနှင့် သားတော်ကို မိမိကိုယ်တိုင် နန်းရှေ့ထွက်ကြိုရတော့မည်လေ။

'ကဲ.....သည်လိုဆို ငါကိုယ်တိုင် နန်းရှေ့ တံခါးဝယ် ထွက်ပြီး ကြိုရမယ်ပ'

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားမင်းကြီးက ပြောပြောဆိုဆို နေရာမှ ထရပ်သည်။ မင်းကြီးကိုယ်တိုင် ထွက်တော့မည် ဆိုတော့ မင်းကြီးအပါးက မှူးငယ် မတ်ငယ်တို့ အလုပ်များကြပြီ။ ရှင်ဘုရင်တစ်ပါးကိုယ်တိုင် နန်းရှေ့သို့ ထွက်မည့် အရေးအခင်းမှာ လွယ်လွယ်နှင့် မပြီးနိုင်သေး။ တာဝန်ရှိ မှူးမတ်တွေ၊ တာဝန်ရှိ ကိုယ်ရံတော်တွေ၊ မောင်းမမိဿံ ခြွေရံသင်းပင်းတွေ ထုံးစံအတိုင်း ခစား ခြံရံလိုက်ဖို့ ပြင်ရသည်။

'နေခဲ့ကြ..... အားလုံးနေခဲ့ကြ။ ငါ တစ်ယောက်တည်း သွားမယ်'

မင်းကြီးက မှူးမတ်တွေကို ပြောလိုက်၏။ နှစ်ပေါင်း များစွာက ကွဲကွာနေသော ချစ်သူကို ကြိုဆိုခေါ်ယူဖို့ ကိစ္စမှာ အခြွေအရံ မလိုပါ။ မင်းခမ်းမင်းနားမလိုပါ။ ရှေ့ဝင်းနောက်ဝင်း မလိုပါ။ မိမိ၏ ချစ်သူကို နှလုံးသား အစစ်မှချစ်ခြင်းမေတ္တာဖြင့် ကြိုဆိုရန်ကလွဲလို့ ဘာများ လိုပါသနည်း။

စိတ်ဆောင်နေ၍ထင့်။ ကျန်စစ်သားမင်းကြီးသည် ခပ်သုတ်သုတ်ပဲ လှမ်းထွက်ခဲ့သည်။ မလိုက်ခဲ့နဲ့ဆိုပေမယ့် မရ။ သူ့နောက် ခပ်ဝေးဝေးမှ ကိုယ်ရံတော်မှူးမတ်အချို့ ဖြည်းဖြည်းပဲ လိုက်ခဲ့ကြသည်။ မင်းကြီးကတော့ နောက်သို့ ပြန်လို့မကြည့်။ ဝဲယာဘေးဘက်သို့လည်း မကြည့်။ သူ့အာရုံက ရှေ့တူရူဆီမှာ။ နန်းဆောင်ရှေ့ မျက်နှာစာဆီမှာ။ ကျေးတောက ခုမှ ရောက်လာသော ချစ်သူ သမ္ဘူလဆီမှာ။ ခြေလှမ်းသွက်သွက်နှင့် လှမ်းထွက်ခဲ့သည်မို့ နန်းတော်ရှေ့ မုခ်ဦးသို့ မကြာမီရောက်ပြီ။

သည်အချိန်မှာ ကျေးတောသူ သမ္ဘူလသည် သားငယ်၏ ဆံပင်ကို လက်ဖြင့် သပ်ပေးနေ၏။ သားငယ်ကတော့ အမေ့ဒူးကို မှေး၍ ခေါင်းတင်ရင်းငြိမ်နေသည်။ သမ္ဘူလခမျာ မကြာမီ တွေ့ရတော့မည့် ချစ်လင် မင်းတရားသာမည့်ဘက်ကို ငေးမျှော်လိုက်၊ သားငယ်၏ နဖူးဆံစ, ကလေးများကို လက်ဖြင့်သပ် ပေးလိုက်နှင့်။

သို့သော်..... ကျန်စစ်သားမင်းကြီး ကသုတ်ကရက် ခြေလှမ်းလာသည်ကိုတော့ သမ္ဘူလ မမြင်လိုက်။ သည်ခဏမှာ သူက သားငယ်၏ မျက်နှာက ဖုန်တွေ အညစ်အကြေးတွေကို မိမိ၏ အင်္ကျီလက်ဖြင့် ပွတ်သပ် သန့်စင်ပေးနေ၍ဖြစ်သည်။

ကျန်စစ်သားမင်းကြီးက နှမတော် သမ္ဘူလ အနီးသို့ ရောက်ပြီးသည်တော့မှပဲ ချစ်နှမတော် သမ္ဘူလက ရုတ်တရက် မော်၍ ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ခဏမှာ.....

ချစ်မောင်တော် ကျန်စစ်သားမင်းကြီးနှင့်..... နမတော် သမ္ဘူလတို့ မျက်လုံးချင်း ဆုံမိကြသည်။

'အို..... မောင်ကြီး'

သမ္ဘူလ၏ နှုတ်မှ တိုးတိုးညင်သာ ခုန်ထွက်လာသော စကားသုံးလုံး.....

သမ္ဘူလသည် နေရာမှ ရုတ်တရက် ထရပ်လိုက်၏။ ပြီးတော့ ချစ်မောင်တော် ကျန်စစ်သားကို ပြေးဖက်သည်။ ကျန်စစ်သားမင်းကြီး ကိုယ်တိုင်ပင် ရာဇဣန္ဒြေကို မဆည်နိုင်။ အချိန်အကြာကြီး ကွဲကွာနေသော ချစ်မယားကို မြင်တော့ သမ္ဘူလကို ပြေး၍ ဖက်ထားမိသည်။ ဖက်၍ ထားသမှ မလွှတ်တမ်း ဆိုပါတော့။

သည်ချစ်လင်နှင့် သည်ချစ်ဇနီးတို့ တဒင်္ဂ တစ်ခဏမျှ ပတ်ဝန်းကျင်ကို မေ့ထားလိုက်ကြသည်။ သို့သော်..... သူတို့နှစ်ယောက်ကို မေ့ထား၍ မရနိုင်သူ တစ်ဦးက အနီးမှာ ရှိနေ၏။ သူက ကျန်စစ်သားနှင့် သမ္ဘူလတို့၏ ရင်နှစ်သည်းချာ သားငယ်ကလေး။

သူငယ်လေးသည် အဖေနှင့် အမေတို့၏ ပြန်လည် တွေ့ဆုံခန်းကို မြင်သောအခါ ပထမ ကျေနပ်အားရစွာ ပြုံးသည်။ ပြီးတော့ ရှက်စနိုးဖြင့် တစ်ဖက်သို့ လှည့်နေသည်။ ဒါပေမယ့် သူ့ခမျာ မနေနိုင်ရှာပါ။ ခုမှ တွေ့ရသော အဖေနှင့် မိမိ၏ အမေတို့ အချစ်တံဆိပ် ခတ်နှိပ်နေသော ရှုကွင်းကို မကြည့်ဘဲ မနေနိုင်။ သို့နှင့် အဖေနှင့် အမေကို ပြန်ကြည့်သည်။ သည်အချိန်မှာ သမ္ဘူလက သတိဝင်လာ၏။

'သားပါလာတယ်'

'ဟင်..... သား..... သားပါလာတယ်'

'ဟုတ်တယ်..... သားကို ကြည့်ပါဦး'

သည်တော့မှ ကျန်စစ်သားမင်းကြီးသည် သမ္ဘူလကို ဖက်ထားရာမှ လွှတ်ပြီးတော့ သူ့မျက်လုံးများက ဘေးဘီသို့ လှည့်ကြည့်သည်။

သား..... ။သား..... ၊ အဖေနှင့် အမေတို့၏ ပြန်လည်တွေ့ဆုံခန်းကို မြင်မရဲ အကြည့်ဖြင့် ကြည့်နေသောသား။ သူ့မျက်လုံးအိမ်မှာ မျက်ရည်အပြည့်ဖြင့် ရွှန်းရွှန်းလက်လက် အရောင်ထွက်နေသည်။ ဝမ်းသာသော မျက်ရည်လား.....။ ဝမ်းနည်းသော မျက်ရည်လား။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားမင်းကြီးသည် သားငယ်ကို ပြေး၍ ပွေ့ယူလိုက်သည်။ ပြီးတော့..... မိမိရင်မှာ တွေးအပ်ထားလိုက်သည်။ သားကြီးပါလား။ မိမိရင်မှ ဖြစ်သော သားကြီး ဩရသပါလား..... ဆိုသော အသိက မင်းကြီး၏ နှလုံးသားကို တသိမ့်သိမ့် လှုပ်ခါစေလိုက်ပြီ။

'သား..... သား..... ငါ့သားတောင် အတော်ကြီးနေပါပေါ့လား'

သားငယ်က သူ့အဖေကို မော့ကြည့်နေသည်။ စိမ်းနေ၍လား၊ ရှက်ရွံ့နေသလား မသိ။ ဘာမှ ပြန်မပြော။ ဘာမှ ပြန်မဆို။ သို့သော်..... သား၏ အကြည့်က နှစ်လိုသောအကြည့်။ ချစ်ခင်သောအကြည့်။ တွယ်တာမြတ်နိုးသောအကြည့် ဖြစ်မှန်း သိသာသည်။

ကျန်စစ်သားမင်းကြီးကတော့ ရင်ခွင်ထဲမှ သား၏ နဖူးဆံစတို့ကို အသာအယာ ပွတ်သပ်ပေးနေသည်။ နေပူထဲမှာ ခရီးရှည်ကို လျှောက်လှမ်းခဲ့သမို့ ဖုန်အထပ်ထပ် ချေးအထပ် ဖြစ်နေသော သားငယ်၏ မျက်နှာကို ကြည့်ပြီး ကြင်နာသနားစိတ်တွေ ယိုဖိတ်လာ၏။ သား..... သား..... ဖခင်ကို တွေ့ချင်၍ ခရီးဝေးကြီးမှ ပင်ပန်းစွာ လှမ်းလျှောက်လာခဲ့ရသော သားပါလား။

'ကဲ..... နန်းတော်ထဲ ဝင်ကြမယ် နှမတော်'

သားနှင့် ချစ်မယားတို့ကို ပြန်တွေ့ရ၍ ဝမ်းသာကြည်နူးနေသော ကျန်စစ်သားမင်းကြီးသည် ခမှပဲ သတိရတော့သည်။ သားနှင့် ချစ်မယားတို့ကို နန်းတော်ထဲ ခေါ်သွားရဦးမည်ပါလား။ ပြီးတော့ သူတို့နှင့် ထိုက်တန်သော အဆောင်အယောင်တွေကို ချီးမြှင့်ရဦးမှာပါလား။ ပြီးတော့ သင့်တင်လျှောက်ပတ်သော ဆောင့်ရှောက် ယုယမှုတို့ဖြင့် သည်သားနှင့် သည်မယားကို နေရာချထားရဦးမှာလား။

သမ္ဘူလသည် ကျန်စစ်သားမင်းကြီး ပြောလိုက်သည်ကို မကြားမိ။ အဖေနှင့်သား၊ သားနှင့် အဖေတို့၏ ပြန်လည် တွေ့ဆုံခန်းကို မြင်ရပြီး ရင်ထဲမှာ ချမ်းမြေ့နေသည်။ ကြည်နူးနေသည်။ ဝမ်းသာနေသည်။ အဲသည်လို ချမ်းမြေ့ ကြည်နူးမှာ နစ်မျောနေမိလေတော့ မင်းကြီး ဘာပြောလို့ ပြောလိုက်မှန်း မသိ။ သမ္ဘူလက သားကိုတစ်လှည့် မင်းကြီးကို တစ်လှည့် ကြည့်နေသည်။

ထိုအချိန်မှာ ကျန်စစ်သားမင်းကြီးက ဒုတိယအကြိမ် ထပ်ပြောသည်။ ပြောပြောဆိုဆိုနှင့် သမ္ဘူလ၏ လက်ကို ကိုင်ဆွဲ၍ ထူပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'နန်းတော်ထဲ ဝင်ကြစို့ နမတော်'

သည်တစ်ကြိမ်ကျတော့မှ မင်းကြီး၏ စကားကို နားလည်သွားသည်။ သို့နှင့် သမ္ဘူလသည် နေရာမှ ထရပ်လိုက်သည်။ တစ်နေရာရာသို့ သွားတော့မည် ဆိုလျှင် ပြုနေကျ ဖြစ်သော မိန်းမတို့ ထုံးစံအတိုင်း ထဘီကို ပြင်ဝတ်သည်။ ပြေလျော့နေသော ဆံပင်ကို တစ်ပတ်လျှို ပြင်ထုံးသည်။ ပြီးတော့ ပါလာသော သူ့ပစ္စည်းကလေးတွေကို လိုက်ကြည့်သည်။ ပစ္စည်းဆို၍ ထူးထူးခြားခြား မရှိ၊ ထည်ထည်ဝါဝါ မဟုတ်။ အဝတ်အစား ထည့်သော အထုပ် တစ်ထုပ်နှင့် တိုလီမုတ်စ ထည့်လာသော ဆွဲခြင်းတောင်း တစ်ခုသာ တွေ့ရသည်။

မင်းကြီးက အခြေအနေကို သိလိုက်၏။ မိဖုရား ဖြစ်တော့မည့် သည်မိန်းမက အဝတ်စုတ် အထုပ်ကို သံယောဇဉ်တွယ်နေကြောင်း နားလည်လိုက်၏။ သို့နှင့် ပြောလိုက်ရသည်။

'ထားခဲ့လေ နမတော်၊ ဒါတွေ မလိုတော့ပါဘူး'

သူ့အဝတ်စုတ် အထုပ်ကလေးကို ကောက်ယူဖို့ ပြင်နေသော သမ္ဘူလသည် လက်တွန့်သွား၏။ ရှက်လည်း ရှက်သွား၏။ ထို့ကြောင့် ရှက်စနိုးနှင့် သူ့ ချစ်လင် မင်းကြီးကို မော့ကြည့်သည်။ အရှက်ပြေအောင်လည်း ရှက်ပြုံးကလေး ပြုံးလိုက်သေးသည်။ ပြီးတော့မှ မင်းကြီး၏ လက်ကို ဖက်တွယ်ရင်း လျှောက်လိုက်လာ၏။

ခုအချိန်မှာတော့ ကျွန်စစ်သားမင်းကြီးသည် ချစ်မယားနှင့် ချစ်သားကို ဘယ်ညာ တွဲလို့ နန်းထဲသို့ ဝင်လာပါပြီ။ သားငယ်ကတော့ မြင်ရသမျှ အထူး အဆန်းတွေကို ကလေးပီပီ ငေးကြည့်နေ၏။ လှပသော ခြုံးပန်း ခက်နွယ်များ ပြောင်လက်သော နန်းတော်တိုင်ကြီးများ.....။ အဆင့်ဆင့် မြင့်တက်သွားသော နန်းပြာသာဒ်ကြီးများနှင့် အဆောင်ဆောင် အခန်းခန်းတွေ။

ရုတ်တရက် ကြည့်လိုက်သော် ကျွန်စစ်သားမင်းကြီး၏ မာန်မှာ ဘယ်သူမှ နားမလည်နိုင်စရာ။

ကြည့်လေ၊ ကျေးတောသူ သားအမိ နန်းတော်ရှေ့သို့ ရောက်လာသည်။ မင်းကြီးနှင့် တွေ့ချင်သည်ဟု ဆိုသည်။ လက်စွပ် တစ်ကွင်းကို မင်းကြီးထံ ပြပေးပါဟုလည်း ဆိုသည်။ ခု..... သူပြောသလို လက်စွပ်ကို မင်းကြီးထံ ပြလိုက်တော့ ကျွန်စစ်သားမင်းကြီးမှာ နေမထိ ထိုင်မသာ ဖြစ်ရပြီ။ ရာဇက္ကန္ဒြေ အ

www.burmeseclassic.com

www.burmeseclassic.com



ဘာကို အသာထားပြီး နန်းတော်ရှေ့သို့ အပြေးအလွှား ထွက်လာသည်။ ခုတော့..... မင်းကြီးသည် ကျေးတောသူ သားအမိကို ဘယ်ညာ လက်တွဲလို့ နန်းထဲသို့ ဝင်လာပါပကော။

ကျေးတောသူ သားအမိကို လက်ဆွဲပြီး ဝင်လာသော ကျန်စစ်သားမင်းကြီးကို နန်းတွင်းသူ နန်းတွင်းသားတို့က အဝေးမှ ကြည့်နေသည်။ မှူးကြီး မတ်ကြီးအချို့က ခပ်လှမ်းလှမ်းမှ အကဲခတ်သည်။ အပျိုရံ လူပျိုရံတွေက မနီးမဝေးမှ လိုက်ပါလာပြီး ကီးတိုးကီးတို လုပ်နေကြသည်။ ကိုယ်လုပ်မောင်းမ မိဖုရားတို့က အဆောင်အောင် အခန်းဝ မှ ဖြည်းဖြည်းညင်သာ ချောင်းကြည့်ကြသည်။ ရုတ်တရက် ချက်ချင်း ဆိုတော့ အဖြေကို မသိနိုင်။ နားမလည်နိုင်ကြ။

ကျန်စစ်သားမင်းကြီးက သမ္ဗူလနှင့် သားငယ်တို့ကို နွေရာသီ စံနန်းဆောင်သို့ ခေါ်သွားသည်။ ပူပူအိုက်အိုက်နှင့် ခရီးဝေးက လာခဲ့သော နှမတော်တို့ သားအမိ ဥယျာဉ်ပန်းခြံထဲမှာ ခဏလောက် အပန်းဖြေနိုင်အောင်လို့။

နွေရာသီ စံနန်းဆောင်မှာ သဲဇာန္တာရထဲက အိုအေစစ်ဒေသလို အေးမြနေသည်။ သစ်ပင်သစ်ရိပ်တို့က အုပ်အုပ်ဆိုင်းဆိုင်း၊ ပန်းပွင့်ရနံ့တို့က မွှေးမွှေးကြိုင်ကြိုင်။ လေညှင်းလေအေးတို့က ဖြည်းဖြည်းညင်သာပဲ တိုက်ခတ်နေ၏။ ကျေးငှက် သာရကာတို့၏ မာဂဓ တေးသီချင်းသံများက ကြားရသူတို့ နားမှာ ပျော်စရာ၊ ရွှင်စရာ၊ ကြည်နူးစရာ။

သည်အချိန်မှာ ကျန်စစ်သားမင်းကြီးနှင့် သမ္ဗူလတို့သားအမိ နွေရာသီ စံနန်းဆောင်သို့ ဝင်ခဲ့ပြီ။ ခေတ္တခဏ အမောအပန်း ဖြေပြီးသော် ကျန်စစ်သားမင်းကြီးက မိဖုရား 'အပယ်ရတနာ' ကို ခေါ်၏။ ပြီးတော့..... သမ္ဗူလတို့ သားအမိကို ရွှေနန်းနှင့် ထိုက်တန်သော အဝတ်အစားများ ဆင်ယင်ပေးဖို့ တာဝန်ပေးသည်။

'သူတို့ကို ရေမိုးချိုး၊ သင့်လျော်တဲ့ အဝတ်အစားများ ဝတ်ဆင်ပါစေ၊ နှမတော် သမ္ဗူလကို မိဖုရား တစ်ပါးရဲ့ အဆောင်အယောင်အပ်၊ သားတော်ကိုလဲ မင်းသား တစ်ပါးရဲ့ အဆောင်အယောင်ပေး၊ လိုသမျှ ကြည့်ရှုပြင်ဆင်ကြပါစေ'

အပယ်ရတနာ မိဖုရားက ဘုရင်မင်းမြတ်၏ အမိန့်တော်ကို နာခံရသည်။ သမ္ဗူလနှင့် သားတော်တို့ကို ရွှေနန်းတော်တွင်းသို့ ခေါ်သွားရ၏။ သမ္ဗူလကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်မောင်းမမိဿံ အပျိုရံတို့က ဝိုင်း၍ မိဖုရားတစ်ပါးအသွင် ပြုပြင်ရသည်။ ရေမိုးချိုးပြီး နန်းဝတ်နန်းစားများ ဆင်သည်။ နန်းစဉ် ရတနာများကို ရွေးတိုက်မှ ထုတ်။ ဘုရင့်မိဖုရား အသစ်အတွက် မြန်မြန်ကြီး ဆက်ကပ် ဆင်ယင်ပေးကြသည်။ အဲသည်လို အပျိုတော်တွေ မောင်းမတွေနှင့် 'အပယ်ရတနာ' မိဖုရားကြီး ကိုယ်တိုင် ပြုစု ပြင်ဆင်ပေးလိုက်တော့ သမ္ဘူလသည် တစ်သွေးတစ်မွေး ဖြစ်သွားပြီ။ အရှင်မွေး၍ နေ့ချင်း ကြီးပါပြီ။ မူလက ပင်ကိုယ်ရုပ်ရည် ချောမော တင့်တယ်သော သမ္ဘူလ မဟုတ်လား။ ခုလို မိဖုရားတစ်ပါးအသွင် ပြင်ဆင် မွမ်းမံလိုက်တော့ အလှတွင် အယဉ်ဆင့်လို့ အသွင်ကဖြင့် တင့်တင့်တယ်တယ် ဖြစ်လာ၏။ ထည်ထည်ဝါဝါ ဖြစ်လာ၏။ ကျေးတောသူ သမ္ဘူလ ပုံစံပျောက်လို့ မိဖုရား သမ္ဘူလအဖြစ်သို့ ခဏချင်းပဲ ရောက်ခဲ့ပြီ။

သားတော်လေးကိုလည်း အပယ်ရတနာ မိဖုရားက ကောင်းစွာ ပြုပြင်ပေးသည်။ ရေမိုးသန့်စင်ပြီး မင်းသားတို့ အဝတ်အစားများ ဆင်ယင်စေသည်။ ခုတော့လည်း ကျေးတောက ရောက်လာသော သည်သားအမိကို ဘယ်သူမှ မှတ်မိနိုင်စရာ မရှိတော့။ စောစောက ညစ်ထေးသော အဝတ်အစားတွေ ပေပေရေရေနှင့် ရောက်လာသော သားအမိမှာ သူတို့မှ ဟုတ်ပါလေစ။ တွေးတော ယုံမှားဖွယ်ပင် ဖြစ်နေပါပြီ။

အပယ်ရတနာ မိဖုရားသည် နန်းဝတ်နန်းစားတို့ဖြင့် တင့်တယ်နေသော ထိုသားအမိကို နွေရာသီနန်းဆောင်သို့ ဆောင်ယူလာ၏။ ကျန်စစ်သား မင်းကြီးက နှမတော် သမ္ဘူလကို ကိုယ်တော်တိုင် ဆီးကြိုသည်။ မှူးမတ်ဝန်ကြီးတွေ ရှေ့မှာ နှမတော် သမ္ဘူလနှင့် သားတော်တို့ကို သလွန်ပေါ်သို့ တွဲခေါ်သွား၏။

သလွန်ပေါ်သို့ ရောက်တော့ မင်းကြီးက သမ္ဘူလကို အသာအယာ ထိုင်စေသည်။ သားတော်ကိုလည်း အနီးရှိ သလွန်ငယ်မှာ နေရာချထားပေးသည်။ ခုအချိန်အထိ ကျန်စစ်သားမင်းကြီးက အဖြစ်အပျက်ကို မပြောသေး။ အကြောင်းအရာကို မဖွင့်ဆိုသေး။ အခြေအနေ အရပ်ရပ်ကို အသိမပေးသေး။

စံနန်းတော် အတွင်းရှိ ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်လာပြီ။ လူသားတို့ သဘာဝ မသိရသည်ကိုမှ ပိုလို့ပဲ သိချင်လာကြသည်။ စောစောက ကျေးတောသူ သားအမိနှင့် တို့ရှင်ဘုရင် ဘယ်အသွင်နဲ့ ပတ်သက်ခဲ့သလဲ။ ဆက်နွယ်ခဲ့သလဲ။ သိချင်လှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



စံနန်းတော်အတွင်း တိတ်ဆိတ်လှပါ၏။ အပ်ကျသံကိုပင် ကြားရတော့မလောက် ငြိမ်သက်နေသည်။ ဝန်ကြီး ဝန်ငယ် မှူးကြီး မတ်ငယ်တို့ကို မျက်လုံးအစုံက ကျေးတောသူ သားအမိထံမှာပဲ ရှိနေကြသည်။ မိဖုရား မောင်းမငယ်အချို့ကဆို မိန်းမတို့ သဘာဝ မနာလိုဝန်တိုသော အကြည့်ဖြင့် မျှော်ငေးရင်း စကားတင်း ဆိုနေကြသည်။ 'ဘယ့်နှယ်လဲ..... ခုပဲ အဝေးက ရောက်လာတဲ့ ကျေးတောသူ သားအမိတို့ နန်းသလွန် အမြင့်မှာ အတင့်တယ်ကြီး တင့်တယ်လို့ ထည်ဝါလှပါချည့်လား'

သည်အချိန်မှာ သမ္ဘူလက မင်းပရိသတ်ကို မကြည့်ရဲပာန်ဖြင့် မျက်လွှာချနေသည်။ သည်ပရိသတ်၏ မျက်လုံးအစုံသည် မိမိဆီသို့ စူးစိုက်ကြည့်နေကြလိမ့်မည်။ ဒါကို သမ္ဘူက သိ၏။ ခုပဲ ရွှေနန်းတော်သို့ ရောက်၊ ခုပဲ နန်းသလွန်ပေါ် တက်ခဲ့သော ကျေးတောသူသည် မင်းပရိသတ်ကို ရင်မဆိုင်ရဲရှာ။

မောင်ကြီးဘုရား အမှာစကား ရှိထားလို့သာ သားငယ်ကို လက်ဆွဲပြီး မရဲတရဲနှင့် နန်းထဲသို့ ဝင်ရောက်ခဲ့ရသည်။ သမ္ဘူလ၏ ရင်ထဲမှာ စိုးတထိတ်တိတ်။ နန်းရိပ်ကို လန့်နေသည်။ နန်းအရှိန်အဝါကို ရွံ့နေသည်။ နန်း အသိုင်းအဝိုင်းကို ရှိမ်းနေသည်။

တော်ပါသေးရဲ့။ တိတ်ဆိတ်နေသော စံနန်းတော် ပရိသတ်၏ အခြေအနေကို အကဲခတ်ပြီး ကျန်စစ်သားမင်းကြီးက မကြာမီ စကားစ၏။ အကြောင်းချင်းရာကို နားမလည်ကြသော မင်းပရိသတ်ကို အသိပေးရဦးမည့် တာဝန်ရှိနေသည်။ သည့်ကိစ္စကို မိမိ ဖွင့်ဆိုပြောမှ ဖြစ်လိမ့်မည်။

'မှူးမတ်တို့.....'

ဘုရင်မင်းမြတ်က အာလုတ်စကားဖြင့် ခေါ်လိုက်ပြီ။ သည်တော့ ပရိသတ်မျက်လုံးအစုံက ကျန်စစ်သားမင်းကြီးထံသို့ ရောက်လာသည်။

'ခု နန်းသလွန်ပေါ်မှာ ရောက်နေသူတွေဟာ အိမ်နိမ့်စံဘဝက ချစ်ခင်စွာ ပေါင်းသင်းခဲ့တဲ့ ငါ့ဇနီးသည်နှင့် သားငယ်တို့ပဲ၊ ဟိုတစ်ချိန်က ခမည်းတော် အနော်ရထာ မင်းမြတ် အမျက်တော်ရှလို့ ထွက်ပြေးခဲ့ရစဉ် သည်မိန်းမငယ်ရဲ့ အိမ်မှာ နားနေခိုမှီးခဲ့ရတယ်။ အဲဒီအချိန်က ငါ့ကို သည်မိန်းမငယ်ဟာ ကောင်းစွာ ပြုစုလုပ်ကျွေးခဲ့တဲ့ ကျေးဇူးရှိပေတယ်'

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက စကားပြောရင်း ခေတ္တနားလိုက်သည်။ ပြီးတော့နမတော်သမ္ဗုလကို တစ်ချက်စောင်းငဲ့လို့ ကြည့်နေ၏။ သမ္ဗုလကလည်း မောင်ကြီးဘုရားဆီသို့ ပြန်ငဲ့ကြည့်၏။ မျက်လုံးချင်း ဆုံသွား၏။ ငယ်ရွယ်နုနယ်စဉ်တုန်းကလို ရင်မခုန်တော့သည် အမှန်။ သို့သော် နှစ်ဦးစလုံး ရင်ထဲမှ ကြည်သိမ့် မြူးရွှင်သွားသည်ကိုတော့ ဝန်ခံရလိမ့်မည်။

ကျန်စစ်သားမင်းကြီးက သားတော်ကို လှမ်းကြည့်၏။ သားတော်ငယ်သည် မနီးမဝေး တစ်နေရာဝယ် သလွန်ငယ်၌ ခံ့ခံ့ထည်ထည်ပင် နေရာယူလျက်ရှိသည်။ ကလေးငယ်တို့ သဘာဝမို့ သည်မျှ လူတွေအများကြီးထဲမှာ အနေကျပ်ဟန် စိတ်အိုက်နေဟန် ရှိသည်။ သားငယ်ကလည်း ကျန်စစ်သားမင်းကြီးကို မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်သည်။

'မှူးမတ်တို့.....အဲဒီအချိန်ကာလတုန်းက နောင်တော် စောလူးမင်းတရားအခေါ်လွှတ်လို့ ရွှေနန်းတော်ကို ငါပြန်ခဲ့ရတယ်။ သည်အချိန်က နမတော်သမ္ဗုလမှာ ကိုယ်ဝန် အရင့်အမာနှင့် ကျန်ရစ်ခဲ့ပေတယ်။ ဒါကြောင့် ငါ့ကလက်မှာ ဝတ်ဆင်ထားတဲ့ လက်စွပ်ကို ချွတ်ပေးခဲ့ပြီးတော့.....'

သည်နေရာမှာ ကျန်စစ်သားမင်းကြီးက အကြောင်းစုံကို အကုန်ပြောပြသည်။ သမီးမွေးသော် သည်လက်စွပ်ကို ရောင်းချ၍ စားသောက်နေထိုင်ပါတော့။ သားမွေးလျှင် သည်လက်စွပ်ကို ယူပြီး ပုဂံရွှေနန်းတော်သို့ အရောက်လိုက်ခဲ့တော့။ သည့်နှယ် အမှာစကား ဆင့်ပြီး မိမိ ရွှေနန်းတော်သို့ ပြန်ခဲ့ရသည်။

ကျန်စစ်သားမင်းကြီးက သည်အဖြစ်သနစ်ကို အစုံအလင် ရှင်းပြသည်။ ထို့နောက်တော့.....အများ သိကြသည့်အတိုင်း ပြည်တွင်းရန်ကို ပယ်ရှင်းသည်။ ရန်စူးရန်ပြောင့်ကို နှတ်ပယ်ရသည်။ နိုင်ငံတော်အတွက် လုပ်ဆောင်ရန် အရေးအခင်းတွေက များပေစွ။ မိမိမှာ နိုင်ငံတော် ပြန်လည် တည်ထောင်ရေး လုပ်ငန်းအဝဝဖြင့် အချိန်ပြည့် တာဝန်ယူနေရသည်။ အဲသည်လို အချိန်မှာ ကျေးတောကဇနီးမယားထံ စိတ်သာ ရောက်ပြီး လူက မရောက်နိုင်။

ခုတော့.....

မိမိ၏ ငယ်ချစ်ဟောင်းသည် သားငယ်ကို လက်ဆွဲပြီး ရွှေနန်းတော်သို့ ဝင်ခဲ့ပြီ။ မိမိ တစ်ချိန်က မြတ်နိုးခဲ့ရသော သည်ဇနီးနှင့် သည်သားငယ်တို့ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်သို့ ရောက်ကြပြီ။ ချစ်ဇနီးနှင့်သားတော်တို့၏ သည်ခရီးသည် ကောင်းသောလာခြင်း ဖြစ်စေသတည်း..... ဖြစ်စေသတည်း။

သို့သော်.....

## ၃

ခုရှုပ်မှ နောင်ရှင်းချိမ့်မည်။

ပြောစရာ စကားကို သိထား ဖွက်ထား ခြွင်းထား ချန်ထားဖို့ မလို။ နောင်မှ ပြောလည်း သည်စကားပဲ။ ခုပြောလည်း သည်စကားပဲ။ အဲသည်တော့.....မင်းပရိသတ်တို့အကြား သို့လော.....သို့လော တွေးတောနေမည့် ပြဿနာကို မင်းကြီးက ချက်ချင်းပဲ ရှင်းသည်။

ဒါကတော့..... နန်းလျာ ပြဿနာ။

သိပြီးကြသည် မဟုတ်လား။ သမီးတော် တစ်ပင်တိုင် မင်းသမီးမှ မွေးခဲ့သော အလောင်းစည်သူ မင်းသားကလေးကို ကျန်စစ်သားမင်းကြီးက ရင်ခွင်ပိုက် နန်းတင်ခဲ့သည်။ ထိုစဉ်တုန်းကတော့ ခုနှယ် ကျေးတောက သားတော်ငယ်ကလေး ရောက်လာမည်ဟု လုံးဝ စိတ်ကူးမပေါ်။ တစ်ခါတုန်းက မျှော်လင့်ခဲ့သည်ဆိုစေ၊ ခုတော့ အခြေအနေမပေး။ သို့နှင့် နိုင်ငံရေး အခြေအနေ အရပ်ရပ်ကို ကြည့်သည်။ ပြီးတော့..... မြေးတော် မင်းသားပေါက်စနကို ရင်ခွင်ပိုက်၍ နန်းတင်လိုက်ခဲ့၏။

'ငါ့မြေးတော်၏ နန်းကို ငါစောင့်ပါသည်'

သမိုင်းဝင် မော်ကွန်းတင် စကားတစ်ရပ် အဲသလို မိန့်ချွေခဲ့သည်ကို အားလုံးပဲ မှတ်မိကြဦးမည် ထင်၏။

ခုတော့..... ကျေးတောနေ ဇနီးမယားသည် သားတော်ငယ်ကို လက်ဆွဲပြီး နန်းထဲသို့ ရဲရဲဝံ့ဝံ့ ဝင်ခဲ့ပါပကော။ သို့နှင့်..... ဇနီးသည်ကို မိဖုရား မြှောက်ရလိမ့်မည်။ ထိုက်တန်သော အရာကို ပေးရလိမ့်မည်။ ထိုက်သင့်သော အဆင့်မှာ တင်ရလိမ့်မည်။ ပြီးတော့..... သားတော်ကိုကော..... ။

ရွှေနန်းတော်၏ ထုံးတမ်းစဉ်လာ ပြုနေကျ လုပ်ငန်းအရ ရှင်ဘုရင့်သားသည် ရှင်ဘုရင် ဖြစ်ရလိမ့်မည်။ ခမည်းတော် မင်းတရား နတ်ရွာစံတော်မူလျှင်

www.burmeseclassic.com

www.burmeseclassic.com



သားတော်ကို မုချမသွေ ရွှေနန်းပေါ်သို့ တင်ရမည် မလွဲ။ ခုတော့..... ထိုသို့ မဟုတ်။ ကျန်စစ်သားမင်းကြီး နတ်ရွာစံလျှင် နန်းပလ္လင်ကို အလျင်ဦးစွာ သိမ်းမည့်သူက မြေးတော် 'အလောင်းစည်သူ'။

သည်နေရာမှာ မိမိ နတ်ရွာစံတော်မူပြီးလျှင် နန်းပလ္လင်လုပွဲ ဓားခွဲ လှံက် နက်ဆွဲပြီး ပေါ်လာမည်ကို မလိုလား။ 'မင်းတို့စကားမိုးကြိုးသွား' ဖြစ်မည်။ မိမိ နှုတ်မှ ထွက်ပြီးခဲ့သော စကားကို အတည်ပြုရချိမ့်မည်။ သို့နှင့်.....

'မှူးမတ်တို့..... ခုနေအခါမှာ ကျေးတောက သားနှင့်မယားရောက်လာလို့ ဝမ်းသာပီတိ ဖြစ်ပုံကို ပြောမကုန် ဖြစ်နေပြီ.....။ ဒါပေမယ့်..... သည်အချိန်မှာ ပြောစရာ စကားကို ပြော၍ ဆိုစရာ စကားကို ဆိုရမှာပဲ။ ဒါကတော့..... တစ်ချိန်က ငါ့စိတ်ရော ကိုယ်ပါ စီစဉ် တင်မြှောက်ခဲ့သော မြေးတော် အလောင်းစည်သူ မင်းသားငယ်အား နန်းပလ္လင် အပ်ခဲ့သည့် ကိစ္စ'

ကျန်စစ်သားမင်းကြီး၏ နှုတ်မှ မိန့်ဟသော စကားကို ကြားသော် မှူးမတ်တို့ မျက်လုံး ကျယ်သွားကြသည်။

နွေပူပူ နေပူပူမှာ ဥယျာဉ်အတွင်း၌ တိုက်ခတ်လာသော လေကလေး တဖြူးဖြူးနှင့်။ သည် တဒင်္ဂဝယ် ငိုက်၍ ကောင်းကောင်းနှင့် အိပ်ငိုက်နေသော မှူးမတ်များ မျက်လုံး ပွင့်သွားကြသည်။ မင်းပရိသတ်ကြီး လှုပ်ရှားသွားသည်။ အပျိုတော်များပင် ခေါင်းခါခါ လည်ခါခါနှင့် မင်းတရား၏ နှုတ်မှ ဆက်လက် ထွက်လာမည့် စကားကို နားထောင်နေသည်။

မင်းပရိသတ်အဖို့တော့ ထူးဆန်းနေသည်မှာ အမှန်.....။ ဘယ့်နှယ် မထူးဆန်းဘဲ နေမှာလဲ။ တစ်ချိန်က မြေးတော် အလောင်းစည်သူ မင်းသားငယ်ကို နန်းပလ္လင်အပ်ခဲ့သူမှာ ကျန်စစ်သားမင်းကြီးပဲ ဖြစ်သည်။ ခု..... ကျေးတောက သားငယ် တစ်ပါး ရောက်လာသောအခါ မင်းကြီးက အတိတ်ကို ပြန်ကောက်နေပြီ။ ထူးဆန်းထွေလာ ဘာတွေများ ကြားရမလဲ၊ စောင့်ကြည့်ကြရအောင်။

သို့သော်..... ကြားရသည့် စကားက ထူးလျက်နှင့် မဆန်းပါ။ ဆန်းလျက်နှင့် မထူးပါ။

'မှူးမတ်တို့၊ ငါ့မြေးတော် အလောင်းစည်သူ မင်းသားငယ်အား ရွှေနန်း ပလ္လင် အပ်ခဲ့ပြီးသည်ကို တိုင်းသိ ပြည်သိ အားလုံးအသိ၊ ငါ့မြေးတော်၏ နန်းကို ငါစောင့်ပါသည်လို့ ပြောခဲ့သည်ကိုလည်း အားလုံး ကြားသိပြီး ဖြစ်နေပြီ။ ခုအချိန် အခါမှာ ဆိုခဲ့စေ၊ မြဲစေ။ ထွက်ပြီးသော ဆင်စွယ်သည် ဝင်တယ်လို့ မရှိနိုင်'

www.burmeseclassic.com

www.burmeseclassic.com



‘မှူးမတ်တို့ တစ်ချိန်က ငါဆိုခဲ့သော ပြောခဲ့သော အမိန့်စကားကို ယခုထပ်မံလို့ အတည်ပြု၊ ပုဂံရွှေနန်းသည် ငါ့မြေးတော် အလောင်းစည်သူ မင်းသားအတွက်မှ လွဲ၍ အခြား ဆက်ခံမည့်သူ မရှိ။ သို့သော်..... ခုရောက်လာတဲ့ ငါ့သားတော့် အငယ်အတွက် ဘုရင်မင်းမြတ်တို့ သားတော်များ ခံစားခွင့် ခံစားထိုက်ရှိသော အဆောင်အယောင်များ အပြည့်အဝ ပေးစေရစေ၊ သားတော် အပိုင်စားခွင့် ရှိသော ကျေးရွာ ခရိုင်များကို သတ်မှတ် ခံစားစေ၊ ပြီးတော့ ငါ့သားတော်ကို သည်အချိန်မှ စ၍ ‘ရာဇကုမ္မာ’ ဘွဲ့မည် အပ်နှင်းစေ’

ကျန်စစ်သားမင်းကြီး၏ ပြတ်သားသော စကားကို မင်းပရိသတ်များ ကြားကြရပြီ။ ရဲရင့် ထင်ရှားစွာ အဆုံးအဖြတ် ပေးလိုက်သည့် မိန့်ခွန်းပဲ ဖြစ်သည်။ သားကား အဖျား၊ မြေးကား အရင်းလို့ ဆိုစကားတွင်စရာ။ သို့သော် တတ်နိုင်တော့၊ သည်နေရာမှာ သွေးရင်း သွေးဖျား မခွဲခြားဘဲ ဆိုခဲ့သော စကားကို ထပ်ဆိုရလိမ့်မည်။ ဆုံးဖြတ်ခဲ့သော လုပ်ရပ်ကို ထပ်မံ၍ အတည်ပြုရလိမ့်မည်။ ရှင်ဘုရင် ဖြစ်မှတော့ သည်လောက် အသည်းပျော့၍ မဖြစ်။ ပြဿနာဆို၍ လုံးဝ မရှိစေရ။ မဖြစ်စေရ။ မပေါ်စေရ။

စကားဆုံးသည်နှင့် ကျန်စစ်သားမင်းကြီးက နေရာမှ ထသည်။ မင်းကြီးသည် မျက်စိသူငယ်နှင့် ခေါင်းခါခါ လည်ခါခါ ဖြစ်နေသော သားတော် ရာဇကုမ္မာကို အလျင်ဦးစွာ လက်တွဲချီမသည်။ ပြီးတော့ မိဖုရား သမ္ဘူလကို လက်တစ်ဖက်ဖြင့် ဆွဲခေါ်သည်။

မိဖုရား သမ္ဘူလသည် မင်းကြီးကို ကျေနပ်အားရသော အကြည့်ဖြင့် မော့၍ကြည့်ရင်းနေရာမှ ထ၏။ မိဖုရား၏ မျက်နှာမှာ မျက်ရည်တို့ဖြင့် စိုနစ်လျက်။ သို့သော် သည်မျက်ရည်တွေက ဝမ်းနည်းသော မျက်ရည်မဟုတ်၊ ဝမ်းသာသော မျက်ရည်။ မကျေနပ်သော မျက်ရည် မဟုတ်၊ ကျေနပ်သော မျက်ရည်။ မိဖုရား၏ မျက်နှာမှာ လောဘရိပ်သွင်ကို မမြင်ရ။ မိမိနှင့် ဘုရင်မင်းမြတ်တို့၏ ရင်မှ ဖြစ်သည့် တစ်ဦးတည်းသော သားတော်ကို နန်းမွေမပေး၍ ဘာမှ ထူးခြား တုန်လှုပ်ဟန် မပြ။

အို..... တကယ်တော့ အချိန်ကြာမြင့်စွာ ခွဲခွာနေခဲ့ရသော ချစ်မောင်ကြီးနှင့် အတူတကွ စံမြန်းနေရမှတော့ တခြား ဘာများ လိုပါသေးလို့လဲ..... ။

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒမူလိုဏ်ဂူနှင့် အာနန္ဒာစေတီ

၁

သို့ဖြင့်.....

ပုဂံနိုင်ငံတော်၏ အနေအထားသည် ပုံမှန် အနေအထားသို့ ရောက်လာပြီ။ နိုင်ငံတော်ကို လှည့်လည်လို့ကြည့်။ အကဲဖြတ်လို့ကြည့်။ နိုင်ငံရေး၊ ဘာသာရေး လူမှုရေး အခြေအနေများ တိုးတက်လာသည်။ လမ်းပန်းဆက်သွယ်ရေး ကိစ္စများလည်း တစ်စ တစ်စ အဆင်ပြေလာပြီ။ ရေလမ်းက သွားမလား၊ ကြည်းကြောင်းက ချီမလား။ ပုဂံနိုင်ငံတော် တစ်နံတစ်လျားမှာ ဘေးဘယာကင်းဝေးလျက် ငြိမ်းချမ်းရေး ရနေပါပြီ။

အဲသည်တော့လည်း ခရီးအသွားအလာတွေ များလာ၏။ အကြေက အညာကို တက်။ အညာက အကြေကို စုန်ဖြင့် သွားချည် လာလှည့် ဖြစ်နေကြ၏။ ပဲခူးစားနှင့် စစ်ဖြစ်စဉ်က အကြေသို့ စုန်ဆင်းပြေးကြသူတွေ အညာသို့ ဆန်တက်လာကြသူတွေ နေရပ်ဌာန အသီးသီးသို့ ပြန်ကြပြီ။

ပုဂံနိုင်ငံတော်၏ သာသနာပိုင် ဆရာတော် ရှင်အရဟံ မထေရ်မြတ်က ကျန်စစ်သားမင်းကြီးထံ ကြွလာသည်။ မထေရ်မြတ်က ထူးခြားသော စကားတစ်ခွန်းကို ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါယကာ မင်းမြတ်၊ နတ်ရှာစံ အနော်ရထာဘုရင်လက်ထက်က တည်ထားခဲ့သော ရွှေစည်းခုံ စေတီတော်မြတ်ကို ခုလိုပဲ ဆက်ထားမလား။ ဆက်လက် ပြုပြင် တည်ဆောက်ရန် အကြံအစည်များ မရှိပေဘူးလား။ သည်စေတီတော်ကြီးကို ဒါယကာ မင်းမြတ်မှ အပြီးမသတ်နိုင်လျှင် သည့်ပြင်လူ ဘယ်သူများ **တာဝန်ယူ စာည်ပြုနိုင်မှာတဲ့လဲ'**

**ဟုဓာတ်**ပေသားပဲ။ မှန်ပေသားပဲ။ မထေရ်မြတ် သတိပေးတော့မှ မင်းကြီးသည် ရွှေစည်းခုံ စေတီတော်ဘက်သို့ အာရုံလှည့်နိုင်သည်။ ခမည်းတော် အနော်ရထာ မင်းတရားမှာ သည်စေတီတော်ကြီးကို တည်ထားလို့ လက်စသပ်နေဆဲမှာ နတ်ရှာစံတော်မူသွားခဲ့၏။

ပြည်တွင်းစစ် ကာလတုန်းက ပဲခူးစား၏ သူပုန်တပ်များသည် ရွှေစည်းခုံ စေတီပတ်ဝန်းကျင်မှာ တပ်စွဲခဲ့သည်။ သူပုန်တပ်သားတွေ တပ်စွဲခဲ့စဉ်က စေတီဝန်းကျင် တစ်ခွင်တွင် ပြိုသည့် နေရာပြို၊ ပျက်သည့် နေရာပျက်၊ အဖျက်အဆီးခံရသည်လည်း ရှိခဲ့သည်။ စစ်ဒဏ်ခံခဲ့ရသော သည်စေတီကြီးမှာ ခုနေအခါ မြင်လို့ မကောင်း ရှုလို့ မကောင်း။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ စေတီပျက်ကြီးကို ကြည့်၍ စိတ်ထဲမှာ မချို။ ရင်ထဲမှာ မချိနိုင်ကြပြီ။ ခုတော့ ရွှေစည်းခုံ စေတီတော်ကြီး အပြီးသတ်ပြုပြင် တည်ဆောက်ရေး တာဝန်မှာ မိမိ ပခုံးပေါ်သို့ ရောက်ခဲ့ပြီ။

ကျန်စစ်သားမင်းကြီးသည် ရွှေစည်းခုံ စေတီတော်ကြီး ပြန်လည် တည်ဆောက်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်ပါတော့သည်။ သည်တာဝန်ကို ထမ်းဆောင်ရာတွင် ပြည်သူတို့နှင့် အတူတကွ လက်တွဲဆောင်ရွက်မည်။ မင်းနှင့် ပြည်သူတို့ ကြည်ဖြူစွာ လက်တွဲပြီး ရွှေစည်းခုံရှင် စေတီမြတ်ကို အပြီးသတ် ပြုပြင် မွမ်းမံသည်။ သို့သော်..... 'သူကြီးဘုရား ရွာသားကောင်းမှု' မဖြစ်စေရ။ 'ပြည်သူတစ်လက် မင်းတစ်လက်' အုတ်ခဲရွက် ကျောက်သယ်ပြီး ပျော်ပျော်ကြီး ကုသိုလ်ယူကြရအောင်။

သို့နှင့် မင်းကြီးက ဤသို့ စီစဉ်ပါပြီ။

ထုရှင်းတောင်မှ ကျောက်များကို အလျားသုံးထွာ အနံတစ်ထွာ ရွှေခြမ်းစေ၏။ ပြီးတော့..... ထို ကျောက်ခြမ်းတွေကို ရွှေစည်းခုံ စေတီကုန်းသို့ သယ်ယူ[illegible]ည်။ အဲသည်လို သယ်ပေမယ့် ယာဉ်ရထားဖြင့် သယ်သည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေ စစ်သည်ရဲ့မက်တွေကို ကျောက်သယ်လုပ်ငန်းမှာ တစ်ယောက်တစ် လက် လုပ်အား လှူစေသည်။ သည်လုပ်ငန်းကို အရပ်အနား မရှိစေရ။ နေ့ရော ညဉ့်ပါ အရပ်အနား မရှိဘဲ အလှည့်ကျ သယ်ပိုးပေးကြ၊ ခမည်းတော် အနော်ရထာ မင်းတရား၏ ကုသိုလ်တော် စေတီကြီး အပြီးသတ်ဖို့ တစ်ယောက် တစ်လက် စေတနာလုပ်အား ပေးလှူကြ။

ကျန်စစ်သားမင်းကြီး၏ စည်းရုံးလှုံ့ဆော်မှုက အောင်မြင်ပါ၏။ ပြည်သူ တွေက ပျော်ပျော်ရွှင်ရွှင်။ မင်းမှုထမ်းတွေက အားတက်သရော။ စစ်သည် ရဲမက် တို့က ကြိုးကြိုးပမ်းပမ်း၊ ကျောက်ခြမ်း သယ်ပိုကြသည်။ သို့နှယ်..... အများပြည် သူတို့ စုပေါင်းပြီး ကောင်းကောင်းကြီး လုပ်အားပေးလှူကြသည်ကို မြင်ရသည်မှာ အားရစရာ ကောင်းပါဘိ။

သို့နှယ်..... တစ်ယောက်တစ်လက် လုပ်အားအလှူဆက်ကြတော့ အချိ အနည်းငယ် အတွင်းမှာပင် ရွှေစည်းခုံ စေတီတော်ကြီးကို အပြီးသတ် တည်ဆောက် နိုင်ခဲ့လေသည်။ စေတီတော်ကြီးကို ပြုပြင်မွမ်းမံ တည်ဆောက်၍ ပြီးပါပြီ။ သို့ သော်..... ကျန်စစ်သားမင်းကြီး၏ ရင်ထဲမှာ သည်အလှူအတွက် အားရခြင်း မရှိ ကျေနပ်ခြင်း မရှိ။ ရောင့်ရဲခြင်း မရှိသေး။ ခမည်းတော် မင်းတရား၏ စေတီတော ကိုတော့ မွမ်းမံပြီးခဲ့ပြီ။ မိမိကိုယ်တိုင် သီးခြားစေတီတော်ကြီး တစ်ဆူကို တည်ထား ကိုးကွယ်ရသော် မကောင်းပါလား။ သည်စေတီကို ခုလိုပဲ ပြည်သူ တစ်ယော မင်းတစ်လက်ဖြင့် လက်ယှက် တည်ဆောက်ရသော် မသင့်ပါလား။

ကျန်စစ်သားမင်းကြီးသည် မိမိ ရင်၌ ဖြစ်ပေါ်လာသော ဆန္ဒကို အထော အထည် ဖော်ဖို့ ဝန်ကြီး မှူးမတ်တို့နှင့် တိုင်ပင်သည်။ ဆရာတော် သံဃာတော များနှင့် ညှိနှိုင်းသည်။ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ စသော အနုပညာရှင် ဆောက်လု ရေး ပါရဂူများနှင့် ဆွေးနွေးသည်။ အဘက်ဘက်က တိုင်ပင်ဆွေးနွေးလို့ ပြီ လား။ ပြီးပြီ..... ။

သည်တော့မှ မင်းကြီးက ဆုံးဖြတ်ချက် တစ်ရပ်ကို ခိုင်မာစွာ ချမှ လေသည်။

'ဗုဒ္ဓသာသနာ အဓွန့်ရှည်စွာ တည်တံ့စေဖို့ ခံ့ထည်ဆန်းကြယ်သေ စေတီတော်မြတ် တစ်ဆူကို တည်ထားကိုးကွယ်မည်။ ထိုစေတီသည် ဘာသာ မော်ကွန်းမှတ်တိုင်အဖြစ် သမိုင်းမှာ ကျန်ရစ်စေမည်.....'

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် စကားလက်တံ ရှည်ရှည်ကလေး တင်ပြဖို့ လိုလာသည်။ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်မည့် စေတီတော်နှင့် ပတ်သက်သော အဆန်းတကြယ် မှတ်တမ်းအသွယ်သွယ်ကို သမိုင်းမော်ကွန်း အစောင်စောင်က ဖော်ပြခဲ့ကြပေသည်။

သည်တော့..... စိတ်ဝင်စားဖွယ် ကောင်းသော အဲသည့် မှတ်တမ်း အချို့ကို အနည်းငယ် ဖွေလှစ်ကြည့်ကြရအောင်..... ။

'ကျန်စစ်သား မင်းကြီးသည် ကကုသန်.....၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ တည်းဟူသော ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသည့် ဘုရားရှင်တို့အား ရည်စူး၍ စေတီတော် တစ်ဆူတည်ရန် ဆန္ဒ ဖြစ်ပေါ်သည်'

'သည်စေတီကို ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူခဲ့ပြီးသော ဘုရားလေးဆူ၏ မတ်တတ်ရပ် ဆင်းတုတော်ကြီးများကို ထွင်းထု ပူဇော်မည်။ ထို ဆင်းတုတော်များကို ဂေါတမ၏ အရပ်တော် တစ်ဆယ့်ရှစ်တောင်၊ အမြင့်ဆောင်၍ ထုလုပ်ပြီး စေတီ မုခ်လေးမုခ်တွင် ထားရှိ ပူဇော်ခံမည်'

'ကျန်စစ်သားမင်းကြီး ထိုသို့ အကြံဖြစ်ပေါ်စဉ် ရွှေနန်းတော်သို့ ဟိမဝန္တာတော ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ရဟန္တာ ရှစ်ပါး ဆွမ်းရပ် အလှူခံ ကြွလာသည်'

'ကျန်စစ်သားမင်းကြီးသည် ရဟန္တာ အရှင်မြတ် ရှစ်ပါးကို ကြည်ညိုလွန်းလှ၍ နန်းတော်တွင်း၌ ဝါဆိုကျောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်း၍ ဝါတွင်း သုံးလပတ်လုံး ဆွမ်းလုပ်ကျွေးခဲ့၏'

'တစ်နေ့သော်..... ကျန်စစ်သားမင်းကြီးသည် ရဟန္တာ အရှင်မြတ်တို့အား ဤသို့ တောင်းပန်ခဲ့လေသည်။ (အရှင်ဘုရားတို့ သီတင်းသုံးခဲ့သော နန္ဒမူလိုဏ်ဂူ၏ ပုံတော်ကို တပည့်တော် ကြည်ညိုခွင့်ရအောင် ဖန်ဆင်း ပြတော်မူပါ ဘုရား)'

'ရဟန္တာအရှင်မြတ်တို့သည် ကျန်စစ်သားမင်းကြီး ကြည်ညိုနိုင်ဖို့ နန္ဒမူလိုဏ်ကို ဖန်ဆင်းပြလေသည်။ ကျန်စစ်သားမင်းကြီးသည် ရဟန္တာ အရှင်မြတ်တို့၏ နန္ဒမူလိုဏ်ကို များစွာ ကြည်ညိုသဒ္ဓါပွားခဲ့၏။ သို့နှင့် မိမိစိတ်တွင် ဖြစ်ပေါ်နေသော စေတီတော်ကို ဟိမဝန္တာတော နန္ဒမူလိုဏ် ပုံသဏ္ဌာန်အတိုင်း တည်ထားရန် ဆုံးဖြတ်ခဲ့သည်'

www.burmeseclassic.com

www.burmeseclassic.com



> ကျန်စစ်သားမင်းကြီးသည် နန္ဒမူလိုဏ်ဂူ ပုံသဏ္ဌာန်ကို ဗိသုကာပညာကျော်တို့အား ပြောပြ၍ ထိုဂူအတိုင်း ပုံတူ ရေးဆွဲစေသည်။ နောင်သော် ထို နန္ဒမူလိုဏ်ဂူကို စံနမူနာ ယူ၍ တည်ထားကိုးကွယ်သော..... စေတီတော်မှာ 'အာနန္ဒာစေတီ'ဟု မော်ကွန်းတင် ကျန်ခဲ့သည်"[၁]

သို့သော် အချို့သော သမိုင်းပညာရှင်တို့ကမူ အထက်ပါ မော်ကွန်းမှတ်တမ်းကို သဘောမတူနိုင်ကြချေ..... ။ သူတို့က 'အာနန္ဒာစေတီ' ကို ဤသို့ အနက်အဓိပ္ပာယ် ဖွင့်ကြလေသည်။

> 'ဗုဒ္ဓဂေါတမ အပါအဝင် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့သည် အနန္တတန်ခိုးရှင်၊ အနန္တပါရမီရှင်၊ အနန္တပညာရှင်များ ဖြစ်ကြသည်။ ခန့်မှန်း တွက်ဆ၍ မရသော တန်ခိုးရှင်၊ ပါရမီရှင်၊ ပညာရှင်၊ ဘုရား ကိုယ်တော် မြတ်တို့ကို ရည်စူး၍ တည်ထားအပ်သော ထိုစေတီကို အနန္တ စေတီဟု ကျန်စစ်သားမင်းကြီးက အမည်နာမ သတ်မှတ် ပူဇော်ခဲ့သည်။ သို့နှင့် နှစ်ကြာသော် အနန္တစေတီသည် အာနန္ဒာစေတီဟု ဖြစ်ပေါ်လာခဲ့သည်'

ဒါတွေကတော့ သမိုင်းအစောင်စောင်နှင့် ပညာရှင် အသီးသီးတို့က အာနန္ဒာစေတီ၏ ဘွဲ့နာမနှင့် ပတ်သက်၍ ဖွင့်ဆိုချက်များ ဖြစ်သည်။ သို့သော်—သည်နေရာမှာ အဆိုအမိန့် မူကွဲတွေကို အကျယ်သိဖို့ အငြင်းပွားနေဖွယ် မရှိ။ တကယ်သိဖို့ လိုအပ်သည်က ကျန်စစ်သားမင်းကြီးသည် ထိုစေတီတော်မြတ်ကို အဘယ်မှ အဘယ်နည်း အဘယ်သို့သော အနုပညာ ပုံစံဖြင့် ဖန်တီး တည်ထားကိုးကွယ်ခဲ့ပါသနည်း။

## ၂

'အာနန္ဒာစေတီတော်သည့် အနည်းဆုံး သာသနာ အနှစ် ငါးထောင် တည်စေသတည်း'

ဒါကတော့ ကျန်စစ်သားမင်းကြီး၏ ရည်ရွယ်ချက် ဖြစ်သည်။ ထို့ကြောင့်ပင် စေတီတော်ကို မြစ်ရေလျှံတက်မည့် ဘေးမှ ကင်းဝေးအောင် ကြိုးပမ်းရ၏။

---

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၄) မှ ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဧရာဝတီ မြစ်ဆိပ်ကမ်းမှ ကွာလှမ်းသော နေရာကို ရွေးသည်။ ယခုအာနန္ဒာစေတီ တည်ရှိရာ ပုဂံမြို့သရပါ တံခါး၏ အပြင်ဘက်တွင် စေတီတော်ကို တည်ထားခဲ့၏။

သို့နှင့်လည်း မင်းကြီးသည် မြစ်ရေ ဘေးဒဏ်ကို စိတ်မချသေး။ ကြည့်လေ၊ နောင်အခါ မြစ်ရေတိုးခဲ့သော် စေတီတော် မပြိုလဲစေရ။ မြစ်ရေဒဏ်ကို ခံနိုင်အောင် မြေကို အစောက်တံတောင် ၆၀ အနက် ရေထွက်သည်အထိ တူးစေသည်။ ရေမှ တံတောင် ၃၀ အထိကား နဂါးရစ်ကျောက်များ တည်ခင်းထားသည်။ ထိုကျောက်များ၏ အထက်တွင်မှ တံတောင် ၃၀ ရှိ ဥမင်တိုက်ကို တည်ဆောက်လေသည်။

ကျန်စစ်သားမင်းကြီးသည် အာနန္ဒာစေတီ တည်ဆောက်ရန် ကျွမ်းကျင်သော ဗိသုကာ လေးရာကို ရွေးသည်။ ထို ဗိသုကာ လေးရာသည် လုပ်သားလေးသောင်းကို ဦးစီးရသည်။ ထို ဗိသုကာနှင့် လုပ်သားလေးသောင်းတို့အတွက် စေတီတော် တည်ဆောက်ရေး လုပ်အားခမှာ ရွှေစင် လေးသိန်း ဖြစ်သည်။

အာနန္ဒာစေတီတော်၏ ဌာပနာတိုက်အတွင်း၌ ဂေါတမ ဗုဒ္ဓ ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာသည်။ ယင်းတို့မှာ ဗုဒ္ဓ၏ လက်သန်းတော် ဓာတ်တော် တစ်ဆူ၊ လည်ပင်းရိုး ဓာတ်တော် တစ်ဆူ၊ ဦးခေါင်းရိုး ဓာတ်တော် တစ်ဆူ၊ ပါးရိုး ဓာတ်တော် တစ်ဆူ၊ ဆံတော် ဓာတ်တော် တစ်ဆူ ပါဝင်၏။ ဂေါတမ ဗုဒ္ဓ၏ သင်းပိုင်တော် တစ်ဆူကိုလည်း တစ်ပါတည်း ဌာပနာခဲ့သည်။

ဖော်ပြပါ ဓာတ်တော်များကို ပဲနောက်အဆင်းရှိ ကျောက်ခွက်တွင် ထည့်၏။ ပြီးတော့ ရွှေစင် သုံးသိန်းဖြင့် သွန်းထုသော ဓာတ်တော်ကြုတ်တွင် ထည့်ပိတ်၍ ဌာပနာခဲ့ပေသည်။

ဌာပနာတိုက် အဆင်အယင်သည်ပင် ဆန်းကြယ်လှပါပေ၏။

ဌာပနာတိုက်အတွင်း၌ ကြေးဆင်းတု တစ်ဆူ ရှိသည်။ ထိုကြေးဆင်းတုတော်၏ အထက်တွင် ရွှေစင်ဖြင့် သွန်းထုသော အရုပ်များကို စီစီရီရီ ထားရှိသည်။ သည်အရုပ်များမှာ ကျန်စစ်သားမင်းကြီး၏ ခေတ်ကို ပြောပြနေကြသည်။ ကြည့်ပါ။

အရုပ်များတွင် ပဲခူးစား ငရမန်ကို မဆိုး ဇေဥ္စက လေးမြားဖြင့် ပစ်နေပုံ၊ ငရမန် လဲကျ သေဆုံးနေပုံ၊ ကျန်စစ်သားမင်းကြီးကို သိကြားမင်းက ဘုရားတည်ဖို့ မြေနေရာ ရွေးပေးနေပုံ စသည်ဖြင့်..... ။

www.burmeseclassic.com

www.burmeseclassic.com



ဌာပနာတိုက်တွင် ဗုဒ္ဓဝင် ပုံတော်များကိုလည်း ဆင်ယင်ထားရှိခဲ့ပါသေး၏။ နောင်းလူတို့ ဂေါတမ ဘုရားရှင်၏ ပါရမီ အစဉ်အဆက်ကို သိပါစေ၊ ကြားပါစေ၊ မှတ်ပါစေ၊ နားလည်ပါစေ။ သည့်လို စေတနာဖြင့် ကျန်စစ်သားမင်းကြီးက ယင်းရုပ်တုများကို ထားရှိခဲ့ကြောင်း ယုံမှား သံသယ ရှိရန် မလိုပြီ။

သို့ဖြင့် သိဒ္ဓတ္ထမင်းသား တောထွက်၍ ဆံတော် ပယ်ပုံမှ စပြီး ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံသည်အထိ ဓမ္မမော်ကွန်းများကို အရုပ်များဖြင့် မှတ်တမ်းတင်လေသည်။

မင်းကြီးသည် ဘုရား ဒါယကာ၏ ရုပ်ပုံကို နောင်းလူတို့ လေ့လာနိုင်ရန် ထားရှိခဲ့ဖို့ မမေ့ချေ။ ထို့ကြောင့် ရှင်အရဟံ၏ ဆင်းတုတော်နှင့် ယင်းဆင်းတုတော်အား လက်အုပ်ချီ၍ ကန်တော့နေသော ကျန်စစ်သားမင်းကြီး၏ ရွှေဆင်းတုရုပ်ပုံများကို ထုလုပ်ပြီး ဌာပနာတိုက်မှာ ထားရှိခဲ့သည်။ ထို့ပြင်..... ဟိမဝန္တာတောတောင်မှ ကြွလာသော ရဟန္တာ ရှစ်ပါးနှင့် ရှင်အရဟံ မထေရ်မြတ်တို့တွေ့ဆုံ၍ အာနန္ဒာစေတီ တည်ထားရန် တိုင်ပင်ကြပုံများလည်း သွန်းထုထားသေးသည်။

ဗုဒ္ဓဂေါတမ ဟောကြားတော်မူသော တရားတော်များသည် နောင် နှစ်ပေါင်းများစွာ ကြာသော် မှုကွဲများ ဖြစ်ပေါ်လိမ့်မည်။ ထိုအခါ ကျမ်းဂန်များနှင့် ညှိနှိုင်းရသော် မကောင်းပေဘူးလား။ မင်းကြီးသည် ယင်းသို့ တွေးတောမိဟန် ရှိသည်။ သို့တွေးမိသည်နှင့်အညီ ဌာပနာတိုက်တွင် ပိဋကတ်တော်များ ကျမ်းဂန် ဓမ္မသတ်များကို ရှာဖွေစုဆောင်းပြီး ထားရှိခဲ့သည်။ ထို့ပြင် ရွှေမိကျောင်း ရုပ်တုတွင် ချိတ်သွယ်ထားသော ကြိုးတန်း၊ ဂေါတမ ဘုရားရှင်အား ရည်မှန်းလှူဒါန်းသော ရွှေစင်တုံးနှင့် ငွေစင်တုံး ရှစ်ဆယ့်ရှစ်တုံးကိုလည်း သွယ်တန်းထားခဲ့သည်။

ကောင်းပါပြီ။ အာနန္ဒာစေတီကို တည်ထားပြီးပြီ ဆိုပါစို့။ သည်စေတီတော်ကြီးကို ဘယ်သူတွေ ပူဇော်ကြမှာပါလဲ။ လူ နတ်ဗြဟ္မာ သတ္တဝါ သုံးဦးစလုံးဦးတိုက် ပူဇော်ကြပါလိမ့်မည်။ ထိုသို့ လူ နတ်ဗြဟ္မာတို့ ဝမ်းသာကြည်နူးကြ၍ လက်ပန်းပေါက်ခတ်ကြဟန်၊ ပန်းပေါက်ပေါက်ဖြင့် ပူဇော်ကြဟန်၊ ဇေတဝန်ကျောင်းတော်၌ ဂေါတမ ဘုရား ကိုယ်တော်မြတ်အားအရှင်အာနန္ဒာ မထေရ်က ဒန်ပူကပ်လှူဟန်၊ ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် ဓာတ်တော်များ ဝေငှဟန်များကိုလည်း ရွှေစင်ရုပ်များ ထုပြီး ဌာပနာတိုက်တွင် ထားရှိခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်စစ်သားမင်းကြီးသည် ကိုယ်တော်တိုင်က သူရဲကောင်း စင်စစ် ဖြစ်၏။ ယောကျ်ား ပီသသော စိတ်ဓာတ်၊ ရဲရင့်သော အပြုအမူနှင့်တစ်ပါးသူတို့ မယှဉ်နိုင်သော သတ္တိစွမ်းပကားရှင်လည်း ဖြစ်သည်။ သို့နှင့် ကျွန်စစ်သားမင်းကြီးသည် မိမိကဲ့သို့ ရဲရင့်သော ယောကျ်ားများ ထွက်ပေါ်ရေးကို အားပေးချင်သည်။ စည်းရုံး လှုံ့ဆော်ချင်သည်။ ထိုဆန္ဒကို အကောင်အထည်ဖော်ရန် အကြံရပြီ။

သို့နှင့် အတိတ်ကာလက ပုဂံနိုင်ငံတော်၌ ပေါ်ထွန်းခဲ့သော ပြူစောထီး ဆိုသည့် သူရဲကောင်း တစ်ဦးနှင့် သူ့လုပ်ရပ်များကို မင်းကြီးက မော်ကွန်းတင်လိုသည်။ ပြူစောထီးသည် ငှက်ကြီး ဝက်ကြီး ရှူးပျံစသော တိုင်းပြည် အန္တရာယ်ကို ပယ်ရှင်းပုံများလည်း ရွှေစင်ရုပ်ထု၍ ထားခဲ့လေသည်။

ရွှေစင်များစွာတို့ဖြင့် သွန်းအပ်ကာ ထွင်းတုထားသော ဤရုပ်ထုများကား အဖိုးများစွာ တန်ပါဘိ၏။ သည်လို တန်ဖိုးကြီးသော အနုပညာ လက်ရာကို မသမာသူတို့ မဖျက်ဆီးနိုင်စေဖို့ ကျွန်စစ်သားမင်းကြီးက အစောင့်အရှောက် ထားပေးခဲ့လေသည်။

အာနန္ဒာစေတီတော်ကြီး၏ ဌာပနာတိုက်ကို စောင့်ကြပ်ဖို့ အစောင့်အကြပ်တွေ ထားသည် ဆိုတော့ ဘယ်လိုပါလိမ့်။ နှစ်များစွာ ရှည်ကြာအောင် စောင့်ရှောက်နေကြမည့် သူတွေက ဘယ်သူတွေပါလိမ့်။ ဘယ်သို့သော..... အစီအမံတွေ ဆောင်ရွက် စီမံခဲ့ပါလိမ့်။

ဌာပနာတိုက် တံခါး၏ အထက်တွင် ခြင်္သေ့ရုပ်၊ ကျားရဲရုပ်၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ ခွေးရုပ်၊ ရွဲရဲရုပ်၊ ပွဲရုပ် စသော သားရဲကောင် အရုပ်များကို ထုလုပ်ထားရှိသည်။ တစ်နေ့သောအခါတွင် သည်ဌာပနာတိုက်ကို ဖောက်ထုတ်ယူငင်သူများ ရှိပြီ ဆိုပါစို့။ သို့နှယ် ထွင်းထုထားသော သားရဲကောင်တို့သည် ချက်ချင်းပဲ အသက်ဝင်လာကြမည်။ ပြီးတော့ စေတီတော် ဌာပနာတိုက်ကို ဖောက်ထွင်းသူ လူယုတ်မာတို့အား သားရဲကောင်များက ကိုက်သတ်ကြလိမ့်မည်ဟု အဆိုရှိလေသည်။

ဌာပနာတိုက်အတွင်းရှိ အစီအမံများကိုတော့ သိကြရပြီ။ ကျွန်သေသည်က ဌာပနာတိုက်ကို မည်သို့ ဖုံးပိတ် ထားသလဲ။ ဌာပနာတိုက်တံခါးကို မည်သို့တပ်ဆင်ထားသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဥာပနာတိုက်ကြီး၏ တံခါးမှာ အဖိုးအတိုင်းမထိ ထိုက်တန်လေသည်။ တံခါးရွက်၌ပင် ရွှေဆင်းတုဘုရား၊ ငွေဆင်းတုဘုရား၊ ပဉ္စလောဟာ ဘုရားများကို ခွင်းထု ပူဇော်ထား၏။ အလွန်လည်း လေးလံလှသော၊ အလွန်လည်း များပြား လှစွာသော သည်ဘုရားဆင်းတုတော်များ ပါဝင်သည့် တံခါးကို သယ်ချီ မ, နိုင်မှသာ ဥာပနာတိုက် တံခါးသည် ပွင့်လိမ့်မည်။ သို့သော် တံခါးတစ်ချပ် ပွင့်ပြီ ဆိုလျှင် အခြား တံခါး သုံးချပ်စလုံး ပွင့်အောင် အလိုအလျောက် စက်ခလုတ် ကိုလည်း တပ်ဆင်ထားလေသည်။

အဲသည်တော့ သိချင်သူတို့ မေးကြသည်။ ဥာပနာတိုက်ကို ထိုမျှ လုံခြုံ အောင်၊ ထိုမျှ ခိုင်ခံ့အောင် တည်ဆောက်ထားသည်ကို သိပါပြီ။ သည်လို တည် ဆောက်ရအောင် ဥာပနာတိုက်အတွင်းက ရတနာ ပစ္စည်းတွေက ဘယ်လောက် များ တန်ဖိုး ကြီးမားပါလို့လဲ။

သိရပါမည်။ ဖြေပြပါမည်။ ဥာပနာတိုက်အတွင်း၌ သိုမှီးမြှုပ်နှံထားသော ချပ်လုံး ရုပ်ကြွ ရုပ်ပွားတော်များ၏ တန်ဖိုးသည် ရွှေစင်သုံးကုဋေနှင့် ခြောက်သန်း တန်သည်။ ဤသို့ သမိုင်းစာ မော်ကွန်းစာများက ဖော်ပြသည်။

ဒါ့ကြောင့ ကျန်စစ်သားမင်းကြီး အလှူတော်မျှသာ ရှိသေးသည်။ 'တို့ရှင်ဘုရင် က တန်ဖိုးအတိုင်းမသိ ကြီးမားတဲ့ ဥာပနာတိုက်ကို တည်ဆောက် လှူဒါန်းပြီးပြီ။ တို့ပုဂံပြည်သူတွေက တစ်ယောက်တစ်လက် အလှူတော် ဆက်ကြဦးမှာပေါ့'

သည့်နှယ် သဘောပေါက်သူ၊ သည့်နှယ် အတွေးရှိသူ ပုဂံပြည်သူ ပြည်သား တို့ကလည်း မိမိတို့ စေတနာအလျောက် အလှူပါဝင်ကြသည်။ ဥာပနာတိုက်၏ ဆင်းတုတော် ရုပ်ပွားတော်များကို ကြည်ညိုသဒ္ဓါပွားဖို့ ရောက်လာသော ပုဂံသူ ပုဂံသားတွေကို ကြည့်။ တချို့က လက်စွပ်၊ တချို့က လက်ကောက်၊ တချို့က ဘယက်၊ တချို့က နားဋောင်း စသည်ဖြင့် မိမိတို့ ကိုယ်မှာ ဝတ်ဆင်ခဲ့သော ရတနာ အစုစုကို ဥာပနာတိုက်တွင်းသို့ လှူဒါန်းခဲ့ကြ၏။ သည်လို လှူဒါန်းရာမှာ နမြောတွန့်တိုဟန် လုံးဝမပြ။ သူဌေးလည်း သူဌေးအလိုက်၊ သူကြွယ်လည်း သူကြွယ် အလိုက်။ လယ်သမား ယာသမား၊ ပြည်သူပြည်သား လူလတ်တန်းစားတို့ လည်း ကိုယ့်အထွာနှင့်ကိုယ် စေတနာပြုကာ လှူဒါန်းကြပေသည်။ ပဉ္စင်းစွအဆုံး နှဆိုးမ အဘွားအိုပင် ကြည့်တော့၊ တို့ဘုရင်နှင့်အတူ နိဗ္ဗာန်သုကို ပန်ရင်း

www.burmeseclassic.com



မချွင်းမချန် လှူဒါန်းလိုက်မည်ဟု စေတနာ သဒ္ဓါမိုး ရွာခဲ့ကြသည်။ သာဓု အနုမောဒနာ ပြုဖို့ကောင်းပေစွ။

ဒါတွေကတော့ မြေအောက် ဌာပနာတိုက်မှ အဆင်အယင် အလှူအတန်းတွေပါပဲ။ မြေအောက် ဌာပနာတိုက်၏ အပြင်ဘက် အထက် ဌာပနာတိုက်ကိုလည်း ကြည့်ကြဦးစို့။ အထက်ဌာပနာတိုက်တွင် ရွှေစင် သုံးကုဋေ ခြောက်သန်း ဌာပနာ ပစ္စည်း အသွယ်သွယ်ကို တကယ်ပဲ လှူဒါန်းခဲ့ကြသေးသည်။

သည် ဌာပနာခန်း၌ ရွှေလှေတော်ကြီး ရုပ်တု၊ ရှင်ဘုရင် ရုပ်တု၊ ဘုရင်မင်းမြတ်တို့ အသုံးအဆောင်များလည်း ပါသည်။ စောင်းညှင်းပတ်သာ တူရိယာများကို တီးသူ မှုတ်သူ ကသူ ခုန်သူများ၏ ရုပ်တုများပါ ရွှေစင်အတိဖြင့် ထုလုပ်ထားရှိ၏။ သည်အချိန်က ဘိုးလောင်းတော် ဘေးလောင်းတော်တို့ အဆက်ဆက်မှ ကျန်ရှိခဲ့သော ဓာတ်တော်မွေတော်များ ရှိနေသည်။ အဖိုးတန် ရတနာ ကျောက်သံ ပတ္တမြားတွေလည်း မနည်းလှ။ သည် ဓာတ်တော် မွေတော်များနှင့် ရတနာတွေကို အထက် ဌာပနာတိုက်တွင် စီရင် လှူဒါန်းရ၏။ ပြီးတော့..... ရှိပါသေး၏။ တစ်ရာ့တစ်ပါးသော တိုင်းနိုင်ငံတို့မှ ဆက်သလာသော အဖိုးတန် ရတနာတွေ ကျောက်သံ ပတ္တမြားတွေ စသည်ဖြင့်၊ ဒါတွေကိုလည်း မမက်မော။ ဗုဒ္ဓဂေါတမမြတ်စွာဘုရားအား ရည်စူး၍ စေတနာ သုံးတန် ပြဋ္ဌာန်းပြီး ရွှင်ရွှင် လန်းလန်းကြီး လှူလိုက်ပါသေးသည်။

## ၃

အထက်တွင် ဖော်ပြခဲ့သည်တို့မှာ အာနန္ဒာစေတီတော်၏ ဌာပနာတိုက်နှင့် ပတ်သက်၍ ကျန်စစ်သားမင်းကြီး အဆောင်အရွက် အစီအမံတို့ ဖြစ်သည်။

ဌာပနာတိုက်မှာ ဘာတွေ လှူလို့ ဘယ်လို စီမံတည်ဆောက်ခဲ့သည်ကို သိတန်သရွေ့ သိရပြီ။ နောက်ထပ် ဖော်ပြရန် ကျန်သေးသည်က စေတီတော်ကြီး၏ ပင်မ ကိုယ်ထည်တွင် ကျန်စစ်သားမင်းကြီး တည်ဆောက်ကိုးကွယ်ပုံ အဆင်ဆင့် ဖြစ်၏။ အာနန္ဒာစေတီတော်ကြီးကို တည်ဆောက်ခဲ့သည့် ပိသုကာနှင့် ပန်းချီ၊ ပန်းပု၊ ပန်းရံ ပညာရှင်တို့၏ အံ့ဖွယ် အနုပညာကို လေ့လာကြည့်ပါဦးတော့။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်က တည်ထားကိုးကွယ်ခဲ့သော အခြား စေတီများနှင့် အာနန္ဒာစေတီကြီးကို နှိုင်းယှဉ် တင်စားလို့ ကြည့်ပါ။ တကယ်တော့ အာနန္ဒာစေတီတော်၏ ဉာဏ်တော်မှာ သိပ်ပြီ မြင့်မားလှသည် မဟုတ်။ သို့သော် ထုထည်အားဖြင့်ကြီးမား ခံ့ထည်သည်။

ပြီးတော့ 'အချိုးအစား ပြေပြစ်လှပသည်။ အနုပညာ လက်ရာ ဆန်းသစ်သည်' စသော အရည်အသွေးများကြောင့် ထူးခြားသော စေတီတော် တစ်ဆူအဖြစ် မော်ကွန်းတင်ထားကြရသည်။

အာနန္ဒာစေတီတော်၏ ဉာဏ်တော်မှာ အောက်ခြေမှ အထက်ထီးတော်အထိ ၁၆၈ ပေမျှ ရှိသည်။ အောက်ခြေမှာ ထိုခေတ်ထိုအခါက ခေတ်စားနေသော လေးထောင့်ကုလားကျောင်း ပုံစံသာ ခံထား၏။ ကုလားကျောင်း အောက်ခံ၏ အလယ်တွင် အောက်မှ အထက်ကို တက်သွားသော မဏ္ဍိုင်စေတီကြီးကို တွေ့ရသည်။ သည်မဏ္ဍိုင်ကြီးကို အုတ်ဖြင့်ဆောက်ပြီး ကန့်ကူဆံတုံးဟု ခေါ်သည်။ သည်ပုံစံမှာ အိန္ဒိယပြည်ရှိ ရှေးဟောင်း ဂူဘုရားများနှင့် လည်းကောင်း၊ အီဂျစ်ပြည်ရှိ ရှေးဟောင်း ပိရမစ်များနှင့် လည်းကောင်း ဆင်ဆင် တူနေသည်။

အခြေခံ ကုလားကျောင်း၏ လေးဘက်လေးတန်တွင်ကား အာရုံခံ မုခ်ကြီးများ ရှိသည်။ ထိုမုခ်ဝနှင့် စေတီမဏ္ဍိုင်အကြား၌ အတွင်းထပ် အပြင်ထပ်စင်္ကြံ လှူသွားလမ်း နှစ်ထပ် ရှိ၏။ ထို စင်္ကြံလှူသွားလမ်း၌လိုဏ်ဂူကြီး လိုဏ်ဂူငယ်များ ပါရှိပြန်သည်။

ကျန်စစ်သားမင်းကြီး တည်ထားသည့် အာနန္ဒာစေတီတော်ကြီးမှာ ထူးခြားသည့် အချက်ကြီး တစ်ရပ် ရှိ၏။ ယင်းမှာ ဤမျှ ထုထည် ကျယ်ဝန်းသော အဆောက်အအုံ၌ လေကောင်းလေသန့် ဝင်သည်။ အလင်းရောင်လည်း ကောင်းကောင်းရသည်။ ဟိုနှစ်ပေါင်း ကိုးရာ တစ်ထောင်က ဆောက်လုပ်ခဲ့သည့် ထိုအဆောက်အအုံသည် အဘယ်ကြောင့် သည်မျှ ခေတ်မီနေပါသလဲ။

မှန်ပါသည်။ စေတီတော် မွမ်းမံတည်ဆောက်ပုံ ခေတ်မီလိုက်သည်မှာ အဝေးကပင် မြင်နိုင်ပါသည်။ ကြည့်လေ.....ကုလားကျောင်းခံတွင် လည်းကောင်း၊ အာရုံခံ မုခ်များတွင် လည်းကောင်း၊ ပဲပေါင်းချွန်၊ မုခ်ဝငယ်တွေ၊ မုခ်ပြတင်းပေါက်တွေ ဖောက်ထားသည်။ စင်္ကြံများ ပါရှိသော လိုဏ်ကြီး လိုဏ်ငယ် မုခ်ပြတင်းများက စေတီတော်လိုဏ်အတွင်း သန့်ရှင်းနေအောင်၊ လေကောင်းရအောင်၊ အလင်း

www.burmeseclassic.com



ရောင် ထိုးအောင် လုပ်ဆောင်ပေးထားပေသည်။ သည်တော့..... ရှေးဟောင်း မြန်မာ့ဗိသုကာပညာ၏ အဆင့်မြင့်ပုံကို အသိအမှတ်မပြု၍ မရတော့ပြီ။

အာနန္ဒာစေတီတော်၏ ဒုတိယအထူးခြားဆုံး အချက်မှာ မုခ်လေးမုခ်ကို မျက်နှာပြု၍ ရပ်လျက်တည်ရှိသော ရုပ်ဘော်မူရုပ်ပွားတော်များ ဖြစ်သည်။ မတ်တတ်ရပ် ရုပ်ပွားတော်ကြီး စုစုပေါင်း လေးဆူရှိ၏။ ယခု ဘဒ္ဒကမ္ဘာ၌ ဘုရားရှင် လေးဆူပွင့်တော်မူကြပြီ။ သည်ရုပ်ပွားတော် လေးဆူကား ပွင့်တော်မူ ပြီးသော ဘုရားရှင် လေးဆူကို ရည်မှန်းပြီး ထုလုပ်ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ရုပ်ပွားတော်များ၏ အရပ်တော်မှာ ၁၈ တောင်စီ ရှိသည်။

အရှေ့မျက်နှာမှ ရုပ်ပွားတော်သည် မာလာယုကျွန်းမှ ရရှိခဲ့သော သရက္ခန် နံ့သာနှစ်သားဖြင့် ထုလုပ်သော ကောဏဂုံ မြတ်စွာဘုရား ဖြစ်၏။ အနောက် မျက်နှာတွင် ပဉ္စလောဟာသားဖြင့် ထုလုပ်သော ဂေါတမ မြတ်စွာဘုရား။ တောင် မျက်နှာတွင် ဟိမဝန္တာတောမှ ရသော ထင်းရှူးသားဖြင့် ထုလုပ်သော ကဿပ မြတ်စွာဘုရား။ မြောက်ဘက်တွင် ဥဿာပဲခူးမှ ရရှိသော စကားသား အနှစ်ကို ထုလုပ်သော ကကုသန် မြတ်စွာဘုရား ရုပ်ထုတော် ဖြစ်ပေသည်။

သည် မြတ်စွာဘုရား ရုပ်တုတော်များ၏ မျက်နှာ တူရူတည့်တည့်၌ မုခ်ပြတင်းပေါက်များ ဖောက်လုပ်ထားသည်။ ထိုပြတင်းပေါက်တို့မှာ လေသည် လည်း ကောင်း၊ အလင်းရောင်သည် လည်းကောင်း၊ ရုပ်ပွားတော်၏ မျက်နှာတည့်တည့်သို့ တိုးဝင်နေသည်။ သို့နှင့် ရုပ်ပွားတော်ကြီး မျက်နှာတော်မှာ ကြည်ညိုဖွယ် လင်း လင်းထင်ထင် ဖူးမြင်နိုင်ကြပြီ။ ကဲ..... ရှေးမြန်မာ ဗိသုကာ ပညာရှင်တို့၏ အတွေးအခေါ်က ဘယ်လောက်များ အဆင့်အတန်း မြင့်လိုက်ပါသလဲ။ မှောင်နှင့် မည်းမည်းရှိမည့် လိုဏ်ဂူတော် အတွင်းမှ ရုပ်ပွားတော်၏ မျက်နှာတော်ကို ထိန်လင်းစွာ ဖူးတွေ့နိုင်ကြပြီလေ။

အာနန္ဒာစေတီတော်ကြီး၏ လိုဏ်ဂူစင်္ကြံများတွင် ဗုဒ္ဓဆင်းတုတော်များစွာ ကို ထုလုပ်ထားရှိခဲ့သည်။ ပထမ စင်္ကြံ၏ လိုဏ်ဂူနံရံတွင် ဗုဒ္ဓဆင် အခန်းပေါင်း ၈၀ ကို ပန်းတမော့ ပညာဖြင့် မွန်းထုံသော နဂါးရစ် ကျောက်ရုပ်ထုများ ရှိသည်။ မုခ်ဦးအထွတ် လေးဘက် မျက်နှာတွင်ကား ဂေါတမ ဘုရားအလောင်း ပဋိသန္ဓေ တည်နေသည်မှ ဖွားမြင်ပဲန်၊ တောထွက်ပဲန်၊ ဘုရားဖြစ်ပဲန် ပရိနိဗ္ဗာန် စံနေတော်မူသည်အထိ အဖြစ်တော်များကို ရုပ်တု ၆၄ ခုဖြင့် ထုလုပ်တင်ပြ ထား၏။

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာဘုရားဒါယကာ ကျန်စစ်သားမင်းကြီး၏ ရုပ်တုတော်ကို အနောက်ဘက် မျက်နှာရှိ ဂန္ဓကုဋိတိုက်တွင် ထုလုပ်ထားရှိ၏။ ကျန်စစ်သား မင်းကြီးသည် မိမိရှေ့တွင်ရှိသော ရှင်အရဟံ မထေရ်မြတ်ကြီးကို ဦးခိုက်ရှိခိုး နေဟန် ဖြစ်၏။ ကျန်စစ်သားမင်းကြီး၏ ရှေ့ဘက်တည့်တည့်တွင်ကား ရှင် အရဟံမထေရ်မြတ်၏ ပုံတော်ကို ကြည်ညိုစွာ ဖူးတွေ့နိုင်ကြပေသည်။ အာနန္ဒာ စေတီအတွင်းမှာ လှည့်ပတ်၍ ဘုရားဖူးသူ တစ်ဦးအဖို့ လက်ညှိုးထိုးလျှင် မလွဲနိုင်အောင် ရုပ်ပွားတော်များ၊ ရုပ်တုကြီး ရုပ်တုငယ်များကို တွေ့ရပြီ။ စေတီ တော်ကြီး၏ အပြင်ဘက်မှာတော့ ဘယ်သို့ ဆင်ယင် တည်ဆောက်ထားပါသလဲ။

ရှိပါသေးသည်။ ကျန်စစ်သားမင်းကြီး၏ စေတနာ သဒ္ဒါတရားထက်သန်ပုံ ကို သိလိုလျှင် အာနန္ဒာစေတီတော်ကြီး၏ အတွင်းအပြင် ကဏ္ဍစုံလင်အောင် လေ့လာနိုင်မှ ဖြစ်မည်။

စေတီတော်ကြီး၏ အပြင်ဘက် နံရံတွင် အထင်ကရ မြင်နိုင်သည်က စဥ့်ကွင်းရုပ်တုများ ဖြစ်သည်။ စေတီတော်ကြီး၏ အပြင်ဘက် အောက်ခြေ ဖိနပ်တော်မှ စ၍ ခါးပန်းတစ်လျှောက် ပစ္စယာ အဆင့်ဆင့်တွင် စဥ့်ကွင်း ရုပ်တု ကြီး ရုပ်တုငယ်များကို တွေ့ရမည်။

တောင်ဘက်မုခ်မှ လက်ျာရစ်လှည့်၍ အနောက်ဘက် မုခ်အထိ ကြည့်ပါ။ ဂေါတမ ဗုဒ္ဓအား စစ်ဆင်ရန် ချီတက်လာသော မာရ်နတ်စစ်သည် ရုပ်တုများကို တွေ့ရမည်။ တောင်ဘက်မုခ်မှ ဝဲဘက်သို့ လှည့်၍ တစ်ဆက်တည်း ကြည့်ပါဦး။ ဂေါတမ ဘုရားရှင်အား သိကြား၊ ဗြဟ္မာ၊ နတ်ဘီလူး၊ နဂါး၊ ဂဠုန် စသည်တို့ က သောင်းသောင်းဖြဖြ ပူဇော်ကန်တော့နေဟန် ရုပ်ကြွများကို မြင်ရပေမည်။

သည် စဥ့်ကွင်းရုပ်များ၏ အပေါ်သို့ မော့လို့ ကြည့်လိုက်ပါဦး။ မြူးကြွ ခုန်ပေါက်၍ ထွက်လာတော့မည်ဟန် လည်ဆံတဖားဖား ဝင့်ဝင့်ကြွားကြွားနှင့် မနုဿီဟရုပ်များ၊ စေတီငယ်များနှင့် ဂေါတမ ဘုရားရှင်၏ ရှေးရှေးဘဝ အဆက် ဆက် နိပါတ်တော်များကို ထင်ရှားစွာ တွေ့ရဦးမည်။

သို့ဖြင့် ကျန်စစ်သားမင်းကြီးသည် အာနန္ဒာစေတီတော်ကို တက်စုံ ရှုတ်ကုန် ဖွင့်၍ အားကြိုးမာန်တက် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ကြီးမှာ အနုပညာ ဘက်ကပဲ ကြည့်မည်လား။ ဗိသုကာ ပညာဘက်ကပဲ လေ့လာမည်လား။ ဘာသာရေးရှုထောင့်ကပဲ ဆန်းစစ်မည်လား။ ဘက်စုံထောင့်စုံ တန်ဖိုးများစွာ

www.burmeseclassic.com

www.burmeseclassic.com



တန်သော ယဉ်ကျေးမှု ဗိမာန်ကြီးလည်း ဖြစ်သည်။ ဘာသာရေး မော်ကွန်း မဏ္ဍိုင်ကြီးလည်း ဖြစ် သည်။

အမှန်တော့ ထိုမျှ တန်ဖိုးကြီးမားလှသည့် စေတီတော်ကို ကျန်စစ်သားမင်းကြီး တည်ထားနိုင်ခြင်းမှာ မွန် ယဉ်ကျေးမှု ပညာရှင်တို့၏ အကူအညီကြောင့် ဖြစ်သည်။ မှတ်မိကြသည် မဟုတ်လား။ သထုံနှင့် ပဲခူးကို အောင်မြင်ခဲ့သော ပုဂံနေပြည်တော်သို့ အောက်ရပ်ဒေသမှ မွန်ယဉ်ကျေးမှု ပညာရှင်များစွာ ရောက်ရှိနေခဲ့သည်လေ။

သို့နှင့် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်က မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာ ပညာ၊ မြန်မာ့ဘာသာရေး အတွေးအခေါ်တို့ အထွတ်အထိပ် ရောက်ခဲ့ပုံကို အာနန္ဒာစေတီတော်က နောင်..... ရာစု နှစ်ပေါင်း များစွာအထိ ပြောပြနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံမှာ ကျွန်စစ်သား

## ၁

ပြည်တွင်းမှာ ကျန်စစ်သားမင်းကြီး အလုပ်တွေ အများကြီး လုပ်ပြီးပြီ။ တိုင်းရင်းသား ချစ်ကြည်ရေးဘက်က ကြည့်မည်လား။ ဘာသာရေး ရှုထောင့်က ဝေဖန်မည်လား။ စီးပွားရေး အမြင်ကို ဆန်းစစ်မည်လား။ မင်းတရား ကြိုးပမ်းဆောင်ရွက်ခဲ့သည်တို့ မှာ ပြည်အနှံ့ ကျယ်ပြန့်ထူပြောစွာ တွေ့ရလိမ့်မည်။

ကျန်စစ်သားမင်းကြီးသည် ပြည်တွင်းမှာ ပြုဆောင်ဖွယ်တွေ အတော်အသင့် ကြိုးပမ်းပြီးသည့်အခါ နယ်စပ်ကို ကျော်၍ နိုင်ငံတော်ပြင်ဘက်သို့ ငေးမျှော်ကြည့်ကြည့်သည်။ ပြည်တွင်းမှာ လုပ်သင့် လုပ်ထိုက်တာတွေ အားစိုက်လုပ်နေ၍ ကျေနပ်မနေသင့်။ ကမ္ဘာမှာ ဘာဖြစ်နေသလဲ။ နိုင်ငံတကာမှာ ဘယ်အခြေအနေ ရှိသလဲ။ တိုင်းခြား ပြည်နယ်တွေကို ဘယ်လို ဆက်သွယ်မလဲ။ မင်းတရားသည် ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ကြိုးပမ်းဖို့ အာရုံပေါ်လာသည်။

သည်သို့ ကြိုးပမ်းရာ၌ မင်းတရားသည် ပုဂံနိုင်ငံတော်၏ အနေအထားကို လေ့လာသုံးသပ်ရန်လည်း မမေ့။

နိုင်ငံတော်၏ အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပါ။ လူဦးရေ ထူထပ်ပြား၍ အင်အားကြီးမားသော အိန္ဒိယနိုင်ငံကြီး ရှိနေသည်။ နိုင်ငံတော်၏ အရှေ့မြောက်ဘက်ကို မျှော်ကြည့်လိုက်ပါ။ အလားတူပင် လူဦးရေ ထူထပ်၍ အင်အား

www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းသော တရုတ်ပြည်ကြီး ရှိနေသည်။ သည်နိုင်ငံကြီး နှစ်နိုင်ငံတို့မှာ လူအင်အားများသည်။ လက်နက် အင်အားလည်း ကောင်းသည်။ စာပေနှင့် ယဉ်ကျေးမှု ပညာရပ်များ ကြွယ်ဝဖြစ်ထွန်းသော နိုင်ငံကြီးများ ဖြစ်၏။

အဲသည့် နိုင်ငံကြီးများနှင့် ငြိမ်းငြိမ်းချမ်းချမ်း ဆက်ဆံရသော်လည်း မကောင်းပေဘူးလား။ သူတို့ စာပေ၊ သူတို့ ယဉ်ကျေးမှု၊ သူတို့ ဘာသာရေး အတွေးအခေါ်တွေကို လေ့လာဖတ်ရှု မှတ်သားသမှု ပြုရသော် အကျိုးမများပေဘူးလား။ မင်းတရားက သည်သို့ တွေးသည်။

ပြီးတော့ သတိရစရာကလေးများ ရှိသေးသည်။ အိန္ဒိယပြည် ဆိုတာ ပုဂံနိုင်ငံတော်နှင့် ဘယ်မှာ ဝေးလို့လဲ။ မယ်တော် ပဉ္စကလျာဏီ မင်းသမီးဆိုတာ အိန္ဒိယနိုင်ငံသူ။ မယ်တော်၏ အဆုံးအမ၊ မယ်တော် ညွှန်ပြသော သဘောတရား၊ မယ်တော် ပြောပြသည့် အိန္ဒိယတိုင်းပြည်ကြီး၏ မြတ်နိုးလေးစားဖွယ် ယဉ်ကျေးမှု အမွေအနှစ်များကလည်း လွမ်းမော တမ်းတဖွယ် ကောင်းပါဘိ။

မင်းတရားသည် အိန္ဒိယပြည်သို့ ပုဂံ၏ သံတမန်အဖွဲ့ကို စေရပြီ။ သံတမန်အဖွဲ့ကို ဘာသာရေးတွင် ကျွမ်းကျင် ပြည့်စုံသူ အမတ်ကြီး ဓမ္မဝိဇယက ဦးစီးသည်။ ပုဂံနိုင်ငံတော် ဘုရင့်သံတမန် အဖွဲ့သည် ကုန်းလမ်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ သွားခဲ့သည်။ သံတမန်အဖွဲ့တွင် ကျန်စစ်သားမင်းကြီး၏ ချစ်ကြည်ရေး စာသဝဏ် နှင့်အတူ လက်ဆောင်ပဏ္ဏာတွေ သယ်လို့ ပိုးလို့ ယူသွားရသည်။ ပြီးတော့ အဓိကထား၍ လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်က အိန္ဒိယပြည်ရှိ မဟာဗောဓိ စေတီတော် ပြုပြင်ရေး။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဂေါတမ၏ ဘာသာရေး အမွေအနှစ်များအဖြစ် စေတီ ပုထိုးတွေ များစွာ ရှိနေကြောင်း ကျန်စစ်သားမင်းကြီး သိထား၏။ သည်စေတီ များအနက်မှ မဟာဗောဓိ စေတီတော်ကြီး ပြိုကျ ပျက်စီးလျက်ရှိသည့် သတင်းများ မင်းတရားထံ ရောက်ရှိခဲ့သည်။ ဗုဒ္ဓဂေါတမ၏ သာသနာသည် အနှစ် ငါးထောင် မက တည်ရစ်စေဖို့ ဗုဒ္ဓဘာသာဝင်များ၏ တာဝန် မဟုတ်ပေလော။ ခုဆိုလျှင် ဗုဒ္ဓဂေါတမ ပွင့်တော်မူရာ ဒေသတွင် ဗုဒ္ဓဘာသာ ကွယ်ခဲ့သည်မှာ ကြာပြီ။ သည်အချိန်မှာ ဗုဒ္ဓဘာသာဝင် နိုင်ငံ တစ်နိုင်ငံ ဖြစ်သော ပုဂံက ဗုဒ္ဓအမွေအနှစ်များ ပြုပြင်မွမ်းမံနိုင်ခဲ့လျှင် .... ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားက အရှည်မျှော်တွေးကြည့်ပါလိမ့်မည်။ ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသလို ဘာသာရေး အဆောက်အအုံများ မွမ်းမံပြုပြင်ရင်း သင်းတို့နိုင်ငံက အုပ်ချုပ်သူများနှင့် ရင်းနှီးကျွမ်းဝင်မှု ရယူနိုင်လိမ့်မည်လေ။

သည်သို့ အတွေးဖြင့်၊ သည့်နှယ် မျှော်ရှုခြင်းဖြင့် မင်းတရားက မဇ္ဈိမဒေသအိန္ဒိယနိုင်ငံသို့ ပုဂံ၏ သံတမန်အဖွဲ့ကို စေခဲ့ပြီ။

တရုတ်ပြည်၏ အနေအထားကို ကျန်စစ်သားမင်းတရား လေ့လာမှတ်သားမိကြောင်း အထက်တွင် ရေးခဲ့သည်။ သည်မျှ ကျယ်ဝန်း ကြီးမားသော နိုင်ငံ၊ သည်မျှ စာပေ ယဉ်ကျေးမှု ထွန်းကားသော ဒေသ၊ သည်မျှ များပြားသော လူဦးရေ။ ဒါတွေကပဲ တရုတ်ပြည်ကြီးအပေါ် ကျန်စစ်သားမင်းကြီး စိတ်ဝင်စားဖွယ် အကြောင်းတွေ ဖြစ်ခဲ့သည်။

ဒါတင်ပဲလား။

မှတ်မိကြပါလိမ့်မည်။ အနော်ရထာ မင်းတရား လက်ထက်က တရုတ်ပြည်သို့ ကျန်စစ်သားမင်းကြီး ကိုယ်တိုင် လိုက်ပါခဲ့ဖူးသည်လေ။ သည်တုန်းကပဲ တရုတ်ပြည်ကြီး၏ စိတ်ဝင်စား တမ်းတ ရှုမောဖွယ်တွေကို မင်းတရား လေ့လာခဲ့ဖူးသည်။

သို့နှင့် တရုတ်ပြည်သို့ ပုဂံနိုင်ငံတော်၏ ချစ်ကြည်ရေး သံတမန်အဖွဲ့များ နှစ်ကြိမ်တိုင် စေလွှတ်ခဲ့သည်။ သည် သံတမန်အဖွဲ့များသည် အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရေးတွင် ထားရှိသော ပုဂံ၏ စေတနာ၊ ပုဂံ၏ မေတ္တာ၊ ပုဂံ၏ ရင်းနှီးချစ်ကြည်လိုမှု သဘောထားများကို ပြောပြလိမ့်မည်။ ထုတ်ဖော်ကြလိမ့်မည်၊ ဖွင့်ဆိုကြပါလိမ့်မည်။

အိန္ဒိယပြည်၊ တရုတ်ပြည်တို့ကဲ့သို့ ပုဂံနိုင်ငံတော်နှင့် နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ခင်းခဲ့သည့် နိုင်ငံမှာ သီဟိုဠ်ကျွန်းနိုင်ငံ။

သီဟိုဠ်နိုင်ငံကား ပုဂံနှင့် စိမ်းစိမ်းကားကား မရှိ။ နတ်ရွာစံ အနော်ရထာမင်းတရား၏ လက်ထက်တုန်းက သီဟိုဠ်နိုင်ငံကို တိုင်းခြားသားတို့ ကျူးကျော်ခဲ့သမို့ ကူညီတိုက်ခိုက်ခဲ့ပေးခဲ့သော သာဓက ရှိသည်။ သည်တုန်းက သီဟိုဠ်နှင့် ပုဂံ၊ ပုဂံနှင့် သီဟိုဠ် ကြည်ညိုချစ်ခင်ခဲ့ကြသည်မှာ မေ့ရက်စရာ မရှိ၊ မနေ့တုန်းကလို တမြန်နေ့တုန်းကလို ထင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သီဟိုဠ်နိုင်ငံသို့ ပုဂံနိုင်ငံတော်၏ သံတမန်အဖွဲ့ကို စေလွှတ်ခဲ့သည်။ သီဟိုဠ်နိုင်ငံမှာ ဘာသာရေးကျမ်းအဆူဆူ၊ မူမကွဲ အယူဝါဒ မကွဲဘဲ သည်ကနေ့အထိ ရှိနေသေးသည်။ ဗုဒ္ဓဂေါတမ၏ တရားဓမ္မ အဆီအနှစ်များ မပျောက်မပျက် ဆက်လက် ကိန်းဝပ်နေသော နိုင်ငံမှာ သီဟိုဠ်။ သည်လို ဘာသာရေး အမွေအနှစ်များ ထွန်းကား ကျန်ရစ်သော နိုင်ငံသို့ ပုဂံနိုင်ငံတော်၏ သံတမန်အဖွဲ့ အကြိမ်ကြိမ် ရောက်ခဲ့သည်။ သီဟိုဠ်နှင့် ပုဂံနိုင်ငံတို့ကား အလှမ်းကွာသည်။ ခရီးဝေးသည်။ သွေးချင်းလည်း မနီး။ ပြောရမည်ဆိုလျှင် နယ်မြေချင်း မကပ်တော့ နယ်စပ်ပြဿနာလည်း မရှိ။ ထို့ကြောင့်ပင် သီဟိုဠ်နှင့် ပုဂံတို့၏ ဆက်ဆံရေးမှာ ဘယာကြောင့် မဟုတ်။ သဒ္ဓါစစ်စစ်ကို အခြေခံသည်။ နှစ်ပြည်ထောင် ချစ်ကြည်လိုခြင်းဆန္ဒ တစ်ခုတည်းပေါ်တွင် ရပ်တည်နေကြသည် မဟုတ်လား။

သည်လို နိုင်ငံခြား ဆက်ဆံရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာတော့ ဘာအကျိုးကျေးဇူး ခံစားရသလဲ။

မေးလျှင် ဖြေရလိမ့်မည်။

နှစ်ပြည်ထောင် နိုင်ငံသားတို့ နှစ်အိမ့်တစ်အိမ် မေတ္တာပွား စေတနာထားကြသည်ကို မဆိုနှင့်ဦး။ ယဉ်ကျေးမှု အမွေအနှစ်တွေ ရခဲ့သည်။ ဘာသာရေး အတွေးအခေါ်များ တိုးပွားခဲ့သည်။ စီးပွားကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ထွားစည်ပင်ခဲ့သည်။ ပြီးတော့ နှစ်ပြည့်တစ်ပြည် ရွှေနှစ်ပြားကို တစ်သားတည်းခတ်သလို ရှိသောအခါ ပင်လယ်ခရီး သွားလာမှုတွေ အဆင့်မြင့်ခဲ့ပြီ။ ကုန်းလမ်းခရီး သွားလာမှုများ ကျယ်ပြန့်လာသည်။ ပထဝီ အနေအထားနှင့် ဒေသန္တရဗဟုသုတတွေ ဖွေရှာထွန်းကားလာရသည် မဟုတ်လား။

ပြီးတော့ ဆိုရေးရှိ၍ ဆိုရဦးတော့မည်။ ကျန်စစ်သားမင်းကြီး စိုးစံပြီးသည့်နောက် ပုဂံနိုင်ငံတော်သည် နှစ်ပေါင်း ၂၀၀ ခန့် တိုင်းခြား နိုင်ငံတို့နှင့် ချစ်ကြည်စွာ ဆက်ဆံနိုင်ခဲ့ပါ၏။ သည်အကျိုးကျေးဇူးမှာ ဘယ်က လာသလဲ။ တစ်ချိန်သော အခါက ပုဂံနိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်ခဲ့သူ ကျန်စစ်သားမင်းတရားကြီး၏ နိုင်ငံခြား ဆက်ဆံရေး လုပ်ငန်းတို့မှ အသီးအပွင့်များ မဟုတ်ပါလား။ အဲသည်လိုဆိုလျှင် မှားပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



၂

ရှ အဆက်ဆက် အခန်းပေါင်း များစွာတို့တွင် ပုဂံနိုင်ငံတော်၌ ပေါ်ထွန်း လှုပ်ရှားခဲ့သော လူတစ်ယောက်အကြောင်း ရေးသားခဲ့ပြီ။ သည်လူက သာမန်လူမျှသာ။ ပြည်သူထဲက ပေါ်ထွန်းလာသော ပုဂ္ဂိုလ်တစ်ယောက်သာ။ သို့သော် သူ့မှာ အတွေးအခေါ် ရှိသည်။ စွန့်စားရဲသော သတ္တိရှိသည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးသော သူရဲကောင်း စိတ်ဓာတ် ရှိသည်။ ထူးခြား ထင်ပေါ်သော သည်အရည်အသွေးများက သူ့ကို လူတို့၏ အထက်သို့ တင်ပို့ပေးလိုက်၏။ သို့နှင့် ပုဂံနိုင်ငံတော်မှာ ထင်ရှားကျော်ကြားသော မင်းတစ်ပါး ပေါ်ပေါက်ခဲ့ပြီ။

သို့သော်....

လောကတွင် ဖြစ်တည်ပေါ်ထွန်းလာသော အရာဟူသမျှ အနိစ္စသဘောနှင့် ရှု၊ အနိစ္စသဘောနှင့် မြင်၊ အနိစ္စသဘောနှင့် ကြည့်။ မမြဲသော တရား၊ မမြဲသော ထုပ္ပတ်ခြင်းရာတို့ကို ကောင်းကောင်းကြီး ဆင်ခြင် မျှော်ရှုတတ်ဖို့ လိုသည်။

ကြည့်ပါ။ ပုဂံနိုင်ငံတော်တွင် ထင်ရှားစွာ ထွန်းကားခဲ့သော ကျန်စစ်သားမင်းတရားကိုပဲ မျှော်ရှုလေ့လာပါ။ ပြည်သူတို့က ချစ်၊ မင်းမှူးမတ်တို့က ခင်မင်၊ ရဟန်းရှင်လူတို့က လေးစား ကြည်ညိုမှုကို အမြင့်ဆုံး ရခဲ့သည့် ထိုမင်းသည်ပင် သခါရ သဘောတရား၏ ထားရာနေ စေရာ သွားရပြီ။

ကျန်စစ်သားမင်းကြီးမှာ နိုင်ငံတော်အတွင်း၌ လက်ညှိုးညွှန်ရာ ရေမြစ်၊ သို့ သော်.... ဆန္ဒ ဖြစ်ပေါ်သည် ဆိုလျှင် အားလုံးနီးပါး ပြည့်စုံခဲ့သည့် မင်း၊ ဒါကြောင့်ပဲ နိုင်ငံတော်အတွက် နှစ်ပေါင်းများစွာ စိတ်ရော ကိုယ်ပါ တာဝန်ထမ်းဆောင်ခဲ့ပြီးပြီ။

သည်အချိန်မှာ မင်းတရား၏ ကျန်းမာရေးက ချွတ်ယွင်းလာသည်။ အရွယ်သည်း အိုပြီ။ နေလည်း ညိုပြီ။ စိတ်ကဆောင်နေပေမယ့် သုံးဆယ့်နှစ်ကောဋ္ဌာသသော ခန္ဓာကိုယ်တွင်းရှိ စက်ယန္တရားတို့က တုံ့ဆိုင်းလေးကန်လာပြီ။ ဇမ္ဗူ... ကတော့....ဇရာ၏ ဖိစီးနှိပ်စက်ခြင်းကို မင်းတရား သေချာစွာ ခံယူရသည်ကော....။

ကျန်စစ်သားမင်းကြီး ဇရာထောင်းစ ပြုလာသည့် အချိန်တွင် ဘဲလောကဝင့်သကာ ဒေဝီဘွဲ့ခံ မိဖုရား သမ္ဘူလ နတ်ရွာစံ ကံတော်ကုန်ခဲ့ရှာသည်။ သမ္ဘူလ

www.burmeseclassic.com



မိဖုရား မမာမကျန်း ဖြစ်ချိန်မှစ၍ ကျန်စစ်သားမင်းကြီးက ကောင်းစွာ ကြည့်ရှု စောင့်ရှောက်ခဲ့၏။ ဘုရင့်သမားတော်များနှင့် အခါမလပ် ကြည့်ရှုကုသပေးသည်။ နေ့ညမဟူ မင်းတရား ကိုယ်တိုင် မိဖုရား အဆောင်တော်မှာ ရှိနေခဲ့သည်။ သည် မိဖုရားကား စိတ်ထား မွန်မြတ်သည့် မိဖုရား။ ဘုရင်မင်းမြတ် အိမ်နိမ့် စဉ်ကပင် အနာဂတ်အကျိုးကို မျှော်ကိုးတမ်းတမှု မရှိဘဲ ပြုစုခဲ့သည့် ချစ်သူ အမူအရာ အပြောအဆိုမှအစ နေရာတိုင်းမှာ သိမ်မွေ့နှိမ့်ချစွာ ပြုမူပြောဆိုခဲ့သည် မို့ ပုဂံရွှေနန်းမှာ လူချစ်လူခင်များသည်။ အပျိုတော်တွေက ချစ်သည်။ မှူးမတ်တွေက လေးစားသည်။ မင်းညီမင်းသား၊ ရွှေနန်းသူ ရွှေနန်းသားတို့က မြတ်နိုး ကြင်နာမှုကို ခံယူရသော မိဖုရား။

မိဖုရား သမ္ဘူလမှာ နာဖျားမကျန်းရှိသော ဝေဒနာဖြင့်ပင် ကံတော် ကုန်ခဲ့ပြီ မိဖုရား နတ်ရွာမစံမီက ကျန်စစ်သားမင်းကြီးက သူ့ကို ကျွန်သုံးရွာ အပိုင်စား ပေးခဲ့သည်။ ယခု မိဖုရား နတ်ရွာမစံမီကပင် ထိုကျွန်သုံးရွာကို သားတော် ရာဇကုမာရ်[၁] သို့ လွှဲပြောင်းပေးခဲ့လေသည်။

'ချစ်သား.... သားတော်မှာ တခြား ဘုရင့်သားတွေလို ထီးမွေနန်းမွေ စား စံစားဖို့ မရှိ။ သည်တော့...မယ်တော် စားရတဲ့ ဟောဒီ ရွာသုံးရွာကို သားတော်ယူ....၊ သားတော်စား....၊ သားတော်ရဲ့ အနာဂတ် ဘဝအတွက် သင့်တော် သလို အသုံးချပေတော့'

ကျွန်သုံးရွာကို သားတော် ရာဇကုမာရ်အား မယ်တော် သမ္ဘူလ မိဖုရားက သည်လို ပြောပြီး ပေးအပ်သည်။ မိမိ မရှိလျှင် သားတော်ကလေးမှာ မျက်နှာ ငယ်ရှာမည်။ စားဝတ်နေမှု အခက်အခဲတွေ့မည်။ ကြည့်ရှုစောင့်ရှောက်သူ နည်းပါး မည်။ သည်အခြေအနေတွေကို ကြိုတင်သိသမို့ မိဖုရားသည် ရွာသုံးရွာကို သားတော် သို့ လွှဲပေးခဲ့ပါပြီ။

စင်စစ်တော့ ကျန်စစ်သားမင်းကြီးနှင့် သမ္ဘူလ မိဖုရားတို့မှ ဖွားမြင် သည့် မင်းသား ရာဇကုမာရ်ကား စိတ်ထား မြင့်မြတ်သူ၊ လောဘ အလိုရွှေ နည်းသူ....၊ သည်းခံ ခွင့်လွှတ်နိုင်သော၊ သဘောထား ပြည့်ဝသူ၊ ဖော်ကျ ကောင်း ဖြစ်ပါ၏။ ကြည့်ကြပါ။ သည်မင်းသား ပုဂံရွှေနန်းသို့ ရောက်လာ

---

၁။ ရာဇကုမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ာ သူ ဘာအခွင့်အရေးများ ရခဲ့သလဲ။ ဘုရင့်သားတော်ဆိုပြီး ထီးနန်းဆက်ခံခွင့် ရှိ။ အိမ်ရှေ့စံ အဆင့်မျိုးမျှ သူ့ခမျာ မရခဲ့။ ထားပါတော့.... တခြား မှူးကြီးမတ်ရာ သေနာပတိ ရာထူးမျိုးကိုပင် သူ့ခမျာ မျှော်မှန်းနိုင်ခွင့် မရှိ။ ရွှေနန်းတော်သို့ အရောက် နောက်ကျသည် ဆိုသော အကြောင်းပြချက် တစ်ခုတည်းဖြင့် ရာဇကုမာရ် ခင်းသားကို ခမည်းတော်ဘုရားက ဘာမျှ မချီးမြှင့်နိုင်။

ပုဂံရာဇဝင် အဆက်ဆက်ကို ကြည့်။ သည်လို အခြေအနေမျိုး ကြုံရပါက တခြား မင်းသားတွေဆို ပုန်ကန်လို့ ဆုံးမည် မဟုတ်။ ထကြွသောင်းကျန်း၊ ခမည်းတော်ကို အရှင်ဖမ်းလို့ ရမ်းကြမည် ဧကန်။ ဘုရင်မင်းမြတ် အသက်ကို ဓက်နှင့် ထုပ်ပြီး နန်းပေါ်မှ ဆင်းပြေးရလိမ့်မည်။

ရာဇကုမာရ် မင်းသားငယ်မှာ သည်စိတ်မျိုး မရှိ။ ရွှေနန်းကို ဆက်ခံခွင့် ရခြင်းအတွက် ထူးခြားသော ခံစားမှုမျိုး မပေါ်။ မိမိအဖို့ သည်မိ သည်ဘနှင့် သည်နန်းတွင်းမှာ ငြိမ်းချမ်းသာယာစွာ နေရသည်ကိုပင် ကျေနပ်နေသည်။ နှစ်သိမ့် နေသည်။ ရောင့်ရဲနေသည်။

ကျန်စစ်သားမင်းကြီး နာဖျားမကျန်း ဖြစ်သော သတင်းကို ကြားသော် ရာဇကုမာရ် မင်းသားခမျာ စိတ်မချမ်းမြေ့ရှာ။ ခုနေအခါ မယ်တော် သမ္ဘူလ ဒေဝီလည်း မရှိတော့ပြီ....။ ခမည်းတော် မင်းတရား နာဖျားမကျန်း ဖြစ်သည့် အခိုက် ခမည်းတော်ကို သူ့မိဖုရားတွေ၊ သူ့ဝန်ကြီးမှူးမတ်တွေက ဘယ်လောက်များ ပြုစုစောင့်ရှောက်နိုင်ကြသလဲ။

ခမည်းတော် မင်းတရား နာဖျားမကျန်း ဖြစ်သည့် သတင်းကို ကြားလျှင် ကြားချင်း ရာဇကုမာရ် မင်းသားက အခြေအနေကို စနည်းနာသည်။ နန်းတွင်း အသွားအလာများကို အကဲခတ်သည်။ ခုနေအခါ ခမည်းတော် ဘုရားထံ မိမိ အခစား ဝင်လို့ သင့်ပါ့မလား၊ လျော်ပါ့မလား၊ တော်ပါ့မလား၊ စဉ်းစားစရာ အကြောင်းအချက်တွေ ရှိသည်။ တွေးခေါ်ထောက်ရှုဖွယ် ကိစ္စရပ်တွေ များသည်။ ပြီးတော့.... ချင့်မျှော်နိုင်းရှည့်ဖွယ် အကြောင်းရပ်တွေက ဒုနဲ့ဒေး။

ကြည့်ပါ။ မိမိသည် ကျန်စစ်သားမင်းကြီး၏ တစ်ဦးတည်းသော သားတော် ရာဇကုမာရ် မင်းသား ဖြစ်သည်။ ဘုရင့်သားတော် ဆိုပြီး ဝင့်ဝါ ခပြောင်ခြင်းမျိုး မရှိ။ ခက်ထန်သည့် အမူအရာ မရှိ။ ထောင်လွှားသည့် အသွင်အပြင် မရှိ။ တကယ်တော့ မိမိ နေရသည့် ဘဝက အဲသည်လို ဖြစ်နေရန် အကြောင်းမပေါ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ရှင်ဘုရင် တစ်ဦးတည်းသော သားသာဆိုပြီး မိမိမှာ ဘာ အဆောင်အယောင်မှ မရ။ မိဖုရား တစ်ပါးမှ မွေးဖွားခဲ့သော သာမန် သားတော် သမီးတော် တစ်ဦးလောက်ပင် အရှိန်အဝါ မတက်ခဲ့။ ခမည်းတော် မင်းတရားကလည်း မိမိကို တရားလွန် မြှောက်စားခဲ့သည် မဟုတ်ပါလေ။

သည်ဖြစ်ရပ်အတွက် ထူးခြားသော အကြောင်းအချက် ရှိသည်။ ဒါက ခမည်းတော် မင်းတရားသည် အကြောင်းကြောင်းသော သောင်းပြောင်းထွေလာ များတွင် အခြေခံ၍ နန်းမွေ ထီးရန်အဖြစ် အလောင်းစည်သူမင်းသားကို ပေးပြီး ဖြစ်သည်။ သို့နှင့် နန်းတွင်းတွင် တကယ် အရှိန်အဝါတက်သည်မှာ ဘုရင်မင်း မြတ်၏ မြေးတော် အလောင်းစည်သူမင်းသား။

အလောင်းစည်သူ မင်းသားကလေး တန်ခိုးထွားလေလေ သားတော် ရာဇ ကုမာရ် မင်းသား အနေရ အထိုင်ရ ကျပ်လေလေ ဖြစ်ခဲ့သည်။ လူတွေကလည်း လူတွေပါပဲ။ ကြည့်ပါတော့။ နန်းတွင်းမှာ ယှဉ်စရာ၊ ပြိုင်စရာ၊ နှိုင်းခိုင်းစရာ ဖြစ်လာသည်နှင့် လက်ညှိုးတထိုးထိုး ဖြစ်လာကြပြီ။

မြေးတော် အလောင်းစည်သူ မင်းသားကလေးကတော့ ဘုရင်မင်းမြတ်၏ အချစ်တော်ပဲ။ အသည်းစွဲပဲ။ အမြတ်နိုးဆုံး ပုလဲသွယ်ပဲ။ ရာဇကုမာရ် မင်းသား ခမျာ အလာတော့ ကောင်းပါရဲ့၊ အခါနှောင်းရှာပြီ။ သူ့ခမျာ နန်းပလ္လင်ကို သက်ခံနိုင်ခွင့် မရတော့ ကျေနပ်ရဲ့လား။ မကျေနပ်လို့ ဘာလုပ်နိုင်မှာလဲ။ သည် လိုတော့ မပြောကြနှင့်၊ မဆိုကြနှင့်။ ရှင်ဘုရင့်သား ဆိုတာ ရှင်ဘုရင် မလုပ်ရလျှင် ရင်ထဲက ဘယ်လို ဘဝင်ကျနိုင်မှာတဲ့လဲ။

ဟော.... ပြောကြဆိုကြသည်မှာပင် 'အခတ်' ကလေးနှင့်။ 'အချိတ်' ကလေးနှင့်။ 'အထေ့' ကလေးနှင့်။ နန်းစံခွင့် မရသော ရာဇကုမာရ် မင်းသားခမျာ ဘယ်သို့သော သဘောရှိသည်ကို မသိရသေး။ ပတ်ဝန်းကျင်အမြင်မှာ ဝေဖန်ကြ သည့်က မိုးလုံးညံလို့၊ တောလုံးထန်လို့။

သည် ဝေဖန်ချက်တို့မှာ ရာဇကုမာရ် မင်းသားကလေး ငယ်စဉ်ကတော့ ကိုးတိုးကိတ်တိတ် ပေါ်ပြီး တိုးတိုးတိတ်တိတ်ပဲ ကျိတ်၍ ပျောက်သွားသည်။ အကောင်အထည် ပေါ်မလာ....။ တုထည်နှင့် ဒြပ် ပြောစမှတ် ရှိလောက်အောင် ။တော့။ လောက၏ မလေ့အတိုင်း လွင့်ပါလာသော လောကဓံတရားတို့သည် လေထဲမှာပင် လွင့်စင်ပျောပါသွားခဲ့ကြသည် အမှန်။ သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ခုနေအခါမှာတော့ ရင်ခွင်ပိုက် မင်းသားကလေး အလောင်းစည်သူမှာလည်း လူပျိုကြီး ဖားဖား အထင်အရှား ဖြစ်ခဲ့ပြီ။ ရာဇကုမာရ်မင်းသားကလေး အသက်မှာလည်း နှစ်ဆယ်ကျော် အစိတ်ပိုင်းသို့ ရောက်ခဲ့ပြီလေ။

သည်အချိန်မှာမှ ပြောစရာ ဆိုစရာ ပိုလို့များလာသည်။ ရာဇကုမာရ် မင်းသားငယ်က ခမည်းတော်၏ နန်းစည်းစိမ်ကို လိုချင်တပ်မက် မရှိဘူး ဆိုတာ ယုံများပင် မယုံနိုင်ကြ....။ အထူးသဖြင့် အလောင်းစည်သူ မင်းသားကလေး၏ ခြွေရံသင်းပင်း မင်းရံစိုးရံတွေက မယုံမကြည် ရှိကြသည်။ တစ်နေ့သောအခါတွင် ရာဇကုမာရ်သည် အလောင်းစည်သူ မင်းသားကလေးကို အန္တရာယ်ပြုလို့ ထီးလုနန်းလု ဖြစ်လာနိုင်သလား။ စဉ်းစားကြသည်။ ဝေဖန်ကြသည်။ တွေးခေါ်ကြသည်။ သို့နှင့်....

ဘုန်းကြီးကျောင်းသားကလေး နှစ်ယောက် စကားနိုင်လုသည်နှင့် ဆွမ်းခံဘုန်းကြီးနှစ်ပါး ခြေလှမ်းအမြန် ပြိုင်ကြသည့် ပုံပြင်ကို ကြားဖူးကြပါလိမ့်မည်။ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတွေ အတင်းစကားကို မဟားဒရား ဆိုကြသမို့ မင်းသားနှစ်ပါးအကြားမှာ သဘောထားကွဲစရာတွေ ဖြစ်လာသည်။ အမြင်မှားစရာတွေ ပေါ်လာသည်။ အတွေးအခေါ် လွဲချော်စရာတွေ ကြုံလာပါပြီ။ ကြည့်လေ....။ ဒါကြောင့် ခမည်းတော် ကျန်စစ်သားမင်းကြီး မကျန်းမမာဖြစ်သည်ကို သိလျက်နှင့် ရာဇကုမာရ်မင်းသားခမျာ အတွင်းတော်သို့ ဝင်သင့်မဝင်သင့် နှာရှိပေါင်း များစွာ စဉ်းစားရသည်။ ချင့်ချိန်ရသည်။ တွေးတောရသည်။ နောက်ဆုံးတော့ ခမည်းတော် မကျန်းမာသည်ကို သားတော်ကြီး အခစားဝင်တာပဲ ဘာဆန်းကြယ်သလဲ။ သည်လိုပဲ ခပ်ရဲရဲ တွေးပြီး အတွင်းတော်သို့ ရာဇကုမာရ် မင်းသား လှမ်းကြွလို့ ဝင်ခဲ့ပါပြီ။

ခမည်းတော် ကျန်စစ်သားမင်းကြီး၏ အခြေအနေမှာ အားရဖွယ် မမြင်လာ။ ဇရာထောင်းသမို့ မောလို့ နေသည်။ ပန်းလို့ နေသည်။ ဝေဒနာက ဖိစီးသမို့ နွမ်းလျလျ ဖြူလျော့လျော့ မျက်လုံးတော်ကိုပင် ဖွင့်မကြည့်နိုင်၊ မောမကြည့်နိုင်။ မင်းတရားကြီး၏ ကျန်းမာရေး အခြေအနေက ယိမ်းယိုင်နေလေသည်။

'ခမည်းတော် ဘုရား ကျန်းမာရေး အခြေအနေ ဘယ်သို့ ရှိသလဲ'

ရာဇကုမာရ် မင်းသားငယ်က ဘုရင်မင်းမြတ်၏ သမားတော်ကြီးများထံ ခလသံဖြင့် မေးသည်။ ပါးလိုက်သည့် နား၊ လျင်လိုက်သည့် အသိ၊ မင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် သလွန်ပေါ်မှာ မှိန် စက်လျက်ကပင် မျက်လုံးတော်ကို ဖွင့်လို့ ကြည့်သည်။ ပြီးတော့ တစ်ခွန်းတည်းသော အာလုတ်စကားကို ဖြည်းညင်းသာယာစွာ ဆိုပါပြီ။

'သားတော်'

'ခမည်းတော် ဘုရား....'

ရာဇကုမာရ် မင်းသားက ပြန်ထူးလိုက်သည်။ သို့သော် တဒင်္ဂမျှ ငြိမ်ကျသွားပြန်ပါ၏။ ခမည်းတော်နှင့် သားတော်တို့အကြား ဘာစကားမျှ ဆက်မဆိုကြ။

အချိန်အနည်းငယ်မျှ ကြာသွား၏။

'သားတော်'

'ခမည်းတော် ဘုရား'

ကျန်စစ်သားမင်းကြီးက နောက်တစ်ကြိမ် အာလုတ်စကားဖြင့် ခေါ်သည်။ ရာဇကုမာရ် မင်းသားကလည်း လေသံဖြင့် ထူးလိုက်သည်။ သို့သော်.... မင်းတရားက ဘာစကားမျှ ဆက်မပြောပြန်ချေ။

ဘယ်လို ဖြစ်ပါလိမ့်။ သားတော်ဟုသာ အကြိမ်ကြိမ်ခေါ်နေသည်။ ကျန်စစ်သားမင်းကြီး၏ နှုတ်ဖျားက တစ်ခွန်းသော စကားမျှမဆို။ ဘာဖြစ်လို့ပါလဲ။ မင်းကြီး၏ ရင်မှာ ပြောစရာ ဆိုစရာ မှာကြားစရာများ ရှိပါလျက် အပြောခက်နေသလား၊ အဆိုခက်နေသလား၊ အမှာခက်နေသလား....။ ဒါမှ မဟုတ်.... မင်းတရား၏ ကျန်းမာရေး အခြေအနေက ဆိုးဝါးနေသမို့ ဘာစကားမှ မဆိုနိုင်သည်လား။

ခမည်းတော်ဘုရားထံ ရာဇကုမာရ် မင်းသား လက်အုပ်ချီလျက် ငြိမ်သက်စွာ ဆွေးနေ၏။ သည်အချိန်မှာ မင်းတရားကြီးထံမှ ဘာစကားမျှ ထပ်မဆက်။ ခဏကြာတော့ ရာဇကုမာရ်မင်းသားသည် မင်းတရားကြီး အပါးမှ ဦးခိုက်ရင်း ပြန်ထွက်လာလေသည်။

၃

နေဝင်သွားပြီ။

ရာဇကုမာရ်မင်းသားသည် ကျန်စစ်သားမင်းကြီး၏ ရွှေနန်းဆောင်မှ ထွက်လာတော့ နေဝင်ဖြိုးဖျ ဆည်းဆာချိန်....။ အနောက်ဘက် မိုးကောင်းကင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆင် ငွေသွေး တိမ်ရောင်တွေ ပြေးလျက်။ ကျေးငှက်တို့သည် အစာရှာရာမှ အပြန် အိပ်တန်းဆီသို့ မြူးရွှင်စွာ ပျံသန်းလျက်....၊ ညနေခင်း၏ ဆည်းဆာအလှသည် သဘာဝ အကူအညီဖြင့် သာယာတင့်မော့လျက်....။

မင်းသားသည် နန်းတွင်းမှ အထွက်တွင် မိမိ၏ အိမ်တော်သို့ မပြန်။ ပုဂံနေပြည်တော် အတွင်းသို့ မြင်းတစ်စီးဖြင့် အသော့နှင် သွားသည်။ အချိန်က တဖြည်းဖြည်း မှောင်လာပြီ။

သည်အချိန်မှာ ရာဇကုမာရ်မင်းသားသည် နေပြည်တော်အတွင်း၌ အရှေ့မှသည် အနောက်၊ တောင်မှသည် မြောက်၊ မြင်းပေါက် တစ်စီးဖြင့် ခရီးသွားနေသည်။ သူတစ်ပါးတည်း အလုပ်ရှုပ်နေသည်။ အမှောင်ရိပ်မှာ တိတ်ဆိတ်လွန်းပါ၏။ နေပြည်တော်၏ တိတ်ဆိတ်သော အမှောင်ညမှာ ရာဇကုမာရ်မင်းသားသည် အဘယ်သို့သော အကြောင်းအရာတို့ဖြင့် ပျားပန်းခတ်နေပါသတဲ့လဲ။

သည်မေးခွန်းကို မေးချင်သူတွေက နေပြည်တော် တစ်ခွင်မှာ အများကြီးဖြစ်နေသည်။ အထူးသဖြင့် ခုလို ကျန်စစ်သားမင်းတရားကြီး မကျန်းမာတော်မူသည့် အချိန်၌ နေပြည်တော်အတွင်းမှာ အခြေအနေတွေက မတည်မငြိမ်။ သို့လော....သို့လော တွေးတောစရာတွေက ဟိုမှသည်မှ ထွက်ပေါ်နေဆဲ။ အဆောင်စည်သူ မင်းသားနှင့် ရာဇကုမာရ် မင်းသားတို့၏ ဆက်ဆံရေး အခြေအနေကို အလကားနေရင်း စကားတင်း ဆိုကြရာမှ ပြဿနာ တစ်ပိုင်းတစ်စကို ဆွဲထုတ်ချင်ကြသူတွေကလည်း အနန္တ များစွာ။

သည်တဒင်္ဂဝယ် နေပြည်တော်အတွင်း၌ မြင်းတစ်စီးဖြင့် လှုပ်ရှားသွားလာနေသော ရာဇကုမာရ် မင်းသားကို တွေ့ရတော့ အထင်မှားစရာတွေ ပွားလာပြီ။ အမြင်လွဲစရာတွေ ကဲလာပြီ။ အတွေးချော်စရာတွေ ပေါ်လာပါပြီ။

နောက်တစ်နေ့ အရုဏ်တက်အချိန်။

အရှေ့ဆီက ရောင်နီပျိုးလာပြီ။ လောကသည် တစ်ညတာမျှ နားနေအိပ်စက်ပြီးနောက် တစ်ဖန်.... နိုးထစပြုလာပါပြီ။

သည်အချိန်မှာ.... နန်းမြို့ရိုး တံခါးဝ၌ မြင်းတစ်စီးနှင့် လူတစ်ယောက် ပေါ်လာ၏။

'ဘယ်သူလဲ'

နန်းမြို့ရိုးတံခါးမှ တာဝန်ကျနေသော အစောင့်တပ်သားက ခပ်မာမာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းသား ရာဇကုမာရ်'

မြင်းနှင့်လူက ခပ်တိုတိုပဲ ဖြေသည်။

'ဟင်.... ဘုရင့်သားတော် ရာဇကုမာရ် ဆိုပါလား'

နန်းစောင့်တပ်သားက တခါးကို ချက်ချင်းမဖွင့်။ သူ့တပ်မှူးကို တင်ပြသည်။ တပ်မှူးက တံခါးကို ချက်ချင်းမဖွင့်။ သူ့အထက်က နန်းမြို့ဝင်းမှူးထံ တိုင်ကြားသည်။ ခဏကြာတော့ နန်းမြို့တံခါးမှာ စည်စည်ကားကား ဖြစ်လာ၏။ နန်းမြို့စောင့် တပ်သားတွေ လက်နက်ကိုယ်စီနှင့် ညီညီညာညာ နေရာယူလျက်။ သည်အချိန်မှာ မြို့ရိုးတံခါး အယာအယာ ပွင့် သွား၏။

ရာဇကုမာရ် မင်းသားသည် မြင်းကို အသော့နှင်ပြီး မြို့ရိုးအတွင်းသို့ ဝင်လာ၏။ သို့သော်.... တံခါးအတွင်း ရောက်တော့ မင်းသား၏ မြင်းကို ဆက်သွားခွင့် မပြု။ မင်းသားကို မြင်းပေါ်မှ ဆွဲချလိုက်၏။ ပြီးတော့.... အစောင့်တပ်သားတွေက မင်းသားကို ဓားမိုးလို့ ဝိုင်းလိုက်ကြပြီ။

'ဟဲ့.... ဒါက ဘာလုပ်ကြတာလဲ ကွယ်ရို့'

ရာဇကုမာရ် မင်းသားက အံ့သြကြီးစွာဖြင့် မေးသည်။

'အမိန့်တော် ရှိပါတယ် မင်းသား၊ မင်းသားကို တွေ့တဲ့ နေရာမှာ အမြန်ဆုံး ဖမ်းဆီးပြီး အချုပ်ချထားဖို့ အမိန့်တော်အရ ဆောင်ရွက်ရပါတယ် မင်းသား'

အလောင်းစည်သူ မင်းသား၏ လူယုံတော် နန်းမြို့ဝင်းမှူးက ပြောသည်။ အို.... ဘယ်လို ဖြစ်ကြပါလိမ့်။ အမိန့်တော် ဆိုပါလား။ သည်အချိန်မှာ အမိန့်တော် ဆိုတာက ဘိသိက်ခံမင်းသား အလောင်းစည်သူရဲ့ အမိန့်ကလွဲလို့ တခြား ဘယ်သူမှ မဖြစ်နိုင်။

နန်းမြို့ရိုး အစောင့်တပ်သားတွေက မင်းသားကို ဝိုင်းဝန်း ချုပ်နှောင်ကြသည်။ အမိန့်တော်အရ ဆိုပြီး မင်းသားကို လက်ပြန်ကြိုး ခပ်တင်းတင်းချည်၊ မာမာထန်ထန် ပြော၊ ရင့်ရင့်သီးသီး ဆိုလို့ အချုပ်စခန်းသို့ ပို့ကြပြီ။

သည်အချိန်မှာ ရာဇကုမာရ် မင်းသားသည် ဘာတစ်ခွန်းမှ မပြောတော့ပြီ။ သဗ္ဗေသတ္တာ ကမ္မသကာပေပဲ။ ကံ၊ ကံ၏ အကြောင်းတရားနှင့်အညီ ဆုံးဖြတ်ကြလိမ့်မည်။

ရှိပစေတော့။

www.burmeseclassic.com

www.burmeseclassic.com



၄

နေထွက်ပြီ။

လောကသည် နေရောင်ဖြင့် သစ်လွင်နေ၏။ ပုဂံနေပြည်တော် တစ်ခွင်ရှိ အလုပ်သမား လယ်သမားတို့ တစ်ဝမ်းတစ်ခါးအတွက် နေထွက်တစ်ပြုမှာ လှုပ်ရှားစ ပြုနေကြပြီ။ လယ်လုပ်သားတို့မှာ ကုန်လုပ် ကိရိယာတို့ကို ကိုင်လျက်၊ ထွန်တုံကို ဆွဲ၊ ထွန်တံကို ပြင်၊ နွားကို ဆင်သူကဆင်၊ ယာတော တစ်ခွင်သို့ ခရီးပြင်း နှင်သူကနှင်။

သည်အချိန်မှာ နန်းမြို့ရိုး တံခါးဝသို့ ဝါကြီးထေရ်ကြီး သံဃာတော်ကြီးများ လှမ်းကြွလာကြသည်။ တစ်ပါး၊ နှစ်ပါး၊ သုံးပါး။ စုစုပေါင်း ခုနစ်ပါးတိတိ။ ဆရာတော်ကြီးများနှင့်အတူ ကပ္ပိယ ပုဂ္ဂိုလ်များလည်း အတူ ပါလာ၏။ သည်တော့.... နန်းမြို့ရိုး တံခါးဝမှာ စည်စည်ကားကား ဖြစ်နေပြန်လေပြီ။

'ဘယ်သို့ ကြွဖို့ ရှိပါသလဲ ဘုရား၊ အကြောင်းကိစ္စကို ဆိုပါ ဘုရား၊ မိန့်တော်မူပါ ဘုရား'

နန်းမြို့ရိုး တံခါးမှူးသည် ဆရာတော်ကြီးများကို ရိုသေစွာ ဝတ်ချရင်း တင်လျှောက်သည်။ ဆရာတော်ကြီးများ၏ ရှေ့မှာ လမ်းပြပါလာသော ကပ္ပိယ ပုဂ္ဂိုလ်က စကားကို တိုတိုပဲ ဆိုသည်။

'ဟဲ့.... ဗိုလ်မင်းတို့၊ ရာဇကုမာရ် မင်းသားကို သွားခေါ်စမ်း'

'ခင်ဗျာ'

'ရာဇကုမာရ် မင်းသား မရှိဘူးလား၊ နန်းမြို့တံခါးမှာ သူစောင့်နေမယ် ဆိုပြီး ဒီမင်းသားက ခု ဘယ်မှာလဲ'

'ရာဇကုမာရ် မင်းသား မရှိပါဘူး အဘိုး'

'ဟဲ့.... မရှိလို့ မဖြစ်ဘူး၊ တို့လာတာ သူစီစဉ်တဲ့ ကိစ္စ၊ ဆရာတော်ကြီးတွေကို သူပင့်လို့ ကြွတော်မူလာတာ'

ဟင်.... ဘယ်လို အကြောင်းကိစ္စနဲ့ ဘယ်ဘဝ ရောက်ကုန်ကြပြီလဲ မသိ။ နန်းမြို့ရိုး တံခါးမှူး မျက်လုံး ပြူးသွားပြီ။ ခု ကြွလာသော ဆရာတော်ကြီးတွေက ကျန်စစ်သားမင်းကြီး ကိုးကွယ်တော်မူသည့် ထိပ်တန်းထေရ်ကြီး သင်္ဃကြီး သံဃာတော်ကြီးတွေ။ သည်သံဃာတော်ကြီးတွေ မေးမြန်းနေသူက ဘုရင်မင်းတရား၏

www.burmeseclassic.com

www.burmeseclassic.com



သားတော် ရာဇကုမာရ်။ ခုနေအခါမှာ ရာဇကုမာရ်ကို ဘယ်မှာ ရှာရမလဲ။ ကြေးတိုက်မှာ အချုပ်ကျနေရှာမည်။ မနေ့ညဦးက အချိန်မတော် လှုပ်ရှားနေသော မင်းသား ရာဇကုမာရ်ကို ဖမ်းဆီးခဲ့ကြသည်။ ဒါက အလောင်းစည်သူမင်းသားနှင့် ဆန့်ကျင်ပြီး နိုင်ငံရေး လှုပ်ရှားမှုများ ဆောင်ရွက်နေသလား သင်္ကာမကင်း ဖြစ်လို့။

ခုတော့....

နန်းမြို့တံခါးမှူးခများ ချွေးပျံရပြီ။ နန်းမြို့ဝင်းမှူးထံ ပြေးသွားသည်။ အခြေအနေကို သတင်းပို့သည်။ ဝင်းမှူးလည်း ထိတ်လန့်တကြား ပြေးလာ၏။ ဆရာတော်ကြီးများထံ အကြောင်းကို မေးလျှောက်ရပြန်ပြီ။

'ဟဲ့.... သည်တစ်ကြိမ် မင်းတရားကြီးဆီ ကြွဖို့ အရေးက ခက်ခဲလှချည့်လား။ ရာဇကုမာရ် မင်းသားကို သွားခေါ်စမ်း'

မဟာထေရ်ကြီး တစ်ပါးက စိတ်မတိုစဖူး တိုပြီ။ သို့နှင့် ခပ်ငေါက်ငေါက် အော်ပြောလိုက်သည်။ သည်တော့လည်း.... နန်းမြို့အတွင်းက အရာရှိတွေ အလောင်းစည်သူမင်းသား၏ အမှုတော်ထမ်း အာဏာပိုင်တွေထံ ပြေးပြော၊ ပြေးလို့ သတင်းပို့ရသည်။ ပြီးတော့ ရာဇကုမာရ်မင်းသားကို အချုပ်ခန်းမှ ကမန်းကတန်း သွားထုတ်လာကြလေသည်။

ရာဇကုမာရ် မင်းသားကလေးမှာ အခြေအနေ ဤသို့ ဖြစ်လာမည်ကို ကြိုတင် နားလည်ထားဟန်၊ တည်ငြိမ်နေသည်။ သံဃာတော်ကြီးများနှင့် သူ့ကို တွေ့ပေးသောအခါ မင်းသားသည် ရိုသေစွာဖြင့် ဦးချကန်တော့သည်။ ပြီးတော့ ကပ္ပိယ အဘိုးအို လက်ထဲမှ ကတ္တီပါ အထည်ဖြင့် ထုပ်ပိုးထားသော ပစ္စည်းကို မင်းသားက လက်ခံယူပြီး ခေါင်းပေါ်သို့ ရွက်လိုက်၏။ ပြီးတော့ မင်းသား ရာဇကုမာရ် ရှေ့ဆောင်သော သံဃာတော်ကြီးများသည် ကျန်စစ်သားမင်းကြီး၏ ရွှေနန်းဆောင်သို့ ဦးတည်ပြီး လှမ်းကြွသွားကြပါပြီ။

ဘယ်လိုပါလိမ့်၊ ရာဇကုမာရ် မင်းသားက ဘာအစီအစဉ်တွေ လုပ်နေသလဲ။ သည်ထေရ်ကြီး ဝါကြီး ဆရာတော် သံဃာတော်များသည် မင်းသား ရာဇကုမာရ်နှင့်အတူ ဘယ်သို့သော အရေးအခင်းတွေကို ဆောင်ရွက်နေသလဲ။

မသိ။ မသိ။ သည်အကြောင်းကို မည်သူမျှ မသိ။ စောစောကတော့ အချိန်မတော် ရာဇကုမာရ် မင်းသား ပြေးလွှားလှုပ်ရှားနေပုံကို သင်္ကာ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ အလောင်းစည်သူ မင်းသား၏ နောက်လိုက် အမှုထမ်းတို့မှာ သခင့်အလိုကျ ဖြစ်မည်ထင်လို့ မမေးမစမ်း အရမ်းလုပ်လိုက်ကြသည်။ ရာဇကုမာရ် မင်းသားကို ဘုပ်နှောင်ပြီး အချုပ်ထောင်မှာ ညသိပ်ထားလိုက်ကြသေးသည်။ ခု ဘုရင်မင်းမြတ်ကိုးကွယ်သော ထေရ်ကြီး သံဃာကြီးတို့က ရာဇကုမာရ်မင်းသားကို တမေးထဲ မေးကြတော့ မင်းမှုထမ်းတို့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြ။ မင်းသားကိုတော့ အချုပ်မှ လွှတ်ပေးလိုက်ကြလေသည်။

ကိစ္စက သည်မျှနှင့် အေးပါ့မလား။ ဘာတွေများ ဖြစ်လာဦးမှာလဲ။ ခုမှပဲ တံခါးမှူးတွေ၊ ဝင်းမှူးတွေ ရှုးရှုးမူးမူး ထိတ်လန့်လာကြသည်။ မဆည်နိုင်.... စောင့်နိုင်၊ သောကပွေလာကြသည်။

ရာဇကုမာရ် မင်းသားငယ်သည် ဆရာတော်ကြီးများကို ကျန်စစ်သား မင်းကြီး၏ စက်ရာသလွန်ရှိရာသို့ ပင့်ဆောင်သွားသည်။ သံဃာတော်ကြီးတို့သည် မင်းသား၏ နောက်မှ တည်ငြိမ်စွာဖြင့် လှမ်းကြွသွားသည်။ မကြာမီ ဘုရင်မင်းမြတ်၏ စံနန်းဆောင်သို့ ရောက်ပြီ။

ဘုရင်မင်းမြတ် နာဖျားမကျန်း ဖြစ်နေသော အခန်းဆောင်ဝယ် မင်းပရိသတ် စုံလင်ပါဘိ။ ဘိသိက်ခံ အလောင်းစည်သူ မင်းသားနှင့်အတူ ဝန်ကြီးမှူးမတ်များ၊ မိဖုရားကြီး မိဖုရားငယ်များ၊ ဘုရင့်သမားတော်များ၊ နန်းတွင်းအမှုတော်ထမ်းများ စသည်ဖြင့် ဝိုင်းဝိုင်းလည်နေကြ၏။ သည်ပရိသတ်မှာ ဘုရင်မင်းမြတ်၏ ကျန်းမာရေး အခြေအနေ မကောင်းတော့ပုံကို သိထားကြပြီ။ နေ့လား ညလား၊ ခုလား တော်တော်ကြာလား။ ယနေ့လား.... နက်ဖြန်လား။ ရက်မှန်မှန် မသိကြ။ သို့သော် ဇရာလွှမ်း၍ ဝေဒနာ ကျွမ်းနေသော ကျန်စစ်သားမင်းကြီး၏ ကျန်းမာရေး အခြေအနေကို မပြောဘဲနှင့် သိကြသည်။ မြင်ရုံဖြင့် နားလည်ကြသည်။

ရာဇကုမာရ်မင်းသားသည် မိမိလက်ထဲတွင် ပွေ့ယူလာသော ကတ္တီပါ အိတ်ကို မင်းတရားကြီးနှင့် မနီးမဝေး စင်မြင့်မှာ ရိုသေစွာ တင်ထား၏။ ထေရ်သံဃာတော်များကိုလည်း ဘုရင်မင်းမြတ်၏ သလွန်တော် အနီးစင်မြင့်နေရာမှာ တင့်တယ်စွာ နေရာချထားပေးလေသည်။

မင်းပရိသတ်သည် ထေရ်သံဃာတော်ကြီးများ လှမ်းကြွလာသည်ကို မြင်သော် ရိုသေစွာ ပုဆစ်ဒူးတုပ် ကန်တော့ကြသည်။ သို့သော် သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ရာဇကုမာရ်မင်းသား ဘာလုပ်မှာလဲ မသိကြ။ အခြေအနေကို မြင်သောအခါ ရုတ်တရက် အံ့သြသွားကြသည်။

ထေရ်သံဃာတော်တွေကို ကြည့်ပါဦး။ တကယ့်တန်ခိုးကြီး ဝါကြီး သူတော်စင် သံဃာတော်များ ဖြစ်သည်။ 'သင်ကြီး မဟာထေရ်၊ သင်ကြီး မောဂ္ဂလိပုတ္တတိဿထေရ်၊ သင်ကြီး သုမေခပဏ္ဍိတာ၊ သင်ကြီး ဗြဟ္မပါလာ၊ သင်ကြီး ဗြဟ္မဒိဝ်၊ သင်ကြီး သောန်၊ သင်ကြီး သဃ်ထေနဝရပဏ္ဍိတ်' စုစုပေါင်း ခုနစ်ပါးတိတိ။

ထေရ်သံဃာကြီးတို့သည် ကျန်စစ်သားမင်းကြီး ဝေဒနာခံစားနေရပုံကို ကြည့်ပြီး အနိစ္စ ကမ္မဋ္ဌာန်းကို ဆင်ခြင်လျက် ရှိကြသည်။ မြေပြင်ပေါ်မှာ ရှိသည့် လူသန်းပေါင်း များစွာတို့တွင် တန်ခိုးစွမ်းအင် အကြီးမားဆုံး ပုဂ္ဂိုလ်၊ ဩဇာ အရှိန်အဝါ မနှိုင်းယှဉ်အပ်အောင် အမြင့်မြတ်ဆုံး လူသား၊ လက်ညှိုးညွှန်ရာမှာ ဆန္ဒပြည့်ခဲ့သည့် လူ့ထိပ်ပန်း။ ခုတော့ သည်လူသားသည် ဇရာ၏ ဖိစီးခြင်းနှင့် ဝေဒနာ၏ နှိပ်စက်ခြင်း ဒဏ်ကို ကောင်းစွာ ခံနေရပြီ။ မည်မျှ တန်ခိုးရှိန်ဝါကြီးမား မြင့်တက်ပစေ၊ နောက်ဆုံး တစ်နေ့တွင် အနိစ္စ၏ သားကောင် စင်စစ် ဖြစ်ပါကြောင်း ကောင်းကောင်းကြီး သက်သေပြနေပြီ…။ ငါ မဟုတ်သော သည်အကောင်ပုပ်မှ တရားကို ရှုကြ။ ဘာဝနာကို အားထုတ်ကြ။ ဝိပဿနာကို ကျင့်ကြံကြ။

ရာဇကုမာရ်မင်းသားသည် ခမည်းတော် ကျန်စစ်သားမင်းကြီး အပါးသို့ တိုးကပ်သွား၏။ သူတာ ကတ္တီပါ အိတ်ဖြင့် ဖုံးစွပ်ထားသော ပစ္စည်းကို ဖွင့်လိုက်၏။

'ဗုဒ္ဓရုပ်ပွားတော် ရွှေဆင်းတု တစ်ဆူ'

ကြည်ညိုဖွယ် ကောင်းလိုက်ပါတဲ့ ဗုဒ္ဓရုပ်ပွားတော် ရွှေဆင်းတု။ ဉာဏ်တော်က တစ်ထောင့်ထွာ သာသာမျှ ရှိသည်။ တည်ငြိမ်စွာ စံပယ်နေသော ရုပ်ပွားတော်၏ ဆင်းပြင်မှာ ကိုယ်ရောင် ကိုယ်ဝါ တလင်းလင်း။ ရွှေရောင်ဖြင့် မှည့်ဝင်းပြီး တောက်ပနေသည်။ အကောင်းဆုံး ဇမ္ဗူရာဇ်ရွှေစင် စစ်စစ်ဖြင့် သွန်းထုထားသော ဗုဒ္ဓရုပ်ပွားတော်၏ အသွင်အပြင်မှာ မြင်သူတိုင်း ကြည်ညိုစိတ် ပွားဖွယ် သဒ္ဓါစိတ်များဖွယ် ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားမင်းကြီးသည် အနီးရှိ တစ်စုံတစ်ဦး၏ လှုပ်ရှားဟန်ကို တိပြုမိသည်။ သို့နှင့် မင်းကြီးက မျက်လုံးအစုံကို ဖွင့်ကြည့်ရန် ကြိုးစားသည်။ ည်းငယ် အားယူ၍ ဖွင့်ကြည့်မှ သားတော် ရာဇကုမာရ်ကို မိုးတဝါးသာ င်ရပြီ။

'ခမည်းတော် ဘုရား'

ရာဇကုမာရ် မင်းသားသည် ဘုရင်မင်းမြတ်ကို လက်အုပ်ချီ ကန်တော့ရင်း တိုးကလေး ခေါ်လိုက်သည်။

မင်းကြီးက သားတော်၏ ခေါ်သံကို ပြန်ထူးသည့် သဘောဖြင့် မျက်တောင် တစ်ချက်မျှ အားယူခတ်ပြသည်။

'ခမည်းတော် ဘုရား.... ခမည်းတော်ဘုရားရဲ့ လက်ဖြင့် ကိုင်ပြီး လှူဒါန်း ရွှေဆင်းတု တစ်ဆူကို သားတော် ထုလုပ်ခဲ့ပါပြီ။ သည်ရွှေဆင်းတုတော်ကို ည်းတော် လက်ဖြင့် ကိုင်၍ လှူပါ။ မယ်တော် သမ္ဘူလ မိဖုရားကို ခမည်းတော် ရား စွန့်ကြဲပေးထားတဲ့ ကျွန်သုံးရွာရှိပါတယ်၊ သည် ကျွန်သုံးရွာကို မယ်တော် က်ရွာမစံမီ သားတော်ကို ပေးအပ်ခဲ့ပါပြီ။ သည် ကျွန်သုံးရွာကို ဗုဒ္ဓရွှေဆင်းတု ယ်တော်မြတ်ထံ သားတော် လှူဒါန်းပါရစေ။ ရွှေဆင်းတုနှင့် ကျွန်သုံးရွာ ဒါန်းရခြင်း အထိမ်းအမှတ်အဖြစ် ခမည်းတော် ကိုယ်တိုင် ရေစက်သွန်းချ းပါ....၊ သားရဲ့ အနုမောဒနာ ပြုတော်မူပါ ခမည်းတော် ဘုရား'

ငြိမ်သက် အေးဆေးစွာ၊ တည်ငြိမ်ပြတ်သားစွာ၊ နူးညံ့ယုယစွာဖြင့် တင် လျှောက်သော ရာဇကုမာရ် မင်းသား၏ စကားသံက ဖြည်းဖြည်းကလေး ထွက် နေ၏။ ကျန်စစ်သားမင်းကြီးသည် သားတော်၏ လက်ကို အသာအယာ င်ရင်း တင်လျှောက်သမျှကို ဂရုစိုက်၍ ကြားနာသည်။ သားတော် ပေးအပ် ည့် ရွှေဆင်းတုတော်ကို ကြည်ညိုစွာဖြင့် လက်ခံရယူသည်။ ပြီးတော့ မိမိ၏ က်ဆယ်ချောင်းဖြင့် ရိုသေစွာ ကန်တော့နေရှာ၏။

ကျန်စစ်သားမင်းကြီးသည် သားတော်၏ ဗုဒ္ဓရုပ်ပွား ရွှေဆင်းတုတော်ကို ထေရ် အရှင်မြတ်တို့ ရှေ့မှောက်၌ ရေစက်သွန်းချ၍ လှူဒါန်းပြီးပါပြီ။ စက်ခွက်ကို လက်ဖြင့် ထိရုံမျှ ထိ၍ သင်္ကြီး မဟာထေရ် ရွတ်ဆိုနေသော စက်ချ ဂါထာကို မင်းကြီးက အာရုံပြုရင်း မျက်စိကို မှိတ်ထားလျက် ရေစက်

www.burmeseclassic.com



ချ၏။ အဆုံးမှာ မင်းကြီး၏ နှုတ်မှ လေသံဖြင့် သာယာညင်းပျောင်းစွာ ဆိုလိုက်သည်။

'အမျှ.... အမျှ.... အမျှ'

မင်းကြီး၏ အမျှဝေသံသည် လေသံသာသာမျှသာ ထွက်လာ၏။ သို့သော်.... ခန်းမဆောင်ရှိ ပုဂ္ဂိုလ်အများ ကြားကြသည်။ သည်တော့ ....ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရဲရဲစွာသော ဆုမွန်ဆုလာဘ်အဖြစ် သာဓု သုံးကြိမ် ကြည်နူးစွာ ခေါ်ကြပါ၏။

'သာဓု.... သာဓု.... သာဓု'

ပရိသတ်အများ၏ သာဓုခေါ်သံကို ကျန်စစ်သားမင်းကြီးက မျက်လုံးမှိတ်ရင်း ဆင်ခြင်နာယူသည်။ သာဓု သုံးကြိမ်၏ အဆုံးတွင် မင်းတရားကြီးသည် ဒုတိယအကြိမ် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်သည်။ သည်တစ်ကြိမ်တွင် မင်းတရား၏ မျက်လုံးအိမ်၌ ပေါ်လာသည်က ကြည်လင် တောက်ပသော ပုလဲရည်များ၊ မျက်လုံးအိမ်မှ တစ်ပေါက်တစ်စက် စီးလျက် ကျလာသော မျက်ရည်များ။

မင်းတရားကြီး၏ ညာလက်က အနီးမှာ ဝပ်တွားပြီး ဦးခိုက်နေသော သားတော် ရာဇကုမာရ်၏ နဖူးဆံစပ်ကို အသာအယာ ထိထားသည်။

လိမ္မာယဉ်ကျေးလိုက်ပါတဲ့ သား။ ဘာသာရေး အဆုံးအမဖြင့် သိမ်မွေ့နူးညံ့လိုက်ပါတဲ့ သား။ လောဘရမ္မက် အလွန်ပဲ နည်းလိုက်ပါတဲ့ တစ်ဦးတည်းသော သား၊ ချစ်သား.... ။

သည်အချိန်မှာ မင်းသားက ခမည်းတော် အပါးသို့ တိုးကပ်သွား၏။ မင်းတရားကြီး၏ မျက်လုံးအိမ်မှ မျက်ရည်တို့က သားတော် ရာဇကုမာရ်၏ နဖူးဆံစပ်ပေါ်သို့ တစ်ပေါက်ပေါက်စီးကျလျက် ရှိသည်။ မင်းသား ရာဇကုမာရ်ကမူ ခမည်းတော်၏ ကျေးဇူး အထွေထွေကို အောက်မေ့ရင်း ငြိမ်သက်စွာ ပဆစ်ဒူးတုပ်လျက်။ မင်းသား၏ မျက်လုံးအိမ်မှလည်း မျက်ရည်များ တတွေတွေ စီးကျလို့ နေပါ၏။

မင်းတရားကြီးက ပီတိသောမနဿ ပွားလျက်နှင့် သားတော်၏ သိုးခြားမွန်မြတ်သော အရည်အသွေးကို သတိရနေ၏။ ကြည့်စမ်းပါ။ ဘယ်သူ့သားသမီးတို့ ပြိုင်နိုင်စွမ်း ရှိမှာလဲ။ သားတော်အား အကြောင်းကြောင်းကြောင့် မိမိ ထီးနန်းအရိုက်အရာကို မပေးခဲ့။ သို့တိုင် သားတော်သည် ခမည်းတော်ကို နားလည်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိ လုပ်ရပ်အတွက် အမျက်တော် မထား။ မိမိ၏ နောက်ဆုံး နေ့ဝင်ချိန်၌ သားလိမ္မာသည် ရွှေဘုရားကို လည်းကောင်း၊ သူရထားသော ကျွန်သုံးရွာကို လည်းကောင်း ပေးလှူလိုက်ပါသေးသည်ကော။

မင်းကြီးသည် သားတော်၏ ကျေးဇူးသိတတ်ပုံကို ဆင်ခြင်သည်။ လိမ္မာတတ်လွန်းပုံကို အောက်မေ့သည်။ အလိုရမ္မက် နည်းခြင်းကို သတိရသည်။ သားက မိဘတို့အပေါ် ချစ်ချင်း မေတ္တာတရား ကြီးမားစွာထားနိုင်ခြင်းကို မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။ ထိုထိုသော ပီတိပွားစရာချမ်းသာသုခကို ဆင်ခြင်အောက်မေ့နေရင်း မင်းကြီး လက်သည် သားတော်၏ နဖူးဆံစပ်မှ အသာအယာ လျှောကျသွားသည်။ ရာဇကုမာရ် မင်းသားက မင်းကြီး၏ မျက်နှာကို မော့ကြည့်လိုက်၏။ မျက်ရည်တို့ဖြင့် စိုစွတ်သော မင်းကြီး၏ မျက်လုံးအိမ်သည် တည်ငြိမ်စွာ ပိတ်လျက်။ သည်ခဏမှာ သိလိုက်ပြီ။ ကျွန်စစ်သားမင်းကြီးသည် သာယာညှင်းပျောင်းစွာပင် ဝိညာဉ်ချုပ်သွားခဲ့ပါပကော။

ခမည်းတော် မင်းတရား နတ်ရွာစံတော်မူပြီ။

ကျွန်စစ်သားမင်းကြီး လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူပြီ။

သည်အသိက ရာဇကုမာရ်မင်းသား၏ အသည်းနှလုံးအစုံကို ပြင်းထန်စွာ ရိုက်ခတ်၏။ မချုပ်တည်းနိုင်သော လွမ်းတ ပူဆွေးခြင်း ဝေဒနာကို ခံစားရ၏။ မင်းသား၏ မျက်လုံးအစုံမှ မျက်ရည်တို့က မဆည်နိုင် မတန့်နိုင် ကျိုးပေါက်ယိုစီးကျလာကြပြီ။ မင်းသားသည် ခမည်းတော် မင်းတရား၏ ခြေတော်အစုံကို လက်နှစ်ဖက်ဖြင့် ဖက်လိုက်သည်။ ပြီးတော့ မိမိ၏ ဆံပင်တို့ဖြင့် ခမည်းတော်၏ ခြေတော်အစုံကို အသာအယာပဲ ပွတ်သပ်နေလေသည်။

တက္ကသိုလ် စိန်တင်
၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

# မှီငြမ်းပြု စာအုပ်များ

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ (ပထမအုပ်၊)
၂။ ရွှေစည်းခံမွန်ကျောက်စာ၊ (ပါမောက္ခဦးဘေမောင်တင်)
၃။ အပယ်ရတနာလိုဏ်ဂူဘုရား၊ (သီရိပျံချီ၊ ဦးမြ–ကျောက်စာဝန်)
၄။ ဦးကုလားမဟာရာဇဝင်တော်ကြီး၊ (ပထမတွဲ)
၅။ ပုဂံခေတ်မြင်ကွင်းကျယ်၊ (လှသမိန်)
၆။ မြန်မာ့စွယ်စုံကျမ်း အတွဲ၊ ၂–၆–၁၂–၄၁၊ (စာပေဗိမာန်)
၇။ သမိုင်းဝင်ပုဂံစေတီပုထိုးများ၊ (ဦးသန်းဆွေ)
၈။ ပုဂံ မပျက်မီက မြန်မာ့သမိုင်း၊ ဘာသာပြန်သူ– (အောင်သန်း–မန္တလေး
၉။ အခြေပြမြန်မာနိုင်ငံရေးသမိုင်း၊ (လမ်းစဉ်ပါတီ)
၁၀။ ပုဂံ ရက်သတ္တပတ် ဟောပြောဆိုချက်များ၊ (ရှေးဟောင်းသုတေသနဌာန
၁၁။ ပုဂံရှေးဟောင်းသုတေသနပြတိုက်လမ်းညွှန်
၁၂။ ပုဂံဘုရားပုထိုးစေတီများ၊ ပ–တွဲ၊ ဒု–တွဲ၊ (ပြန်ကြားရေးဝန်ကြီးဌာန)
၁၃။ ရှေးခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ၊ (ဇော်ဂျီ)
၁၄။ အထက်တန်း ကဗျာလက်ရွေးစင်၊ ရှေးခေတ်ပုဂံပြည်ကဗျာ၊ (ဇော်ဂျီ)

BURMESE CLASSIC

www.burmeseclassic.com